


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၁၉၉၂ ခုနှစ် စာပေဗိမာန် စာမူဆု
ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ

# နေတစ်ဆူ လတစ်ပါး ဝတ္ထုတိုများ

ကန့်ဘလူ ခင်မောင်ဆွေ

တည်းဖြတ်သူ — (တာဝန်ခံစာတည်း) ဦးစိုးမြင့်
စာတည်း — ဒေါ်အေးတင်
အဖုံးပန်းချီ — မြတ်ယန်နီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ စာစဉ်

BURMESE CLASSIC .com
www.burmeseclassic.com

၁၉၉၅-ခုနှစ်၊ အုပ်ရေ ၁၂၀၀
www.burmeseclassic.com

အဖိုး ၃၀ ကျပ်

— မြို့လမ်းကျောင်းဈေး သန့်ရှင်းရေး၊
မနေ့းဆောင်ရွက် ပြည်သူ့တွက်။
— တပ်နှင့်ပြည်သူ မြကြည်ဖြူ၊
သွေးခွဲလာသူ တို့ရန်သူ။
— အမိနိုင်ငံတော်ကို ချစ်ပါ၊
ဥပဒေကို လေးစားပါ။

BURMESE CLASSIC .com

အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူး ဦးဝင်းဖေထ
မှတ်ပုံတင်အမှတ် (၄၁၆-ယာဃီ) ဖြင့်
စာပေဗိမာန်ပုံနှိပ်စက်ရုံတွင် ရိုက်နှိပ်၍မှတ်ပုံတင်အမှတ်
(၂၇၅-ယာဃီ) ဖြင့် ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| စဉ် | စာမူအမည် | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နေတစ်ဆူ | ၁ |
| ၂။ | ဝိုင်း | ၃၂ |
| ၃။ | ဝတ္ထုမဟုတ်သော ဝတ္ထု | ၆၆ |
| ၄။ | ဖားကန့်မင်းသား | ၉၀ |
| ၅။ | စာပေလမ်းကို ဖြတ်သန်းခြင်း | ၁၃၀ |
| ၆။ | ဆန်နီခေါက်ဆွဲထက်ကောင်းသော | ၁၅၅ |
| ၇။ | ဉယျာဉ်ထဲက ပန်းတစ်ပွင့် | ၁၇၉ |
| ၈။ | ဇာတ်ညွှန်းထဲက မယွန်း | ၂၀၀ |
| ၉။ | လတစ်ပါး | ၂၂၉ |

(၁၉၅၅-ခုနှစ် စာပေဗိမာန် စာမူဆု
ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆု

# နေတစ်ဆူ လတစ်ပါး ဝတ္ထုတိုများ

ကန့်ဘလူ ခင်မောင်ဆွေ

တည်းဖြတ်သူ။ — ။ (တာဝန်ခံစာတည်း) ဦးစိုးမြင့်
စာတည်း — ဒေါ်အေးတင်
အဖုံးပန်းချီ — မြတ်ယာန်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ စာစဉ်

www.burmeseclassic.com

၁၉၉၅-ခုနှစ်၊ အုပ်ရေ ၅၂၀၀
www.burmeseclassic.com

အဖိုး ၃၀ ကျပ်

အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူး ဦးဝင်းဖေတာ
မှတ်ပုံတင် အမှတ် (၄၁၆-ယာယီ) ဖြင့်
စာပေဗိမာန်ပုံနှိပ်စက်ရုံတွင် ရိုက်နှိပ်၍မှတ်ပုံတင်အမှတ်
(၂၀၅-ယာယီ) ဖြင့် ထုတ်ဝေသည်။

- မြို့လမ်းကျောင်းဈေး သန့်ရှင်းရေး၊
  မနေ့းဆောင်ရွက် ပြည်သူ့တွက်။
- တပ်နှင့်ပြည်သူ မြဲကြည်ဖြူ၊
  သွေးခွဲလာသူ တို့ရန်သူ။
- အမိနိုင်ငံတော်ကို ချစ်ပါ၊
  ဥပဒေကို လေးစားပါ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | စာမူအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | နေတစ်ဆူ | ၁ |
| ၂။ | ဝိုင်း | ၇၂ |
| ၃။ | ဝတ္ထုမဟုတ်သော ဝတ္ထု | ၆၆ |
| ၄။ | ဖားတန်မင်းသား | ၉၀ |
| ၅။ | စာဖေလမ်းကို ဖြတ်သန်းခြင်း | ၁၃၀ |
| ၆။ | ဆန်ခေါက်ဆွဲထက်ကောင်းသော | ၁၅၅ |
| ၇။ | ဥယျာဉ်ထဲက ပန်းတစ်ပွင့် | ၁၇၉ |
| ၈။ | ဇာတ်ညွှန်းက မယွန်း | ၂၀၀ |
| ၉။ | လတစ်ပါး | ၂၂၉ |


# နေတစ်ဆူ

ကျွန်တော့် အတွေး စိတ်ကူးထဲမှာ အဖေ့ကို နေတစ်ဆူဟု သတ်မှတ်ထားသည်။ မှန်ပါသည်။ အဖေနေတစ်ဆူ။ နေကိုပူပြင်းသည်၊ လောင်ကျွမ်းသည်ဟု အနိဋ္ဌာရုံ စည်းဝိုင်းထဲသို့ ဆွဲသွင်းကြသည်။ ကျွန်တော်၏ နေတစ်ဆူသည် ထိုသို့မဟုတ်။ နွေးထွေးခြင်း တောက်ပခြင်း၊ ရဲရင့်ခြင်းဟု အကောင်းဘက်မှ ကမ္ပည်းထိုးချင်သည်။

အဖေ့အကြောင်းကို အထက်တန်းကျောင်းသားဘဝ တုန်းက စာစီစာကုံး ရေးဖူးသည်။ မြန်မာစာ ဆရာ ဦးကျော်သိမ်းက သဘောကျလွန်း၍ အမှတ်ပြည့်ပေးသည်။ အမှတ်နှစ်ဆယ်ပေါ့။ သည်တုန်းက ကြည်နူးမိသည်။ အဖေ့အကြောင်း ရေးသားပြီး တင်မြှရသော ကြောင့် မဟုတ်။ အတန်းထဲမှာ အမှတ်အများဆုံးရပြီး ယားယီထင်ပေါ်သောကြောင့်တည်း။

www.burmeseclassic.com



ကျွန်တော် လူ့လောကထဲသို့ ဝင်ဆန့် တိုးဝေ့နေရချိန်တွင် အဖေ့ကို သတိရသည်။ သတိရတော့ ဝမ်းနည်းမိသလိုလို ကိုယ့်ကိုယ်ကို အားမရ။ ကျွန်တော်သည် စာပေသမား၊ စာပေသမားဆိုသည်ထက် တိတိကျကျဆိုရလျှင် ကဗျာဆရာ၊ မြန်မာနိုင်ငံ ကဗျာဆရာစာရင်းထဲမှာ ပါချင်မှပါမည်။ သို့သော် ကျွန်တော်ကပင် ကဗျာဆရာစာရင်းထဲသို့ ဇွတ်ထည့်လိုက်သည်။

ကျွန်တော် အမျိုးအပြား ရေးဖူးသည်။ သို့သော် အဖေ့အကြောင်း မဖွဲ့နွဲ့ဖူးခဲ့။ ဆောင်းပါး အသင့်အတင့် ရေးဖူးသည်။ အဖေ့အကြောင်း မပါဝင်ခဲ့။ ဝတ္ထုအနည်းငယ်ရေးဖူးသည်။ အဖေ့အကြောင်း မဟုတ်ခဲ့။ မိုက်လေစွ ကျွန်တော်။

ကျွန်တော့်မထင်မရှား စာပေသမိုင်းကို စစ်ဆေးမိတော့မှ တုန်လှုပ်ချောက်ချားသွားမိသည်။ နောင်တလိုလို အားနည်းချက်လိုလို တွေ့ထိ ခံစားမိသည်။ ဟင်း…ငါ အဖေ့အကြောင်း တစ်လုံးတစ်ပါဒမှ မရေးခြစ်မိပါလား။

အဖေ၏ အကြောင်း အဖေ၏ ဇာတ်လမ်း၊ အဖေ၏ စရိုက်တို့သည် တစ်မူဆန်းသစ်နေ၍မဟုတ်။ ထူးခြားဆန်းပြားနေခြင်းလည်းမရှိ။ သူတကာထက် ထင်ပေါ်ကျော်ကြားခြင်းမျိုးလည်းမရှိ။ လူတိုင်းလူတိုင်း၏ အဖေများ



ထဲက အဖေတစ်ယောက်ဟူသာ ရိုးရိုး စင်းစင်း ဆိုရတော့မည်။

* * *

အဖေ့အမည်က 'ဦးမြထူး'။

ဇာတိက အညာ။ ပညာက ဘုန်းကြီးကျောင်းထွက်။ မျိုးရိုးက တောင်သူ။ လူထဲကလူ။

လူတိုင်းမှာ ဝါသနာတစ်ခုသည် ထူးထူးကဲကဲ စိတ်ဝင်စားနေတတ်သည်။ ထိုဝါသနာသည် ပတ်ဝန်းကျင်နှင့် နီးစပ်သည်။ ပတ်ဝန်းကျင် အရိပ်ကို ကျော်လွှား မရ။ သဲကန္တာရမှာ ကျင်လည်သူသည် ရေကူး ဝါသနာပါမည်မဟုတ်။ ပင်လယ်ပြင်မှာ မွေးဖွားသူသည် တောင်တက် ဝါသနာမရှိနိုင်။

အဖေ့ဝါသနာသည် သဘောတရားနှင့်အညီ ဖြစ်ထွန်းလာသည်။ အဖေ့ဝါသနာကား နွားဝါသနာ။ နွားရောင်း၊ နွားဝယ်၊ နွားလဲ၊ နွားမွေးစသည် စသည်။ အညာမှာက နွားကို အရှပ်လို့ သဘောထားကြတာကိုး။ နွားချစ်သူတွေက အများကြီး။

နွားဝါသနာပါသူကား အိမ်မှာ ပုန်းအောင်းနေ၍မရ။ ထကြွနိုးကြား လှုပ်ရှားသွားလာ နေရသည်။ အဖေ

www.burmeseclassic.com



သည် လုပ်ငန်းသဘောအရ နွားနှင့် ကြီးပြင်းခဲ့ရသည်။ နွားနှင့်မင်းဝံတောင်တန်းကို ကျော်ခဲ့ဖူးသည်။ နွားနှင့် ရေစကြိမြစ်ကို ဖြတ်ဖူးသည်။ နွားနှင့်မိုင် ရာကျော်ခရီးကို ခြေကျင်သွားလာဖူးသည်။ ခရီးသွားရလွန်း၍ ရွာမှာနေရသည်ကလည်း နည်းနည်းပါ။ တစ်ရွာတစ်ကျိဆောက်ဆိုသော စကားကို အဖေနားလည်၍မဟုတ်။ ရွာတိုင်းမှာ အဖေ့မိတ်ဆွေ အသိရှိသည်။ ရွာကခရီးထွက်၍ နှစ်လအထိ ကြာဖူးသည်။ အဖေ့အတွက် ထမင်းမခက် ဟင်းမခက်ပါ။

အဖေ့နယ်မြေတား မြောက်ဘက်မှာ ကောလင်းနှင့် ထီးချိုင့်နယ်၊ တောင်ဘက်မှာတား ရွှေဘို၊ ဝက်လက်၊ စစ်ကိုင်းအထိ နှံ့စပ်သည်။ သို့သော် ထီးချိုင့်နယ်သည် အဖေ့အောင်မြေ။ အဖေ၏ဘူမိနက်သန်။ အဖေ၏စီးပွားရေးဈေးကွက်။ နွေဦးပေါက်လျှင် အဖေနွားရောင်းနွားဝယ်ထွက်တော့သည်။ မိုးဦးကျ လယ်လုပ်အမီ ပြန်လာတတ်သည်။

ထီးချိုင့်နယ်မှ ဒိုးပင်၊ မဲဇလီ၊ ချွန်းတောင်၊ကြက်သွန်ခင်း၊ ဆင်ကျွန်း၊ စစ်တန်း စသည့်ရွာများသည် အဖေ့အတွက် မဟာဗျူဟာကျသောနေရာ။ ကောလင်းနယ်မှ ချောင်းကွေ့၊ သဲကော၊ တောင်ပို့လှ၊ တုံးတင်တပ်၊ ကျောက်ပြင်သာရွာတို့သည် နည်းဗျူဟာကျသော ဈေးကွက်များ။



အဖေ့မှာ တစ်ခု ထူးချွန်သည်။ အပေါင်းအသင်းကောင်းသည်။ လိမ္မာပါးနပ်စွာ ဆက်ဆံတတ်သည်။ အဖေနှင့် စကားလက်ဆုံကျလိုက်ရသူသည် မခင်ဘဲမနေနိုင်။ ထီးချိုင့်မြို့ပေါ်မှ ချမ်းသာကြွယ်ဝသူ ကုန်သည်ပွဲစားများပင် အဖေ့ကို တသသ၊ တိုက်ပေါ်မှာ အဖေ့ကို ထား၍ နွားကို ဝင်းခြံထဲမှာ လက်ခံထားသူလည်း မရှား။ တစ်ခုတော့ရှိသည်။

အဖေသည် မရိုး မဖြောင့်မလုပ်၊ တစ်နပ်စား ဥာဏ်မရှိ။ နွားကောင်းနွားမှန်များကိုသာ ရောင်းဝယ်ထတ်သည်။ အောက်ချိုး အောက်ပေါက်ဆိုသည့် သတ်နွားမျိုးကို အဖေမကိုင်။အညာသားဆိုသည့်တလည်း စွဲမိလျှင် ချွတ်မရ။ အဖေ့နွားမှအဖေ့နွားဖြစ်နေတော့သည်။

'ကိုမြထူးနွားဆိုရင် ငွေသာချေလိုက်'

သည်လိုစကားမျိုး ထီးချိုင့်နယ်မှာ တွင်တွင်ကြီးသုံးခဲ့ကြသည်။ နွားနှင့်အကျိုးပေးသည်။ တစ်နွေနွားရောင်းပြီး တစ်မိုးလုံး ထိုင်စားနိုင်သည့် အလုပ်မျိုး။ မက်ခမောလောက်၏။

မှတ်မှတ်ရရ ကျွန်တော် ခုနစ်တန်းနှစ်က ဖြစ်သည်။ နွေကျောင်းပိတ်ရက်မှာ အဖေနှင့်အတူလိုက်သွားဖူးသည်။

'ဒါ....ကျုပ်သားလေ၊ ခုနှစ်တန်းကျောင်းသားဗျ'

သည်လိုလည်းအဖေက ရွာကြုံဂုဏ်ယူတတ်သည်။ အဖေကိုယ်တိုင်က ပညာရေးမှာ ထွန်းထွန်းပေါက်ပေါက် မရှိသော်လည်း ကျွန်တော့်ပညာရေးကို အားပေးသည်။

www.burmeseclassic.com



ကျွန်တော် လိုအပ်သမျှ ဝယ်ပေးသည်။ ဘယ်နေရာမှ အောက်ကျမခံ။

'မင်းလူက သနားကမားလေးပဲ၊ ထူးချွန်မယ့် ကောင်၊ ငါ့ကျုန်မဲတို့နဲ့ ကွာပါ့ မြွေးရာ'

မဲဇလီရွာမှ ဗေဒင်အနည်းငယ်ရသော ဦးအေးမောင်က ဆို၏။ ကျုန်မဲ ဆိုသည်က ဦးအေးမောင် သား။ အသားက မည်းမည်း၊ အရပ်က ပုပု၊ ကျွန်တော်နှင့် ရွယ်တူ။

'ဟုတ်တယ်၊ ကျုပ် သားက တစ်တန်းမှ စာမေးပွဲ မကျဘူး၊ ဆက်တိုက်အောင်လာတာ ဘိုးအေးရဲ့'

အဖေက မသိမသာ ကြွားသည်။ ကျွန်တော်လည်း ရင်ထဲမှာ မြူးနေမိသည်။

တစ်ရက်...အဖေသည် ဆင်ကျွန်းရွာမှ နွားဝယ်ပြန်ခဲ့၏။ မိုးတွေကလည်း အလွန်အမင်းရွာသည်။ မိုးထဲရေထဲ နွားဆွဲပြန်လာရာ နွားလန့်ပြေး၍ ဆင်ကျွန်းသို့ လိုက်သွားရပြန်သည်။ အဖေ ပြန်ရောက်တော့ ညဉ့်နက် နေပြီ။

'ငါ့သား အဖေလို မဆင်းရဲအောင် စာကြိုးစား နော်'

အဖေသည် ကျွန်တော် စာကြိုးစားအောင် သူ့ဒုက္ခကို ပြ၍ အစအားမာန် မြှင့်ပေးခဲ့သည်။ အသိတရား တစ်ခု ဆင့်ပေးခဲ့သည်။ ကျွန်တော့်ကို အောင်မြင်စေလိုသည် မဟုတ်လား။

* * *



အဖေသည် အပေါင်းအသင်းများသူပိပိ အသောက် အစားလည်း မထင်း။ တောအရက် သောက်တတ်သည်။ တစ်ခါတစ်ရံ 'ပန်းတယ်ကွာ'ဟု အကြောင်းပြပြီး သောက်လေ့ ရှိသည်။ ကျွန်တော်တို့ ပြုံပြင်မှာ စိုးရိမ် သည်။

သို့သော် မိန်းမကိစ္စများတွင်တား ယောင်လို့တောင် မပြော။ မိန်းမများနှင့် ပူးပူးကပ်ကပ် မနေ။ ချွဲချွဲပျစ်ပျစ် မပြောတတ်။ တို့နန်း တို့နန်း လုပ်ရိုးမရှိ။

အရက်သောက်သော နေ့တွင် 'ငါ့သား၊ ငါ့သမီး၊ ငါ့ မိန်းမလေး ကလဲကွာ'ဟု သားများ၊ သမီးများနှင့် အမေတို့ကို ချစ်စနိုး ခေါ်တတ်သည်မှအပ၊ ရန် မရှာ။ အရက်စည်းစိမ်ကို ရနိုင်သရွေ့ ရအောင်ယူတတ်သည်။

အဖေ အရက်မူး၍ အရပ်ထဲရွာထဲ လှည့်မဆဲ။ ဆူပူခြင်း မရှိ၍ စိတ်ချမ်းသာရသည်။ အရက်မူးလဲ၍ သွားခေါ် ရသည်မျိုး မကြုံခဲ့။ ကျွန်တော်တို့ကို ဘယ်တော့မှ အရက် အဝယ်မခိုင်း။ အိမ်မှာ သောက်လေ့မရှိ။ အိမ်ကို လေးစား သည်။

အိမ်မှာ သောက်သည့်တိုင်လည်း ဆိုင်မှ ဝယ်လာပြီး ခါးထိုးလာတတ်သည်။ ပန်းကန်တစ်လုံးယူပြီး သောက် တတ်သည်။ အမြည်းဆည်း ကြိုက်ဟန် မတူချေ။ ကျွန် တော်တို့ မမြင်အောင် သောက်တတ်ပါသည်။

အရက်ဖိုး အိမ်လာတောင်းသည်ကို အဖေ မကြိုက်။ အရက်ဆိုင်မှ ဒေါ်ပွဲမေနှင့် မကြာခဏ စကားများမှုသည်။

www.burmeseclassic.com



အရက်ကြေးရှိလျှင် ဒေါ်ပွဲမေ လာတောင်းသည်။ အကျိုးအကြောင်း ရှင်းပြသည်။ ဒေါ်ပွဲမေက ရှုံ့တက်စမြဲ။ အရှုံးမပေးလည်း မဖြစ်။

'မပေး ဘာဖြစ်သေးလဲဟ၊ ရဲစခန်းသွားတိုင်လေ'

သည်လို အော်ပစ်တတ်သည်။ ဒေါ်ပွဲမေ အရက်ဆိုင်သည် အမိန့် ရမဟုတ်။ ရဲစခန်းတိုင်၍မဖြစ်သည်ကို သိသော ဒေါ်ပွဲမေ တုတ်တုတ်မှ မလှုပ်။ အဖေ ပြောသည်ကလည်း အရက် ခိုးချက်သည်ကို ရဲစခန်း တိုင်လျှင် ရကြောင်း သိအောင် ရိပ်ပြပြောတာမျိုးလည်း ဖြစ်နိုင်သည်။

တစ်ခါမှာတော့ ကြုံတောင့်ကြုံခဲ အဖေ အရက်မူးပြီး အိမ်မှာဆူသည်ကို တွေ့ရဖူးသည်။

ဝါဆိုဝါခေါင် လယ်စိုက်ချိန် ဖြစ်သည်။ အဖေ ပျိုးနုတ်ရာမှ ပြန်လာသည်။ ရွာထဲမှ ဦးထင်ဌေး၊ ဦးတင်ဆောင်တို့နှင့် သောက်ကြသည်။ မူးအောင် သောက်၍ မူးနေပြီ။ အချိန်က နှောင်းလွန်းနေပြီ။ ညမီးခွက်ထွန်းချိန် ရောက်နေပြီ။ အဖေ မရောက်သေး။ အမေက ကျွန်တော်တို့ကို ထမင်းမကျွေးသေး။ အဖေ့ကို စောင့်နေရသည်။ ညီငယ် ညီမငယ် နှစ်ယောက်က အိပ်ပျော်သွားပြီ။

အဖေ ရောက်လာတော့ ထမင်းစားဖို့ ပြင်ကြဆင်ကြသည်။ ကျွန်တော်တို့လည်း ထမင်း အလွန်ဆာနေပြီ။ ကျွန်တော်တို့ကို ထမင်းမကျွေးဘဲထား၍ အဖေက အမေ့ကို



ဆူသည်။ အမေက အဖေ့ကို မကျေမချမ်း ဖြစ်လျက် အဖေ့ကို ပြောလည်း မပြောရဲ။

'ဟိုကလေးတွေက စားပြီးပြီလား'

'မစားရသေးဘူး၊ စောင့်ရင်း အိပ်ပျော် သွားကြတာ'

အဖေက ခပ်ပြတ်ပြတ် မာဆတ်ဆတ်မေးပြီး အမေက ငေါ့တော့တော့ ဖြေသည်။

'ကဲကွာ....ခွမ်း'

ပြောပြောဆိုဆိုနှင့် ဟင်းပန်းကန် တစ်ချပ်ကို ပစ်ခွဲလိုက်၏။ ထမင်းမစားတော့ဘဲ အိပ်ရာဝင်တော့သည်။

အဖေ့ ဒေါသသည် အမေ့ကိုလား၊ သူ့ကိုယ်သူလား မသိပါ။ အမေကတော့ အလွန်အေးဆေးသူပီပီ စကားမပြောတော့။ ကျွန်တော့်ကို ထမင်းကျွေးသည်။

နံနက် အိပ်ရာထတော့ အဖေ ပြုံးဖြဲဖြဲနှင့် –

'ခင်အေး၊ ညက ပန်းကန်ကွဲသလား'

အမေ့ကို မေးနေသေးသည်။ အမေက မကြားချင်ဟန်ဆောင်သည်။ ကျွန်တော့်ညီတစ်ယောက်က ပန်းကန်ကွဲများကို ပိုက်ဆံလုပ်၍ ကစားဝိုင်းမှာ ကစားနေတော့သည်။ အဖေက သားသမီးများကို ကြည့်ရင်း စကားတစ်ခွန်းဆိုပါသည်။

'ငါ မစားရချင်နေ၊ ကလေးတွေ အချိန်မှန် ကျွေးပါဟာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဖေ့ကို မုန်းမရပါ။ မေတ္တာသမား အဖေ့ကို အပြစ်မမြင်။ အဖေ့စေတနာ၊ ကရုဏာများကို စာမဖွဲ့တတ်ပါ။

* * *

အဖေသည် ဖဲရိုက်လည်း ပျော်မွေ့သည်။

ရွာမှာ ဖဲဝိုင်းရှိလျှင် အဖေက တစ်အိမ်။ သို့သော် အဖေသည် ငွေတော့ များများမကိုင်။ အလွန်ဆုံးကိုင်မှ ငါးဆယ်ကျပ်။ ဖဲစကားနှင့် ပြောရသော် အဖေသည် 'ပန်းပွတ်ဆရာ' ဟူ၍။ ပွတ်၍ ကစားသူကိုး။ အရင်း နည်းနည်းနှင့် များများနိုင်စေရန် အချိန်ဆွဲ ကစားလေ့ ရှိသည်။

အဖေ ဖဲရိုက်ခါစက ကောင်းကောင်း မကျွမ်းသေး။ ဖဲချပ်မှာက အင်္ဂလိပ်ဂဏန်းများ မဟုတ်လား။ ဖဲသုံးချပ် ကစားရာတွင် အဖေ့ဆီမှ တော်တော်နှင့် အသံမထွက်။ အဖေ ဂဏန်း ပေါင်းနေသည်ကို အခြားလူများက စိတ်မရှည်။ တစ်ခါတစ်ရံ မှား၍အော်တတ်သည်။

ကြာတော့ ဘာခံနိုင်မှာလဲ။ အဖေကား ဖဲရိုက်ကျွမ်း ကျင်ရုံမက၊ ဂျင်ဂျင်လည်သွားတော့သည်။

'ဟော့.... အင်္ဂလိပ်နဲ့မြန်မာ သုညမှာတော့ လာတူနေ သကွ'



ဖဲချပ်မှ ဂဏန်းများကို တွေ့ဖန်များ၍ ရရှိလာသော သုတသည် ချီးကျူးရမလိုလို။ အဖေ ပြောမှ သတိထား မိသည်။ ဟုတ်ပေစွ။ သုညမှာတော့ တူနေသကိုး။

ရွာထဲဝိုင်း ဆိုသည်ကလည်း သိပ်မမြိုင်လှ။ ငွေကြေး မဖောသော။ ဝိုင်းသိမ်း၍ နိုင်သူ့လက်ထဲမှာ ငွေတစ်ရာ ကိုးဆယ်ထက် မကျော်။ ရှုံးသူမှာလည်း အစိတ်သုံးဆယ် လောက်သာ။

အဖေ ဖဲရှုံးလာလျှင် ကျွန်တော်တို့ ယင်းကောင်းနှင့် ထမင်းစားရသည်။ ချိုချဉ်၊ သကြားလုံးတို့ကိုလည်း ဝယ် ကျွေးသည်။ ဘာမှမပြောတော့ဘဲ အိပ်ရာမှာ လဲလျောင်း နေတတ်သည်။ နိုင်လာသည့် ငွေစက္ကူများကို ခဏခဏ ထုတ်ကြည့်နေတတ်သည်။ 'ဩော် ဗိုလ်ချုပ်....ဗိုလ်ချုပ်' ဟုလည်း ငွေစက္ကူကို ကိုင်၍ မြည်တမ်းလေ့ရှိသည်။

အဖေ ဖဲရှုံးလာလျှင် လမ်းစဉ်က သိသိသာသာ ပြောင်းလဲသွားတော့သည်။ အိမ်ကို မိုးကြီးချုပ်မှ တိုးတိုး တိတ်တိတ် တက်အိပ်သည်။ ပန်းနာရှိသော အဖေသည် ဖဲရှုံးသော ညများတွင် ချောင်းဆိုးသံကို ကွယ်ဝှက်ထား သည်။ တတ်လည်းတတ်နိုင်ပါပေ့။ အခြားညများတွင် ပန်းနာရောဂါကို အကြောင်းပြု၍ ရေနွေးအိုး အတည် ခိုင်းသည်။ အနင်းအနှိပ်ခိုင်းသည်။ ချောင်းဆာ တဟမ်း ဟမ်း။ မိသားစုအားလုံး အိပ်မရ။

အဖေ့မှာသားသမီးရှစ်ယောက်ရှိသည်။ ကျွန်တော်က အကြီးဆုံးသား။ သားဦးမို့ အချစ်ပိုယန်တူသည်။ အဖေ

www.burmeseclassic.com

www.burmeseclassic.com



ဖဲရိုက်သည်ကို အမေက လုံးဝမနှစ်သက်။ ဟင်းဆောင်းကျွေးကောင်း ဝယ်လာသည့်တိုင် အမေ မပျော်။ ချက်ပြုတ်တော့ ကျွေးသည်။ ရှုံးလာလျှင်လည်း ပါးစပ်မဟ။

'မင်းအဖေ ကြည့်ပြောပါဦး'

အမေက ကျွန်တော့်ကို အမှုအပ်သည်။ ကျွန်တော်လည်း မပြောရဲ။ အမေက မကြာခဏ ပြောလွန်း၍ တစ်ကြိမ် ပြောဖူးသည်။

'အဖေ ဖဲရိုက်တာ မကောင်းဘူးတဲ့ဗျ'

တဲ့ ခံ၍ ပြောရသည်။ တိုက်ရိုက်ကြီး မပြောရဲ။ဘုရားတရားတော်ထဲကလို ဘုန်းတော်ကြီးက ပြောသလိုမျိုး သွယ်ဝိုက်ပြောရသည်။

'အပျင်းပြေပါကွာ'

အဖေ့အဖြေက ရှင်းလွန်းသည်။ကျွန်တော် ဘာဆက်ပြောရမှန်း မသိတော့။

အဖေသည် ဖဲကို ရိုက်မြဲတိုင်း ဆက်ရိုက်သည်။ ရွှက်ကြမ်းရွာက ဦးတင်အုန်းအိမ်မှာ ဖဲဝိုင်းကြီး စည်ကားနေသော သတင်းထွက်လာသည်။ တဘက်တစ်ထည်နှင့် အဖေထွက်သွားသည်။ ရွှက်ကြမ်းရွာကလည်း မဝေးလှ။ တစ်မိုင်ပျော့ပျော့ခရီး။

ပထမရက်တော့ အဖေ နိုင်လာသည်။ သုံးဆူကျော်ကျော်။ ဘာပြောကောင်းမလဲ ကြက်သားဝယ်ပြီး ချက်ကျွေးတော့တာကလား။သည်လိုကျတော့လည်းကျွန်တော် ပျော်မိသည်အမှန်။



'မင်း နာရီရချင်လား၊ ကျောင်းသားဆိုတာ နာရီတော့ ရှိမှကွ'

ထိုညက အဖေပြောသောစကား။

'ကျွန်တော်က မရချင်ဘူး'ဟု ပြောမိသည်။ အဖေ့ထလည်း ဝယ်မပေးပါ။ စင်စစ် ကျွန်တော် အပြောမှားသွားသည်။ ရချင်သည်ဆိုက ဝယ်ပေးမည်မှာ ကေန်။ နောက်တစ်ကြိမ် ရွှက်ကြမ်း သွားပြန်သည်။

ထိုရက်သည် အဖေ့အတွက် ပြဿဒါးနေ့ ပြောရမလား။ ဝါရမိတ္တု ပြောရမလားမသိ။ အဖေ ရှုံးသည်။ ရှုံးတော့ ထုံးစံအတိုင်း အိမ်ပြန်မှိုးချုပ်သည်။ နိုင်ထားသည့်ငွေသာမက အိတ်ထဲကပါ ရှုံးသွားသည်။

အဖေ အလွန်အကျွံ ဖဲရိုက်သောနှစ်သည် ကျွန်တော် ဆယ်တန်းရောက်သောနှစ် ဖြစ်သည်။ တစ်တိတစ်တိ ရှုံးနေသည်။ နွားတစ်ရှဉ်းလည်းမရှိတော့။ အိမ့်စီးပွားရေး ဂရုပ်သည် စောက်ထိုးနိမ့်လျှောသွားသည်။ လယ်ရှိလျက်နှင့် လယ်မလုပ်နိုင်။

အဖေ အကြံကုန်သွားသည်။ ဂဠုန်ဆားချက်ရန်သာ ရှိတော့သည်။တောလင်းနယ် ချောင်းကွေ့ရွာသို့ ပြောင်းရွှေ့ရန် ဖြစ်သည်။ အဖေသည် အမေနှင့် ကျွန်တော့်ကို အကြီးအမှူးထား၍ တိုင်ပင်သည်။ အားလုံး သဘောတူသည်။ ဓာန့်ကွက်သူမရှိ။ အဖေ့အဆို အောင်နိုင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကွေ့ ပြောင်းနေခိုက်မှာ ကျွန်တော် ဆယ်တန်း အောင်သည်။ သည်အချိန်မှာ ရွှေဘိုဒေသကောလိပ်ကလည်း အသစ်စက်စက်ကြီး။ ကျွန်တော့် သူငယ်ချင်းတချို့ ဒေသကောလိပ် တက်ကြသည်။ ဒေသကောလိပ် တက်ရေး မတက်ရေးကို အဖေရော ကျွန်တော်ပါ ပါးနပ်စွာ မပြောခဲ့ကြ။ ကျွန်တော်ကလည်း မတန်သည့်ပန်း မနမ်းလို။ အဖေကလည်း မနိုင်သည့်ဇာတ်ကို ကလိုဟန် မတူ။ တူညီသော အသိများနှင့် ကောလိပ်ကိစ္စ ပြတ်ခဲ့သည်။

အဖေတို့ မိသားစုက ချောင်းကွေ့သို့ပြောင်းသွားပြီး ကျွန်တော်က ရွာမှာ ကျန်ရစ်ခဲ့သည်။

ဩော် အဖေ အဖေ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဟူသော ထုံးစကားကို နှလုံးသားမှာ စွဲမြဲလက်ခံသည်ထင့်။

* * *

အဖေ ချောင်းကွေ့ရွာပြောင်းသွားပုံကလည်း ကြည့်ပါဦး။ အိမ်နှင့် ကွင်းလည်း မရှိသေး။ လယ်နှင့်နွားလည်း အိပ်မက်ပင် မက်မရ။

အဖေသည် အပေါင်းအသင်းဆန့်သည် မဟုတ်လား။ အသိအိမ် တစ်အိမ်မှာ တစ်မိုးတစ်ဝါ ကပ်နေသည်။



အိမ်ရှင်ကလည်း ကြည်ဖြူလှန်းသည်။ စားစရာ ဆန်ပင် တစ်မိုးစာ ပေးထားသည်။ နေရေးကတော့ ပူစရာမလိုတော့။

လယ်အတွက်ကလည်း အဆင့်သင့်။ ကျောင်းအုပ်ဆရာကြီး ဦးချမ်းသာ၏ လယ်များကို အစုလုပ်ရန်ဖြစ်သည်။ အစုက သုံးစုတစ်စု။ အစုဆိုသည်မှာ စပါးသုံးရာရလျှင် လယ်ရှင်က တစ်ရာယူပြီး လယ်လုပ်သူက နှစ်ရာယူသော စနစ်။ အဆင်ပြေသွားသည်။ ကျွဲ တစ်ရှဉ်းကို စပါးသုံးဆယ်နှင့် ငှားသည်။ ငှားမည့်သူက ဒုနှင့်ဒေး။

အဖေ့လုပ်အားကြောင့် တလင်းပြီးချိန်တွင် စပါးသုံးရာခန့် ပိုင်ဆိုင်သွားသည်။ စားရေးအတွက် စိတ်အေးရပြီ။

အဖေ ချောင်းကွေ့ရောက်ပြီး နောက် တစ်နှစ်မှာ ကျွန်တော် မူလတန်း ဆရာဖြစ်သင်တန်း တက်ရသည်။ သင်တန်းအတွက် ကုန်ကျငွေကို အဖေ ဖြုံးဖြုံးရှင်ရှင်နှင့် ပေးသည်။ သင်တန်းမှာ ကျွန်တော် အခက်အခဲမရှိ။ သင်တန်းတက်ရာ မြစ်ကြီးနားသို့ တစ်လ စာတစ်စောင် ရေးသည်။ ငွေမှန်မှန်ပို့သည်။

နောက်တစ်နှစ် ကျွန်တော် မူလတန်းပြဆရာဖြစ်သည်။ ပထမဆုံး လစာ ၁၇၅ ကျပ်ရသည်။ ရုံးမှ ၃-ကျပ်ဖြတ်၍ ၁၇၂-ကျပ် ကျန်သည်။ ထိုငွေကလေးထဲက အဖေ့အတွက် ၄၀-ကျပ်တန် ပုဆိုးတစ်ထည်နှင့် အမေ့အတွက် ၂၅-ကျပ်တန် တဘက်တစ်ထည် ဝယ်၍ ကန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'တို့အတွက်တော့ နောင် ဝယ်မလာပါနဲ့ကွာ။ မင်းတို့မင်း လှအောင်ဝတ်ပါ၊ ဝအောင်စားပါ။ စာပေးစာယူအတွက် သုံးပါ။ မင်းကို အဖေတို့က ပညာအမွေပေးလိုက်တာပဲ'

အဖေက ကျွန်တော် တနိုတေ့သော ပုဆိုးကို ကိုင်ကြည့်လျက် ပြောသည်။ စိတ်နှလုံး ချမ်းမြေ့နေပုံရသည်။ အဖေ့ထံမှ 'စာပေးစာယူ' ဟူသော ရှားရှားပါးပါး ဝေါဟာရကို ကြားလိုက်ရသဖြင့် ကျွန်တော် ကြက်သီးမွေးညင်း ထမိသည်။

လယ်ထဲယာထဲမှာ နွားနှင့်ကျွဲနှင့် ရုန်းကန်၍နေသော အဖေသည် သားပညာရေးကို ဥပေက္ခာ ပြုမထားပါတလား။ သူ့ကိုယ်၌က အတန်းပညာ ဝဝလင်လင်မသောက်ခဲ့ရသော်လည်း သားကို ချွန်စေချင် မြစေချင်သည်။

အဖေ့စီးပွားရေး တစ်စတစ်စ မြင့်လာသည်။ အိမ်ပိုင်လယ်ပိုင် မဖြစ်သေးသော်လည်း နွားတစ်ရှဉ်းပိုင်နေပြီ။ တိုင်ဖိုင်အမျိုးအစား ရေဒီယို တစ်ပတ်နွမ်းလေးကိုလည်း ဖာလိနေသည်ကို တွေ့ရသည်။ သားသမီးများ စားဝတ်နေရေးလည်း သင့်လာသည်။ ပညာရေးကိုလည်း မြှတောင်မြှောက်ပေးသည်။ သား လတ် ဇော်မင်းသည် ရှစ်တန်းကျောင်းသား။

ဆောင်းဝင်စရက်တစ်ရက်မှာတော့ အဖေ့အိမ်ထောင်ရေးကို လျှောင်ကြမ်းကြီး လှုပ်ခါချသွားသည်။ အမေ



ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားသည်။ အဖေသည် သားသမီးရှစ်ယောက်နှင့် အထီးကျန်ဖြစ်ခဲ့သည်။

အမေ ကွယ်လွန်တော့ သူများအိမ်ပေါ်မှာ။ သူများအိမ်ခြံထဲမှာ ဖြစ်သည်။ ဇာတိသားမဟုတ်၍ လူသူ မစည်ကား။ အမေသည် ညှော်သည်တစ်ယောက် သေဆုံးသည်နှင့် မခြား။ အဖေ့မျက်နှာသည် လွန်စွာ ရင့်အိုနေသည်။ တစ်ရွာတစ်ကျေးမှာ သောကလှိုင်း ဆူဆူဝေ ခံစားနေရသည်။ အံကြိတ်၍ တွေဝေငေးမောနေသည်ကို သနားစဖွယ် တွေ့ရသည်။

ကျွန်တော့်မှာ ခရီးပန်းလာ၍ အဖေနှင့် စကားမပြောနိုင်။ အဖေလည်း အားငယ်နေပုံရသည်။ အမေ့အကြောင်း ဘာမှမပြော။ မည်သို့ ကုသသေးသည်။ မည်သို့ မှာကြားသေးသည်ကိုပင် ပြောမလာ။ အဖေ့အိမ်ထောင်သက် ၂၃-နှစ်အတွင်း ပထမဆုံး တွေ့ရသော အပူမီးက လောင်ကျွမ်းနေပါသည်။ အဖေ့ကို ကျွန်တော် မကြည့်ရက်။ အဖေကလည်းကျွန်တော့်ကို မျက်နှာချင်းမဆိုင်။ ခပ်ငိုင်ငိုင်နှင့် တိမ်းမူး ရီဝေနေတော့သည်။

အမေ့အလောင်းကို သင်္ဂြိုဟ်ပြီး ကျွန်တော် ပြန်ခဲ့ရသည်။ အဖေ လိုက်ပို့သေးသည်။

'ရပ်ရွာနဲ့ သင့်တင့်အောင်နေကွာ၊ ဘွဲ့ရအောင် ကြိုးစားကွာ၊ နောက်နှစ်ဆိုရင် အိမ်ဆောက်တော့မှာ၊ မင်း ဘာမှအားမငယ်နဲ့၊ ကျန်းမာရေးလဲ ဂရုစိုက်ပါ'

အဖေ တုန်တုန်လှုပ်လှုပ်နှင့် စကားဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြန်ခရီးမှာ အဖေ့အတွက် စိတ်မကောင်း။ အဖေ့ဒုက္ခနှင့် သောကသည် ထုထည်မသေးလှ။ အဖေသည် ပင်ပန်းကြီးစွာနှင့် ဘဝကို ရင်ဆိုင်ရသည်။ မိမိရင်သွေးများကို ဖခင်အနေဖြင့်ရော မိခင်နေရာပါ ထိန်းသိမ်းပြုစုသည်။ ဖရိုဖရဲ မဖြစ်ခဲ့။

'ဩော် .... အဖေရယ်။

* * *

အဖေသည် လယ်လုပ်သည်ချည်းသက်သက် မဟုတ်။ နွားရောင်းနွားဝယ် အလုပ်ကိုလည်း လက်မလွှတ်။ အမေ ရှိစဉ်က အိမ်ထောင့်တာဝန်များကို အတတ်နိုင်ဆုံး သယ်ပိုးသည်။ ကြိုးစားသည်။

လူမှုရေးကိစ္စ၊ ရပ်ရွာကိစ္စများတွင်လည်း အဖေသည် ရှေ့တန်းက ပါဝင်လာသည်။ ဥပုသ်သီတင်းစောင့်သည်။ တတ်နိုင်သလောက် အလှူအတန်း လုပ်သည်။ ဘဝက ပြဋ္ဌာန်းပေးလိုက်၍လား မသိ။ အဖေ အချိုးပြောင်းလာသည်။

ဖဲမရိုက်တော့ပါ။ ဖဲမရိုက်ဘူးဆိုတော့လည်း ပြတ်ပြတ်သားသား။ ဝိုင်းနားပင်မကပ်။ သို့သော် အရက်ကား မပြတ်သေး။ သံယောဇဉ်ကြိုး ခိုင်နေသေးသည်။ မိတ်ကောင်း ဆွေကောင်းနှင့် တွေ့သည့်အခါမျိုး၊ ပွဲလမ်းသဘင်နှင့် ကြုံသည့်အခါမျိုးမှသာ သောက်တော့၏။ အစွဲသောက် အမြဲသောက်မဟုတ်။

ကျွန်တော်သည် ကျောင်းဆရာဘဝ ရောက်သည်နှင့် စာပေဝါသနာ ပါရင်းစွဲကို အကောင်အထည်ဖော်သည်။ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို ရေးသားနေမိသည်။ ပထမဆုံး ဆောင်းပါးတစ်ပုဒ် ပညာတန်ဆောင်မှာ ပါလာသည်။ မေတ္တာလက်ဆောင် မဂ္ဂဇင်းကို ကိုင်၍ အဖေ့ ပေးဖတ်ဖူးသည်။ ကျွန်တော့်ဆောင်းပါးကို အဖေ ဖတ်သည်။ ကောင်းသည် ညံ့သည်မဆို။ မည်သည့်မှတ်ချက်မှ မပေး။

'ဒါရေးတာ ပိုက်ဆံရသလားကွ'

'ရပါတယ် အဖေ၊ ဆယ့်ငါးကျပ်ပါ'

'အေး.... ကောင်းပါတယ်ကွာ၊ စာတွေရေးနေတာနဲ့ စာမေးပွဲလဲ ကျနေမယ်နော်'

အဖေက ဆောင်းပါး ပါသည်ထက် စာမေးပွဲကျမှာ စိုးရိမ်နေသည်။ ဆောင်းပါးပါတော့ ဒုတိယနှစ်ရောက်နေပြီ။ အဖေ့မှာ စာပေလောက၊ စာရေးဆရာ၊မဂ္ဂဇင်း၊ စာမူခ စသည်တို့ကို စိတ်မဝင်စားပါ။ ကျွန်တော် စာမေးပွဲအောင်ပြီး လူကောင်းလူသန့် ဖြစ်စေရန်သာ အာရုံရှိသည်။

ကျွန်တော် တတိယနှစ်ရောက်တော့ ဇာတိတင်ကုတ်ကြီးရွာသို့ ပြောင်းရွှေ့ရသည်။ အဖေ့ရွာ ချောင်းတွန့်နှင့် မိုင် ၄၀ -လောက်သာ ဝေးသည်။ သည်အချိန်မှာ

www.burmeseclassic.com



မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ တမ္ဘာ့ကြက်ခြေနီ စာပေ ပန်းချီပြိုင်ပွဲတွင် ကျွန်တော် ကဗျာ ပထမဆုရသည်။ အဖေ့ကို ပြောပြမိသည်။

'ကဗျာတော့ ဦးပုညတို့ ကောင်းလှမောင်'

ကျွန်တော် အံ့ဩသွားသည်။ ကဗျာအကျော်အမော် ဦးပုညကို အဖေ သိထားလေခြင်း။ မည်သို့မည်ပုံ သိထားသည်ကို မမေးရက်။ အလွန် ရူးစမ်းချင်လှပါဘိ။

အဖေ့စီးပွားရေး ဦးမော့လာသည်။ အိမ်တစ်ဆောင် ဆောက်နိုင်ပြီ။ အိမ်ကွင်း တစ်ကွင်း ဝယ်ပြီးပြီ။ နွား တစ်ရှဉ်းအပြင် နွားမအပို့ရှိလာသည်။ လယ် ၆ ဧက ကျော်ကျော် ပိုင်ဆိုင်ထားသည်။

အမေ ကွယ်လွန်ပြီး ၂-နှစ်အကြာမှာ အဖေ ဒုတိယ အိမ်ထောင်ထူတော့သည်။ မုဆိုးဖိုဘဝ၏ ကသီလင်တာကို ငြီးငွေ့ပြီထင့်။ 'တစ်ပင်လဲ တစ်ပင်ထူ' ဟူသော ရေစီး ကြောင်းကို အဖေ လိုက်ပါစီးမျှောသည်။ အဖေ နောက် အိမ်ထောင်ပြုခြင်းကို ကျွန်တော်တို့ မောင်နှမရှစ်ယောက် စလုံးက သဘောမတူ။

ကျွန်တော့်ညီငယ် ဇော်လင်းသည် အခက်ထန်ဆုံး။ အဖေ့မိန်းမကို မျက်နှာသာမပေး။ ခပ်ရှင်ရှင် ခပ်သော သော နေတတ်သော ဇော်လင်းသည် မျက်နှာကိုတင်း၍ စကားပြောမာနေသည်။ အဖေနှင့်ဇော်လင်း ဆက်ဆံရေး မှာ မပြေမလည်ဖြစ်လာသည်။ မယားကတစ်ဘက် သားက တစ်ဘက်မို့ အဖေ စိတ်မချမ်းသာတော့။ ဇော်လင်းကို



ချော့မော့ထားရလည်း။ ကျွန်တော်ရှိရာ ရွာသို့ အဖေ ရောက်လာလျှင် ဇော်လင်းဆီ ဆုံးမစာရေးဖို့ပြောသည်။ ကျွန်တော်ကလည်း အဖေကျေနပ်အောင် ဟန်လုပ်ရေး ရသည်။ စိတ်ထဲကမပါ။

'အဖေ အိမ်ထောင်ပြုတာက ချက်ရေး ပြုတ်ရေး၊ က အစ အဆင်ပြေအောင်လို့ပါ၊ မင်းတို့အမေ ခင်အေး ကိုတော့ ဘယ်နေရာမှ မမေ့ပါဘူး၊ ကလေးတွေ ကျောင်း ကိုက်နေတော့ အိမ်စောင့်လဲလိုတယ်ကွာ၊ မင်းတို့က တစ် မျိုးတွေးပြီး နေကြမှာပါ' .

အဖေက သူ့ အိမ်ထောင်သစ်ထူရခြင်းကို ရှင်းပြသည်။ ကျွန်တော် လက်ခံပါသည်။ ကျွန်တော်သည် အဖေတို့ မိသားစုနှင့် တစ်ရွာစီ ဝေးကွာနေ၍ ဒုက္ခ သုက္ခအားလုံး မသိရပါ။ မခံစားရပါ။ အတူနေရသော ညီနှင့် ညီမ များကတော့ အဖေ့မိန်းမကို အကောင်းတစ်လုံးမပြော။ အဖေ့မိန်းမသည် ငွေသုံးကြမ်းသည်။ အစားကြီးသည်။ အိမ်မှာမကပ်ဘဲ အိမ်တကာလှည့်၍ အတင်းအဖျင်းပြော သည်ဟု သတင်းညှံ့ညှံ့က အနံ့တထောင်းထောင်း။ အငယ်ဆုံး ညီမလေးကို မတရားအလုပ်ခိုင်းသည်။ အား အားရှိ အနင်းခိုင်းသည်။ မိသားစု အဝတ်အစားများကို ဝစ်ထားသော်လည်း သူ့ အဝတ်အစားများကိုမူ မီးပူ တိုး၍ ထော့ပျံနေအောင် ဝတ်တတ်သည်။ စီခန့်ခွဲထား တစ်ပွဲပေါ်တိုင်း ဝယ်ဝယ်ချုပ်လိုက်သည့် အင်္ကျီကလည်း

www.burmeseclassic.com



အလျှိုလျှို။ သည့်လို ဒေါသဖြစ်စရာ သတင်းကလည်း ကျွန်တော့်ထံ အဆက်မပြတ်။

နောက်အိမ်ထောင်ပြုလိုက်၍ အဖေရော ကျွန်တော်တို့ပါ နှလုံးသောမယာ ဖြစ်ခဲ့သည်မှာ အမှန်။ အဖေ၏ အိမ်ထောင်ရေးဝေဒနာက ပို၍ ခံစားရမည်ကို တွေးမိပါသည်။ စာနာမိသည်။

အဖေသည် ဘဝခရီး အကွေ့အကောက် အနန္တကို ဖြတ်သန်း ရင်ဆိုင်ရသည်။ စိတ်အားငယ်ပြီး အရှုံးပေးခြင်းမျိုး အဖေ့ရာဇဝင်မှာ မရှိခဲ့။ အဖေသည် တက်ကျိုးလျှင် လက်ထိုးလှော်မည့် အာဂလူစား ယောကျ်ားပေတည်း။

* * *

အဖေသည် အပေါင်းအသင်း ပေါများလှသော်လည်း မဟုတ်မခံ မာန်ကတော့ တလူလူ။

တစ်ချိန်က ရွာမှာ နှစ်ခြမ်းကွဲနေသည်။

တောင်ခြမ်း မြောက်ခြမ်းပေါ့။ တောင်ကျောင်း ကိုးကွယ်သူနှင့် မြောက်ကျောင်းကိုးကွယ်သူ။ တောင်ခြမ်း မြောက်ခြမ်း အကွဲအပြဲဇာတ်လမ်းသည် ဆယ်နှစ်နီးပါး ကြာခဲ့သည်။



တောင်ခြမ်းမှာ ခပ်တည်တည်နှင့် ဥက္ကဋ္ဌနေရာယူထားသူက အဖေ။ အဖေနှင့်အတူ အခြားလူကြီးများလည်း ပါဝင် လှုပ်ရှားသည်။ သို့သော် စာပေါ်သူကား အဖေမှအဖေ။ မြောက်ခြမ်းခေါင်းဆောင် လုပ်သူကား ကိုတင်အောင်။ ကိုတင်အောင်ကား ပေတေတေ မိုက်မိုက်ကန်းကန်း လုပ်ရာမှာ နှစ်ယောက်မရှိ။ သည်မှာ အဖေနှင့် ကိုတင်အောင်တို့ ထိပ်တိုက်တွေ့ကြပြီ။

ရွာကထိန်ပွဲမှာ အပြိုင်အဆိုင် ကြဲကြသည်။

မြောက်ခြမ်းက ပဒေသာပင်နှစ်ခုဆိုလျှင် တောင်ခြမ်းက ငါးခု။ တောင်ခြမ်းကဆိုင်းထည့်ပါက မြောက်ခြမ်းက အငြိမ့်။ တောင်ခြမ်းကလူများသည် ငွေကြေးအရာမှာ သာသည်။ အနုပညာမှာတော့ မြောက်ခြမ်းက လျှမ်းလျှမ်းတောက်။ မြောက်ခြမ်းက အငြိမ့်ခေါင်းဆောင်မှာ ဦးထွန်းဖေ (လှည်းယဉ်ကြော့ စာအုပ်ကို စာရေးဆရာ မင်းညွန့်နှင့် တွဲဖက်ရေးသားသူ ရွှေဘို ဦးထွန်းဖေ)။ ကျွန်တော်တို့ရွာက စာရေးဆရာ ထွန်းပေါ်တတ်သည်။ မင်းညွန့်လည်း သည်ရွာဇာတိ။

ဆိုင်းတွေ အငြိမ့်တွေနှင့် စည်လှသည်။ တောပွဲဆိုသည့်အတိုင်း အစောင်းအချိတ်၊ အကုတ်အဖဲ့က မကင်း။ ကုသိုလ်ရသည်မရသည်တော့ မသိ။ ရွာမှာတော့ ဖွတ်ဖွတ်ကြေကျန်ခဲ့သည်။ ထင်ရာစိုင်းကြတာကိုး။

တစ်ရွာလုံးက အေးအေးဆေးဆေး ပြိုင်ဆိုင်နေကြသော်လည်း ကိုတင်အောင်နှင့် အဖေက ကမ္ဘာရှုန်။ ထိ

www.burmeseclassic.com



ယောက်နှင့်တစ်ယောက် တွေ့ပြီဆိုလျှင် အနည်းဆုံး ဆဲဆို၍ စားကြိမ်းကြိမ်းကြသည်။ နှစ်ယောက်သား လုံးထွေးသတ်ပုတ်သည်လည်း အကြိမ်ကြိမ်။ နှစ်ယောက်စလုံးက ကြောက်စိတ်မရှိသော်လည်း ဒဏ်ရာရသည်အထိ မကျူးလွန်ကြ။

ကိုတင်အောင်သည် စကားနာထိုးတတ်သည်။ တောင်ခြမ်းသားများ မခံချင်အောင် အမြဲပြောနေတတ်သည်။ 'တောင်ခြမ်းက ဆိုင်းကလဲ နတ်ကနားပေးသလို တထီထီနဲ့ တောင်ခြမ်းသားတွေ မြောက်ခြမ်းကို မနိုင်တာနဲ့ နတ်ပူဇော်နေကြပြီဟေ့' ဟု ပြောနေသည်ကို အဖေနှင့် ပက်ပင်းတိုးမိသည်။ အဖေက မပြောမဆို လက်သီးနှင့်စင်ထိုးရာ ကိုတင်အောင် နှာနှပ်ယူရတော့သည်။

'စကားတွေတော့ မပြောတတ်ဘူး၊ လူချင်းကတော့'

အဖေက အေးအေးလူလူ ပြန်ချလာသည်။ ပါးစပ်တလည်း မြည်တွန် တောက်တီးနေတော့သည်။ ကိုတင်အောင်ကို ထိုးပစ်ထားခဲ့သည်။ မြောက်ခြမ်းသားတွေ တရှုန်းရှုန်း။ အဖေသည် မပြေးမလွှားနှင့် အိမ်ပြန်လာသည်။ မျက်နှာက ရဲရဲနီနေပြီ။ လက်သီးဆုပ် အံကြိတ်မဆုံး။

အဖေ သည်လို ပြဿနာဖြစ်လာတိုင်း မျက်နှာမလှသူကား အမေ။ အမေကား မြောက်ခြမ်းသူ။ အဖေနှင့် အိမ်ထောင်ကျမှ တောင်ခြမ်းရောက်လာသူ။ မြောက်ခြမ်းက သားချင်းများက ထေ့ကြငေါ့ကြ၊ တောသဘာဝ



ပေါ့။ အမေနှင့် ကိုတင်အောင်ကား ကျောင်းနေဘက်။ ဦးစက္ကိန္ဒကျောင်းထွက်များ။ ဦးထွန်းဖေနှင့် အမေထားမောင်နှမဝမ်းကွဲ။ အဖေသည် အမေ့ကို သည်ကိစ္စအတွက် ဘာမှမတားဆီး မကန့်ကွက်။ အမေကလည်း တောင်ခြမ်းဘက် သန်သကိုး။

တောင်ခြမ်းနှင့်မြောက်ခြမ်း ကွဲကြပြကြရာမှ ပြန်လည်ဇာတ်ပေါင်းခန်းတွင် အဖေနှင့် ကိုတင်အောင်က ညီအစ်ကိုအရင်းလို ဖြစ်သွားပြန်သည်။ အာဃာတတွေ၊ အငြိုးတွေ မရှိကြတော့ပါ။ အဖေနှင့် ကိုတင်အောင်တို့ဆက်ဆံရေးကို ကြည့်၍ တစ်ရွာလုံး ရင်သပ်ရတော့သည်။ သည်လိုဖြစ်လာလိမ့်မည် မထင်ကြ။ ဝမ်းသာ ကြည်နူးမဆုံး။ ယခင်က ရမ်းခဲ့သည်များကို ပြန်ပြောရင်း တဝါးဝါး တဟားဟား။ အံ့ဒတော့အံ့သြစရာလေ။

ကိုတင်အောင် အလှူလုပ်တော့ အဖေက ငွေငါးဆယ်ပဲ့ကူသည်။ ကိုတင်အောင်က ဖျာသုံးချပ် လက်ဆောင်ပြန်သည်။ တခါက အဖေ့ကို မေးသည်။

'မြထူး၊ မင်းတို့ပဲ ရန်သူတန်းက ရန်သူ၊ မိတ်ဆွေ ဆိုတော့လဲ မိတ်ဆွေ၊ တို့ မျက်စိလည်တယ်ကွာ'

အဖေက ဘာပြန်ပြောသည်မှတ်သလဲ။

'ငါက မဟုတ်ရင်တော့ တစ်ပဲသားမှ မခံဘူး၊ ဟုတ်ရင်တော့ ဘာမှထည့်မတွက်ဘူး၊ ငါက အနူတ်နှာခံမယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



သည်လို ဆိုသည်လေ။ အဖေ့မာန်မာနက သူ့နေရာသူ ထားပါကလား။ အတုယူရတော့မလိုလို။

* * *

ကျွန်တော် စာပေနယ်မှာ အတန်အသင့် နေရာရလာသောအခါ အဖေ၏ ဝမ်းသာကြည်နူးသော မျက်နှာကို ရှိုးတိုးရိပ်တိပ် မြင်ရသည်။ အဖေနှင့် လက်လှမ်းမီနိုင်သော စာအုပ်အချို့ကို ပေးဖတ်သည်။ အဖေ စာဖတ်လာသည်။ ကျွန်တော်က ကဗျာကိုသာ အဓိကထား ရေးသောကြောင့် အဖေ ကဗျာများကို ဖတ်ဖြစ်သည်။ အဖေသည် ဘယ်ဟာက အတွေးကဗျာ၊ ဘယ်ဟာက ကလေးကဗျာဟူ၍ သိမည်မဟုတ်။ နိမိတ်ပုံတွေ ဘာတွေလည်း ခွဲခြားဖတ်မည် မထင်။ ဂုဏ်၊ အလင်္ကာရသ များကိုကား ပို၍ ဝေးကွာလှန်းမည်။

‘မင်း ကဗျာရေးတာ ဟန်ကျတယ်ကွာ၊ ငါ ထီးချိုင့် သွားတော့ ကျောင်းဆရာမ တစ်ယောက်နဲ့ တွေ့တယ်၊ ငါ့ကို မင်းအဖေမှန်းလဲ သိရော၊ ငါ့ကို ထမင်းတစ်နပ် ခေါ်ကျွေးတယ်၊ စားလို့မြိန်လိုက်တာကွာ’

အဖေသည် သည်လို ရိုးရှင်းပွင့်လင်းစွာ ပြောဖူးသည်။ ကဗျာဆရာ့အဖေ ဖြစ်ရတာ ဂုဏ်ယူဝင့်ကြွား၍ မပြော။ သူ့ခရီးအတွက် အဆင်ပြေသွားသည်ကိုသာ နှစ်သက်ဟန်



တူသည်။ ဂုဏ်ယူရမှန်းလည်း သိချင်မှ သိမည်။ သိသည် ထားပါဦး။ ဟောင်ဖွာ ဟောင်ဖွာ ပြောမည် မထင်။ ဝါသနာမှ မပါဘဲကိုး။

ကျွန်တော့် ကဗျာပါသော စာအုပ်များကို အဖေ တောင်းယူတတ်သည်။ ကောလင်းရောက်ခိုက် တွေ့လျှင်လည်း ဝယ်လာတတ်သည်။ အဖေသည် ကဗျာချစ်သူ ဖြစ်သွားသည်။

ကျွန်တော် စာပေဗိမာန်ဆုရတော့ အဖေ အမြန်ရောက်လာသည်။ မျက်နှာကလည်း နုပျို ချိုအေးနေသည်။

‘ငါ နွားစာစဉ်းနေတုန်း ရေဒီယိုကကြေညာသွားတာ ကြားရတယ်၊ တို့တစ်အိမ်လုံး ထမင်းမစားနိုင်ကြဘူးကွ၊ တစ်နယ်လုံး မင်းသတင်းကို ပြောနေကြတာ’

အဖေ့ လေသံက လှိုက်လှိုက် လှဲလှဲ ဖြစ်နေသည်။ ကျွန်တော့်အမည် ရေဒီယိုထဲ ပါသည်ကိုပင် အံ့သြနေသည်။

‘ဒါထက် ဆုငွေက ရပြီလား၊ ပြစမ်းပါဦးကွ၊ မချေးပါဘူးမောင်၊ ကြည့်ချင်လို့ပါ’

ကျွန်တော်က အကြောင်းစုံ ရှင်းပြမှ ရှက်သလိုလိုနှင့် ရယ်မောနေသည်။ အဖေ့ကို ရန်ကုန်လိုက်ခဲ့ရန် ခေါ်သည်။ ဆုပေးပွဲ အခမ်းအနားသို့ အဖေ တက်ချင်သည်။ အဖေသည် မန္တလေးကို မကြာခဏ ရောက်ဖူးသော်လည်း ရန်ကုန်ကိုမူ တစ်ခေါက်မှ မရောက်ဖူးချေ။

www.burmeseclassic.com

www.burmeseclassic.com



'တော်ပါပြီကွာ၊ မြေပဲစိုက်ရဦးမယ်၊ အားတယ်လို့ ရှိသေးလေ'

ကျွန်တော် အဖေ့ကို မချေနုပ်။ ရှင်ပျံမြူးထူးစွာ လက်ခံရခြည်ကို အဘယ့်ကြောင့် ငြင်းပယ် နေပါလိမ့်။ ကျွန်တော်က ဒီဆုမျိုးကို ရခဲ့ကြောင်း၊ ဆုပေးပွဲကိုလည်း အဖေနှင့်အတူ တက်ရောက် လိုကြောင်း ပူဆာ လွန်းမှ ခေါင်းညိတ်သည်။

ကျွန်တော့်ဆန္ဒအရ အဖေ ရန်ကုန်လိုက်ခဲ့သည်။

ရန်ကုန်ရောက်တော့ ကျွန်တော့်ဒုက္ခမှာ မသေးလှ။ ယာဉ်အန္တရာယ်အတွက် ထိန်းထိန်းသိမ်းသိမ်း သွားလာရသည်။ ရွှေတိဂုံ၊ တရဝိက်၊ တိရစ္ဆာန်ဉယျာဉ်တို့ကို လိုက်ပို့ရသည်။ ရွှေတိဂုံဘုရားကို ငွေသုံးဆယ် အဖေ လှူသည်။ ဇရဝိက်မှာ ရေခဲမုန့်စားသည်။ တိရစ္ဆာန်ဉယျာဉ်မှာ အအေးသောက်သည်။ အဖေသည် မြင်မြင်သမျှမေးသည်။ အဖေ သွားလိုသော နေရာတိုင်းကို လိုက်ပြသည်။ ဘာကို မြင်ရမြင်ရ အဖေမှာ တအံ့တသြ။

'ငါ ပင်လယ်ကို ကြည့်ချင်တယ်ကွာ'

ကျွန်တော် ပြုံးမိသည်။ ဘေးက လူတချို့က ကျွန်တော်တို့သားအဖကို ကွက်ကြည့်ကွက်ကြည့် ဖြစ်နေသည်။ အဖေက ဘာမှ မဖြစ်သော်လည်း ကျွန်တော်က ရှင်ခုန်နေသည်။

'ပင်လယ်နဲ့က ဝေးသေးတယ်အဖေရဲ့၊ အဲ...ရန်ကုန်မြစ်ကိုတော့ ကြည့်လို့ရတယ်၊ သိပ်စည်တယ်ဗျာ'



အဖေနှင့်ကမ်းနားလမ်းသို့ ထွက်ခဲ့သည်။ ဆိပ်ကမ်းရှာ မုန့်ဟင်းခါးစားကြရင်း သင်္ဘောမျိုးစုံ ဝင်ထွက်နေသည်ကို ကြည့်ကြ၏။ ဟို သင်္ဘောက ဘယ်နိုင်ငံက ဒီသင်္ဘောက ဘယ်နိုင်ငံက စသည်ဖြင့် သိသလောက် ပြောပြသည်။

'မင်း ဘယ်လိုလုပ်သိလဲ၊ ဟုတ်ရဲ့လားဟ'

'သင်္ဘောထိပ်က အလံကို ကြည့်ပြောတာဗျ၊ တို့မှာ ကြည့်ပါလား၊ ကြယ်ငါးပွင့် သင်္ဘောကြီးလေ၊ အဲဒီ သင်္ဘောထိပ်မှာ ကျွန်တော်တို့ နိုင်ငံတော်အလံက တလွင့်လွင့်မဟုတ်လား၊ အဲဒါ မြန်မာပိုင် သင်္ဘောပေါ့'

'အင်း....ဟုတ်သားပဲ၊ အလံကလဲအရေးပါသားဟ'

အဖေအားရမှ ပြန်ခဲ့သည်။ ဆူးလေဘုရားလမ်းအတိုင်း ပြန်ခဲ့ပြီး ဗိုလ်ချုပ်လမ်းအရောက် ဈေးသည်တချို့ ရှုတ်တရက်ထပြေးသည်။ အဖေ့ကို တိုက်သွားသည်။ ပလက်ဖောင်းဈေးသည်အကြောင်း ပြောပြသည်။ ပြေးရသည့် အကြောင်းလည်း ပါသည်။

'မလွယ်ပါလားကွာ'

အဖေသုံးသပ်ချက်က ညည်းတွားသံပါနေသည်။

ဆုပေးပွဲနေ့သို့ ရောက်ပြီ။

အဖေ့ကို အစစ ပြောပြထားပြီးပြီ။ အခမ်းအနားမှာ တစ်နေရာစီဖြစ်နေ၍ အခမ်းအနားမစမီ ပြစရာကိုပြ ထားရသည်။ ဆုပေးပွဲသို့ တက်ရောက်လာသော စာရေးဆရာများကို ဘယ်သူဘယ်ဝါဟု ပြောပြသော်လည်း စိတ်မဝင်စား။ အင်း....အဲလောက်သာ လိုက်သည်။

www.burmeseclassic.com



'အဖေရှေ့နားမှာဦးစိန်အောင်မင်းနဲ့ဒေါ်မာမာအေး'

ထည့်တော့မှ ဟင်....ဟုတ်လား ဆိုပြီး စူးစူးစိုက်စိုက် ကြည့်နေတော့သည်။

'အသက်ကြီးကုန်ကြပြီနော်၊ တို့ငယ်ငယ်ကတည်းက စိန်အောင်မင်းပဲဟာ အင်း....မာမာအေးလဲ'

အဖေသည် ရှာပြန်ဆောက်တော့ သူများလိုမဟုတ်။ ရှေတိဂုံကရဝိက်တို့ကို မပြော။ အခမ်းအနားထည့်ဝါမှုကို မကြား။ ဦးစိန်အောင်မင်းနှင့် ဒေါ်မာမာအေးကိုသာ တဖွဖွ ပြောနေတော့သတည်း။

အဖေဆာ တတယ့်ရှိးရှိးကြီးနော်။

* * *

မည်သို့ဆိုစေ အဖေသည် ကျွန်တော့်အတွက် နေတစ်ဆူ။ ကျွန်တော့်အပေါ် ဖခင်တစ်ဦး၏ မေတ္တာတရားအပြည့်။ ဆင်းရဲသော်လည်း ဖခင်ဝတ်မပျက်။

အဖေ့အကြောင်း ရေးခဲ့သော စာစီစာကုံးသည် အမှတ် ၂၀ အပြည့်ရခဲ့သည်။ သည်တုန်းကအပျော်သည် အဖေ့အတွက် မပါခဲ့။ ကျွန်တော့်အတွက် သီးသန့်အပျော်။ စာစီစာကုံးရေးစဉ်က အဖေ့အကြောင်းသည် မြန်မာစာဆရာ ဦးကျော်သိမ်းသာသိခဲ့သည်။ သူငယ်ချင်း



တချို့က ယူဖတ်ကြ၍ သိသူများကလည်း အဖေ့ကို မမေးစမ်း၊ အသိအမှတ်မပြု။

ကျွန်တော်စာရေးဆရာသက် နှစ်ဆယ်ကျော်လာသော်လည်း အဖေ့အတွက် ဘာတစ်လုံးမှ မရေးမိ၊ မိုက်လေစွ။ ကျွန်တော့်အဖေသည် ပညာတတ်မဟုတ်။ ရာထူးဆိုသည်မှာဝေး။ ဥစ္စာကလည်း စာမဖွဲ့လောက်၊ သာမန်လယ်သမား၊ ထိုမပြည့်စုံမကုံလုံသော အချက်များကပင် ထူးခြားနေသည်ဟု ထင်သည်။

ကျွန်တော့်မှာ ဆန္ဒအပြင်းစားတစ်ခု စွဲကပ်နေဆည်။

အဖေ့ကို တိုင်းသိပြည်သိ ဖြစ်စေချင်သော ဆန္ဒလေ။ ထိုဆန္ဒသည် ရင်ထဲမှာ မရိုးမရွဖြစ်နေသည်။ မြန်မာစာဆရာ ဦးကျော်သိမ်းသိရုံနှင့် မကျေနပ်ပါ။ အဖေ့ကို တိုင်းပြည်က သိရန်နည်းလမ်းကို တောင်စဉ်ရေမရ တွေးမိနေတော့သည်။

ဟော....တွေးမိပြီ တွေးမိပြီ။

ဝတ္ထုတစ်ပုဒ်ထဲတွင် အဖေ့ကို ဇာတ်ကောင်အဖြစ် ခြယ်မှုန်းလိုက်သော်....။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဝိုင်း

ဝိုင်း ဆိုပါလား။

အမျိုးသမီးချောချောကလေး၏ အမည်ထင်မှ မဟုတ်သေး။ တိုးတိုးတိတ်တိတ်နှင့် အမိန့်ရသလို ခင်းကျင်းနေသော ဂျင်ဝိုင်းလည်း ဖြစ်နိုင်ချေရှိသည်။ ဒါလည်းမဟုတ်ပြန်။ မြို့ပြတာ ငွေသောင်းချီပေး၍ သင်ရသော ကျူရှင်များလား။ သည်လိုလည်း မထင်လိုက်ပါနှင့်။

တစ်ခုမှ မဟုတ်ဘူး။

နို့ ဘာပါလိမ့်မလဲ။ စဉ်းစားရခက်ပါဘိ။

အညာကျေးရွာလေး တစ်ရွာမှာတွေ့နိုင်သည်။ အံ့သြစရာ ကောင်းနေသလား။ ကဲ အံ့သြမနေနှင့် သွားကြည့်ရအောင်။

* * *



ဝိုင်းအမှတ် (၁)။

နေရာကား စက္ကူဘာရွာ၏ ချောင်ကျကျမှာပါ။ လက်ခံ ဆက်ဆံနေသူမှာ ကိုဖက်ကြီး။ သူ့အိမ်မှာ နေ့တိုင်း နေ့တိုင်း စည်လှချည့်။

ကိုဖက်ကြီးအိမ်မှာ ပန်းချီရှုံးလောက်သည်။ အိမ်တိုင် လိန်ရှဲ့ရှဲ့က အမာခံ။ အကာဟု သမုတ်ထားသော ဝါးထရံမှာ ဆင်တစ်ကောင် ချောင်ချောင်ချိချိ ဖြတ်သန်းသွားနိုင်သည်။ အမိုးကား အလွန်တရာ ကျဲပါးနေပြီ။ ကောင်းကင်တစ်ခုလုံးရှိ ကြယ်လ နက္ခတ်တာရာ အားလုံးကို တစ်ဝကြီး ကြည့်ရှုပေရော့။ သို့သော် အခင်းမှာတား အနည်းငယ် ကောင်းသယောင်ယောင်။

မကောင်း၍ မဖြစ်။

အခင်းမှာထိုင်ပြီး အလုပ်လုပ်ရသည်ကိုး။

တဲ့တိုးပြောပါရစေ။ ကိုဖက်ကြီးက တောချက်အရက်ကို ရောင်းသူ။ သူ့ဇနီး မိမွဲ့ကား ကျောက်ပေါက်မာဗရပွနှင့်။ မျက်လုံးက စွေတေတေ။ မျက်ခွံမှာ မျက်ရေစ် လစ်လပ်နေသည်။ တကယ့် ပီဘိ အညာသူ။

သို့သော် ကိုဖက်ကြီးက ချစ်ရှာတော်မူသည်။

မိမွဲ့ကို ရိုက်ဖို့နှက်ဖို့ဝေးစွ။ ဆူဆူပူပူပင် မရှိခဲ့။ မိမွဲ့တမိန်းမအလိမ္မာ။ ရုပ်ရည်ကသာ ပဉ္စပါပီကို အနိုင်ယူသော်လည်း စိတ်ဓာတ်မှာ မဒ္ဒီဒေဝီနီးနီး။ လာသမျှ အရက်သမားများနှင့် လိုက်လျောညီထွေပြု၏။ သည်းခံမှု ပါရမီ ရှင့်သန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဖက်ကြီးနှင့် မိမ့်တို့ဝိုင်း။

တောသားများ အပန်းဖြေ ယစ်မူးရာ ရိပ်မြုံကလေး။

အရက်သမားများနှင့် မိတ်ဆက်ပေးရဦးမည်။ အရက်ကို မသောက်ဘဲ မနေနိုင်သူမှာ ကျီးညိုဆိုသော မည်းမည်းပုပုအတောင်။ သောက်သလားမမေးနှင့်၊ အရက်သောက်သူ သမဂ္ဂဖွဲ့လျှင် နာယကကြီး ဖြစ်နိုင် လောက် သည်။ ကျီးညိုကို တွေ့လိုက်တိုင်း အရက်နံ့က ခရီးဦးကြိုပြုသည်။ ချဉ်စုတ်စုတ်၊ ဟောင်အောင်အောင် အနံ့ရှိုင်းကို ရှူရှိုက်ရစမြဲ။ စကားပြောလျှင် မိုက်ကန်းထန်း၊ လက်ထဲမှာကားသူ့အဖော်မှန် ဓားချွန်း။ ချက်ကနဲဆို တစ်ရွာလုံးကို စိန်ခေါ်သည်။ ဘယ်သူကမှ မတုံ့မယှဉ်ဝံ့။ ရဲစခန်းမှာ အချုပ်ခံရသည်မှာလည်း မရေတွက်နိုင်တော့။

နောက် ယစ်ထုတ်တစ်ယောက်က ငပိန်။ နာမည်နှင့်လိုက်ဖက်သူ။ လူကောင်က ပိန်တိန်တိန် လိန်ကောက်ကောက်၊ မျက်တွင်းဟောက်နှင့်။ ညနေတိုင်း ကိုဖက်ကြီးအိမ်သို့ အခစားမပျက်။ ငပိန်သည် အရက်သမား ပီသလွန်းစွာ ကြွပ်ဆတ်ဆတ် မာကျောကျော။ ပါးမှာ ဓားဒဏ်ရာက အထင်းသား။ ဆင်းခြေများတစ်အောင် တွယ်ကပ်နေသလိုလို နီရဲရဲအမာရွတ်က ငပိန့်ကို အကျည်းတန်စေသည်။ သူ့ကို ဘယ်သူမှ မကြည့်ရဲ။ အဝေးက ရှဲကြရှားကြစမြဲ။

သည်တစ်ယောက်ကတော့ ချစ်ဖျန်း ဆိုသူတည်း။ မိဘများက တောသူဌေး။ အိမ်ကောင်း ရာထောင်းနှင့်။



တစ်ဦးတည်းသော သား။ အလိုလိုက်ထား၍ မိုက်အားသန်နေသည်။ ထိန်းမနိုင် သိမ်းမနိုင်အဆင့် ရောက်နေပြီ။ ချစ်ဖျန်းမှာ ထူးခြားချက်တစ်ခုတော့ရှိပါ၏။ အရက်ကိုသောက်ပြီး အဆူအဆဲမရှိ။ မည်သည့်အခါမှ ရန်မလုပ်။ အရက်စည်းစိမ်ကို အားပါးတရ ခံစားနေတတ်သည်။ အရက်သောက်ရာ ဝိုင်းတွင် လာသမျှလူကို အလူမေးတိုက်ကျွေးတော့သည်။

အဲ....တင်ချိတ်၊ အောင်ဘန်း၊ စိန်ရှောင်တို့သုံးယောက်မှာ အရက်စွဲနေသူများတော့ မဟုတ်။ ငွေယားစလေးရှိလျှင် တစ်ခွက် တစ်ဖလား မော့တတ်သူများ။ တွေ့လာလျှင် အရစ် ရှည်တတ်ကြသည်။ ရေခပ်လမ်း ထွက်ပြီး လူလုံးပြချင်သည်။ မူးနေကြောင်းကို ကြော်ငြာချင်ဟန်တူသည်။

အထက် အဆိုပါဇာတ်လိုက်များသည် ကိုဖက်ကြီးနှင့် မိမ့်တို့ဝိုင်းသို့ မပျက်မကွက် တက်ရောက်လာသော နေ့တစ်နေ့....။

ချစ်ဖျန်းက ကနဦး ရောက်နေနှင့်သည်။ အမြည်းအဖြစ်လင်းမြွေအစပ်ချက်ကို ချိုင့်နှင့် ထည့်ယူလာသည်။ တစ်ယောက်တည်းမို့ ဝိုင်းမှာ မစိုမပြည်။ ခြောက်ကပ်ကပ်နိုင်လှသည်။ တစ်ပိုင်းယူထားသည်ပင် မကုန်တတ်သေး။

ကိုဖက်ကြီးကို ခေါ်ကျွေး၏။ တစ်တုံး ယူစားစေ၏။ မိမ့်ကိုလည်း စားစေ၏။ မိမ့် မစားရဲ။ ရုပ်ဆိုးပေမယ့်

www.burmeseclassic.com



လင်းမြွေဟောင်းကိုတော့ မနိုက်။ မိမှဲ့က နှမ်းဖတ်ချဉ်ထည့်ပေးသည်။ ချစ်ဖျန်း ရေချိန်ကိုက်နေပြီ။

'ဖက်ကြီး....တစ်ပုလင်းပေ့ါ'

အိမ်ကွင်းထဲ မရောက်ခင် အဝေးက လှမ်းပြောလိုက်သော ကျီးညိုအသံ။

ကိုဖက်ကြီးက တစ်ပုလင်း ချပေးသည်။

'ချစ်ဖျန်း....မိနေပြီလားကွ'

'လိုက်နေတုန်းပဲကျီးညိုရ၊ လာကွာ၊ လင်းမြွေသားလေးမြည်းစမ်းပါဦး'

နှစ်ယောက်သား အပေးအယူကောင်းနေသည်။ ဖိုးသူတော်နှင့် လက်ဖက်ပွဲ တွဲမိကြလေပြီ။

မကြာပါ။ ငပိန် ရောက်လာသည်။ တစ်ပုလင်းဆွဲ၍ ဖက်စပ်လုပ်တော့သည်။ ဝိုင်းစည်စပြုပြီ။ သုံးယောက်ပေါင်းသကိုး။

သောက်လိုက် စားလိုက်နှင့် အချိန်ကုန်လုပြီ။ ချစ်ဖျန်း တစ်ပုလင်းထုတ်သည်။ ဝိုင်းကို အရှိန်မြှင့်လိုက်သည်။

ဟော....သူတို့ လာကုန်ကြပြီ။

တင်ချိတ်၊ အောင်ဘန်း၊ စိန်ရှောင်တို့ပါလား။ အိမ်ထဲသို့ ရုတ်တရက် မဝင်သေး။ အကဲခတ် နေသေးသည်။

'လာကြလေဟယ်'

မိမှဲ့က ညွှန်ကြား။ မျက်နှာက ပြုံးစစနှင့်။ ပြုံးကာမှ မျက်လုံးက မှေးနေတော့သည်။ ဘယ်လိုမှ ကြည့်လို့မကြည်နူးနိုင်တဲ့ မိမှဲ့ ပါတကား။



တင်ချိတ်တို့အဖွဲ့ ဝင်လာသည်၊ ခပ်လျှိုးလျှိုး။

'တစ်ပုလင်းပဲလား'

မိမှဲ့ အမေး။

'မဟုတ်ဘူး၊ အဲ....အင်....'

တင်ချိတ် အဖြေ။

ကျန်နှစ်ယောက်က ဘာမှ မပြော။

'ဒီလိုပါ မမှဲ့ရယ်၊ ငွေမပါဘူးဗျ၊ ဟောဒီ အမေ့လုံချည်ကို ယူထားပါ၊ ကြက်ရောင်းပြီးပေးမယ်၊ တစ်ပုလင်းပေါ့'

'အေးအေး၊ ရပါတယ်ဟဲ့'

မိမှဲ့က စေတနာ အကောင်းသား။

မိမှဲ့ ပေးလာသော အရက်ပုလင်းကို ဆုဖလားယူသည့်အလား၊ လက်နှစ်ဖက်နှင့် ရှိရိုကျိုးကျိုး ဖြစ်နေသူက အောင်ဘန်း။ အရက်ပုလင်းကို တပ်မက်စွာ စူးစိုက်ကြည့်နေသော စိန်ရှောင်က ငါးရံ့ ပြုံး ပြုံးလျက်။ တင်ချိတ်သည် ခါးပုံကို နှိုက်၍ အထုပ်ကို ပေးသည်။ မြေပဲလှော်ကလေး လက်တစ်ဆုပ်ခန့် ထွက်လာသည်။ အမြည်းလေ။

တင်ချိတ်တို့ တစ်ခွက်စီပတ်၍ သောက်ပြီးပြီ။ မြေပဲကိုဝါးလိုက် အရက်ကလေး မော့လိုက်နှင့် သေရည်မြစ်ကို ဆန်တက်နေကြတော့သည်။

ဝါရင့်သမ္မာရင့် အရက်ဝိုင်းဖြစ်သော ကျီးညို၊ ငပိန်နှင့် ချစ်ဖျန်းတို့ကား လျှာထားချက်ထက် ကျော်တက်နေပြီ။ အရက်သမား ရာခိုင်နှုန်းပြည့်သည် မူးလာပါက မကောင်းချင်။ စကားများလာသည်။ မိုက်ဂုဏ်ခံလာသည်။ ဓားပါ

www.burmeseclassic.com

www.burmeseclassic.com



သူက ဓားတဝင့်ဝင့်၊ ဓား မပါသူက လက် တမြှောက်မြှောက်။

'သောက်တော့ထားတယ်၊ မူးလို့ပြောတာ မဟုတ်ဘူးနော်'ဟု စကားပလ္လင်ခံကာ အာကျယ်စွာကျယ် လုပ်တော့သည်။

ကျီးညိုတို့ ဝိုင်းကား သေရည် ဘွဲ့လွန် သမားများ။ အမူးကဲလာသည်နှင့် စကားကြမ်းကြမ်း၊ အကြည့်ရိုင်းရိုင်းများနှင့် သူတစ်ပါးကို မချေမငံ ဆက်ဆံတတ်သည်။ သို့ရာတွင် ချစ်ဖျန်းမှာကား အေးတိအေးစက်။ အရက်ကို အပျော်သဘောမျိုး သောက်သူ။

တင်ချိတ်တို့ ဝိုင်းကား အသူရာ ဘွဲ့ကြို သမားများ၊ အရက်သမား လောင်းလျာများပီပီ 'ဇ'တော့ မသေး၊ စကား ထောင့်မကျိုး။ ကြမ်းတမ်း ခက်ထန်၍ တစ်ခွလော်လီ လွန်းသည်။ အသက် ကလေး များ က လည်း ငယ်သေးသကိုး။

တစ်ဝိုင်းနှင့်တစ်ဝိုင်းမှာ မဝေးလှ။ ဖျာတစ်ချပ်သာ ခြားနေသည်။ ကြားမှာ ဘာအတားအဆီးမှ မရှိ။

ငပိန်က တင်ချိတ်တို့ဝိုင်းကို ကြည့်မရ။

'မအေလိုးချည်နဲ့ အရက်လဲသောက်တာတော့ အရက်သမား သိက္ခာကျတယ်ဟေ့'

ငပိန်က ရန်လိုစကားနှင့် ဘုပြောပြောသည်။ အရက်သမား သိက္ခာဆိုပါလား။ ဤဝေါဟာရကို မည်သို့သတ်



မှတ်၍ မည်သူထွင်ခဲ့ပါသနည်း။ ကြီးကျယ် ခမ်းနားလှချည့်နော်။

ငပိန့်အပြောကြောင့် တင်ချိတ် ဆတ်ခနဲအောင့်သွားသည်။ မခံချင်သော မျက်လုံးများက ဝင်းဝင်းတောက်နေသည်။ အောင်ဘန်းနှင့် စိန်ရှောင်တို့ကလည်း မနှစ်မြို့။ သို့သော် အားလုံးက မနိုင်၍ သည်းခံနေလိုက်ရသည်။

'မိမွဲ...ဒါမျိုးတွေလက်မခံနဲ့ဟေ့၊ ဝိုင်းနာတယ်'

ကျီးညိုနှုတ်က ဟောဟောဒိုင်းဒိုင်း သွန်ချသည်။

'ခင်ဗျားတို့ လွန်လာပြီဗျ'

အောင်ဘန်းက ပြန်ပက်သည်။

'လွန်တော့ ဘယ်ပုဒ်မနဲ့ ငြိစွန်းသလဲကွာ'

ငပိန်က မထီလေးစားပြော ပြောသည်။

တစ်တော တစ်ကြက်ဖ တွန်ကြလေပြီ။

'ဟိုစာ ဖတ်ကြည့်ကြပါလားဗျ'

စိန်ရှောင် ညွှန်ရာသို့ အားလုံး မော့ကြည့်တိုက်ကြသည်။

'ဝိုင်းမကူးရ'

ပြတ်လုလု ခါးပန်းပေါ်တွင် မီးသွေးဖြင့် ရေးထားသော ကိုဖက်ကြီးလက်ရေး။ ကျောက်စာလိုလို မင်စာလိုလို။ ကောက်ကောက်ကွေး နိုင်လှသည်။ မှုကြီးကျောင်းမှာ အသုံးချနိုင်သည့် လက်ရေးမျိုးဟု ထင်မှတ်ရသည်။

www.burmeseclassic.com



'လူမကူးဘူးကွ၊ အဲ စကားတော့ ကူးရမှာပေါ့။ နှပါသေးတယ်ကွာ'

ကျီးညိုက ပြုံးလုလု ဇာတ်ကြမ်းကို အရှိန်တိုးမြှင့်လိုက်ပြန်၏။

'ကဲကွာ.... စကားတုပြောမနေနဲ့။ ကိုယ့်အရက် ကိုယ်သောက်စမ်းပါ'

အောင်ဘန်းက လေချွန်သွေးသည်။ တင်ချိတ်က လက်မခံလို။ ဒေါ်သလှိုင်းတွေ တအုန်းအုန်းထနေသည်။ မာနမီးခဲက တရဲရဲ။

'အေးအေးဆေးဆေး သောက်ကြပါတော်၊ ရှုတ်ရှုတ်ရှုတ်ရှုတ်ဖြစ်ရင် နာမည်ပျက်နေဦးမယ်'

မိမှဲက တောင်းပန်ရှာသည်။ ကိုဖက်ကြီးက အိမ်မှာမရှိ။ အရက်ဖိုး အကြွေးလိုက်တောင်းနေသည်။ ရွာထဲမှာ ခွေးဟောင်သံတစီစီ။

နှစ်ဝိုင်းစလုံး အတော်မူးနေကြပြီ။

တင်ချိတ်တို့ဝိုင်းက အိမ်ပြန်ရန် ထလိုက်ကြသည်။ သုံးယောက်သား ဖြုန်းခနဲ မတ်တတ်ရပ်လိုက်သည်။

ကျီးညိုတို့ဝိုင်း လန့်သွားသည်။ ကျီးညို ဓားချွန်းထုတ်၍ တင်ချိတ်တို့ဝိုင်းသို့ ရောက်သွားသည်။ ငပိန်လည်း စိန်ခေါ်သည်။ ချစ်ဖျန်းက ထွက်ပြေးသည်။ အောင်ဘန်းက တုတ် တစ်ချောင်းကို ကိုင်စွဲလျက်။ စိန်ရွှေခင့်လက်ထဲမှာ အရက်ပုလင်းတစ်လုံး။

မိုက်ပွဲခင်းကျင်းရန် အဆင်သင့်။



'အားလုံးပြန်ကြပါတော်၊ ကိုဖက်ကြီးလဲမရှိဘူး'

မိမှဲက အမျိုးမျိုး တောင်းပန်သည်။ ကျီးညိုကိုအထူးတောင်းပန်သည်။ မရ။

အခြေအနေက မိမှဲ မနိုင်တော့။

စိန်ရွှေခင်က ငပိန့်ကို အရက်ပုလင်းနှင့်ပေါက်သည်။ အောင်ဘန်းက ကျီးညိုကို တုတ်နှင့်ရိုက်သည်။ ကျီးညို ဓားလွတ်ကျသွားသည်။ ကျီးညိုတို့ အငိုက်မိသွားသည်။ ဓားကို တင်ချိတ်ကောက်ယူလိုက်သည်။ ကျီးညိုကို ဓားနှင့်ထိုးသည်။ ထိုးတော့ထိုးမိသည်။ ကျီးညိုမဟုတ်။ မိမှဲဖြစ်နေသည်။ မိမှဲ ပုံလျက်လဲကျသွားသည်။

အဖြစ်အပျက်က မြန်ဆန်လွန်းသည်။ ကွန်ပျူတာတစ်လုံး၏ မျက်နှာပြင်ကို ကြည့်နေရသလို။ ကိုဖက်ကြီးပြန်ရောက်လာသည်။ အမောတကောနှင့် မိမှဲကို ပြေးပွေ့သည်။ မိမှဲ အသက်မရှိတော့။ သွေးချင်းချင်းနီလျက်။

ကျီးညိုနှင့်ငပိန်ကို ဆေးခန်းပို့လိုက်ရသည်။ အောင်ဘန်းနှင့်စိန်ရွှေခင်က ရွာမှထွက်ပြေးသွားသည်။ တင်ချိတ်လူသတ်မှုနှင့် အမှုဆိုင်ဖို့ရသည်။ ကိုဖက်ကြီးက မူဆိုးဖိုဘဝသို့ တစ်မုဟုတ်ချင်း ရောက်သွားရှာသည်။

ဝိုင်း။

အရက်ဝိုင်း။

* * *

www.burmeseclassic.com



ဝိုင်းအမှတ် (၂)။

သည်ဝိုင်းက ရှာလယ်မှာရှိသည်။ ရှာလယ်ကုက္ကိုပင် အုပ်အုပ်အောက်မှာ။ ကုက္ကိုပင်၏ အမြစ်ကြီးများကို ထိုင်စရာအဖြစ် အသုံးပြုနိုင်သည်။ သဘာဝ ကုလားထိုင်များ တည်း။

ကုက္ကိုဝိုင်းသို့ ကာလသားများ ဖိတ်စာ မကမ်းဘဲ ရောက်လာတတ်သည်။ ကာလသား မဖြစ် တဖြစ်များ ကလည်း ပွဲတိုးချင်သည်။

သူတို့ဝိုင်းသည် နေ့ခင်းမှာ မတွေ့ရ။ အကာလ ညအခါမှာသာ မျက်နှာစုံညီ နှီးနှောဖလှယ်သည်။ တစ်ခါတစ်ရံ နံနက်မိုးလင်းသွားတတ်သည်။ အဖြေတစ်စုံတစ်ရာ မရဘဲ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ရသည်လည်းရှိသည်။

ဘည်ဝိုင်းမှာ ခေါင်းဆောင်အဖြစ် ကမကထလုပ်နေသူကား ကိုဝေ။ သူ့အသက်က သုံးဆယ်ကျော်နေပြီ။ ကြိုက်မည့်သူမရှိ၍ လူပျိုကြီးလုပ်နေရခြင်းသာ။ သူ့ဘဝ အတ္ထုပ္ပတ္တိ မလှမပများကို အနီထုတ်တတ်သည်။ ကျန် ကာလသားများ ငေးမောနားထောင်နေရသည်။ အပြောကလည်း ခပ်မိုက်မိုက်။ လေယူလေသိမ်းက ထိထိမိမိ။ အသံက ညင်သာပျော့ပျောင်း၍ နားဝင်ချိုစဖွယ်ပါ။

ကိုဝေသည် အပြောသာကောင်းသည်မဟုတ်။ အရေးလည်း ကောင်းသည်။ စာရေးဆရာ ဆိုပါက နိုပ်စု။ စာပေဟောပြောပွဲ အားလုံးကို သိမ်းချုပ်စိုးမိုးထားနိုင်



မည်။ ယခုတော့ တကယ့်ကျေးလက်မှာ မဟုတ်လား။ ဘာထင်ပေါ်မှာလဲ။

ကိုဝေ ဘာစာတွေ ရေးနေပါလိမ့်။

ရည်းစားစာ ရေးသားနေပါသည်။

ရည်းစားစာ ရေးသားရာတွင် ပြိုင်ဘက်မရှိ။ ရည်းစားစာတစ်စောင်သည် တန်ဖိုးမနည်းလှ။ ကိုဝေသတ်မှတ်လိုက်သော ဈေးနှုန်းကို ဆစ်၍မရ။ သို့သော် မတရားတော့ သူမလုပ်။ စည်းနှင့်ကမ်းနှင့် ဈေးဆိုသည်။ တန်ဖိုးကို ရုတ်တရက် သူမပြော။ ရှေးဦးစွာစာရေးပေး၏။ မိန်းကလေးထံ အပေးခိုင်း၏။ မိန်းကလေးပြန်စာ၏အောင်မြင်မှု အတိုင်းအတာအရ ဈေးစကားအော်သည်။

ယနေ့စာပေး နက်ဖြန် ပြန်စာရလျှင် အဖြေရရ မရရ တစ်စောင်တစ်ဆယ်ကျပ်။ ရက်ဘယ်လောက် ကြာကြာ အဖြေရလျှင် နှစ်ဆယ်ကျပ်။ အဖြေမရလျှင် ငါးကျပ်။ ကာလသားများကလည်း အချက်အတွက် ငွေမမြင်။ ပေးရသည်ဟု ထည့်မတွက်။ အလုအယက် အရေးခိုင်းသည်။ ကိုဝေ လက်မလည်တော့။

ကိုဝေသည် ဖော်ပြပါ အရည်အချင်းများနှင့် ကာလသားဝိုင်းကို စီမံခန့်ခွဲနိုင်သည်။ ကာလသားထု၏ ရာထူးအကြီးဆုံးကို ရယူပိုင်ဆိုင်ထားသည်။ မည်သူ့ဆာမှ မငြိုငြင်။

သန်းအောင်၊ ညိုမောင်၊ ရဲမြင့်တို့လို လူပျိုတက်များက ကိုဝေ့ကိုအသည်းစွဲခင်သည်။ ကိုဝေ့ကို ကြည်ညိုလေးစားသည်။ စိစဉ်ညွှန်ကြားသမျှ ခေါင်းညိတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စောဒကတက်ခြင်း၊ ကန့်ကွက်ခြင်း မရှိ။ အလွန်ပိုင်နိုင်သော ကိုဝေပါတကား။

စိန်ကို၊ ဒေါင်းရွှေတို့ကဲ့သို့ လူပျိုမရောက်တရောက်များကလည်း ကိုဝေ့ထံ ရောက်လာတတ်သည်။ ဝိုင်းထဲသို့ ရုတ်တရက်ဝင်လို့မရ။ 'ကိုလေးဝေ....ကျွန်တော်တို့လာပါရစေဗျာ' ဟု ခွင့်ပန်ရသည်။ ခွင့်မပေးကအနားမကပ်မသီဝံ့။ ကိုဝေ တားမြစ်ကန့်သတ်ထားသော ဥပဒေ နည်းဥပဒေများကို လိုက်နာရသည်။

ဘယ်သူက ဘယ်မိန်းကလေးကို စာပေးသည်။ ဘယ်သူနှင့်ဘယ်သူ ချစ်နေကြသည်ဟူသော အတွင်းရေးများကို ဖောက်သည်ချခွင့်မရှိ။ ပေါက်ကြားသွားပါက နောက်တစ်ကြိမ်လာခွင့်မရတော့။ ကျင့်ဝတ်စည်းကမ်းပျက်သည် ပေါ့လေ။

ကုက္ကိုဝိုင်း သတင်းများကို ထုတ်ပြန်ကြည့်မည်ဆိုလျှင် သန်းအောင်နှင့်ညိုစိန်တို့ ချစ်နေကြသည်။ ညိုမောင်က ခင်လှကို စာပေးထား၏။ အခြေအနေမှာ မရိုးလှ။ ရဲမြင့်သည်လည်း မခေ။ မမြင့်နှင့်အိုကေ။

သည်မှာ ပြဿနာတက်လာသည်။

သန်းအောင်က ကိုဝေထံ ပေးရန် ငွေနှစ်ဆယ်ကျပ် မရှိသေး။ ညိုစိန်ပြန်စာကို ဖတ်ပြီး ရင်မှာ ဆွတ်ပျံ့ကြည်နူးရပါ၏။ ငွေနှစ်ဆယ်ကြောင့် ကောင်းကောင်း မပျော်။



သည်ငွေက မပေးမဖြစ်လေ။ ကိုဝေ ငြိုငြင်သွားမည်ဆိုက ဆက်ဆံရေး တောင်းတော့မည်မဟုတ်။ ညိုစိန်နှင့် နှစ်ပါးကြည်ခန်းလေးကိုပါ ဂယက်ရိုက်နိုင်သည်။ ကိုဝေ့လက်စွမ်းကလည်း ထက်မှထက်။ ဘယ်လောက် သစ္စာတိုင်ရတဲ့တွေ ဆိုထားဆိုထား၊ ကိုဝေ မနှစ်မြို့က ကွဲပြားလွင့်စဉ်သွားအောင် ဖန်ဆင်းနိုင်သည်။ သူ့စာတစ်စောင်သည် လွန်စွာ ထိရောက်သော လက်နက်ဖြစ်သည်။ သန်းအောင်သည် ဘယ်လိုလူစား ဘယ်လိုအကျင့်ရှိသည်ဟု ညိုစိန့်ထံ သတင်းပို့လိုက်သည်နှင့် အချစ်ချောင်းမကာ သမုဒ္ဒရာပါ ခြားသွားနိုင်သည်။

သန်းအောင် ဒုက္ခမသေး။

ကိုဝေ့ကို တောင်းပန်ခယရဦးမည်။ ကိုဝေ ကျေနပ်ဖို့က အခရာ ကျလွန်းနေသည်။

'ကိုဝေ....ကျွန်တော့်မှာ ငွေမပြေလည်သေးဘူးဗျာ၊ ပေးမှာပါနော်'

'အေးပါဟ၊ ပေးဖို့သိနေရင် ပြီးတာပဲ'

ကိုဝေက သမာဓိခလနှင့် ပြောသည်။ သန်းအောင် ပျော်လိုက်သည့်ဖြစ်ခြင်း။

'ကျွန်တော် ပျိုးနုတ်လိုက်မယ်ဗျာ၊ ပျိုးနုတ်ခ ရရင် ဆက်ဆက်ပေးပါ့မယ်'

ရည်းစားစာကြေးကို မည်သူမှ မထားရဲ။ မြားနတ်မောင်ကြီး ကိုဝေ၏ ဩဇာတိက္ကမတား စူးရှ ကော်မြတ်

www.burmeseclassic.com

www.burmeseclassic.com



လှသည်။ ကြွေးမပြေလည်ပါက အချစ်ဒေဝါလီ ခံရုံမှ တစ်ပါး အခြားမရှိတော့။

* * *

ကိုဝေ့ သမိုင်းဇာတ်မြစ်ကို တူးဆွကြည့်ပါက အထင်းသား တွေ့နိုင်သည်။

လွန်ခဲ့သော လေးနှစ်က အဖြစ်တစ်ခု။

ကျော်မြင့်သည် ငွေးမကို မျက်စိကျနေသည်။ ငွေးမသည် ရွာ့ကွမ်းတောင်ကိုင်။ ရုပ်ရည်ကလည်း တောနှင့်မတန်။ အပြောက ချိုချိုနွဲ့နွဲ့လေး။ ကျော်မြင့်မှာ အချစ်နတ် ပူးကပ်လာသည်။ အောင်သွယ် တောင်းသော ဒေါ်ဒေါင်းကို စစ်ကူတောင်းသည်။ ဒေါ်ဒေါင်းသည် အောင်သွယ်ကိစ္စ ဝိစ္စတွင် သရဖူဆောင်းထားသူ။ ငွေးမကို ဒေါ်ဒေါင်းမှတစ်ဆင့် မေတ္တာကြိုး သွယ်တန်းသည်။ ငွေးမ လက်မခံ။ အကြိမ်ကြိမ် လုံ့လစိုက်သည်။ ဘယ်လိုမှ မရ။ ဒေါ်ဒေါင်း မျက်နှာပျက်လေပြီ။ ရှုံးပွဲမရှိ ချီတက်လာသော ဒေါ်ဒေါင်း ငွေးမနှင့်တွေ့တော့ အလဲထိုးခံရသည်။

ကျော်မြင့် အကြံအိုက်တော့သည်။

ရွာလယ် ကုက္ကိုပိုင်းသို့ လိုင်းပြောင်းရသည်။ ကိုဝေ့ကို မျက်နှာချိုသွေးရတော့၏။



'မင်းနှယ်ကွာ....ငါ့ဆီ 'အရင်လာတာ မဟုတ်ဘူး။ မိဒေါင်းခေတ်ကုန်ပြီကွ'

'ကျွန်တော် မှားသွားတယ်ဗျာ၊ ခွင့်လွှတ်ပါ'

'ကဲ....ကဲ....အတိုအရှည်တွေ ပြောမနေနဲ့၊ ထုံးစံအတိုင်း နော်၊ ရော့'

ကိုဝေက စာတစ်စောင်ကို ထုတ်ပေးသည်။

ကျော်မြင့် ရုတ်တရက် မယူမိ။ ကြောင်တောင်တောင် အမ်းတမ်းတမ်းနှင့်။

'ယူလေကွာ၊ မင်း အရေးနိမ့်သွားကတည်းက ငါ့ဆီ လာမယ်ဆိုတာ တွက်ပြီးသား၊ ငါ အဆင်သင့် ရေးချထားပါတယ်'

သည်တော့မှ ကျော်မြင့် ယူသည်။ ရယ်ကျဲကျဲနှင့်။ ကိုဝေ့ကိုလည်း အထင်ကြီးသော မျက်လုံးများနှင့် အားပါးတရ ဖူးမြော်နေတော့သည်။

ကိုဝေ တန်ခိုးထွားချင်လို့လွားမသိ၊ ထို တစ်စောင်နှင့်ပင် ငွေးမအချစ်ကို ကျော်မြင့် ဆွတ်ချူနိုင်သည်။ ဇာတ်လမ်းကလေးက လှလို့ပလို့၊ မွှေးလို့သင်းလို့။

သို့သော် ကျော်မြင့်သည် စည်းကမ်းဖောက်၏။ ကိုဝေ့ထံ ဆက်ကြေးမပေး။ ကိုဝေ ဒေါသထွက်တာပေါ့။ စိတ်ဆိုးမိတာ အမှန်လေ။

ကျော်မြင့် ကုက္ကိုပိုင်းသို့ မလာတော့။ အပိုင် တူးသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်မြင့် တွက်ကိန်းက တက်တက်စင်လွဲ။ ကိုဝေဆာ ဌေးမထံ စာရေးသည်။ မည်သို့မည်ပုံ ရေးလိုက်သည်မသိ။ ဌေးမထာ ကျော်မြင့်ကို ခါးခါးသီးသီး မုန်းပစ်လိုက်သည်။ ကျော်မြင့် ဆွေးရှိမက ရူးသွပ်သွပ်ဖြစ်သွားသည်။

သည်ကတည်းက ကိုဝေ့ကို မတော်လှန်ရဲတော့။ ကိုးကွယ် ဆည်းကပ်မပျက် ဆက်ဆံကြသည်။ လေးလေးစားစားနှင့် အရေးလုပ်ရတော့သည်။

ရယ်စရာအဖြစ်ကိုလည်း ပြောပါရစေ။

ညိုမောင်နှင့် ရဲမြင့်။

ကုက္ကိုဝိုင်းသို့ အစောကြီးရောက်လာသည်။ ကိုဝေကား မရောက်သေး။ အချိန်လည်း မကျသေး။ ညိုမောင်နှင့် ရဲမြင့်တို့ နှစ်ယောက်သား ကိုဝေ့အိမ်သွားသည်။ သူတို့ကိစ္စကို ပြောသည်။ ကိုဝေက လက်ခံသည်။ ညိုမောင်နှင့် ရဲမြင့် ကုက္ကိုဝိုင်းသို့ ပြန်လာသည်။ ကိုဝေအလာကိုမျှော်နေကြသည်။ ည ဆယ်နာရီမှ ကိုဝေ ရောက်လာသည်။

ကိုဝေက သူရေးလာသည့် စာနှစ်စောင်ကို ပေးသည်။ ညိုမောင်နှင့်ရဲမြင့်တို့ စာကိုယူပြီး ရွာထဲလှည့်တော့သည်။ ညိုမောင်က ခင်လှဲ့ထံသို့ ဦးခိုက်သည်။ ရဲမြင့်က မမြင့်အိမ်ယွန်းသည်။

မနက် မိုးလင်းတော့ သတင်းထွက်လာသည်။

ညိုမောင့် စာက မမြင့်ဆီရောက်။ ရဲမြင့်စာက ခင်လှဲ့ထံ။ စာမှားပေးမိသည်ကိုး။



ကိုဝေသိတော့ သူ့လူများကို ဆုံးမသည်။ သူရေးပေးသည့်အတိုင်း ကူးမရေးဘဲ ပေးမိသည်။ ကူးပါက စာမှားသည်ကို သိမည်။ ညိုမောင်နှင့် ရဲမြင့်တို့၏လက်ရေးသည် မလှ။ ကိုဝေ့လက်ရေးက ဝိုင်းဝိုင်းစက်စက်။ 'လက်ရေးလှလှဆိုလျှင် ပိုများချစ်မလားလို့' ဟု တင်ပြတော့ ကိုဝေပြုံးသည်။

တော်တော့တော်သေးသည်။ တို့တောရွာ စရိုက်ပေမို့ ခင်လှဲ့နှင့် မမြင့်က စာလဲ၍ဖတ်သည်။ အပြစ်မတင်။ ချစ်ကြင်မြဲ ချစ်ကြသည်။ ရွာမှရွားတဲ့အဖြစ်။

ရွာမှာ ကိုဝေ ကြည့်မရသူတစ်ယောက်တော့ ရှိသည်။

သူက ခင်မောင်သန်း။ ခင်မောင်သန်းက ရှစ်တန်းကျ။ ခင်မောင်သန်းသည် ကိုဝေ့ကို ဘယ်လိုမှ အထင်မကြီး။ ရည်းစားစာကို ကိုယ်တိုင်ရေးသည်။ သူနှင့် နီးရာစပ်ရာ သူငယ်ချင်းများကိုလည်း အခမဲ့ကူညီသည်။ ကိုဝေ့ စားကျက်များ ပိတ်လိုက်သလို ဖြစ်နေသည်။

'ဟော့....ငါက ကျောင်းမနေခဲ့ရပေမယ့် ဒါမျိုးတော့ ပြောင်မြောက်ချင်တယ်ကွာ'

ကိုဝေ မကျောင်းချင်။ အတိုက်အခံ ပေါ်လာတော့ ခေလော်တုတ်လာသည်။ ကိုဝေဘာပြောပြော မဟုတ်ဘူး ဟု ပြောမည့်သူ မမွေးသေး။ ဟော....အခု ပေါ်ထွန်းလာလေပြီ။

ကုက္ကိုဝိုင်းသည် ခင်မောင်သန်းကို ဆန့်ကျင်သူများ၊ ကိုဝေ့ဘက်တော်သားများ ပျော်မွေ့ရာ။ ခင်မောင်သန်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလည်းသိုက်မြိုက်နေပြီ။ ဘက်ထရီ မီးရောင်အောက်မှာ ပိုင်းက အသစ်စက်စက်။ ကိုဝေ ဖျားချင်နာချင်လာသည်။ ကိုဝေသည် ကြေးစား။ ခင်မောင်သန်းသည် စေတနာသမား။ ရွာထဲမှာ ဝေဖန်သံများ ပွဲတင်ထပ်နေသည်။ အကောင်းအဖျင်း လုပ်လာသည်။

သို့သော် ကိုဝေ့ အဖွဲ့ဝင်က အများကြီး။ ထူထောင်လာသည်မှာလည်း ကြာပြီ။ ခင်မောင်သန်း တိုက်မရ။ ကိုဝေက ပန်းပန်လျက်ပဲ။ ခင်မောင်သန်းကိုလည်း အထင်မသေးနိုင်။

* * *

တိုက်ပွဲ စလေပြီ။

တင့်တင့်မြိုင်။

တင့်တင့်မြိုင်သည် ဗထူးဇာတီ။ အဖေက စစ်မှုထမ်းဟောင်း။ အမေက စက္ကဘာရွာသူ။ ပင်စင်ယူပြီး ရွာပြောင်းလာသူများ။ သားသမီးဆိုလို့ တင့်တင့်မြိုင် တစ်ယောက်တည်း။

တင့်တင့်မြိုင်အလှက လျှမ်းလျှမ်းတောက်။ မြို့သွေးဖြစ်၍ အမူအရာက လတ်လတ်ဆတ်ဆတ်။ ဈေးသားများအဖို့ ဗွီဒီယိုမင်းသမီး ထင်မှတ်မှားနိုင်သည်။ တင့်တင့်မြိုင်ကို ဝင်းဗိုလ်က ချစ်သည်ဟုဆိုသည်။ ချိုထွန်းက ကြိုက်သည်ဟု ပြောသည်။ ဝင်းဗိုလ်က ခင်မောင်သန်းထံ ပြေး၍ ချိုထွန်းက ကိုဝေ့ကို ဆရာတင်သည်။

သည်အဖြစ်မျိုး ကိုဝေ မကြုံဖူးသေး။

အခါတိုင်း ကိုဝေ ဖြေရှင်းလျှင် လင်းသည်ချည်း။ အုတ်အုတ်ကျက်ကျက် မဖြစ်ရ။ သည်ကိစ္စက အုပ်စုနှစ်ခု၏ အားပြိုင်ပွဲ။ ကကယ့် အကြိတ်အနယ်။

လေးလနလောက် ကြာသွားသော်လည်း တင့်တင့်မြိုင်သည် ဘယ်ဘက်မှမယိမ်း။ မည်သူမှ ချူမရ။ မချူသက နတ်ပန်းဆိုသည်မှာ ဒါမျိုးဖြစ်မည်။ တင့်တင့်မြိုင်သည် မိကောင်းဖခင်သမီး။ လိမ္မာသိမ်မွေ့သည်။ အချစ်ရေးမှာ စိတ်မဝင်စား။

ယာလည်းညက် ကြက်လည်းပန်း ဖြစ်နေပြီ။

ကိုဝေနှင့် ခင်မောင်သန်းလည်း စိတ်ပျက်လှပြီ။ ချိုထွန်းနှင့် ဝင်းဗိုလ်လည်း အပျော် ကင်းနေသည်။ တမှိုင်မှိုင် တတွေတွေ။

ကိုဝေသည် ဆေးပေါ့လိပ်ကို တိုတိသွားအောင် ဖွာထုတ်နေသည်။ ညာလက်ညှိုးက နားထင်ကိုခေါက်လျက်။ ဉာဏ်တော်ကွန့်ရန် အစရှာနေသည်။ ကိုဝေ ရုတ်ခြည်း ထက်ခနဲနေအောင် ရယ်သွမ်းသွေးသည်။ ကုက္ကိုပင်းမှာသည်း လူစုံပြီ။ 'ချိုထွန်းနှင့် တင့်တင့်မြိုင် ချစ်ကြပြီ' 'ချိန်းတွေ့နေပြီ' ဟူသော သတင်းကိုလွှင့်ထုတ်ရန် သဘောတူ ဆုံးဖြတ်လိုက်သည်။ ခင်မောင်သန်းတို့ဝိုင်း စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားစေရန် ဖြစ်သည်။ ဝင်းဗိုလ် လက်လျှော့သွားစေရမည်။

ဤသတင်းကို ခင်မောင်သန်းတို့က မယုံ။ တန်ပြန်ထိုးစစ်ဆင်ရန် ကြံစည်သည်။ 'ချိုထွန်းမှာ အနာကြီးရောဂါရှိသည်' ဟူသော သတင်းဆိုးကို တစ်ယောက်တစ်ခွန်း ဟကြတော့သည်။ တင့်တင့်မြိုင် ကြားလောက်အောင် ဝါဒဖြန့်သည်။ ဝင်းဗိုလ်မှာ အလွန် ကျေနပ်နေသည်။ တင့်တင့်မြိုင် ကြားပါစေ။

တစ်ည။

လရောင်က ကုက္ကိုဝိုင်းကို ဆမ်းထားသည်။

ကိုဝေသည် အခံရခက်ခက်နှင့် ရှက်စိတ် မွန်ထူနေသည်။ တစ်ဝိုင်းလုံး စကားမပြော။ ခင်မောင်သန်းတို့အုပ်စု ရောက်လာ၏။ ကိုဝေတို့နှင့်အတူ ရောနှော ဝင်ထိုင်လိုက်ကြသည်။ ကိုဝေ့ကို ခွင့်မပန်။ ကိုဝေက အထိုင်မခံ။ ခင်မောင်သန်းတို့က ဇွတ်ထိုင်လိုက်ခြင်း။

တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်စောင်နေကြပြီ။

တစ်ဖွဲ့အမှားကို တစ်ဖွဲ့က စောင့်ပြီးနေသည်။

'မင်းတို့ဒီလိုမလုပ်ကြနဲ့လေ၊ ကိုယ့်ရွာသားအချင်းချင်းတွေပဲ'

ရွာသားတစ်ယောက်က စင်တားသည်။ ကံကောင်းသည်ဟု ပြောရတော့မည်။ တကယ့်သိသိလေး။



ဝိုင်း။

ကာလသားဝိုင်း။

* * *

ဝိုင်းအမှတ်(၃)။

ရွာ့တောင်ပိုင်းမှာ တွေ့နိုင်သည်။ ကြည်ကြည်ဖြူဖြူနှင့် လက်ခံတားသူမှာ ဦးစံထွား။ ဦးစံထွားသည်ဘုရားတရားသမား။ ဇနီးသည် ဒေါ်မြနုကလည်း ပါရမီဖြည့်သည်။ လာသမျှကို ပျူပျူငှာငှာနှင့် ဧည့်ဝတ်ကျေသည်။ ဆေးကွမ်း လက်ဖက်ချပေးသည်။

ဦးစံထွားအိမ်ဝင်းသည် ကျယ်ဝန်းလှသည်။ သစ်ပင်မျိုးစုံကို တွေ့နိုင်သည်။ စိမ်းစိမ်းညို့ညို့နှင့် အရိပ်အာဝါသ ကောင်းလှန်းသည်။ အိမ်ရှေ့တွင် အဖီချထားသည်။ စားပွဲတစ်လုံးနှင့် ထိုင်ခုံများကို သန့်သန့်ပြန့်ပြန့်တွေ့ရသည်။ စားပွဲပေါ်မှာ တရားစာအုပ် သုံးလေးအုပ်က အမြဲတန်းနေရာယူထားသည်။ စားပွဲနှင့် မလှမ်းမကမ်းမှာ ရေအိုးစင်။

ဦးစံထွားအိမ်သို့ ရောက်သွားလျှင် ရှင်လန်းချမ်းမြေ့ရသည်ချည်း။ ပတ်ဝန်းကျင်နှင့် နေရာထိုင်ခင်းက ကောင်း

www.burmeseclassic.com



နေ၍မဟုတ်။ သူတို့ လင်မယား၏ ဆက်ဆံရေးကြောင့် ဖြစ်သည်။

ဦးစံထွန်းက ရွာအခေါ် သာသနာဆော် ဖြစ်သည်။ နိဗ္ဗာန်ဆော်နှင့်အတူတူပါ။ ရွာ၏ သာသနာရေး၊ ဘာသာရေး၊ သာရေး နာရေးကအစ အိမ်ဆောက် အိမ်တက် ရက်ရာဇာ ပြဿဒါးရွေးသည်အဆုံး ဦးစံထွန်းဆောင်ရွက်နေသည်။

တစ်ရွာလုံးက သူ့ကိုလေးစားသည်။

ရွာ့သကိစ္စ နာကိစ္စများတွင်ဦးစံထွန်းမပါလျှင်မပြီးချေ။ တိုင်ပင်သည်။ အကြံတောင်းသည်။ ဖိတ်ခေါ်၍ လမ်းညွှန်မှုကို ခံယူကြ၏။ ဦးစံထွန်းက စိတ်ပါလက်ပါကူညီတတ်သည်။

ဦးဖိုးသိုက်နှင့် ဦးထွန်းဝ တို့သည်လည်း လူကြီး လူကောင်းပီသသည်။ အများက ကြည်ညိုလေးစား ခံရသူများ။ ဦးဖိုးသိုက်သည် ရဟန်းဒကာ။ ဦးထွန်းဝက ခမည်းတော်။ စိတ်ဓာတ်တူ ဝါသနာတူကြ၍ ဦးစံထွန်းအိမ်မှာ ဝါသနာတူကြသည့်အလျောက် ဆုံကြစမြဲ။

သူတို့ သုံးယောက်သား ဆုံကြလျှင် သာသနာရေး၊ ဘာသာရေးကိစ္စများကို ဆွေးနွေးကြသည်။ တစ်ခါတစ်ရံ အနည်းငယ် ငြင်းရသည်မှလွဲ၍ ဆိတ်ငြိမ်လှသည်။ 'သာသနာဆော်ရဲ့' 'ရဟန်းဒကာရေ' 'ခမည်းတော်ကြီး' စသည်ဖြင့် ဘုရားသံ ကျောင်းသံ လွှမ်းနေတော့၏။ တင်



ယောက်နှင့်တစ်ယောက် ခေါ်နေသည်ကပင် နှစ်လိုဖွယ် အပြည့်။

တရားဝိုင်းကို ရွာက တလေးတစားထားသည်။ တရားဝိုင်းသို့ လက်ဖက်ပို့သူကပို့၊ ရေနွေးကြမ်း ချသူကချ၊ စကားကို အော်ကြီးဟစ်ကျယ် မပြောကြ။ တရားဝိုင်းပျက်သွားမှာ စိုးရိမ်ကြသည်။

ထိုတရားဝိုင်းသို့ ဘွားလေးစောနှင့် အဘွားညိမ်းမယ်တို့လည်း ရောက်လာတတ်သည်။ ဘွားလေးစောနှင့် အဘွားညိမ်းမယ်တို့က ဘာမှ ဝင်မပြောတတ်။ နားထောင်ရုံသက်သက်။

သူတို့သဘောကျပါက 'ဟုတ်တာပေါ့ ခမည်းတော်ကြီးရယ်' 'သာသနာဆော်ပြောဘာ တရားတော်နှင့်ကိုက်ညီပါ့တော်' 'ဒါပေါ့လေ ရဟန်းဒကာ' ဟု လေသံပျော့ပျော့နှင့် လက်ခံသည်။ ပြောင်းဖူးဖက်ဆေးလိပ်ကို တွင်တွင်ဖွာ၍ တရားနာကြ၏။ ရှင်းရှင်း မရှင်းရှင်း ငြင်းချက်မထုတ်။ တရားအရသာကို တွေ့၍လော ဆေးလိပ်အရသာကိုတွေ့၍လော မသိနိုင်။

ဝိုင်းမှာ တည်ငြိမ်အေးချမ်းလှပါဘိ။

* * *

နေ့လယ်ခင်း။

တရားဝိုင်းသို့ ကိုလူညိမ်း ရောက်လာသည်။

သူက အသက်လေးဆယ်ကျော် အရွယ်သာ ရှိသေးသည်။ ပါးစပ်ကတော့ ဘုရား တရားစကားများကို ရေကာတာကျိုးသကဲ့သို့ ပြောတတ်သည်။ သို့သော် ကိုလှညိမ်းမှာ မိန်းမနှစ်ယောက်ယူထားသည်။ သမီးက အချက်ချက်ပြီး သမက်က ငါးပက် ငါးထောင်လုပ်သည်။ ကိုလှညိမ်းသည်လည်း အလိုတူ အလိုပါလေ။ ကိုလှညိမ်းလုပ်နေသည်ကား အနက်ရောင်၊ ပြောနေသည်ကား အဖြူရောင်။

ကိုလှညိမ်းက ဟန်ဆောင်ကောင်းသည်။ ယခုလည်း ကြည့်၊ လက်ထဲမှာ မန်လည် ဆရာတော် ဘုရားကြီး၏ မဃဒေဝလင်္ကာသစ် စာအုပ်ထူထူကို ပွေ့ချလာသည်။ တောရကျောင်းဆရာတော့်ထံမှ ငှားလာခြင်း။ ရောက်ရောက်ချင်း ကွမ်းတစ်ယာ စားသည်။ ပြီး မဃဒေဝကို ခုန်ကျော်ကွက်ကြား ဖတ်သည်။ လင်္ကာသွားနှင့် ရေးထားသော မဃဒေဝသည် ကိုလှညိမ်းဖတ်ကာမှ ဆေးစာလိုလို သိုက်စာလိုလို ဖြစ်နေတော့သည်။

တည်ငြိမ် ရင့်ကျက်လှသော တရားသမားကြီး သုံးယောက်မှာ ခန္တီပါရမီကို မနည်းကျွားကန်ထားရှာသည်။

'မဃဒေဝဟာ တကယ့်ကျမ်းကြီးကျမ်းဂန်ဗျ။ သော်တော့ လူ နားမလည်နိုင်ဘူး'

ကိုလှညိမ်းက မမှားနိုင်သော ဝေဖန်ချက်နှင့် ရေနွေးတစ်ခွက်ကို ကောက်သောက်လိုက်သည်။ လက်ဖက်ကို



လည်း လက်သုံးချောင်းထောက်၍ ပလုတ်ပလောင်း စားပြန်သည်။

ဦးစံထွားတို့မှာ တစ်ယောက်ကို တစ်ယောက် ကြည့်လျက်နေကြသည်။ ဘာမှမပြောလိုတော့။ ဘွားလေးစောက တစ်ချက်သမ်းလိုက်သည်။ အဘွား ညိမ်းမယ်မှာ ဒူးခေါင်းပေါ်မေးတင်၍ မှေးနေတော့သည်။

ကိုလှညိမ်း သူ့ကိုယ်သူ ရိပ်စားမိဟန်တူသည်။ တရားဝိုင်းမှ ထွက်သွားသည်။ သည်တော့မှ အားလုံးစိတ်ချမ်းသာမှု ရရှိသွားသည်။

'တကာတည်းတော်ပိဋကတ်အိုးကွဲနဲ့ လာညာနေရတယ်လို့ ပြောမပြောချင်ဘူး'

ဘွားလေးစောက စိတ်ထဲရှိသည့်အတိုင်း ပြောသည်။

'သည်းခံပါ....သူသိတာလေး လာပြောရှာတာပါ'

ဦးဖိုးသိုက်က တောင်းပန်သည်။

'ဒါနဲ့ပြောရဦးမယ်၊ ဗောဓိကျောင်းကိစ္စကို'

'ဆိုပါဦး သာသနာ့ဆော်ရဲ့'

'ဒီကျောင်းက ရှေးကကျောင်း မဟုတ်လား၊ ကျောင်းပျက်နေတာ ကြာပြီကော၊ စေတီတွေလဲ ထီးတော်မရှိ ထိုး[illegible]နဲ့၊ ဒါကိုပြုပြင်ပြီး သံဃာတစ်ပါးကို ကျောင်းတင်ကြ[illegible] မနေ့က လူကြီးတွေနဲ့ဆွေးနွေးခဲ့ရတယ်'

ဦးစံထွားက ဘာသာရေးစကား ဆိုသည်။

'သိပ်ကောင်းတဲ့ အစီအစဉ်ပဲပေါ့၊ ဒီကျောင်းကြီးက နှမြောစရာကြီးပဲ၊ ကျုပ်တို့ ငယ်ငယ်ကတော့ နေပြောက်

www.burmeseclassic.com

www.burmeseclassic.com



တောင် မထိုးတဲ့ကျောင်း၊ ဟောအခုတော့ ပြောင်တလင်းခါနေပြီ၊ ကြာရင် ဒီထက်ယိုယွင်းသွားမှာ စိုးရိမ်ရတယ်၊ အချိန်မီတော့ ပြင်နိုင်မှာပါ'

ဦးထွန်းဝက ဦးစံထွားစကားကိုထောက်ခံရင်း သူ့ထင်မြင်ချက်ကို ပြောသည်။

'ဒီလိုဆို ငွေကြေးလိုတာပေါ့၊ အလှူခံကြရုံပေါ့လေ၊ ကျုပ်တို့ မြန်မာလူမျိုးတွေဟာ စေတနာသဒ္ဓါတရားထက်ပါတယ်၊ ဘာအခက်အခဲမှ မရှိနိုင်ပါဘူး'

ဦးဖြိုးသိုက်ကလည်း စိတ်ဝင်စားသည်။ အလှူအတန်းအတွက်ဆို လက်မနှေးသူ။

တရားဝိုင်းသည် ကုသိုလ်စိတ်များ တဖွားဖွားဖြစ်ပေါ်လျက်.... သုစရိုက်တရားများ ပွားစီးနေကြသည်။ ဒေါသတရားကင်း၍ အကုသိုလ်ရှင်းသည်။

* * *

တစ်ရက်။

တရားဝိုင်းသို့ ကိုတင်မောင် ရောက်လာသည်။

ကိုတင်မောင်သည် ကိုလူညိမ်းလိုမဟုတ်။ လူကြီးများ၏ အဆုံးအမကို နာယူရန် ရောက်လာခြင်းတည်း။

'ကျွန်တော်တို့ ရွာလယ်ဇရပ် ဆိုမိုးမကောင်းတော့ဘူး၊ ဒီဇရပ်ကို ကျွန်တော်တို့ မိုးချင်ပါတယ်၊ စေတနာရှင်တွေက အဆင်သင့်ပါ၊ အဲဒီအတွက် ဘကြီးထွားကို့ဆန္ဒကို သိပါရစေ'



ကိုတင်မောင်က ရှိရှိသေသေနှင့် အကြံဘောင်းသည်။

'အိမ်း....သိပ်ကောင်းတဲ့ အစီအစဉ်ပဲ ဒီအလုပ်မျိုးက လူသာခုခေါ် နတ်သာမှုခေါ်တဲ့ အလုပ်မျိုးပေါ့၊ တို့လဲ ပါဝင်မယ်လေ'

ကိုတင်မောင်က ဝမ်းသာကြည်နူးနေသည်။

ရွာလယ်ဇရပ်သည် ရွာ၏ကျက်သရေဆောင်ဖြစ်သည်။ ညတိုင်းညတိုင်း စုပေါင်းဘုရားရှိခိုးကြသည့်နေရာ။ ဘုရားတစ်ဆူကိုလည်း သပ္ပာယ်စွာ ဖူးတွေ့ရသည်။ ပန်း ဆီမီး ရေချမ်းတို့ ပူဇော်ကပ်လှူကြသည်။ ဥပုသ်နေ့တိုင်းဆွမ်းတော်တင်သည်။ ကြေးစည်က တခနောင်နောင်။ ဇရပ်မှာ လူစည်ကားသည်။ တစ်နယ်တစ်ကျေးက ခရီးထွက်ခဲ့သော လှည်းသမားများလည်း ဇရပ်မှာ တည်းကြ ခိုကြသည်။ ဇရပ်၏အကျိုးကျေးဇူးကား အနန္တ။

သည်ဇရပ်ကို ပြုပြင်ရန်အတွက် ဦးစံထွားတို့က အားတက်သရော ကူညီသည်။ ဆော်ဩ၍ စည်းရုံးသည်။ တက်တက် ကြွကြွ ပါဝင်လာသည်။ ရက်အနည်းငယ်အတွင်း ဇရပ်ကလေး မိုးလုံလေလုံ ဖြစ်သွားသည်။

'ကောင်းတယ်ကွယ့်၊ အခုလိုရွာအတွက်စေတနာထားပြီး လုပ်ကြတာ ချီးကျူးစရာပဲ၊ တို့များမျက်စိမှိတ်ရင် မင်းတို့လူငယ်တွေပဲ ရွာကိုကျက်သရေရှိအောင် လုပ်ကြရ

www.burmeseclassic.com

www.burmeseclassic.com



မှာ။ ခေါင်းဆောင်က ကောင်းနေရင် နောက်လိုက်တွေက ယုံယုံကြည်ကြည်လိုက်လာကြမှာပါ'

ဦးစံထွားက ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေသည်။

ကိုတင်မောင်နှင့် လူငယ်များလည်း တပြုံးပြုံး။ ဦးစံထွားလို လူကြီးလူကောင်းတစ်ယောက်က ထုတ်ဖော်ချီးကျူးခံရသည်ကို ဂုဏ်ယူမဆုံး။ ဆက်လက်၍ ရပ်ကျိုးရွာကျိုးဆောင်ရွက်လိုစိတ်များက တဖွားဖွား ဖြစ်ထွန်းနေလေပြီ။

တရားဝိုင်းသည် မွန်မြတ်သန့်ရှင်းသည့် လုပ်ငန်းများကို မွေးဖွားပေးသည်။ သုစရိုက်များကို အားပေး၍ ဒုစရိုက်များကို တားပေးသည်။ တန်ဖိုးရှိလေစွ။

မနှစ်က အဖြစ်အပျက်တစ်ခုနှင့် သက်သေပြလိုသည်။

ရွာမှာ မိုးကောင်း ချောင်းစီးသော နှစ်။ စပါးရသည်။ ဆီထွက်သည်။ ငွေပိုငွေလျှံကလေးများ လက်ထဲရှိလာသည်။ မြန်မာတို့ နှလုံးသားသည် ငွေပိုလာသည်နှင့် လှူချင်တန်းချင်လာသည်။ အလှူပွဲကြီး ခြိမ့်ခြိမ့်သဲသဲကျင်းပလိုသည်။

အလှူရှင်နှစ်ယောက် ပေါ်ထွက်လာသည်။

ဦးထွန်းပိုနှင့် ဦးမြထွေး။

ဦးထွန်းပိုက အလှူပွဲမှာ ပုဇွန်ခြောက်ကျွေးမည်။ ဆိုင်းပါမည်။ ဦးမြထွေးက ငါးသလောက်ကျွေး၍ ခေတ်ပေါ်တီးဝိုင်းထည့်ကာ ဗွီဒီယိုရိုက်မည်။



ပြဿနာက တပို့တွဲလပြည့်နေ့ကို သူလုပ်မည် ငါလုပ်မည်ဟု ရက်လုခြင်းပင်တည်း။ ပျော်စရာမှ စိတ်လက်မချမ်းသာစရာ ဖြစ်လာသည်။

ဦးထွန်းပို သားချင်းတစ်စုကလည်း အလျှော့မပေး။

ဆိုင်းငှားမည် ဆိုရာမှ မှန်ရှာဇာတ်ကို ထည့်မည်ဟု ကြေညာသည်။ ဦးထွန်းပိုကိုလည်း ခပ်ပင့်ပင့် ခပ်မြှောက်မြှောက်ပြောသည်။ တွန်းသည်။ အရှုံးမပေးဖို့ အားပေးသည်။ အိမ်မှာလူမပြတ်။ လူဝင်လူထွက်က စဲသည်မရှိ။ သဲသဲမဲမဲ ဖြစ်နေကြပြီ။

ဦးမြထွေး အကြံအိုက်နေသည်။ ပထမ အစီအစဉ်အရ သူကသာသည်။ ယခုဇာတ်ထည့်မည်ဆို၍ဦးထွန်းပိုကကျော သွားပြန်သည်။ ဦးမြထွေး ဘက်တော်သားများကလည်း အပြောမှာ မခေလှ။ တစ်သက်မှာ တစ်ခါလုပ်ရတဲ့အလှူမျိုး ဇာတ်တိုးရန် ချောက်တွန်းကြတော့သည်။ နောက်ဆုံးတော့ မန္တလေးဇာတ်ကို ထည့်မည်ကို သွေးကြောင်ကြောင်နှင့် အမာခံပြောနေသူကား ဦးမြထွေး။ လက်ခုပ်သံက တဖြောင်းဖြောင်း။

ဦးထွန်းပိုနှင့် ဦးမြထွေးတို့၏စေတနာကား ချီးကျူးစရာ။ သို့သော် ဇာတ်အတွက် ငွေမရှိသေး။ နွားရောင်း ထင်းဆောင်း လုပ်ရတော့မည့်ကိန်း။

သည်ကိစ္စကြောင့် ရွာထဲမှာ နှစ်ခြမ်းကွဲတော့မလိုလို၊ ဦးထွန်းပိုနှင့် ဦးမြထွေးတို့ကို ဦးစံထွားက အိမ်သို့ ဖိတ်

www.burmeseclassic.com



ခေါ် ၏။ ဦးဖြိုးသိုက်နှင့် ဦးထွန်းဝတို့လည်း ရောက်လာသည်။

'ကဲ…မောင်ထွန်းပိုနှင့် မောင်မြထွေးတို့ စဉ်းစားကြဖို့ ခေါ်တာပါကွာ၊ တစ်နည်း မမှားကြဖို့ တောင်းပန်တာကွယ်၊ တို့လူကြီးတွေက မဖြစ်သင့်တာကို မဖြစ်ကြဖို့ မေတ္တာရပ်ခံတာပါ မောင်ရင်တို့'

ဦးစံထွားက အပြုံးစကားနှင့် ရင်ကြားခေ့သည်။

'အလှူဒါနပွဲဆိုတာ စိတ်ကောင်းထားတာမှ မြတ်တဲ့အလှူဖြစ်မယ်၊ တစ်ဦးကိုတစ်ဦး ဂုဏ်သာမစ္ဆရိယတွေလွှမ်းနေရင်တော့ အကျိုးရှိမှာ မဟုတ်ဘူးကွယ့်'

ဦးဖြိုးသိုက်၏ စေတနာကဲသော စကားက လေးစားစရာ။ ငြင်းပယ်ရန်မသင့်တော့။

'အလှူလုပ်တယ်ဆိုမှတော့ ဘယ်ရက်လုပ်လုပ်သင့်မြတ်တာအမှန်ပါ၊ တပို့တွဲလပြည့်နေ့ကို လုနေရင် ဘယ်အလှူမှ မစည်ကားတဲ့ဖြစ်မှာသေချာတယ် မောင်ရင်တို့'

ဦးထွန်းဝကလည်း ငြိမ်းချမ်းရေး တရားဟောသည်။

ဦးထွန်းပိုနှင့် ဦးမြထွေးမှာ မျက်နှာအောက်ချလျက်ရှိနေ၏။ တိတ်ဆိတ် ငြိမ်သက်နေသည်။

'နောက်တစ်ချက်က ဇာတ်တွေထည့်တာ နိုင်ရင်တော့ကောင်းတယ်ကွယ့်၊ သူထည့်လို့ ငါထည့်မယ်လုပ်ရင်တော့ အလှူပြီးရင် သောကတွေမှာပဲ၊ ကြွေးတင်အောင် မလုပ်ကြပါနဲ့၊ အလှူကြောင့် ကြွေးတင်ရင် ပရစေတနာပျက်နိုင်တယ်။ စေတနာပျက်ကတည်းက ဒါန မအောင်တော့



ဘူး၊ ဒီကိစ္စကို ဆရာတော်ဘုရားကြားရင်လဲ စိတ်ကောင်းမယ်မထင်ဘူး'

ဦးစံထွားက အကျိုးသင့် အကြောင်းသင့် ရှင်းပြသည်။

သည်မှာ ဦးထွန်းပို မျက်နှာမော့လာသည်။

'လူကြီးတွေ စီမံတာ ခံပါ့မယ်ဗျာ'

ဦးထွန်းပိုက အားကိုးတကြီး ပြောလာသည်။

'ကျုပ်ကလဲ လူကြီးတွေကို မလွန်ဆန်ပါဘူး'

ဦးမြထွေးကလည်း နားလည် သဘောပေါက်လာသည်။

ဦးစံထွားတို့ လူကြီးများ စိတ်ချမ်းသာသွားသည်။ ရွာသားများလည်း ပျော်မဆုံး။ အားလုံးက ကျေနပ်လက်ခံသည်။

ဦးထွန်းပို အလှူရက်က တပို့တွဲလဆန်း ၈ ရက်နေ့။ ဦးမြထွေးက တပို့တွဲလပြည့်နေ့။ လူချင်းသလောက်လူ။ ကျေးချင်းသလောက်ကျေး။ သို့သော် ဇာတ်မပါစေချင်။ မနိုင်သည့်ဝန်ကို မထမ်းစေချင်။ တရားဝိုင်း၏ဆန္ဒကိုသိရပြီ။

ရွာမှာအလှူပွဲနှစ်ပွဲနှင့် စည်ကားခဲ့ဖူးသည်။ အတယ်၍သာ ပိုင်ကြဆိုင်ကြပါက ယခုအချိန်တွင် နှစ်ယောက်စလုံး ကြွေးတင်၍ ဆင်းရဲနေရော့မည်။

ဗောဓိကျောင်းသည်လည်း သစ်လွင်လာသည်။ ထုံးဖြူဖြူစေတီတို့ကား ကြည်ညိုဖွယ်။ ဦးစံထွားတို့ ဦးဆောင်ထူထောင်လိုက်ကြသည်သာ။ အလွန်ဂုဏ်ယူစရာ။

www.burmeseclassic.com

www.burmeseclassic.com



တရားဝိုင်းမှ ဆုံးဖြတ်ချက်များသည် မှန်ကန်၏။ ဖြေရှင်းနိုင်သည့် ပြဿနာလည်း မနည်းတော့။ ကျေကျေနပ်နပ် လက်ခံကြသည်သာ။ တစ်ဖက်သတ် ဆုံးဖြတ်ခြင်းမျိုးမရှိ။

ဦးစံထွားတို့ဝိုင်းကို မည်သူမှမပုတ်ခတ်၊ မကဲ့ရဲ့။ တည့်မတ် ဖြောင့်စင်းတာကိုး။ တရားမျှတပြီး အေးချမ်းစေသော လမ်းညွှန်မှုများသာတကား။

ဝိုင်း။

တရားဝိုင်း။

* * *

စက္ကဘာရွာ၏ ဝိုင်း သုံးဝိုင်းကို တွေ့ခဲ့ရပြီ။

ယောမင်းကြီး ဦးဘိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းမှ လေသံအတိုင်း ကောက်ချက်ဆွဲကြည့်ပါသော်....

ဝိုင်းအမှတ်(၁)။ အရက်ဝိုင်းသည် ကြမ်းတမ်း၏။ ယဉ်ကျေးမှုတာင်း၏။ ဒေါသကို ဖြစ်စေ၏။ အတိဒုက္ခ ရောက်စေ၏။



ဝိုင်းအမှတ် (၂)။ ထာလသားဝိုင်းသည် ရင်ခုန်၏။ ရယ်ရွှင်ရ၏။ နှလုံးသားကို လှုပ်ရှားစေ၏။ နှမျှစေ၏။

ဝိုင်းအမှတ် (၃)။ တရားဝိုင်းသည် တည်ငြိမ်၏။ မင်္ဂလာတရား ထွန်းတား၏၊ ကျက်သရေ ဆောင်စေ၏။ နှစ်လိုဖွယ်ကောင်း၏။

ကဲ....အသင်စာဖတ်သူ....

မည်သည့်ဝိုင်းသို့ သွားရောက် ရောနှောမည်နည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဝတ္ထုမဟုတ်သော ဝတ္ထု။

တော်သလင်းလကား မိုးပြင်းနှင့်အတူ ဇာတ်သိမ်းသွားလေပြီ။

မှိုတွေလည်း ပေါက်ကာ ကြာပန်းတွေ ပွင့်လေပြီ။ ကျောင်းကန်ဘုရားမှာ ဆီမီး ပူဇော်ကြပြီ။ လယ်တောတစ်ခွင်မှာ မြအသွေးက ပက်ဖျန်းထားသည်။ တောင်လေပြေး၍ မြောက်လေမွှေးစ ဩော်....သီတင်းတောင် ကျွတ်ပြီကိုး။

'အေးကွယ်....အခုလို ကန်တော့ရတဲ့ အကျိုးကြောင့် ကိုယ်၏ကျန်းမာခြင်း စိတ်၏ ချမ်းသာခြင်းတို့ ပြည့်စုံပြီး ပညာဖွံ့ဖြိုး ပြည့်အကျိုးကို ထမ်းပိုးနိုင်တဲ့ သားကောင်း တစ်ယောက် ကျောက်ကောင်းတစ်စေ့ဖြစ်ကြပါစေဗျား'

ရွှေတိုး၏ ဆုပေးသံ။



ရွှေတိုးသည် ကျောင်းဆရာတစ်ယောက်။ တိတိကျကျ ဆိုရသော် စေတနာ့ဆရာတစ်ပါး။ ရွာက လေးစားမြတ်နိုးသော အားကိုးတကြီးနှင့် ယုံကြည်ခံရသော ဆရာ။ ဆရာလုပ်သက် ဆယ်နှစ် ကြာခဲ့ပြီ။ သီတင်းကျွတ်လမို့ တပည့်များက အရိုအသေကန်တော့ကြသည်။ မြန်မာ့ရိုးရာမပျက် လက်ဖက်တစ်ပွဲ၊ ငှက်ပျောနှစ်ဖီးနှင့်။ တပည့်များထံမှ ဘာမှမရလို၊ ဘာကိုမှ မမျှော်လင့်။ သူကသာ ပေးဆပ်ဖြည့်ဆည်းနေချင်သည်။

ရွှေတိုးသည် တကယ့်ဆရာ။ ဆရာဘဝကို နှစ်ခြိုက်မြတ်နိုး၍ သည်တိုင်းကျော်ရွာမှာ နေပျော်ခဲ့သည်။ သည်ရွာကလေး၏ ဘဝသည် ရွှေတိုးဘဝ။ သည်ရွာကလေး၏ အလှသည် ရွှေတိုးအလှ။ ရွာမှတပည့်လူငယ်များကို ပညာအရိပ် တည်ဆောက်ပေး၍ ပညာပန်း ပန်စေကာ ပညာအသီး စားသုံးစေခဲ့သည်။ ရွာလူထုနှင့်လည်း တစ်ထပ်တည်း ဖြစ်နေသည်။ ရွာသားတစ်ယောက်လို ဖြစ်နေပြီး ရွာ၏ ကောင်းကျိုးကို ထူမတ်ပေးသည်။ အရာရာသည် ရွှေတိုး ခြေရာ လက်ရာနှင့် မကင်း။

ရွာနှင့်ဆရာ၊ ဆရာနှင့်တပည့်တို့သည် အချိုးညီညီနှင့် ဆက်ဆံခဲ့သည်။ ရွှေတိုးပြန်သွားမည်ကို ရွာကစိုးရိမ်လျက်၊ ရွှေတိုးကလည်း ရွာက ငြိငြင်သွားမည်ကို သောကဖြစ်နေသည်။

ရွှေတိုးသည် တိုင်းကျော်ရွာသား မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သည့်ရွာသို့ မျက်စိလည်လမ်းမှားၡ ရောက်လာသည် မဟုတ်။ ရည်ရွယ်ချက် ထောင်းထောင်းနှင့် ရောက်လာခြင်းသာ။ လာခြင်းကောင်းသောရွှေတိုး။

ရွှေတိုးအကြောင်းက သည်လို သည်လို။

* * *

ကြက်ဆူကျင်းရွာ။

ရေစကြိုနယ်ထဲမှာ ရှိသည်။ ကြက်ဆူကျင်းရွာသည် မိုးခေါင်ခေါင် ကုန်းပြောင်ပြောင်တွင် ဝပ်စင်းလိန်ပိန် နေရသည်မှာ ကြာပြီ။ ရွာ့စီးပွားရေးမှာ ချုချာချည့်နဲ့ လွန်းသည်။ တစ်နှစ်လာလည်း သည်လိုနှင့် ကြာခဲ့ပြီလေ။

ရွာသားများ သောကထုမှာ မသေးလှ။

တွေ့ရာ အလုပ်ကို ရှာဖွေ လုပ်ကြရသည်။ ဦးပုံသည် သူတကာထက် ဆိုးတော့သည်။ မိုးခေါင်သည့်နှစ်မှာ နွားနှစ်ကောင်စလုံး ပေါင်ပုပ်လက်ပုပ်ဖြစ်ပြီး သေသွားသည်။ သည်မှာ စီးပွားရေးပျက်လာသည်။ ဇနီး ဖြစ်သူကလည်း နှစ်ရက်ကည်း အပြင်းဖျားပြီး ကွယ်လွန်သွားရော။

ဦးပုံမှာ မျက်စိသူငယ် နားသူငယ်ဖြစ်ရသည်။ ကြက်ဆူကျင်းရွာသား မဟုတ်တော့ ကသီလင်တ ဖြစ်မဆုံး။ ဦးပုံက ယောနယ်သား။ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့လာရင်း ကြက်ဆူကျင်းမှာ သောင်တင် ခဲ့သည်။



ကြက်ဆူကျင်းရောက်စက စီးပွားရေးမဆိုး။ ရွာသားတိုင်းလိုလိုက ကူညီသည်၊ လက်တွဲခေါ်သည်၊ စာနာတတ်သည့် ရွာသားများ။ ဦးပုံသည် သားဖြစ်သူ ရွှေတိုးကို ရေစကြိုကျောင်းမှာ ထားသည်။ ရွှေတိုးကား လူလိမ္မာကလေး။ စာကြိုးစားသည်၊ အပျော်အပါး မရှိ၊ သည်နှစ် ဆယ်တန်းဖြေထားသည်။

စီးပွားရေးပျက်၍ သားအဖ အထမ်းသမားအလုပ်နှင့် အညာတက်မည်။ ဒန်အိုးဒန်ခွက် ပစ္စည်းများနှင့် လဲလှယ်ခြင်း၊ ရောင်းဝယ်ခြင်းများ လုပ်ရန်သာ။ တွက်ချေကိုက်သောအလုပ်။ သားအဖနှစ်ယောက် တိုင်ပင်သည်၊ ရွှေတိုးက လက်ခံသည်။ ဖခင်ကို ဝိုင်းကူမည်၊ ဦးပုံက ရွှေတိုးကို ချစ်မဆုံးတော့။ ကျောင်းသားလူငယ် ဖြစ်သော် လည်း ငှက်စိတ်မရှိ။ လူငယ်တိုင်း မလုပ်ရဲသည့်အလုပ်ကို စိတ်ပါလက်ပါနှင့်။

အထမ်းကိုယ်စီနှင့် ချင်းတွင်းမြစ်ကို ဖြတ်ကျော်သည်။ ခြေလျင်ခရီးက များသည်။ တွေ့သည့်ရွာက ဇရပ်သည် သူတို့သားအဖအတွက် တည်းခိုခန်း။ တစ်ရွာဝင် တစ်ရွာထွက်နှင့် ရောင်းဝယ် ဖလှယ်သည်။ ရွှေဘို ရောက်တော့ ပစ္စည်းများကုန်သွားသည်။ မန္တလေးသွားပြီး အဟောင်းအိုးရောင်း၊ အသစ်ဝယ်ယူခဲ့သည်။

မန္တလေးမှ ကားစီး၍ ရွှေဘိုမှာ ဆင်းသည်။ ခရီးဆက်ပြန်သည်။ ခင်ဦးနယ်မှာ ရွာစဉ်လှည့် ရောင်းသည်။

www.burmeseclassic.com



ပစ္စည်းကုန်၍ မန္တလေးဆင်းသည်။ ပစ္စည်း အသစ်နှင့် ပြန်တက်လာသည်။

ရာသီဥတုလည်း နွေ၊ ဒေသကလည်း အညာ၊ နေပူတော ထဲမှာ သားအဖနှစ်ယောက်၏ ဇွဲလုံ့လကား အံ့ချီးစရာ။ ရိုးသားသန့်ရှင်းသောအလုပ်၊ ကလီကမာ ဉာဏ်နီဉာဏ်နက် မရောစွက်၊ တိုင်းရင်းသား အချင်းချင်းအပေါ် မတော် မတရား အမြတ် မထုတ်တတ်၊ တဆယ့် သမာအာဇီဝ သားအဖ။

ကြက်ဆူကျင်းမှထွက်လာခဲ့သည်မှာ တစ်လကျော်ခဲ့ပြီ။ ခရီးပြင်းထွက်ခဲ့ရသည်လေ။ ဦးပုံမှာ အမောဖောက်လာ သည်။ အသက်အရွယ်နှင့် အလုပ်က သဟဇာတ မဖြစ်။ လေအေးခန်းမှာ အနားယူရမည့်အရွယ်။ သို့သော် ဘဝ ကြမ္မာက မျက်နှာသာမပေး။ နေပူပူမှာ ပြေးလွှားလှုပ်ရှား စေလို့ ပြဋ္ဌာန်းပေးခဲ့သည်လေ။

ဦးပုံတို့သားအဖ တိုင်းကျော်ရွာသို့ရောက်နေပြီ။ ဦးပုံ ကျန်းမာရေး မကောင်းတော့။ ခရီး မသွားနိုင်သည့် အခြေသို့ဆိုက်နေပြီ။ ရွှေတိုးသည် အဖေ့အတွက် ပူပန် နေသည်။ ဦးပုံနှင့် ရွှေတိုးတို့ သားအဖအဖြစ်ကို တစ်ရွာ လုံးက ကရုဏာသက်ကြသည်။ တိုင်းကျော်ရွာက မြန်မာ ဆန်သောရွာ၊ တိုင်းကျော်ရွာက ဦးပုံကို ပြုစုထားသည်။ တိုင်းရင်းဆေး အဖုံဖုံသည် ဦးပုံအတွက် သုံးမကုန်တော့။ သောက်ရေ ချိုးရေကအစ ရွာလုံးမပျိုများက ပို့ပေးသည်။



စားစရာအတွက်လည်း မပူရ။ ရွှေတိုးတို့ ထမင်းချက်စရာ မလိုတော့။

ဦးပုံ ကျန်းမာရေးမှာ တစ်စတစ်စ နိမ့်ကျလာသည်။ အပူ လွန်ကဲလွန်းပြီး ကယောင်ကတမ်း ပြောနေသည်။ ထမင်းမစားနိုင်သည်မှာ ငါးရက်ခန့်ရှိပြီ။ ရွှေတိုး မျက်နှာ ညှိုးနွမ်း အားငယ်နေဟန်က အထင်းသား။ ဘာမှလည်း မလုပ်တတ် မကိုင်တတ်။

တစ်ပတ်ခန့် ကြာသောအခါ ဦးပုံ စကား လုံးဝမကွဲ တော့။ ဘာမှ မပြောနိုင် မဆိုနိုင်၊ ရွာသူ ရွာသားများက ဝိုင်းဝိုင်းလည်အောင် လူနာမေးသည်။ ဦးပုံသည် အမော တစ်ချက်ဖောက်ပြီး ကွယ်လွန်သွားသည်။ ရွှေတိုး ခြေ မကိုင်မိ လက်မကိုင်မိဖြစ်ပြီး ငိုကြွေးရှာသည်။ ဆွေမရှိ မျိုးမရှိ၊ တစ်ရွာ တစ်ကျေးမှာ ဖခင်ကွယ်လွန်၍ ရွှေတိုး အဖြစ်က သနားစရာ။ ဦးပုံ ဈာပနကို ရွာက တာဝန်ယူ သည်။ ကောင်းမွန်စွာ မြှုပ်နှံသည်။

ရွှေတိုးမှာ ကျန်နေသောပစ္စည်းများကို ရွာက ဝယ်ယူ လိုက်ကြသည်။ ရွှေတိုး တစ်ယောက် တိုင်းကျော်ရွာမှာ ဆယ်ရက်ခန့် နေသေးသည်။ ဟိုအိမ်က ခေါ်ကျွေး၊ သည့် အိမ်က ခေါ်ကျွေးနှင့် မပူရ။ ရွှေတိုး လက်ထဲမှာ ငွေရှစ် ထောင်ကျော် ရှိနေသည်။ ဘဝရှေ့ခရီးကို မည်သို့ဆက်ရ ဦးမည်မသိ။ လူ့လောကမှာ တစ်ယောက်တည်းပါလား။

တစ်ရက်....။

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဆူကျင်းပြန်ရန် စီစဉ်သည်။ ရွှေတိုး လမ်းစားဖို့ ထမင်းထုပ် ပေးသူကပေး၊ လမ်းစရိတ် ထောက်သူက ထောက်၊ အနီးဆုံးဘူတာသို့ လှည်းနှင့်လိုက်ပို့သူကလည်း အဆင်သင့်။ ရွှေတိုးသည် တိုင်းကျော်တစ်ရွာလုံးကို နှုတ်ဆက်သည်။ ဘိုးဘွား အရွယ်များကို ကန်တော့သည်။ ရွာသားများ စိတ်မကောင်းကြ။ ရွှေတိုးကို မကြည့်ရက်။

ရွှေတိုး ခြေလှမ်းများသည် နှေးဖင့်နေသည်။ သည်ရွာမှ မခွာနိုင်။ ကျေးဇူးရှင် ဖခင်ကြီး ဦးခေါင်းချရာ မြေ။ စေတနာ သဒ္ဓါတရား လွှမ်းဝေသော ရွာမို့ သံယောဇဉ် ဖြစ်မိပြီ။ ခြေလှမ်းများသည် သက်မဲ့ အရာဝတ္ထု တစ်ခု ရွှေ့လျားနေသလို၊ ရွာ့အရှေ့ဘက်ထိ လိုက်ပို့သော လူအုပ်ကလည်း မပြန်နိုင်ကြ။ မည်သူမှ စကားမပြောနိုင်။ ရွှေတိုး လှည်းပေါ်တက်တော့ မျက်ရည်ဝဲဝဲနှင့်။

လွမ်းထိုက်ပါသော တိုင်းကျော်ရွာ။

* * *

ရွှေတိုး ကြက်ဆူကျင်းရွာ ရောက်တော့ လူတိုင်းက အံ့သြကြသည်။ စုတ်သပ်လျက် ဝမ်းနည်းသူတွေချည်း။

ရွှေတိုးအတွက် သားချင်းမရှိ၊ ဆွေမဲ့မျိုးမဲ့ဘဝ၊ အဖေနှင့်အမေ ယောနယ်သားများ၊ ယောနယ်သို့လည်း ရွှေတိုး မရောက်ဖူး၊ ရွှေတိုး ရွှေရေးကား မှုန်ဝါးသေးယောင်လွန်းသည်။ အိမ်ကွက်ကလေးသာ ရွှေတိုး ပိုင်သည်။ လယ်သုံးကေမှာ ရွှေတိုး မပိုင်၊ မူလပိုင်ရှင် ဦးဂေါင်ရှန်ထံ ပြန်ပေးသည်။ ဦးဂေါင်ရှန်က ဦးပုံတစ်သက် လုပ်ခွင့်ပေးထားသည်ကိုး။ ဦးပုံ မရှိတော့ ရွှေတိုး မပိုင်ပြီ။ ရွှေတိုး လယ်ကိုလည်း မလုပ်တတ်။



မိုးဦးလေဦးကျသောအခါ ရွှေတိုး အဖေနှင့်အမေကို သတိရသည်။ သတိရတိုင်း အိမ်မှာ ကုပ်နေတော့သည်။ ဘယ်မှလည်း သွားချင်စိတ်မရှိ။ ဆယ်တန်းအောင်စာရင်း ထွက်လာသည်။ ရွှေတိုး အောင်စာရင်းကိုပင် မမှုနေသည်။ ရွှေတိုး စာမေးပွဲအောင်သည်။

စာမေးပွဲအောင်တော့ ရွှေတိုး ဝမ်းနည်းရပြန်သည်။

အဖေနှင့်အမေသာရှိလျှင် ပျော်စရာကောင်းမည်။ ယခုတော့ တစ်ကောင်ကြွက်ဘဝ။ ပညာရေးခရီး မည်သို့ဆက်ရမည်နည်း။ ရွာမှာကလည်း အားကိုးရမည့်သူမရှိ။ လမ်းညွှန် ပေးမည့်သူဝေး။ တွေးလိုက်တိုင်း မရေမရာများက ဒုနှင့်ဒေး။

သည်မှာ သူငယ်ချင်း တင်မျိုးကျော်ကို ပြေးသတိရသည်။

တင်မျိုးကျော်သည် ရေစကြိုက သူငယ်ချင်း၊ အတန်းတူ ရွယ်တူ။ ရွှေတိုး ရေစကြိုသို့သွားသည်။ တင်မျိုးကျော်ကို တွေ့ရသည်။ တင်မျိုးကျော်လည်း ဆယ်တန်းအောင်ကြောင်း ရွှေတိုးသိရသည်။ သူငယ်ချင်း နှစ်ယောက် ဆုံတော့ စကားမြိုင်လှသည်။ တင်မျိုးကျော်က

www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူကောလိပ် တက်မည်ဟုဆိုသည်။ သူ့မှာက ဆင်စီးမြင်းရံဘဝမျိုး။ မိဘများက သနပ်ခါးပွဲစားလုပ်သည်။ 'နံ့သာကျော်' သနပ်ခါးပြား၊ သနပ်ခါးခဲများကိုလည်း လက်လီလက်ကား ရောင်းဝယ်နေသည်။ သည်တော့ စီးပွားရေးက အဆင်ပြေသည်။ တင်မျိုးကျော် ဘဝက အရာရာ ပြည့်စုံနေသူ။

ရေစကြိုဆိပ်ကမ်းသို့ နှစ်ယောက်သား ထွက်ခဲ့သည်။

ချင်းတွင်းမြစ်သည် ပြာလဲ့လဲ့နှင့် စီးနေသည်။ မြစ်ပြင်ကိုဖြတ်၍ လေပြည်က ချိုပြေပြေ။ ဆိပ်ကမ်းအလှကား ပန်းချီကားတစ်ချပ်ကို ခင်းကျင်းထားသလိုမျိုး။

'မင်း....ကျောင်းဆရာလုပ်ပါလား ရွှေတိုး'

မြစ်ရေကို ခဲနှင့်ပေါက်ရင်း တင်မျိုးကျော်ကဆိုသည်။ ရွှေတိုး ဝမ်းသာသွားသည်။ မျက်နှာတစ်ခုလုံး ဝင်းထိန်ရွှန်းလက်လျက်။

'လုပ်ချင်တာပေါ့ဟာ၊ ငါ့ဒုက္ခလဲ မင်းသိသားပဲ'

'ပညာရေးမှူးရုံးက ခေါ်လိမ့်မယ်၊ ခေါ်ရင် ငါ စာရေးလိုက်မယ်၊ မင်း လာခဲ့နော်'

'အေးပါကွာ၊ ငါ မျှော်နေမယ်'

'မင်း စာပေးစာယူနဲ့ ဘွဲ့ရအောင်ကြိုးစားကွာ'

'ငါ ကြိုးစားရမှာပေါ့ကွာ၊ ငါ့အတွက်က ပညာရေးပဲ မျှော်လင့်စရာရှိတာ မဟုတ်လား'

သူငယ်ချင်းနှစ်ယောက် စကားကောင်းသည်။ ရွှေတိုး အားမငယ်ဖို့ တင်မျိုးကျော်က အားပေးသည်။ သူတတ်



နိုင်သ၍ အကူအညီပေးမည်ဖြစ်ကြောင်း ထပ်ဖန်ပြောသည်။ ညနေဆည်းဆာ ဆိပ်ကမ်းရှုခင်းကို ခံစားပြီး ပြန်ခဲ့ကြသည်။

ရွှေတိုး ရေစကြိုသွားရကျိုးနပ်ခဲ့သည်။ တင်မျိုးကျော်ရှာဖွေပေးလိုက်သော စာပေးစာယူသင်တန်း စာအုပ်များ ယူခဲ့သည်။ ရွာမှာ လေ့လာဖတ်ရှုဖို့။

ရွှေတိုး ကြက်ဆူကျင်းသို့ ပြန်ခဲ့သည်။

ကြက်ဆူကျင်းရောက်တော့ ထူးထူးခြားခြား တိုင်းကျော်ရွာကို လွမ်းမိသည်။

တိုင်းကျော်။ အမည်ကတော့ ခမ်းနားထည်ဝါလှန်းသည်။ သို့သော် တကယ့်တောရွာ။ အိမ်ခြေငါးဆယ်ပင် မပြည့်တတ်။ လယ်တစ်ရိုးသာလုပ်ပြီး ဘဝမိုးချုပ်ကြရသည်သာ။ ရွာမှာ စာသင်ကျောင်းမရှိ။ သည်ရွာမှ ကလေးများသည် ဖားရိုက် ငါးနှိုက် ကျွမ်းသည်။ သစ်ပင်တက်ပိုင်သည်။ စာသံပေသံ မကြားမိ။ တိုင်းကျော်ရွာမှ ကလေးများသည် ပညာအာဟာရ ငတ်မွတ်နေသည်။

တိုင်းကျော်ရွာသည် ရွှေတိုးအတွက် ကျေးဇူးဆပ်မကုန်နိုင်။ ငွေပုံ၍ ပေးဆပ်သော်လည်း ကျေမည်မဟုတ်။ မေတ္တာ စည်ဝေသောရွာ။ သည်ရွာမျိုးက လက်ညှိုးရေတွက်ရနိုင်သည်။

'ဟုတ်ပြီ....ငါ တိုင်းကျော်ကို သွားမယ်၊ ဟိုမှာ ကလေးတွေ စာသင်မယ်၊ သူတို့လေးတွေ စာမတတ်ရှာ

www.burmeseclassic.com

www.burmeseclassic.com



ကြဘူး၊ ငါ စာသင်ပေးရင် တစ်ရွာလုံး ပျော်ကြမှာပဲ၊ ငါ တိုင်းကျော်ကို သွားမယ်လေ'

ရွှေတိုး နှုတ်ကတော့ ထွက်မလာ။ နှလုံးသားချိုချိုမှာ မြစ်ဖျားခံလာသည်။ အတွေး ရောင်စဉ်များသာ။ လှပလတ်ဆတ်သော အတွေးများ၊ ရွှေတိုးမျက်နှာ နုပျိုလာသည်။ သွေးခုန်နှုန်း ဖျတ်လတ်လာပြီး ရုပ်ခန္ဓာမှာ စက္ကူတစ်ရွက်လို ပေါ့ပါး ကြွရွနေတော့သည်။

အိမ်နှင့် အိမ်ကွင်းကို ရောင်းသည်။ ရသည့်ငွေကို ပိုက်သိမ်း၍ တိုင်းကျော်သို့ ထွက်လာခဲ့သည်။ တိုင်းကျော်မှ ပြန်ခဲ့စဉ်က ထိုင်းမှိုင်းသော ခြေလှမ်းများသည် ယခု ခရီးမှာ ရှန်းကြွ သွက်လက်နေပါလား။

ရွှေတိုး တိုင်းကျော်ရွာသို့ ထွက်ခဲ့ပြီ၊

ဆုံးဖြတ်ချက်လှလှနှင့် ဘဝကို တည်ဆောက်မည်။

ဘူတာမှ ရွာကလေးသို့ ငါးနာရီကြာအောင် လာခဲ့ရသည်။ တောစိမ်းတောင်ညိုညို့ကို အဖော်ပြု၍ တိုင်းကျော်သွား တောလားသည် ပျော်မောစရာ အပြည့်။ တောင်းတင်ပြာပြာကို အမှတ်တမဲ့ မော့ကြည့်ဖြစ်သည်။ လေဟုန်ကိုစီး၍ ဝဲပျံနေသော သိမ်းစွန်ငှက်ကို တွေ့ရသည်။ အားမာန်ပြည့်တင်းသော သိမ်းစွန်ငှက်ကို ရွှေတိုးက ရိုးရိုး မကြည့်။

'သိမ်းစွန်ငှက်ဟာ အချည်းနှီး ပျံဝဲနေခြင်း မဟုတ်ဘူး၊ သူ့မှာ ရည်ရွယ်ချက်ရှိလိမ့်မယ်၊ ငါလဲ ဒီခရီးမှာ အကျိုးမဲ့မဟုတ်၊ ပန်းတိုင်ရှိနေပါလား၊ ငါ့ ပန်းတိုင်က



တိုင်းကျော်ရွာက ကလေးတွေပညာရေး၊ တေးသီချင်း မှိုင်မှိုင်သီဆိုတတ်ဖို့လေ။ ပညာရေးတံခါးကို တွန်းဖွင့်ပြီး အသိအလိမ္မာ မီးမောင်းထိုးပြဖို့ မဟုတ်လား'

ရွှေတိုး အတွေးဆန်းနေသည်။ အတွေးကလည်း သန့်စင်သည်။

ရွှေတိုး ရွာရောက်တော့ မိုးချုပ်နေပြီ။
မီးခွက်ရောင် မှိတ်တုတ်မှိတ်တုတ်နှင့်။

* * *

မနက်ခင်း။
တိုင်းကျော်တစ်ရွာလုံး တအုန်းအုန်း။
တိုင်းကျော်တစ်ရွာလုံး တပြုံးပြုံး။

ရွှေတိုးရောက်လာ၍ ပျော်နေကြသည်။ အစတော့ အလည်လာသည်ဟု ထင်ကြသည်။ ရွှေတိုးက အကြောင်းစုံ ပြောပြလိုက်မှ ပို၍ပျော်ကြတော့သည်။

ရွာလူကြီး ဦးရောင်းသည် အပျော်ဆုံး။ ဘုန်းတော်ကြီး ဦးသုဇနကလည်း ဝမ်းသာအယ်လဲဖြစ်တော်မူသည်။ တာလသားခေါင်း ကိုပေစိကား လေတချွန်ချွန်။ ကလေးများကား ရွှေတိုးကို ဝိုင်းဝိုင်းလည်ခြံရံထားသည်။ ရွှေတိုး စိတ်ချမ်းမြေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးရောက်ပြီး တစ်ပတ်ခန့်ကြာသောအခါ စာသင်ကျောင်းဆောက်ဖို့ အစည်းအဝေးလုပ်သည်။ ရွှေတိုးက အလှူငွေတစ်ထောင် ထည့်လှူသည်။ တစ်ရွာသားကပင် စေတနာထားလာ၍ ရွာသားများ အားတက်လာသည်။ စေတနာရှင် ကုသိုလ်ရှင် အသီးသီး ပေါ်ထွက်လာသည်။ ရွှေတိုး ပျော်လေပြီ။

ရည်မှန်းထားသည်က ဝါးကပ်ကာ၊ သက်ငယ်မိုး ကျောင်းကလေးသာဆင့်။ ငွေအင်အား ကောင်းသောကြောင့် ပျဉ်ထောင်၊ ကပ်မိုးအဆင့် တိုးသွားသည်။ ရွာလုပ်အားဖြင့် ကျောင်း အဆောက်အအုံကို အကောင်အထည် ဖော်ရသော။

ကျောင်းနေရာကို ရွာနှင့် ဘုန်းတော်ကြီးကျောင်း အကြား ကုန်းမြင့်မြင့်မှာရွေးချယ်ကြသည်။ လေကောင်း လေသန့် ရနိုင်သောနေရာ။ မိုးအခါ ရေမဝပ်နိုင်သည့် နေရာမျိုး။ စာသင်ကျောင်းကို အားချင်းဆောက်သည်။

ရွှေတိုးနှင့် ရွာလူကြီး ဦးရောင်းတို့ကား မြို့နယ်သို့ တက်သည်။ တွဲဖက် မူလတန်းကျောင်းဖွင့်ခွင့် ရရှိရေး အတွက် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးသည်။ အားတက်သရော ရှိလှသော ရွာအတွက် မြို့နယ်က ကြည်ဖြူ လိုက်လှဲစွာ လက်ခံသည်။ မြို့နယ်သမဝါယမအသင်းမှ ဆောက်လုပ်ရေးပစ္စည်းများပင် ထုတ်ခွင့်ပေးတော့သည်။

ယခင်က မျက်စိတန်း နားကန်းနှင့် စမ်းတဝါးဝါး ဖြစ်နေသော တိုင်းကျော်ရွာမှာ ပညာရေး စကားများ



တတွတ်တွတ် ပြောဆိုသံကြားလာရသည်။ တိုင်းကျော်လို တောအုံချုံကြားမှာ မည်သို့လျှင် ပညာရေးအသိ ပိုင်ဆိုင်မည်နည်း။ ယခု ပညာရေးအုတ်မြစ်ခိုင်ခိုင်ချ၍ ရွာကလေး အိပ်ပျော်နေသည်ကို ပုတ်နှိုးလိုက်သည်။

ကျောင်းဆောင်ကလေးကို ကုန်းမြင့်မြင့်မှာ ချမ်းမြေ့စဖွယ် မြင်တွေ့ရသည်။ ကျောင်းရှေ့မှ အလံတိုင်တွင် နိုင်ငံတော်အလံက လူးလူးလွန့်လွန့် ဖြစ်နေသည်။ ကျောင်းဝင်းကိုလည်း ပိတ်ပိတ်ဆို့ဆို့ ကာရံထားသည်။ ထောင့်ကျကျမှာ အိမ်သာနှစ်လုံး။ ကျောင်းဝင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်မျိုးစုံ စိုက်ပျိုးရဦးမည်။

ဘုန်းတော်ကြီး ဦးသုဇနက စားပွဲတစ်လုံးနှင့် စာသင်ကျောက်သင်ပုန်း သုံးချပ် လှူသည်။ ဟာလာစက်ပိုင်ရှင်ကိုလှချောက ကျောင်းအတွက် နာရီတစ်လုံး။ မုံရွာတွင် ကားစပယ်ယာလုပ်နေသော ဆန်းထွန်းက ကျောင်းဆိုင်းဘုတ်တစ်ခု ပေးပို့သည်။ သောက်ရေအိုးနှင့် ရေဇလားကိုမူ ရွာအမျိုးသမီးအဖွဲ့က လှူသည်။ တံမြက်စည်းထိုးရောင်းသောဒေါ်စိန်နုက တံမြက်စည်းငါးချောင်း။ စေတနာတွေ စေတနာတွေ။ ပကာသနမဖက်သော အလှူပွဲပါကလား။

ကျောင်းစတင်ဖွင့်သောအခါ ရွာအတွက် ကျက်သရေအပြည့်။ စာသံပေသံ ညံညံစာလျက် ပညာဆီမီးထွန်းကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျော်ရွာမှာ မူလတန်းကျောင်းကလေးကို အရိပ်တကြည့်ကြည့်။ စာဖတ်သံ၊ ကဗျာရွတ်သံ၊ အလီကျက်သံများနှင့် ပညာရေးမှုခိုးကို တွန်းဖွင့်နေသည်။ မူလတန်းကျောင်းသားဟု ဆိုသော်လည်း အသက် ဆယ့်ခုနစ်နှစ်အထိ တွေ့ရသည်။ ထောင်ထောင်မောင်းမောင်း ရှိလှသော ကလေးများ။ ရွှေတိုးနှင့် ကျောင်းသားများမှာ အလှယ်တကူ ခွဲမရ။ ရွှေတိုးသည် အပင်ပန်းခံ၍ သင်ပြသည်။ စိတ်ရှည်လက်ရှည်နှင့်၊ ကျောင်းပျော်အောင် စည်းရုံးသည်။ ကျောင်းနေပျော်မှ စာတော်မည်။

ကျောင်းဖွင့်ပြီး တစ်လခန့်ကြာသောအခါ....

ရွှေတိုးအတွက် လစာပေးရေး ဆွေးနွေးကြသည်။ ရွှေတိုးနှင့် ရွာလူကြီးများ ဆုံတွေ့သည်။ ရွှေတိုးက လစာကို မယူ။ လုပ်အားသန့်သန့်နှင့် သင်ကြားလိုသည်။ ရွာလူကြီးမိဘများက အကျိုးသင့်အကြောင်းသင့် ပြောပြရသည်။ ရွှေတိုး ရွှေရေးအတွက် ငွေစုဆောင်းထားဖို့လိုကြောင်း ပြောပြပြီး ဇွတ်ပေးရသည်။ မယူလျှင် တစ်ရွာလုံး စိတ်ချမ်းသာမည်မဟုတ်ဟု ဦးရောင်းက အသံဝါကြီးနှင့် ပြောသည်။ ဘုန်းတော်ကြီးကလည်း တပည့်များ၏ ကန်တော့ငွေ သဘောမျိုးထားပြီး လက်ခံရန် မေတ္တာရပ်သည်။



နောက်ဆုံး ရွှေတိုး လက်ခံလိုက်ရသည်။
ငြင်းပယ်၍ မရတော့သည့်လေ။

အချိန်တွေကလည်း တရိပ်ရိပ်။ ရွှေတိုးတစ်ယောက် တိုင်းကျော်ရွာမှာ နှစ်မနည်းတော့။ တပည့်များပင် လူလားမြောက်နေပြီ။

တိုင်းကျော်ရွာသည် ရွှေတိုးအတွက် ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း။ ရွာ့စရိုက်နှင့်အညီ ဆက်ဆံသည်။ ရွှေတိုးစေတနာနှင့် မေတ္တာကို ရွာက လေးစားသည်။ တိုင်းကျော်ဇာတိသားပင် ရွှေတိုးလို သဒ္ဓါကောင်းနိုင်မည်မဟုတ်။ အကျိုးပြုပြီး ကိုယ်ကျိုးစွန့်နိုင်မည်မထင်။

တဲ့ဖက်ကျောင်းကလေး တိုးတက်ရေးအတွက် ရွှေတိုးတွေးတော ကြံဆနေလေ့ရှိသည်။ ကျောင်းသည် သူ၏နှလုံးသည်းပွတ်။ ကျောင်းသားများသည် သူ၏ ရောင်စုံပန်းပွင့်များ။ အသိပညာ ဆင်းရဲငတ်မွတ်ခြင်းမှ ဆွဲထုတ်နိုင်သည်။ ရွှေတိုး သည်လိုနှင့် မကျေနပ်သေး။ တစ်ဆင့်တိုးချင်သေးသည်။ အကြင်နာစွက်၍ အလက်ာလက်နှင့် ပွေ့ဖက် ဖေးမချင်သော ဆန္ဒအပြင်းစားများက ရွှေတိုးမှာ အပြည့်အသိပ်။ တိုင်းကျော်ရွာ၏ အတိတ်အိပ်မက်စက္ကန့်များကို နှမြောမိသည်။ အထပ်ထပ် အရစ်ရစ် ကြွေး

www.burmeseclassic.com



တင်ခဲ့သော ပညာရေးကို ရွှေတိုး အပြေအကျေ ပေးဆပ်ချင်သည်။

ယခုဆိုလျှင် ကျောင်းကလေး၏ အကျိုးကျေးဇူးကား ခံစားနေရပြီ။ ရေးတတ်ဖတ်တတ်ကြပြီ။ အလူမင်္ဂလာ ဖိတ်စာများကို အသံကျယ်ကျယ်နှင့် အော်ဖတ်နေသော ကလေးများကို ကြည့်၍ မိဘများ ဝမ်းမြောက်မဆုံး။ ရွှေတိုးကို ကျေးဇူးတင်၍ လေးစားမိသည်။

ရွှေတိုးသည် တက္ကသိုလ်စာပေးစာယူသင်တန်းမှ ဝိဇ္ဇာဘွဲ့ပင် ပိုင်ဆိုင်ထားပြီ၊ ဝန်ထမ်းလောကမှာ ဝင်ဆန့်နိုင်သော အရည်အချင်းရှိသော်လည်း ရွှေတိုး မလုပ်။ တိုင်းကျော်ကို စွန့်ပစ်မထားချင်။ စွန့်ပစ်နိုင်သော စွမ်းအားလည်း မရှိ။ ပြီးခဲ့သောနှစ်က တင်မျိုးကျော်ထံမှ စာရောက်လာသည်။ သူ့စာထဲမှာ ဘွဲ့ရပြီး တောရွာမှာ ဇာတ်မြှုပ်နေရင် ဘဝ မပြောင်းမလက်ဖြစ်မည်။ အနစ်နာခံလွန်းပါက ခံရသူမှာ တိုးတက်မြင့်မားမည် မဟုတ်ကြောင်း ဆရာလုပ်ထားသည်။

တင်မျိုးကျော်စာကို ဖတ်ပြီး ရွှေတိုး ဘဝင်မကျ။

လူတိုင်းလူတိုင်းသည် ရည်ရွယ်ချက်ကိုယ်စီ ရှိနေမည်သာ။ ပုဂ္ဂလိက ရည်ရွယ်ချက်မျိုးကို ရွှေတိုး မပျော်ပိုက်။ ရွှေတိုးရည်ရွယ်ချက်သည် လှပရမည်။ ခံ့ညားရမည်လေ။ သမုဒ္ဒရာထဲမှာ မိုးမရွာချင်။ သဲကန္တာရမှာ သဲသဲမဲမဲ ရွာလိုသည့်သဘော။ မြည်သူ့အထွက် လူထုအတွက်ဟု စွာကျယ်စွာကျယ်မမြည်တတ်ပေ။ တစ်ထောင့် တစ်နေရာ



မှာတော့ ပြွတ်ပြွတ်ထင်ထင် ပွံ့ပိုးထူမတ်လိုသော ပစ်မှတ်မျိုးကိုချိန်ရွယ်ထားသည်။

သူ့တပည့်များကို ပညာဝတ်ရုံ ဆင်ပေးရုံနှင့် အားမရ။ ဘဝကို ရင်ဆိုင်ဖြတ်သန်းရဲသော စိတ်ဓာတ်မျိုးကို ပျိုးထောင်ပေးသည်။ ကျေးတောသား အတတ အဆိုကို ချေပထိုးနှက်နိုင်သည့် ခွန်အားသစ်များ လောင်းထည့်ပေးသည်။

ရွှေတိုး၏ သွန်းလောင်း ပုံဖော်ပေးမှုကြောင့် တိုင်းကျော်မှ ဆယ်တန်းအောင်သူ ပေါ်ထွက်ခဲ့သည်။ ရွှေတိုး တလှပ်လှပ် ခံစားရသည်အထိ ကြည်နူးသည်။ ဘဝနွံထဲမှ လူးလဲထနိုင်သည့် လူချွန်လူမွန်များ မွေးလာပြီ။

တိုင်းကျော် တွဲဖက်မူလတန်းကျောင်း၏ စတုတ္ထတန်းအောင်ချက်သည် မြို့နယ်မှာ ထိပ်ဆုံးက ဖြစ်နေသည်။ မြို့နယ်မှ မကြားဖူးသော တိုင်းကျော်သည် သတင်းကောင်းနှင့် ထွက်ပြူလာပြီ။ သည်လို ပေါ်လွင်လာသည်မှာ တစ်နှစ်တည်းမဟုတ်။ ကြာခဲ့ပြီ။

တစ်နေ့။

မြို့နယ်ပညာရေးမှူးကိုယ်တိုင် ကျောင်းသို့ ရောက်လာသည်။ ပညာရေးမှူးက တိုင်းကျော်ကျောင်းကို မြင်တော့ ရင်သပ်နေသည်။ ကျောင်းပရိဘောဂများကလည်း ပြည့်စုံနေသည်လေ။ ရွှေတိုးကို ချီးကျူး ဂုဏ်ပြုစကားပြောသည်။ ကျောင်းအတွက် လိုအပ်သည်များကို မှာကြားရန်မလို။ ကျောင်းဂုဏ်အင်္ဂါက အပြည့်။ ဈေးနှင့်မတန်

www.burmeseclassic.com

www.burmeseclassic.com



မြို့ဆန်နေသော ကျောင်းကို တောထဲမှာ တွေ့လိုက်ရသဖြင့် ပညာရေးမှူးမှာ မှင်တတ်မိတော့ ပွားစီးနေတော့သည်။

'ဆရာရွှေတိုးက ဘွဲ့ရနော်၊ လာမည့်နှစ်မှာ ဒီကျောင်းကို မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ပေးမယ်။ ဆရာဒီရွာမှာ ဆက်လက်တာဝန်ထမ်းမှ အရှိန်အဟုန်ကောင်းမယ်၊ ဒီတော့ ဆရာ့ကိုလဲ ဒီရွာမှာပဲ ဆရာခန့်ထားပေးမယ်။ ဆရာ့သဘောထားကို သိပါရစေ'

ပညာရေးမှူးတစ်ယောက်က ပြောနေသည်ဟု ရွှေတိုးမထင်။ ရွာကိုစောင့်ရှောက်သည့် နတ်ကောင်းနတ်မြတ်က ပြောနေသည်ဟု ထင်သည်။ ရွှေတိုး တုန်လှုပ်သွားသည်။ ဝမ်းသာလွန်းသောအခါ ခံစားရသည့် ရင်မှာ မြိုးမြိုးမြက်မြက်။

'ဆရာကြီး တကယ်ပြောတာလား၊ ကျွန်တော် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ဆရာစီစဉ်ပေးသမျှကို ကျွန်တော် လိုက်နာပါ့မယ်ဗျာ'

ရွှေတိုးက ရိုကျိုးသိမ်မွေ့စွာ ပြောသည်။ ကြည်နူးစိတ်များကြောင့် စကားပြောမထွက်။ ပညာရေးမှူးက ကျေနပ်စွာ ပြုံးသည်။ တိုင်းကျော်လို မြို့နှင့် ဝေးသီခေါင်လွန်းသော နေရာသည် သူတကာ နေချင်သည့်ကျောင်းမဟုတ်။ လစာထင်ခုကို ငဲ့ကွက်ပြီး ဆရာလောကသို့ ဝင်လာသူတိုင်း ပျော်မည်မဟုတ်။ အပြောင်းအရွှေ့ လုပ်ပေးနေရသည်နှင့် စာသင်ရမည်မထင်။ ဆရာ



လစ်လပ်နေသည်က များသည့်နေရာမျိုးမှာ ရွှေတိုး နေပျော်သည်ဆို၍ အံ့ဩစရာ။ ပညာရေးမှူးကိုယ်တိုင် မီးရထား၊ လှည်း၊ ခြေလျင်လာရသည့်နေရာမျိုး။ အဆင့်ဆင့်လေ။

ပညာရေးမှူးသည် ရွာလူကြီးများကို ခေါ်တွေ့သည်။ ကျောင်းဖွင့်နိုင်ဖို့ ဆွေးနွေးသည်။ တက်ကြွသော ရွာလူထုကို ပညာရေးမှူးက သဘောကျသည်။

ကျောင်းဖွင့်လှစ်ပေးမည်ဖြစ်၍ တိုင်းကျော်တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားသည်။ မည်သည့် အချိန်ကမှ မမျှော်လင့်ခဲ့သော ဆုလာဘ်မဟုတ်လား။

ကျောင်းဖွင့်ပွဲကျင်းပရန်သာ ရှိတော့သည်။
တိုင်းကျော်ရွာ စန်းထလေပြီ။

* * *

နွေ။

ရိုးတံကျဲကျဲနှင့် တန်ဆာဆင်ထားသော နွေ။

ဥဩငှက်ညို၏ အလွမ်းပိုပိုခွန်းဆင့်သံသည် တိုင်းကျော်ရွာကလေးကို ဖျော်ဖြေနေသည်။ အားပေးနေသည်။

နွေ ပူလောင်သည်မှာ မဆန်း။ နွေ၏အပူသည် တိုင်းကျော်ရွာက လူထုကို မစိုးပိုင်။ နွေနေအောသာမှာ နိုးနိုး

www.burmeseclassic.com



ထထဖြစ်နေသည်။ ထာဝရ အေးချမ်းစေမည့် အရိပ်အတွက် နွေနေကို မခိုးမခန့်လုပ်နေခြင်းသာ။

ဟုတ်သည်လေ။ ကျောင်းဝင်းအတွင်းမှာ ဆရာ ဆရာမများအတွက် အိမ်နှစ်လုံးဆောက်ရန် သစ်ခွဲခြင်း၊ ဝါးခြမ်းခြင်း အလုပ်နှင့် အချိန်ကုန်စေသည်။

နွေများစွာကို ကြုံဖူးပါသည်။

သည်နွေလောက် အေးချမ်းသည်မထင်ခဲ့။ တိုင်းကျော်ရွာအတွက် ယခုနွေသည် အလှဆုံး။ အအေးဆုံး။ သည်လိုထင်နေတော့သည်လား။

အိမ်နှစ်လုံးဆောက်ရုံနှင့် ပြီးပြည့်စုံပြီ။ ညွန်ကြားချက်ဟူသမျှ ဆောင်ရွက်ပြီးပြီ။ ရွှေတိုးနှင့်ဦးရောင်းသည် လိုလေသေးမရှိအောင် စီစဉ်သည်။ သူတို့နှစ်ယောက်၏ စီမံမှုအောက်တွင် ရွာသားများက အညီညီ။ သွေဖည်ယိမ်းယိုင်သွားသူမရှိ။ ဗွေဖောက်ငြင်းဆိုသူကို ရှာမတွေ့။

ဘယ်မှာလျှင် သွေးကွဲမည်နည်း။

တိုင်းကျော်သည် ရွာတစ်ရွာ။ အခြားရွာများလို စာသင်ကျောင်း ဖွင့်ရတော့မည် မဟုတ်လား။ ရွာတန်းဆွေနိုင်သည့် အဖြစ်မျိုးလေ။

အခွင့်အရေး တူညီတော့ အဖြစ်။ သည်အချိန်မှာ ရွာကို မြတ်နိုး၍ ရွာကျိုး ဆောင်ရမည်ကိုတော့ သိနားလည်ထားသည်။

ယခုလည်း ကြည့်လိုက်စမ်းလေ။



ကျောင်းဝင်းထဲမှာ ရွာသား အပြည့်၊ ကျောင်းကို ရေနံသုတ်သူသုတ်၊ ခေါင်မိုးအုပ်သူအုပ်၊ အလုပ်ရှုပ်နေတော့သည်။

ရွာသားတစ်ယောက် ကျောင်းဆီသို့ ဒရောသောပါး ပြေးလာသည်။ လက်ထဲမှာ စာနှစ်စောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ရွာသားတွေက စောင့်နေသည်၊ ဘာအရေးပါလိမ့်။

ပထမအစောင်ကို ဖတ်ကြည့်သည်၊ တိုင်းကျော်ရွာကို အခြေခံပညာမူလတန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုသည့်စာ၊ ရွာသားများ ဟေးကနဲ အော်လိုက်သည်မှာ ဟိန်းထွက်သွားသည်။ ကျောင်းအနီး မန်ကျည်းပင်ပေါ်မှ ဗျိုင်းအုပ်သည်ပင် လန့်ပျံသွားပြီ။

ဒုတိယစာ။

ရွှေတိုးကို မူလတန်းပြဆရာအဖြစ် တိုင်းကျော်ရွာမှာ ခန့်သည့်စာ။ ရွာသားများက ရွှေတိုးကို ပြေးပွေ့ကြသည်။ ရွှေတိုးကိုထမ်း၍ ကျောင်းကို သုံးပတ် ပတ်သည်။ ဦးရောင်းက တောင်းပန်မှု ရပ်သွားသည်။

ရွာသို့ အပြုံးကိုယ်စီနှင့် လာခဲ့ကြသည်။

သတင်းကောင်းတစ်ပုဒ်က တစ်ရွာလုံးကို လှုပ်သွားစေသည်။ ထူးထူးကဲကဲ ရှင်ပျူပြုံးထူးနေသည်။ အသက် ၈၀ ကျော် ဘွားလေးပွင့်သည် သွားကျိုး ပါးကျိုးနှင့်ထရှာသည်။ ဝမ်းသာတာကိုး။ စကွန့်နှစ်ကွင်း အ[illegible]မရှိသော ဦးစံဘလည်း မျက်ရည်စမ်းစမ်းနှင့်၊ ပျော်ရွှာ

www.burmeseclassic.com

www.burmeseclassic.com



သည်ထင့်။ ကာလသားခေါင်း ကိုပေစိကား ကျောင်းဖွင့်ပွဲမှာ ဒိုးပတ်ဝိုင်းကလေး ထည့်ရန် ကြိတ်ကြိတ်- ကြိတ်ကြိတ်နှင့်။ မည်သူ့ကိုကြည့်ကြည့် ကျက်သရေရှိသော မျက်နှာတွေချည်း။ ရှာဦးက ဘုရား ငုတ်တိုသည်ပင် ကြည်ညိုဖွယ် အပြည့်။

ရှာသားများကိုကြည့်၍ ကျေနပ်သူကား ရွှေတိုး။ တစ်ပတ်ခန့်အကြာ၊

ကျောင်းဖွင့်ပွဲကို စည်စည်ကားကား ကျင်းပနိုင်သည်။ ကြွရောက်လာသော ပရိသတ်ကို အနေကျအနေမွှားနှင့် ဧည့်ခံသည်။ ကိုပေစိ၏ ဒိုးပတ်ဝိုင်းကလည်း လောကွတ် ကျေပါပေ့။

ကျောင်းဖွင့်ပွဲ ကျင်းပသော နေ့သည် တိုင်းကျော်အတွက် မင်္ဂလာအပေါင်းနှင့် ရှန်းသစ်နုပျိုသော နေ့ပေတည်း။

* * *



အကူအညီကို ပေးနိုင်ပါမည်နည်း။ သန့်စင်မွန်မြတ်သော စေတနာဖြင့်သာ။

သည်လို စေတနာမျိုးကို ဥပက္ခာ ပြုထားရက် သူ လောက် မိုက်မဲသူ ရှိတော့မထင်။ ရွှေတိုး၏ကျေးဇူးတရား သိတတ် ခြင်း ကြောင့် တိုင်းကျော်ရွာမှာ ကြီးမားစွာ အပြောင်းအလဲ ဖြစ်ခဲ့သည်။ တိုင်းကျော်မှာ ရွှေတိုး နေပျော်ခြင်းသည်၊ အဖိုးအနဂ္ဃ မဖြတ်နိုင်။

ရွှေတိုး၏ ကျေးဇူးသိတတ်မှုနှင့် စေတနာသည် ဝတ္ထုထဲမှာသာ ရှိနိုင်သည့် အဖြစ်မျိုး။ စိတ်ကူးယဉ် ဆန်လှသည်။

ရွှေတိုး ဇာတ်လမ်းသည် ဝတ္ထုမဟုတ်ပါ။

အညာက တိုင်းကျော်ရွာမှာ ရွှေတိုးကို တွေ့နိုင်ပါသည်။ တကယ်ပါ။

* * *

ရွှေတိုး တိုင်းကျော်ရွာမှာ ပျော်လေပြီ။

သူ့ဖခင်ကို ရွာက ဂရုတစိုက် စောင့်ရှောက်ခဲ့သည်။ တစ်ခုခုကို မျှော်လင့်၍ စောင့်ရှောက်ခဲ့သည် မဟုတ်။ ရွှေတိုးတို့လို အထမ်းသမား ဈေးသည်ထံမှ မည်သည့်

www.burmeseclassic.com

www.burmeseclassic.com

# ဖားကန့်မင်းသား

ရန်ကုန်သည် ကြီးကျယ် ခမ်းနား၍ အံ့မခန်းသော အဆောက်အအုံများ၊ တန်ခိုးကြီးဘုရားများ ကြွယ်ဝသည် မှန်၏။ သို့သော် ရန်ကုန်ကို စိတ်မဝင်စားကြ။ ငပလီ၏ သဘာဝ အလှသည် တပ်မက် ယစ်မူးစရာ ကောင်းလွန်းသည်။ ငပလီသွားချင်သူ မများစားလှ။ ပြင်ဦးလွင်၏ ရာသီဥတုနှင့် ရှုခင်းရှုကွက်များမှာ ငြိမ်းချမ်းစေပါသည်။ ပြင်ဦးလွင်ကို စတားထဲ ထည့်မပြော။ ပုဂံ၏ ကျော်ကြား ဝင့်ထည်သော ဂူကျပုဒ်တို့ကို လူတိုင်း ကြားဖူးသည်။ ပုဂံဘုရားဖူးဦးရေကား စာမဖွဲ့လောက်။

မန္တလေးမြို့၏ဘူတာကြီးမှာဖြစ်စေ၊ ဟိုတယ်အကောင်းစားမှာဖြစ်စေ၊ ချောင်ကျကျ ကွမ်းယာဆိုင်မှာဖြစ်စေ ရေပန်းစားနေသည်ကား ဖားကန့်။ မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာသည့် ရထားတိုင်းသည် လူကျပ်လျက်။ ဖားကန့် ခရီးသည်များ ကြောင့်တည်း။



ဖားကန့်ရောဂါသည် တစ်နိုင်ငံလုံးမှာ ကူးစက်ပျံ့နှံ့နေလေပြီ။ မြို့တော်ကြီးမှာလည်း ဖားကန့်၊ ရွှေမန်းမှာလည်း ဖားကန့်၊ မြို့ကလေးမှာလည်း ဖားကန့်၊ ပစ္စန္တရာဇ်လို ရွာသိမ်ရွာငယ်လေးမှာလည်း ဖားကန့်၊ ဖားကန့်-ဖားကန့်နှင့် နားမဆန့်အောင် စကားပွဲနေသော အချိန်ပေတကား။

ဖားကန့်ကို သန်းကြွယ်သူဌေးကလည်း စိတ်ဝင်စားသည်။ သူဌေး အလောင်းအလျာတို့ကလည်း ပါးစပ်အရသာ၊ လျှာအရသာ တွေ့နေသည်။ ရွာ့မျက်နှာဖုံးထလည်း တဖွဖွပြောမဆုံး။ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မပိုင်ဆိုင်သူကလည်း နားဝင်ချိုနေသည်။ လက်လုပ်လက်စား မှဆိုးမသည်ပင် ဖားကန့်ကို အိပ်မက်ထဲ ဆွဲ၍ မက်တတ်သော ဟူ၏။

ဖားကန့် မက်လုံးကား ခပ်မိုက်မိုက်။

ဆယ်ရက်လောက် လှုပ်ရှားလိုက်သည်နှင့် သောင်းငွေဆိုတာမျိုးက မခက်။ ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး။ ဘဝပြဿနာ အခက်တွေက ရက်မရွှေ့နှင့်၊ ဖားကန့်သာ ချောင်း၊ ကောင်းကောင်းကြီးပွားမည်မှတ်။

ဖားကန့်....ဖားကန့်....ဆွဲဆောင် စည်းရုံးမှု နိုင်နင်းကျွမ်းကျင်လှချည့်လား။ အလွန် သွားသင့်သည့် နေရာဖြစ်၏။ သိသူ ကျော်သွား၊ သိသူ ဖော်စားဆိုတာ ဖားကန့်ပဲ ဖြစ်ရမည်။ ခပ် ကြောင် ကြောင် ကြီး တွေးမနေနှင့် သွားပါးတရ ပြောဆို စေဖန်နေကြတာကလည်း ဘာင်-

www.burmeseclassic.com

www.burmeseclassic.com



ယောက်မဟုတ်၊ အုပ်လိုက် သင်းလိုက်ဆိုတော့ ဝက်ဝက်ကွဲနေပြီ။

အချိန်ရှိခိုက် လုံ့လစိုက်ရှာသာ ရှိတော့၏။

အဲ...တစ်ခုတော့ရှိသည်။ စနည်းနာကြည့်ရဦးမည်။

* * *

မြောက်အင်း၊ ရေဦးကုန်း၊ ဗျက်ကြီး၊ ရွက်ကြမ်း၊ ရဲဒွေး၊ သိုးဘိုး ချင်းမြစ်ကျွင်းတို့လို ရွာကလေးများမှာ ဖားကန့်နှင့် အဆက်အသွယ် ရှိသည်။ ရွာသားဆိုသော်လည်း အဘတ အူတူတူမဟုတ်။ ခေတ်ကို အပြေးလိုက်၍ အံကိုက် အထာကျ ဘဝလှနေသူများလည်း မျက်တွေ့လက်တွေ့။

မှတ်ရင်ဆိုတာက မြောက်အင်းသား။

လွန်ခဲ့တဲ့ သုံးနှစ်လောက်က ရွာမှာ အငှားလုပ်စားနေသူ။ လယ်မရှိ နွားမရှိပေကိုး။ သူ့ဇနီး မိပြားမှာလည်း အမည်နှင့်လိုက်ပါပေ့။ ဆင်းရဲခြင်း ကျောက်တုံးအောက်မှာ ပြားနေအောင် ဒုက္ခဆူဝေခဲ့၏။ ဆင်းရဲပြီဆိုမှဖြင့် ခေါ်မည့်သူဝေး၊ မေးမည့်သူမရှိ။

မှတ်ရင်နှင့် မိပြားတို့ ဖားကန့်သို့ အထမ်းသမားအဖြစ် လိုက်သွားကြသည်။ တစ်လလောက်သာ ကြာမည်။



အပြန်မှာ ရွှေတွဲလဲ ငွေတွဲလဲ၊ လက်ထဲမှာ ခြသေ့်တွေ တစ်မြုံတစ်မ။

ဟော....ခေါ်လိုက်ကြ မေးလိုက်ကြတာလေ။ အိမ်မှာ နေရသည်မရှိ။ ရွာထဲလှည့်ပြီး ပြောနေရတော့သည်။ မှတ်ရင်ဟု ခေါ်ရာမှ ကိုလေးရင်ဟု ခေါ်လာသည်။ မိပြားခေါ်ရာမှ မမပြားတဲ့။ လေနုအေးတွေ တဖြူးဖြူး ဟင်း....လူတွေ့နော် သိပ်ဟုတ် သိပ်ဟုတ်။

မှတ်ရင်တို့ သတင်းက သည်နယ်မှာ ဗွေဆော်ဦးထွက်လာသည်။ ကြားရသူတိုင်း လောဘလှိုင်း မွှန်နေတော့သည်။

နောက်သတင်းတစ်ပုဒ်။

ချင်းမြစ်ကျွင်းရွာသား **တောမောင်** သတင်း။

တောမောင်သည် ရွာမှာ လူအဟု ရှုတ်ချသူတို့ကပြောပြီး ချီးကျူးသူတို့က လူရိုးဟု ခေါ်သည်။ ကိုင်းထားပါ။ တောမောင်သည် လူအ လူရိုးပေါ့။

ဖားကန့်မြေမဟာသို့ ငွေတစ်ရာအရင်းအနှီးနှင့်သွားခဲ့သူ၊ ရက်ပေါင်းနှစ်ဆယ်အကြာ ရွာသို့ ပြန်လာသည်။ ငွေတွေနှင့်ဆိုပဲ။ တောမောင်အိမ်မှာ လူတွေလူတွေ ဖွေးဖွေးလှုပ်နေရော။ လေးထောင်ကျော်ပေးရသော အသစ်စက်စက် ကက်ဆက်က တစ်ရွာလုံးကို ဟိန်းဟောက်နေတော့သည်။ 'ဝမ်းတီး တူးတီး ကော်ဖီဆို မသောက်ချင်ဘူး' ဟူသော မေဆွိအသံက ရွာသားများကို ဖမ်းစားညှို့ယူ

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ လာသမျှလူကို စီးကရက် တစ်လိပ်စီ ပေးသည်။ ဘုစုခရုကလေးများအတွက် သကြားလုံး။

တောမောင်ကို လူအဟုခေါ်ခဲ့သူများ အားနာရလေပြီ။ လူစွမ်းကောင်းကြီးအသွင်နှင့် အထင်ကြီးကြသည်။ သူ့ထံမှသွားနည်း လာနည်း လုပ်ပုံ ကိုင်ပုံ မေးကြသည်။ အကယ်ဒမီ ပူပူနွေးနွေးရထားသည့် မင်းသားပင် တောမောင်လောက် ဖြေရမည်မထင်။ အင်တာဗျူး လုပ်လိုသူက တစ်ထောင်နှစ်ထောင်၊ တောမောင်က တစ်ယောက်တည်း။ တောမောင်၏ ကောင်းသတင်းကား တစ်နယ်လုံး နကဲနက်ရှိုင်းရှိုင်း စိမ့်ဝင်သွားလေပြီ။ တောသူတောသား အားလုံး နှလုံးကြည်မွေ့ သဘောတွေ့ကြတော့၏။

နောက် ဝမ်းပါးစရာ သတင်းကား ရွက်ကြမ်းသားကိုသကြိန် အကြောင်း၊ နှစ်ထောင်း အားရစရာတော့ အကောင်းသား။

ကိုသကြိန်သည် လှည်းတစ်စီးကို ရောင်းပြီး အရင်းလုပ်သည်။ လောက်မည် မထင်သော် သူ့မိန်းမနားကပ်ကို ပေါင်သည်။ စုစုပေါင်း သောင်းကျော် ငွေတော့ကိုင်သွားသည်။ မန္တလေးအထိ ဆင်းသည်။ ပစ္စည်းဝယ်ပြီး ရထားနှင့်တက်သည်။ တစ်ခေါက်နှင့်အမြတ်ခြောက်ထောင်လောက် ပိုက်မိသည်။ တစ်လ သုံးခေါက်နှုန်းနှင့် သုံးလကြာခဲ့သည်။

ကိုသကြိန် ရွာပြန်ခရီးလှည့်ခဲ့သည်။



အမြတ်ငွေချည်း လေးသောင်းကျော်ကျော် ကော်ခဲ့သည်။ နွားကပ်ကို ရွေးသည်။ ဆွဲကြိုးတစ်ကုံးကို လည်ပင်းမှာ ချိတ်ဆွဲနိုင်သေးသည်။ လှည်းအသစ်ဝယ်သည်။ သားအကြီးအတွက် စက်ဘီး၊ သမီးအတွက် ဒေါင်းခွက်ကလေး။

အင်း....သတင်းတွေအာ သင်းလှချည့်လား။

ရွာမှာ ခွေအိပ်နေလို့ မဖြစ်တော့၊ ဖားကန့်တက်မှ။ ဟိုမှာဘာ ငွေတွင်းတိမ်သည်။ လုပ်ချိန်ကသည်း ဘာမှမကြာ။ တစ်လမဟုတ် တစ်နှစ်နေနိုင်သည်။ ငွေကချာချတာ အလွန်လွယ်ဘာပဲ။ အကြံကောင်းလျှင်တစ်ချက်၊ ကံကောင်းလျှင်ဘစ်သက်တဲ့။ မြောက်အင်းက မှတ်ရင်ဆိုတာသိသပေါ့။ သည်ကောင် အသောက်အစားကလေး လုပ်ချင်သား။ ဟိုချင်မြစ်ကျင်းက တောမောင်ဆိုတာက စာမတတ်ဘူး။ အတွက်အချက် ကျွမ်းတာမှတ်လို့၊ ရွက်ကြမ်းဈ သကြိန်ဆိုတာက တဇောက်ကန်းသမား၊ တွေးတာ၏ ခေါ်တတ်တာမဟုတ်။

သည်သုံးယောက်တောင် ကြီးပွားမှတော့....

စပါးသိမ်းပြီးလျှင် ဖားကန့် တက်တော့မည်။ ရက်ကောင်းရက်မြတ်ရွေးဖို့လောက်ပဲရှိတာ၊ ဘာမှအခက်အခဲမရှိ။

ဟုတ်တယ်၊ ဖားကန့်တက်မယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်ရွာက ချင်းမြစ်ကျင်း၊ မြောက်ဘက်ရွာက ရွှက်ကြမ်း၊ သည်နှစ်ရွာကြားမှာက တင်ကုတ်ကြီး၊ ရွာအမည်တတစ်မျိုးကြီး၊ ဘာအဓိပ္ပာယ်မှန်းလည်းမသိ။

ကံလှသည် တင်ကုတ်ကြီးသား၊ တောင်သူ လှယ်လုပ်ခါးမခုတ်၊ ပျိုးနုတ် လယ်ထွန်နှင့် အသက်မွေးနေသူ။ အသောက်အစားလား ဘာမှ အရသာမခံတတ်။ အပျော်အပါးလည်း ဝါသနာမထုံ။ ကိုယ်ကျင့်တရားဘက်ဆေးစမ်းကြည့်ဦးမလား။ သူတစ်ပါး ပစ္စည်းဆို၍ 'ကြံတစ်ချောင်း ပြောင်းတစ်ဖူး' တောင် မမှားဖူးခဲ့။ ကံငါးပါးလုံသော ကံလှ။

ကံလှ၏ ရှမငြိုးသော ချစ်ဇနီးကား ငွေစိန်၊ ငွေစိန်သည် ကံလှနှင့် လိုက်လျောညီထွေ ဖြစ်သည်။ အိမ်အလုပ်ကိုထောင့်စေ့အောင်လုပ်နိုင်သည်။ လင်မယားနှစ်ယောက်ကား 'စီးတဲ့ရေဆည်တဲ့ကန်သင်း' ကံလှရှာဖွေပေးသမျှ ငွေစိန် မပျောက်မရှအောင် သိမ်းထုပ် ထားနိုင်သည်။ သားသမီး နှစ်ယောက်ကို ဝဝလင်လင် ကျွေးမွေးနိုင်သည်။

ဖားကန့် သတင်းကောင်းများက ကံလှကို လောဘဇောကပ်စေသည်။ ကံလှလို လယ်သမား ရိုးရိုးအလုပ်နှင့် မကြီးပွားနိုင်။ အပိုအပွားမရှိနိုင်။

ကံလှအတွေးထဲမှာ ဖားကန့်က အမြဲတန်း ပါပါနေသည်။ ဖားကန့်ကိုသွားပြီး အလုပ်လုပ်ချင်သည်။ ငွေစိန်ကို တိုင်ပင်ကြည့်ရဦးမည်။ ငွေစိန်ကိုလည်း အလေးထားမှ သင့်မည်။



တစ်ည။

လဆန်းရက် လကလေးတလည်း အိမ်ရှေ့ အုန်းပင်များမှာ ချိတ်ဆွဲထားသလို။ အိမ်ကြမ်းပြင်မှာ လရောင်ဆမ်းထားသည်။ ဆောင်းနှောင်းလေစာလည်း ညင်ညင်သာသာလေး ဆော့မြူးနေသည်။

'ငွေစိန် အိပ်ပြီလား'

'မအိပ်သေးပါဘူး၊ မီးအဲကို နှိုတိုက်နေတာ'

'ငါ ဖားကန့်သွားချင်တယ်ဟာ....အဲဒါ'

'ကောင်းသားပဲ ကိုလှရယ်၊ အလုပ်လဲ အားနေပြီ'

'ဟုတ်တယ်ဟ၊ ထိုင်စားနေရုံနဲ့တော့ ဘာမှ အကျိုးရှိဘူး၊ သူများတွေတောင် အဆင်ပြေနေကြတာ မဟုတ်ဘူးလား'

'သွားတာတ ဟုတ်ပါပြီ၊ အရင်းအနှီး ဘယ်ကရှာလဲ၊ စပါးရောင်းသွားရုံပဲ၊ စပါးဈေးလဲကောင်းသားပဲ'

'အရင်းအနှီးမလိုဘူး ငွေစိန်ရဲ့၊ ခေါက်စား အထမ်းအားလုပ်ရင် တစ်ခေါက် နှစ်ထောင်တော့ အသာလေးဟ'

'နှစ်ထောင်'

'အေးလေ'

www.burmeseclassic.com



လင်မယားနှစ်ယောက် အတိုင်အဖောက် ညီညီနှင့် စိတ်ကူးရက်ထန်း ရက်နေကြသည်။ နို့စို့ကလေး မိအဲ အိပ်ပြီမို့ ငွေစိန် ကြမ်းပြင်ထွက်လာသည်။ ငွေစိန်မျက်နှာသည် လနှင့်အပြိုင် တောက်ပနေသည်ကို ကံလှ သတိထားမိသည်။

'နေ့...ဘယ်သူနဲ့ သွားမှာလဲ၊ တစ်ယောက်ထဲဆို တော့ တိုးတိုးဖော်မရှိ ဘာမရှိ'

'လွှယ်ပါတယ်၊ မိုးကောင်းရောက်ရင် ခေါ်မယ့်သူရှိ တယ်၊ အဖော်က သံခဲလိုက်မယ်တဲ့'

'ဟင်....ဒါဖြင့် အဆင်ပြေတာပေါ့၊ သံခဲက လူအေး ပါ'

ငွေစိန်သည် ကံလှ ဖားကန့်သွားစေချင်တာ ကြာ လှပြီ။ သည့်စကားမျိုး ပြောမှပြောပါ့မလားလို့။ ယော ကံလှ တိုင်ပင်သမျှ ငြင်းချက်မထုတ်။ ခေါင်းတညိတ်ညိတ် နှင့် ပုတ်သင်ညိုက ကြီးတော်ခေါ်နိုင်လောက်သည်။

'ဒါထက် အိမ်အလုပ်တွေ နိုင်ပါ့မလား'

'မပူနဲ့ ကိုလှ၊ နွားကျွေးလောက်ပဲရှိတာ မဟုတ်လား'

ငွေစိန် အာရှင်ရှင်နှင့် ကတိကဝတ်တွေ ပေးနေတော့ သည်။ ကံလှကလည်း ငွေစိန့်အပေါ် ယုံကြည်။

'တစ်ခုတော့ မှာပါရစေ၊ သတိဝီရိယ မပေါ့နဲ့နော်၊ ဖားကန့်က နေရာစိမ်းတော့'

'ငါ ကလေးမဟုတ်ပါဘူးဟာ၊ အူတူတူအစားမဟုတ် တာလဲ နှင်သိသားနဲ့'



လင်မယားနှစ်ယောက် စည်းဝါး ကိုက်နေကြသည်။ လဆန်းရက် လကလေးမှာ အနောက်ဘက် မန်ကျည်းပင် ကြား တိုးဝင်သွားလေပြီ။

'အောက်....အီး....အီး....အ တ်....'

သန်းကောင်ကြက် တွန်လေပြီ။ တစ်ရွာလုံး မောဟ ကြီးစွာ အိပ်နေချိန်မှာ လောဘဇနီးမောင်နှံမှာ ရှင်လန်း တက်ကြွလျက်။

'ကဲ....အိပ်ရေးပျက်ကုန်တော့မယ်၊ အိပ်ကြစို့'

နှစ်ယောက်သား အိပ်ရာထဲ ဝင်ကြသည်။

တော်တော်နှင့် အိပ်မပျော်၊ ဖားကန့်နတ်က ကြီးလှ ပါလား။ မသွားခင်ကပင် ပျော်ပိုသစ်နေပြီ။ ဖားကန့်ပြန် တို့၏ ဘဝကား စိုပြည်လတ်ဆတ်သည်မှာ လူတိုင်းအသိ။

ဒုတိယအကြိမ် ကြက်တွန်လေမှ အိပ်ပျော်သွားကြ လေသတည်း။

* * *

'မိနော် ပြာသို'

'မိနော် ပြာသို....မိညို တပို့တွဲ'

'မိညိုဆိုတော့ ကြာသပတေးနဲ့ အင်္ဂါ၊ ဒီတော့ တပို့တွဲ မှာ ရက်ရာဇာက ကြာသပတေးနဲ့ အင်္ဂါပေါ့၊ လဆန်း

www.burmeseclassic.com

www.burmeseclassic.com



ငါးရက်နေ့က အင်္ဂါနေ့၊ ဒီတော့ ငါးရက်နေ့က ရက်ရာဇာ၊ အဲဒီရက် သွားမယ်ကွာ'

ကံလှက ဦးစက္ကိန္ဒကျောင်းထွက်။ ရက်ရာဇာ ပြဿဒါး ရွေးတတ်သည်။ စတုတ္ထတန်းကိုလည်း တင်းပြည့်ကျပ်ပြည့် အောင်ထားသူ။ သံခဲက ဘာမှမဆိုသေး။ ကံလှ ပြောသမျှ သဘောကျပြီး ပြုံးစိစိ။

'မင်း...ယူစရာပစ္စည်းတွေ စီစဉ်ထား၊ ဖားကန့်သွားတာ တစ်ခုကောင်းတယ်၊ ဘာထောက်ခံစာမှ မလိုဘူးတဲ့'

ကံလှက အစစ စုံစမ်းထောက်လှမ်းပြီးသား။ သံခဲလို ခပ်ရိုးရိုးကိုဦးဆောင်နိုင်သည့် အရည်အချင်းတော့ရှိသည်။

'အေးလေ....စီစဉ်ထားပါမယ်'

ကံလှနှင့် သံခဲတို့ ဒူးတိုက်ဆွေးနွေးပွဲသို့ ငွေစိန် လက်ဖက်ရည်ကြမ်း လာချသည်။

'သောက်ကြ သောက်ကြ၊ အမြည်းတော့ မရှိဘူး၊ ဖားကန့်ကပြန်မှ ငါးရံ့ခြောက်ဖုတ်နဲ့ မြည်းကြပေါ့'

ငွေစိန်က ဆိုပြန်သည်။

'ငါးရံ့ခြောက် ဘာလုပ်မှာလဲ၊ ငန်ကငန်သနဲ့၊ ဟိုမှာ ဆတ်သားခြောက်တွေ အမြောင်း အမြောင်းတဲ့၊ ဆတ်သားခြောက်နဲ့ မြည်းကြတာပေါ့၊ ဟုတ်ဖူးလား သံခဲရာ'

သုံးယောက်သား ဝါးခနဲ ရယ်မောလိုက်ကြသည်။

ရှစ်ရက်ပြီးတစ်ရက် ကုန်လွန်သွားပြီ။

လဆန်း ငါးရက်နေ့ရောက်လာပြီ။ နေ့ကောင်း ရက်ကောင်း မဟုတ်လား။ ကြက်ဦးတွန်ကတည်းက ငွေစိန်



အိပ်ရာထသည်။ ထမင်းချက်သည်။ ငါးပိက ကြော်ပြီးသား။ ရေနွေးအိုး တည်ထားလိုက်သည်။

ကံလှလည်း အိပ်မရ။ မျက်နှာသစ်ပြီး သံခဲကို သွားခေါ်သည်။ သံခဲနှင့်အတူ အိမ်မှာ ထမင်းစားကြသည်။ ထမင်းကောင်းကောင်း စားမဝင်။ အပျော်စိတ်တွေက ဖိစီးထားတာကိုး။

ကံလှနှင့်သံခဲတို့ ဘုရားစင်အနီး ထိုင်ချလိုက်သည်။ ရွှေတိဂုံဘုရားပုံတော်သည် ကံလှ၏ ကိုးကွယ်ဆည်းကပ်ရာ ဘုရား။ ဘုရားကို ရိုကျိုးကြည်ညိုစွာ ကန်တော့ကြသည်။ နှုတ်မှလည်း တတ်သရွေ့ မှတ်သရွေ့ ရွတ်ဖတ်သည်။

ဘုရားကန်တော့ပြီး အိမ်ပေါ်မှဆင်းသည်။ ဘိုးတော်ကြီး နတ်ကွန်းရှိရာ ရွာအနောက်တောင်သို့ မျက်နှာလှည့်သည်။ ပြီး ထိုင်လိုက်သည်။ ဦးသုံးကြိမ်ချပြန်သည်။

ငွေစိန်ကို မှာသည်။ အနေအထိုင် အစားအသောက် ကအစ အသုံးအစွဲ အပြောအဆိုအဆုံး။ သားနှင့်သမီးတို့ကို ပွေ့ယမ်းနှုတ်ဆက်သည်။ ကံလှနှင့်သံခဲ လှုပ်ရှားနေသည်က ကြည့်လို့ပင်ကောင်းသေးတော့။ ယနေ့ ဗွီဒီယို ဓာတ်လမ်းတချို့ထက် စွဲမက်စရာ။

အထုပ်ကို ကောက်ထမ်းသည်။ ရွာ အရှေ့ပေါက်မှ ထွက်မည်။ လမ်းတစ်လျှောက်ရှိ အိမ်များကို နှုတ်ဆက်သည်။ ငွေစိန်က ရွာထိပ်အရောက် လိုက်ပို့သည်။

'ငွေစိန် နေရစ်တော့ တို့သွားမယ်'

'အဆင်ပြေပြေနဲ့ သွားလမ်း လာလမ်းဖြောင့်ပါစေ'

www.burmeseclassic.com

www.burmeseclassic.com



ငွေစိန်၏ ဆုတောင်းသံတား တိုးလွန်းသည်။ ယခုလို တစ်ခါမှ မခွဲဖူးသေး။ သည်လို ခရီးဝေးဝေးသည်။ သွားဖူး။ ကံလှကိုသနားသလိုလို လွမ်းသလိုလိုနှင့်ငွေစိန် မတ်တတ်ရပ် ကျန်ရစ်ခဲ့သည်။ ကံလှတို့သည် တဖြည်းဖြည်း ဝေးရာမှ သေးမှုန်သွားသည်။ တောတန်းတစ်ခု အရောက် တွင် ရိပ်ဆနဲ ပျောက်သွားတော့မှ ငွေစိန်အိမ်ပြန်ခဲ့သည်။

အိမ်ပြန်ခြေလှမ်းများအား နှေးကွေးနေသည်။

ငွေစိန်မျက်ဝန်းတစ်စုံမှ မျက်ရည်ဥနှစ်လုံးသည် ပါး ပြင်ပြေးလမ်းပေါ်သို့ ပြေးရန် တာစူနေတော့သည်။

* * *

ကံလှတို့ အစကောင်းသည် ဆိုရမလားမသိ။ မိုးကောင်း မရောက်မီ ရထားပေါ်မှာ သဘောကောင်းသော လော ပန်းနှင့်တွေ့သည်။ လောပန်းဆိုသည်မှာ အထမ်းသမား ငှား၍ ဈေးရောင်းနေသူ၊ ငွေအရင်းအနှီးရှိလျှင် မည်သူ မဆို လောပန်းလုပ်နိုင်၏။

ကံလှနှင့် သံခဲတို့ အထမ်းသမားအဖြစ် ဖားကန့်သွား ကြလေပြီ။ ဖားကန့်ခရီးသည် ရိုးရိုး ခြေညှပ်ဖိနပ်နှင့် မဖြစ်။ ပွိုင့်ဟု ခေါ်သော တောစီးဖိနပ်ကို နှစ်ရာကျပ် ပေး၍စီးရသည်။ ပစ္စည်းထည့်၍ ပိုးရသောခြင်းကိုလည်း ဝယ်ရသည်။ သိုင်းကြိုး ဆိုင်းကြိုးအပါအဝင် တစ်ရ



ငါးဆယ်ကျပ်။ သည်ပစ္စည်းတွေ ဝယ်ဖို့အတွက် ငွေမလို။ လောပန်းက စိုက်ထုတ်ထားသည်။ နောင်မှ ခုနှိမ်ရှိသာ။

ထမ်းခအတွက် စကားပြောသည်။

တစ်ပိဿာ တစ်ရာကျပ်နှုန်းနှင့် တည့်သွားသည်။ တစ် ယောက် သုံးဆယ့်ငါးပိဿာ ပိုးမည်။ ဖားကန့်ရောက်လျှင် ငွေသုံးထောင့်ငါးရာကျပ် ရမည်။

လမ်းခရီးက မြေလမ်း၊ ကျယ်ကျယ်ပြန့်ပြန့်ရှိ၍ ကား မောင်းနိုင်သည်။ မိုးကောင်းမှ ကာမိုင်းအထိ ကားစီးနိုင် သည်။ ကားခက ငါးရာကျပ်ကြီးတောင် ပေးရသည်။ သို့သော် ကံလှတို့ ကားမစီး။ ခြေလျင်သွားသည်။ ပတ် ဝန်းကျင်ရှုခင်းများက ပင်ပန်းမှုကို ပပျောက်စေသည်။ စိမ်းစိုညို့မှိုင်းနေသော သမပိုင်းသစ်တောများက တစ် မျှော် တစ်ခေါ်၊ ပြာလဲ့လဲ့တောင်တန်းတို့ကားပတ်လည် ဝိုင်းနေသည်။

ခရီးသွား ခရီးပြန်တို့တား ကြက်ပျံမကျစည်ကားလှ သည်။ လောပန်း လုပ်သူကား အထမ်းသမားများနှင့် အတူ လိုက်ပါလာသည်။ ဖားကန့်မှ ဆင်းလာသူများ ကို ဈေးမေးရသည်မှာလည်း လောပန်းအလုပ်။

မိုင်ဝက်ခရီးကို တစ်ထောက်နား၍ သွားရသည်။ တောင်ဆင်းတောင်တက်ခရီးဖြစ်၍ မနားဘဲ သွားမရ။ ဝန်ချိန်ကလည်း မနည်းလှ။ ညနေစောင်းတော့ ဆေးင်း ခါရွာကလေးသို့ ရောက်သည်။ ကချင်ရွာကလေးတစ်ရွာ ဖြစ်သည်။ သည်ရွာမှာ တစ်ညအိပ်မည်။ ဆန်ပါလာသူအာ

www.burmeseclassic.com



ထမင်းချက်စား၍ မပါသူက ထမင်းဝယ်စားသည်။ ထမင်းတစ်ခါပြင်လေးဆယ့်ငါးကျပ်ရှိသည်။ တစ်ခါပြင် ထမင်းကလည်း တစ်ပန်းကန်ပြားပင်မပြည့်။ စိတ်ရှိတိုင်း စားမည်ဆိုက သုံးပွဲအထိ ကုန်နိုင်သည်။

ကံလှနှင့် သံခဲသည် အဆင့်ပါလာသော ဆန်ကိုချက်သည်။ ငွေစိန်ထည့်ပေးလိုက်သော ငါးပိကြော်နှင့်ပဲလှော်ကို ဟင်းအဖြစ် စားသည်။ အခါတိုင်း ငါးပိကြော်နှင့် ပဲလှော်ကိုထမင်းစားမမြိန်။ ယခုတော့ စားကောင်းလွန်း၍ချွေတာရတော့သည်။ ပင်ပန်းလွန်းတာကိုး။

နောက်တစ်နေ့ နံနက် ၆ နာရီလောက်မှ ခရီးဆက်ရသည်။ ရှေ့မှာ ကာမိုင်းမြို့။ ကာမိုင်းသည် မြို့နယ်အဆင့်မြို့ကလေး။

မိုင်ဝက်သွား၊ ခေတ္တနား။ မိုင်ဝက်သွား၊ ခေတ္တနားနှင့် ခရီးနှင်ခဲ့ရာ ညနေတွင် ကာမိုင်းမြို့သို့ ရောက်သည်။ ဧည့်စာရင်းတိုင်၍ တစ်ညအိပ်သည်။ အိပ်ခဆယ့်ငါးကျပ်ကုန်သွားသည်။

ကာမိုင်းမှ မနက်ခရီးဆက်ရပြန်သည်။

မအူပင်၊ ခွန်မဆိုင်စု၊ ရုံးထောင်၊ နန့်တိန်း၊ လုံးခင်းစသည့်စခန်းများကိုဖြတ်၍ လေးရက်တိုင်တိုင် ခရီးပြင်းနှင်ရသည်။

ကံလှနှင့် သံခဲတို့သည် လယ်သမား။

လယ်သမားအလုပ် ပန်းလှပြီဟု ထင်ခဲ့သည်။ ယခု ဖားကန့်အာထမ်းသမား အလုပ်သည် ပို၍ ပင်ပန်းမှန်းသိ



လာရသည်။ ကံလှနှင့် သံခဲသည် ပင်ပန်းသေစီလည်း မညည်းမညူ။

သံခဲသည် ခရီးသွားရင်း သီချင်းတကြော်ကြော်နှင့်။

လုံးခင်းမှာ တစ်ထောက်နားကြသည်။

လုံးခင်းက ရွာကြီး တစ်ရွာ။ တောရိပ် တောင်ရိပ်ကြောင့် အေးမြ စိမ်းစိုနေသည်။ နေပျော်စရာ ကောင်းသောရွာ။ ဖားကန့် ခရီးသည်များကြောင့် စည်ကားနေသည်။

လုံးခင်းမှ ဖားကန့်သို့ သုံးမိုင်သာဝေးသည်။ ခြေလျင်လည်း သွားနိုင်သည်။ ဥရုချောင်းအတိုင်း စက်လှေနှင့်လည်း သွားနိုင်သည်။ စက်လှေခမှာ လေးရာကျပ်။

ကံလှတို့မှာ ထုံးစံအတိုင်း ခြေလျင်။

ဖားကန့်နှင့် နီးလာပြီဖြစ်၍ ပျော်နေကြပြီ။ မနက်ဆယ်နာရီမှာ ဖားကန့်သို့ရောက်တော့သည်။ မိုးကောင်းမှ ဖားကန့်အထိ ၆၇ မိုင်ခရီးကို ခြောက်ညအိပ် လာခဲ့ရသော ကံလှတို့သည် ခရီးပန်းနေပြီ။ သို့သော် အပြုံးမပျက်။

ဖားကန့်ဈေးမှာ မိမိထမ်းလာသော ပစ္စည်းများကို လှောပန်းထံ အပ်ရသည်။ လှောပန်းက စစ်ဆေး၍ လုပ်အားခပေးသည်။ သုံးထောင့်ငါးရာကျပ်ထဲမှ ယူသုံးထားသောငွေကို နုတ်ယူသည်။ ကံလှအတွက် သုံးထောင်ကျပ် အသားတင်ရသည်။ သံခဲလည်း သုံးထောင်။

ငွေသုံးထောင်ကျပ်ကို ကံလှ သေသေချာချာ ဂဃနဏ ရေတွက်ကြည့်သည်။ အပိုအလိုမရှိ။ ကံလှမျက်နှာ ရွှင်ပျ

www.burmeseclassic.com



လန်းဆန်းနေသည်။ သံခဲလည်း ငွေသုံးထောင်ကို သားရေကွင်းနှင့်စည်းထုပ်၍ ကြံတိုင်းအောင် လွယ်အိတ် အောက်ခြေမှာ ထည့်နေတော့သည်။

ဖားကန့်မှာ တိုးမပေါက်နိုင်လောက်အောင် စည်ကားဘိခြင်း။ တောရွာဘုရားပွဲတွင် နာမည်ကြီးဇာတ် ကပြသည်ထက် ပို၍သိုက်မြိုက်သည်။ လူနေအိမ်များမှာလည်း သန့်သန့် ရှင်းရှင်း လတ်လတ် ဆတ်ဆတ်။ သွပ်မိုးအိမ်များချည်း တွေ့ရသည်။ ဝတ်စား ဆင်ယင်မှု မှာလည်း သစ်သစ်လွင်လွင်နှင့် အရောင်ထွက်နေသည်။ ဘောင်းဘီရှည်နှင့် စပို့ရှပ်ကို အများဆုံး ဝတ်ဆင်ထားသည်။ ဟောင်ကောင် ရောက်နေသလိုလို။

ဈေးထဲမှာလည်း ပစ္စည်းမျိုးစုံက နေရာအပြည့်ယူထားသည်။ ဖားကန့်မှာ ငွေလည်း မရှား။ ပစ္စည်းလည်းမရှား။ မိမိ စိတ်ကူးတွေ့ရာ ပစ္စည်းကို မေးကြည့်၊ မရှိဟူသောစကား ကြားမည် မဟုတ်။

ကံလှနှင့် သံခဲသည် ဖားကန့်အလှအပကို မခံစားနိုင်။ ဖားကန့် သဘာဝကို မပျော်မွေ့နိုင်။ အထမ်းသမားသည် ဖားကန့်မှာ ကြာကြာနေ၍ မရ။ စက္ကန့်နှင့်အမျှ စရိတ်ကထောင်းလွန်းသည်။

ဖားကန့်ကို ဘုရားစူးလွှတ်ရုံသာနေပြီး ပြန်ကြရမည်။ တကယ်ဆိုရလျှင် ဖားကန့်မှာ တစ်နာရီသာ နေခဲ့ပြီး ပြန်ဆင်းခဲ့ရသည်။ မပြန်လို့မဖြစ်။ လုပ်အားခ ငွေကလေး



ပိုင်ဆိုင်ဖို့အတွက် ဖားကန့်ကို ချစ်သော်လည်း ပစ်ခွာခဲ့ရသည်။

လာလမ်းအတိုင်း ပြန်ခဲ့ကြသည်။

အပြန် ခရီးသည် လူချည်းသက်သက်။ ပေါ့ပေါ့ပါးပါးမို့ ခရီးတွင်သည်။ သုံးညအိပ်နှင့် မိုးကောင်းရောက်သည်။ မိုးကောင်းမှတစ်ဆင့် ရထားနှင့်စုန်ခဲ့သည်။

ရွာနှင့်ဖားကန့်၊ ဖားကန့်နှင့်ရွာအသွားအပြန်ဆယ်ရက်ကြာခဲ့သည်။ စရိတ်စုစုပေါင်း တစ်ထောင်လောက် ကုန်သည်။ နှစ်ထောင့်ငါးရာက အိတ်ထဲမှာ အထပ်လိုက်။ တစ်ရက် နှစ်ရာ့ငါးဆယ်နှုန်းနှင့် စီခဲ့သည် မဟုတ်လား။

ရွာသို့ မြူးထူး ခုန်ပေါက်လျက် ဝင်သည်။

ရွာပြန် မျက်နှာလှလေခြင်း။

* * *

အချိန်က နံနက် ရှစ်နာရီထိုးပြီ။ ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်း ခေါက်သံက တစ်ရွာလုံးကို လှုပ်ရှားစေသည်။ ကုသိုလ်တရားကို ပွားများစေသည်။ အကုသိုလ်စိတ်များ လွင့်စင်စေနိုင်သည်။

ရှစ်နာရီသည် ဆွမ်းပို့ချိန်။

ငွေစိန် ဆွမ်းပို့မပျက်။ သဒ္ဓါတရား ရွှန်းရွှန်းမြိုင်သူ

www.burmeseclassic.com



တစ်ယောက်။ ဘုန်းတော်ကြီးကျောင်းမှ ငွေစိန် ပြန်ခဲ့သည်။

အလို....ဘာပါလိမ့်။

လူတွေ အုတ်အုတ်ကျက်ကျက် ပါလား။

ကံလှတို့ ပြန်ခဲ့တာကိုး။ ကံလှကို လူတွေက ဝိုင်းအုံထားသည်။ ကံလှကို မမြင်။ ငွေစိန် ရင်မှာတဖျပ်ဖျပ်။

'ငွေစိန်ရေ....ဝမ်းသာတော့ဟေ့'

ဘကြီးဖျန်းက အော်ပြောလိုက်မှ ငွေစိန် ပျော်သည်။ ဖားကန့်ပြန်မို့ လူတဖွဲဖွဲ ရောက်လာသည်။ ခြေဆာနေသော ဒေါ်နီတာလည်း ချိုင်းထောက်ကြီးနှင့် လာနေပြီ။ စကားမပီသော ကိုပီတာလည်းတွေ့ရသည်။ သူ့နောက်က ကလေးများကလည်း အုတ်အုတ်-အုတ်အုတ်။ ဒုက္ခိတ ဦးဘကြိုင်လည်း သူ့မြေးကို တုတ်ဆွဲခိုင်း၍ သတင်းမေးသည်။ အဲဂိလာန ငပျော့လည်း တွေ့ရသည်။ ဒါဆို လူစုံပြီ။

ကံလှ၏ လက်ဆောင်ကို ငံ့လင့်နေကြသော ကလေးများကလည်း လှုပ်လှုပ် လှုပ်လှုပ်နှင့်။ မနှစ်က သားရှင်ပြုပွဲမှာသည်လောက် မစည်။

'ငွေဘယ်လောက်ပါလဲ'

'တယ်မြန်တာကိုး'

'ဘာ နှစ်ထောင့်ငါးရာ၊ ဟုတ်လား'

'ဆယ်ရက်ထဲနော်'

'ဟဲ့ ခိုညွန့်တို့ ငဒိုးတို့ ကြားရဲ့လား'

'ဒီအလုပ် လုပ်သင့်သကွ'



စသည့် စသည့် အသံတို့ကား ပွက်လောရိုက်နေသည်။ အံ့ဩခြင်း၊ အားကျခြင်း၊ ချီးကျူးခြင်းတို့ တစ်ပြိုင်တည်း ဖြစ်ပေါ်နေသည်။

ထိုအချိန်မှာပင် သံခဲ အိမ်မှာလည်း တရုန်းရုန်း....။

*တချို့က သံခဲအိမ်မှ ကံလှအိမ်သို့ ကူးသည်။* တချို့က ကံလှအိမ်မှ သံခဲအိမ်သို့ ပြေးသည်။ သူတို့ အချင်းချင်း အချောင် ငြင်းခုံနေကြသေးသည်။

'တစ်ထောင့်ငါးရာတဲ့'

'နှစ်ထောင့်ငါးရာပါကွ၊ ငါဒိုင် မေးခဲ့ပြီ'

'နားကြားလွဲလို့ထင်ရဲ့'

အင်း..တယ်လည်း ခက်ပါလား။ တချို့က မနက်စာ မစားရသေး။ တချို့က ထမင်းမေ့ဟင်းမေ့။ ကျေးလက်မှာတော့ သည်လိုမျိုးပဲ။ ရိုးသားမှု ပေါက်ကွဲသည် ဆိုရမလား။

ကံလှနှင့် သံခဲသည် တင်ကုတ်ကြီးရွာ၏ ပထမဆုံးသော ဖားကန့်ပြန်များအဖြစ် ရွာ့သမိုင်းမှာ မှတ်တမ်းတင်ခံရသည်။

ညနေပိုင်းတွင် လူသူရှင်းသွားပြီ။

ကံလှက ငွေနှစ်ထောင့်ငါးရာကို ငွေစိန်ထံအပ်သည်။ ငွေစိန့် အပြုံးက မိုနာလီဇာ အပြုံးကို စံချိန် ချိုးသွားသည်။

'ကလေးတွေအတွက် ဘာမှ မဝယ်ခဲ့ဘူး၊ နင်ကြိုက်တာ ဝယ်ပေါ့။ မိုးကောင်းမှာလဲ ကြာကြာမနေခဲ့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကံလှသည် ငွေစိန်ကို အကြောင်းစုံလင် ရှင်းပြသည်။ ငွေစိန်က ငွေထုပ်ကိုပိုက်လျက် ကျုံ့ကျုံ့ကလေး ထိုင်နေသည်။

ညရောက်သော်လည်း ကံလှ စောစောမအိပ်ရ။

သတင်းမေးသူများ ရောက်လာသည်။ မည်သူကမှ မေး ငွေကိုသာ အဓိကထားသည်။ ဖားကန့်အကြောင်း မပါ။ ငွေထက် စိတ်ဝင်စားစရာ လောကမှာမရှိ။ မေးလည်း မေးထိုက်သော မေးခွန်းလေ။

ကံလှသည် ဖားကန့်အတွေ့အကြုံကို ရှင်းလင်းရပြန်သည်။ စိတ်ဝင်စားသူ များလာသည်။ စိတ်မဝင်စားရှိ မဖြစ်။ ရွာမှာ ကျန်ရစ်သူအတွက် အပိုဝင်ငွေ နှင့်တွဲ။ ကံလှ ကလည်း ဒက်ခနဲ ဒက်ခနဲနေအောင် ပြောနိုင်သည်။ သူ ပြောသမျှကို အသက်ရှူမှသည်အထိ နားထောင်သော ပရိသတ်က တုတ်တုတ်မှမလှုပ်။

ဖားကန့်လိုက်လိုသူ၊ သွားလိုသူများ ပေါ်ထွက်လာ သည်။ ကြီးပွားချင်ကြတာကိုး။

လပြည့်နေ့ည၏ လရောင်ကား ဖားကန့်စကားဝိုင်းကို ကူညီ ပံ့ပိုးပေးနေသည်။ စကားဝိုင်းမှာ မပြီးဆုံးနိုင်။ အလိုက်သိသော ရွာသားများက ကံလှကို နှုတ်ဆက်၍ ပြန်နိုခဲ့သည်။



အိပ်ချင်ရှာလိမ့်မည်။
ခရီးပင်ပန်းလာခဲ့သည် မဟုတ်လား။

* * *

ဘံလှ အိမ်မှာ ဆယ့်ငါးရက်နားသည်။

အိမ်မှာရှိနေစဉ် လယ်တောသွားသည်။ ကန်သင်းဆင်းသည်။ နွားချေးချသည်။ ရေနုတ်မြောင်း ဖော်သည်။ အအားမနေတတ်။ ထင်းနှစ်စီးခုတ်သည်။ အိမ်ကို စည်းကာသည်။ ကံလှသည် အလုပ်လုပ်ရာမှာ စံပြ။

အိမ်အလုပ်တွေ စုံသလောက်ဖြစ်သွားပြီ။

အိမ်ကို အလွန်ပျော်သူ။ သို့သော် စီးပွားရေးအတွက် ခရီးထွက်ရမည်။ သံခဲနှင့် စီစဉ်သည်။ ခိုညွန့်၊ ငဒိုးနှင့် ညိုရောင်တို့လည်း လိုက်ရန် ပြောလာသည်။ ကံလှ လက်ခံသဘောတူသည်။ အဖွဲ့အားကောင်းသွားသည်။ မျက်စိပွင့်ကြပြီလေ။

ရက်ကောင်းရွေးပြီး ဖားကန့်ထွက်လေပြီ။

ဒုတိယအကြိမ်ဖြစ်၍ စမ်းတဝါးဝါး မနေတော့။ အဆက်အသွယ်တာ ရှိပြီးသား။ သွားလမ်းက ဖြောင့်လို့ ပြူးလို့။

ဖားကန့်သို့ သတ်မှတ်ချက်ရက်အတိုင်း ရောက်သည့် သည်တစ်ခေါက်လည်း သုံးထောင့်ငါးရာကျပ်စီ ကမ်းခ

www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။ ဖားကန့်၏ စားစရိတ်သည် လွန်စွာထူထောင်း လွန်း၍ ကြာကြာမနေရဲကြ။ ညနေပိုင်းတွင် ပြန်ဆင်းရန် ညှိထားသည်။ ကံလှအကြံကို အားလုံးက လက်ခံသည်။

'အောင်သရဖူ ကဖေး'

ဖားကန့်၏ နာမည်ကြီး ဆိုင်ရှေ့မှာ မုံရွာနယ်သား ဟန်သိန်းနှင့် တွေ့သည်။ ကံလှနှင့် ပထမအခေါက်က သိကျွမ်းခဲ့ရသူ။ ဟန်သိန်းသည် ဖားကန့်မှာ တစ်လကျော်ခဲ့ပြီ။ အရင်က ဟန်သိန်းနှင့် မတူတော့။ ဂျင်းဘောင်းဘီနှင့် စပို့ရှပ်နှင့်။ ကုပ်ဝဲနာရဲ့ကလည်း ပြုံးပြုံးပြက်ပြက်။ နှုတ်ခမ်းမှာက စီးကရက်။ တစ်သွေးတစ်မွေး ဖြစ်နေလေသည်။

ကံလှတို့အဖွဲ့ကို ဟန်သိန်းက ဒါနပြုသည်။ ကော်ဖီတစ်ခွက်နှင့် ပလာတာတစ်ခုစီ ကျွေးသည်။ ကော်ဖီတစ်ခွက် သုံးဆယ်ကျပ်။ ပလာတာက နှစ်ဆယ့်ငါးကျပ်။ ငါးသုံးလုံးစီးတရက် တစ်ပွဲကိုလည်းမှာလိုက်သေးသည်။ ထောင်တာမှာငွေရှင်းတော့ ခြသေ့်နှစ်ကောင် ခုန်ပေါက်ထွက်ပြေးသွားပြီ။ ကံလှတို့ အံ့ဩမဆုံး။ လတ်တလောသောက်ခဲ့သော ကော်ဖီအရသာကို မေ့သွားပုံရသည်။

ကံလှနှင့် ဟန်သိန်း နှစ်ယောက်တည်း စကားပြောဖြစ်သည်။ ဟန်သိန်းက ခြေဟန်လက်ဟန်နှင့် ရေပက်မဝင်ဆိုမြည်သည်။ ကံလှ ပါးစပ် ဟောင်းလောင်းကြီးနှင့် အာရုံစူးနစ်နေတော့သည်။ ခေါင်းညိတ်လိုက် ခေါင်းခါလိုက် ဖြစ်နေသည်။



ကံလှကို နှုတ်ဆက်၍ ဟန်သိန်း ပြန်ထွက်သွားသည်။ ကံလှကို ကျန်လေးယောက်က စောင့်နေသည်။

'မင်းတို့ပြန်ကြကွာ၊ ငါတော့ ဖားကန့်မှာ တစ်လလောက် နေရစ်ခဲ့မယ်၊ ဟန်သိန်းက အလုပ်သွင်းပေးမယ်တဲ့၊ ရော့ ငွေစိန်သုံးဖို့ ငွေတစ်ထောင်'

ကံလှ၏ မမျှော်လင့်သော စကားကြောင့် အားလုံးက အံ့ဩသည်။ သံခဲက စိုးရိမ်စိတ်နှင့် တားသေးသည်။ သို့သော် ပြောမရတော့ပါ။ သံခဲ၊ ခိုညွန့်၊ ငဒိုးနှင့် ညိုရောင်တို့ ပြန်သွားကြလေပြီ။

ကံလှ အကြံကျယ်ပြီပေါ့။

အထမ်းသမားအလုပ် မလုပ်ချင်တော့။ ဆင်းရဲလွန်းသည်။ မိုးကောင်း ဖားကန့်ခရီးသည် ပန်းခင်းလမ်း မဟုတ်။ ချစ်သူနှင့် ပျားရည်ဆမ်းခရီးမဟုတ်၍ ပင်ပန်းနွမ်းနယ်လွန်းသည်။ အလေးချိန် သုံးဆယ့်ငါးပိဿာမဆိုထားနှင့် သုံးဆယ့်ငါးကျပ်သားပင် လေးလံသောခရီး။

ဟန်သိန်းစေတနာကလည်း ဖြူသည်။

နေစရာတဲမှအစ အလုပ်ရသည်အထိ ရှာဖွေပေးသည်။ တဲဆို၍ အထင်မသေးလိုက်နှင့်။ ဖားကန့်မှ တဲတစ်လုံးသည် တစ်သောင်းအထိ တန်ကြေးရှိသည်။ 'တူနှစ်ကိုယ်တဲအိုပျက်မှာ နေရနေရ' ဟူသော တေးစာသားသည် ဖားကန့်မှာ လိုရင်းအဓိပ္ပာယ်သို့ မထိမိ။ ရသ မမြောက်တော့။

www.burmeseclassic.com

www.burmeseclassic.com



ကံလှအလုပ်က နေ့စားအလုပ်။ ကျောက်စိမ်းတူးရာတွင် အလုပ်သမားအဖြစ် လုပ်ကိုင်ရသော၊ ဖားပြင်မှော်မှာ အလုပ်လုပ်ရသည်။ ကျင်းပိုင်၏ ခိုင်းစေသမျှကိုလုပ်ရန် ဖြစ်ပြီး တစ်နေ့ သုံးရာကျပ်က ပြေးမလွတ်။

ဟန်သိန်းနှင့် ညနေမှသာ တွေ့ရသည်။ ဟန်သိန်းသည် ဒေါက်တာရမ်းကု။ သိပ်ကြီးပွားတဲ့အလုပ်။ ဟန်သိန်း ပြန်လာတိုင်း အရက်နံ့က ခပ်သင်းသင်း။ တစ်ညနေတော့ ဟန်သိန်းက တဲသို့ စောစော ရောက်နေသည်။ ကံလှ ပြန်အလာတွင် ကချင်အရက် တစ်ပုလင်းနှင့် အမြည်း ဟင်းသုပ်ကို ကြမ်းပြင်မှာ ချထားလိုက်သည်။

'ကိုကံလှ ဆေးဖြစ်ဝါးဖြစ် လုပ်စမ်းပါဦး'

ကံလှ လက်ကာ ခေါင်းခါ၍ငြင်းပယ်သည်။

'ဖားကန့်မှာ ငှက်ဖျားရှိတယ်လေ၊ ချွေးလေး ဘာလေးထွက်အောင် ကချင်ဆေးကို မှီဝဲမှဖြစ်မယ်'

ကံလှ အရက်မသောက်တတ်။ သောက်ချင်စိတ်လည်း မရှိ။ ဟန်သိန်း၏ စေတနာကိုလည်း အားနာမိသည်။

'ကဲ....နည်းနည်းထည့်ဗျာ၊ မူးနေရင် ဒုက္ခပဲ'

ဟန်သိန်းက အဆင်သင့်ထည့်ထားသော ခွက်ကို ပေးသည်။ ကံလှ မဝံ့မရဲနှင့် မော့ချလိုက်သည်။ အူလမ်းကြောင်းတစ်လျှောက် ပူရှရှ စီးမျောသွားလေ၏။

'အား....ဆိုးတယ်ဗျာ'

'ရော့လေ....ဝက်ခေါက်သုပ်လေး ဝါးလိုက်ပေါ့'



အူရှိန်း ကံလှသည် ကချင် အရက်ကို မခုခံနိုင်။ မူးနောက်နောက် ယစ်တစ်တစ် ဖြစ်နေ၍ မျက်လုံးများ မှေးစင်းနေသည်။

'လုပ်စမ်းပါဦး၊ ပါးပါးကလေးပါ'

ကံလှ မငြင်းချင်တော့။ အရက်တစ်ပုလင်း တစ်ရာ့နှစ်ဆယ်နှင့် အမြည်း လေးဆယ့်ငါးကျပ်ဖိုးကို ညွှန်ပြုနေသော ဟန်သိန်းအား မစော်ကားချင်တော့။

ကံလှနှင့် ဟန်သိန်း တစ်လှည့်စီ သောက်ကြသည်။ အရက်တန်ခိုးကြောင့် စောစောအိပ်ရာဝင်ကြသည်။

ကံလှသည် အလုပ်ကို ပုံမှန်ဆင်းသည်။ ကျင်းပိုင်က ကံလှကို သဘောကျသည်။ နေ့တွက်သာမက၊ အပိုငွေလည်း ရတတ်သည်။ အနည်းဆုံး လေးဆယ့်ငါးကျပ်။

ဖားပြင်မှော်သည် ကျောက်စိမ်းတူးသူများနှင့်လှုပ်ရှားနိုးထနေသည်။ ကက်ဆက်သံ တညံညံနှင့်။ ကျင်းအောင်၍ ချမ်းသာသူရှိသလိုကျင်းရှုံး၍ဆင်းရဲသွားသူလည်းရှိသည်။ ကျင်းပိုင်များသည် ရေဆာလျှင် ရေကိုမသောက်။ ဘီယာသာ သောက်ကြသည်။ နေ့စားများက ဥရုချောင်းရေသာ သောက်သည်။ ချောင်းရေက မသန့်။ ရောဂါဖြစ်စေရန် ရာခိုင်နှုန်း ကိုးဆယ့်ကိုးအထိ ရှိသည်။ အဖျားသူနာက ရေတွက်ခြင်းငှာ မစွမ်းတော့။ နေ့စဉ် သေဆုံးသူလည်း ရှိသည်။ သို့သော် ဖားကန့်မှာ လူမပြတ်။ စည်မြဲ [illegible]င်း စည်နေသည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ဖားကန့်မှာကြီးပွား၍ ရန်ကုန်၊ မန္တလေးမှာ တိုက်ဝယ်ကားဝယ်သူလည်း မရှား။ တီဗွီ၊ ဗီဒီယို ဆိုတာမျိုးအားလက်ဆောင်ပစ္စည်းအဆင့်ထားမော်။ ဤသို့ ထိုသို့ ကြီးပွားသူရှိနေခြင်းကြောင့် ဖားကန့်မှာ ငှက်ဖျားမဟာ၊ ဂဠုန်ဖျားဖြစ်ဖြစ် ကြောက်ရွံ့မည် မဟုတ်ပါ။

ကာလုနှင့် ဟန်သိန်းတို့ တစ်လအတွင်း အရက်သုံးခါသောက်ဖြစ်သည်။ ကာလုမှာ ငွေမကုန်။ ကာလု ငွေကိုဟန်သိန်းက မထိမတို့။ ကာလု ငွေစုသည်ကို ဟန်သိန်းဝမ်းသာသည်။

ဟန်သိန်း အလုပ်ကလည်း အားကျစရာ။

ဆေးတစ်လုံးထိုးလျှင် နှစ်ရာကျပ်အထိရပြီး ဆလိုင်းချိတ်ပါက ထောင့်သုံးရာအထိ ရတတ်သည်။ ဘာမီတွန်လိုဆေးတစ်ပြားကိုပင် ငါးကျပ်၊ တစ်ဆယ် တောင်းမော်။ မချမ်းသာချင်မှ အဆုံး။

ကာလု လက်ထဲမှာ ငွေတစ်သောင်း နှစ်ထောင်ကျော်ရှိနေပြီ။ ငွေစိန်လည်း မျှော်နေ ရော့မည်။ ဟန်သိန်းကလည်း ပြန်ရန် တိုက်တွန်းသည်။

ငွေထုပ်ကြီးကို ပိုက်၍ ရွာသို့ ပြန်လာခဲ့သည်။

* * *



ကာလု ရွာပြန်ရောက်တော့ ထုံးစံအတိုင်း လူစည်ပြန်သည်။ ဟိုစပ်စပ် သည်စပ်စပ် ဝါသနာပါသူတို့ ရှေ့ဆုံးကကာလုကို အထင်ကြီးသွားကြသည်။

ကာလု အမည်ကို ရှိုးရှိုးမခေါ်တော့။ 'ဖားကန့်မင်းသား'ဟု ထော်ပနာပြုကြသည်။ ကာလုကိုယ်တိုင်ကလည်း သည်နာမည်ကို လိုလိုလားလား လက်ခံသည်။

သည်နယ်မှာ မှတ်ရင်သည် ထိပ်တန်း အကျဆုံး။ မှတ်ရင်သည် ငွေငါးသောင်းကျော်ကိုင်ပြီး လောပန်းလုပ်နေသည်။ မှတ်ရင်၏ တစ်လဝင်ငွေသည် တစ်သောင်းခွဲအထိရှိသည်။ ကာလုသည် မှတ်ရင်ကို အားကျသည်။ မှတ်ရင်၏ စီးပွားသည် တရိပ်ရိပ် တိုးတက် လာသည်။ အိမ်ကို သွပ်မိုးပြီးပြီ။ လယ်ပိုင် ယာပိုင် ဖြစ်နေပြီ။ အိမ်ထောင်ပရိဘောဂ ကလည်း အကန့်လိုက် အကန့်လိုက်။ ရှစ်ထောင်ကျော်ပေးရသော ဆောင်းဘောက် နှစ်လုံးတပ်ကက်ဆက်ကြီးကလည်း စားပွဲပေါ်မှာ ငွားငွားစွင့်စွင့်ဂုဏ်ခံနေတော့သည်။

မှတ်ရင်လည်း တောသား။ ကာလုလည်း တောသား။ တောသားချင်းအတူတူ မှတ်ရင်လို ဖြစ်အောင် ကြိုးစားနိုင်ရမည်။ မှတ်ရင်လို အရင်းအနှီးရှိဖို့တော့ လိုအပ်သည်။

ကာလုနှင့် ငွေစိန် ခေါင်းချင်း ရိုက်တော့သည်။

'ငွေစိန်ရေ၊ ငါပြောတာ သေသေချာချာနားထောင်။ မှတ်ရင်လိုဖြစ်ဖို့ မခဲယဉ်းဘူး။ ငွေရှာရုံပဲ၊ နွားသစ်ရှင်း

www.burmeseclassic.com



ရောင်းမယ်။ သံခဲတို့အဖွဲ့ အထမ်းငှားမယ်။ အဲဒါ မကောင်း
ဘူးလား’

‘တော်က လုပ်မယ့် ကိုင်မယ့်သူပဲ။ ကောင်းသလို စီမံ
ပေါ့။ ကိုလှဆန္ဒအတိုင်း ဖြစ်အောင်လုပ်ပါ’

ငွေစိန့်ကို တိုင်ပင်ရသည်မှာ အလွန်လွယ်။ စကား
နှစ်ခွန်း မပြောရ။ ငွေစိန်ကလည်း ဖားကန့် အရသာ
တွေ့ပြီးသား မဟုတ်လား။ သည်ခေတ်ထဲ နားဝေးနေရင်
မခက်လား။ စီးပွားရေးဆိုတာ အကွက်ကို တွေ့လျှင်
ဘာမှ မခက်ခဲ။

ကိုလှ ဖားကန့်မှ နှစ်ခေါက်ပြန်လာပြီး မျက်စိပွင့်
နားပွင့် ဖြစ်လာသည်။ ဖားကန့်မှာက စီးပွားဖြစ်နိုင်သော
နေရာ။ အချိန်ရခိုက် လှုပ်ရှားရမည်။ တွေဝေ တိမ်းမူး
နေ၍မဖြစ်။

နွားတစ်ရှဉ်းကိုရောင်းသည်။ ငွေသုံး သောင်းရသည်။
အိမ်ရှိငွေနှင့်ပေါင်းသော် ငါးသောင်းနီးပါး အရင်းအနှီး
ရှိပြီ။ မပင်မပန်းဘဲနှင့် စီးပွားဖြစ်နိုင်သည်။ ပုံမှန်အမြတ်
ရှိပြီးသား။ သံခဲတို့ကလည်း လိုက်ဖို့အဆင်သင့်။ သည် တစ်
မိုး အခေါက်ခေါက်အခါခါ သွားမည်။ ဖားကန့်မှာ
အကွက်ကောင်းတွေက ဟန်သိန်းနှင့် ပူးပေါင်းမည်။
အဆင်ပြေသွားပါက ချမ်းသာဖို့မခက်။ ကိုလှသည် စီး
ပွားရေးပညာရှင်ပမာ တွက်ချက်နေသည်။ အနာဂတ်
ချမ်းသာရေးအတွက် အကွက်ကျကျ စီမံချက် ရေးဆွဲနေ
သည်။ ကိုလှစိတ်ကူးက လှပါပေ့။



သံခဲ၊ ခိုညွန့်၊ ငဒိုးနှင့် ညီရောင်တို့ကို ခေါ်တွေ့သည်။

သူတို့လေးယောက် မက်လောက်အောင် ကိုလှ စည်း
ရုံးနိုင်သည်။ ကိုလှက ဆိုပါသည်။ လယ်လုပ်နေရုံနှင့်
မတိုးတက်နိုင်။ နွားနှင့်အတူ လုပ်နေသရွေ့ ကြီးကကြီး
ဖြစ်မည်။ ဒေါင်းဖြစ်မည်မဟုတ်။ သည်တော့ လယ်သမား
ဘဝမှ ရုန်းထွက်ကြဖို့ နိုင်ငံရေးသမား လေသံမျိုးနှင့်
ပြောသည်။ ကိုလှ မခေတော့။

ငွေစိန့်ကို အသေးစိတ်မှာသည်။ သားနှင့်သမီးကို ဂရု
စိုက်ဖို့ အထပ်ထပ်မှာသည်။ ငွေစိန်သုံးဖို့ ငွေနှစ်ရာသာ
ချန်ပြီး ကျန်ငွေနှင့် ဖားကန့်တက်မည်။ ငွေစိန်ကလည်း
ရွှင်ရွှင်ပျပျနှင့် ငြင်းချက်မဆို။ အားပေးစကားကိုတောင်
ပြောလိုက်ချင်သေး။ လိုက်ဖက်လှသော လင်မယား။

ကိုလှ ဖားကန့်သို့တက်လေပြီ။

မနေ့ကသည် ယနေ့နှင့်မတူ။ ကိုလှဘဝ၏ အတိတ်နှင့်
ပစ္စုပ္ပန်သည် တကယ့်ဖီလာဆန့်ကျင်။ အတိတ်က အထမ်း
သမား ကိုလှ။ ပစ္စုပ္ပန်ကိုလှသည် လောပန်း။ ရုတ်ခြည်း
ပြောင်းလဲသွားပြီ။ အရှေ့နှင့်အနောက်၊ နေ့နှင့်ညပမာ
လုံးဝခြားနားသည့် ကိုလှ။

အထမ်းသမားဘဝက အသားမီးခြစ်ကို ချွေတာသုံး
သော်လည်း လောပန်းဖြစ်တော့ ဂက်စ်မီးခြစ်ကို အလျှံ
ပယ်သုံးသည်။ ယခင်က အညာဖြစ်ဖျင်ထည် [illegible]ကို
ဝတ်တတ်သော်လည်း ယခု ကချင်လုံချည်ကို ဆင်မြန်း

www.burmeseclassic.com



ထားသည်။ ဖြစ်ကိုဖြစ်ရမည်လေ။ ကာလုက 'ဖားကန့်မင်းသား' မဟုတ်လား။

သံခဲတို့တစ်သိုက်က အထမ်းသမား သက်သက်။ ကာလုကို မျက်နှာချိုသွေးရသည့်အလုပ် ပိုလာသည်။ ကာလု စိတ်တိုင်းကျဖြစ်ဖို့ ဆင်ခြင်ပြောဆို နေထိုင်ရသည်။

ကာလုတို့အဖွဲ့ ဖားကန့်ရောက်တော့ ပါလာသည့်ကုန်ပစ္စည်းများ ပိုက်ခနဲ ကုန်သွားသည်။ ဝယ်သူများက အလုအယက်။ ကာလုအတွက် ထင်ထားသည့် အတိုင်း အမြတ်များများ ရလိုက်သည်။ သံခဲတို့ကိုလည်း သတ်မှတ်နှုန်းအတိုင်း ပေးသည်။

'အောင်သရဖူကာဖေး' မှာ ဟန်သိန်းကို အချိန်းအချက်မလုပ်ဘဲ တွေ့လိုက်ရသည်။ ကာလုသည် ဟန်သိန်းကို ဆော်ဖိတိုက်သည်။ ရှာနာမြေမှာက စေတနာထားဘသ်လျှင် အကျိုးမယုတ်ဟု ကာလု နားလည်ထားသည်။ ဒိုးဝေးသူမဟုတ်။

ဟန်သိန်းကို အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်။ ဟန်သိန်းက ကာလုအကြံကို လက်မခံ။ သည်လောက် ငွေအရင်းအနှီးရှိလျှင် ဖားကန့်မှာ ငွေကစားနေရုံနှင့် အခြေတင်နိုင်သည်ဟု ပြောသည်။ လောပန်း အလုပ်သည် အထမ်းသမားနည်းတူ ပင်ပန်းတာမျိုး။ ဖားကန့်နှင့် အခေါက်ခေါက် ကူးနေပါက ဖျားလာနိုင်သည်။ တစ်ချက်မှား၍ ဘဝ ပျက်သွားသည့် လောပန်းများ



အကြောင်းကို ရတုသံပါအောင် ဟန်သိန်းက ဆိုသည်။

ကာလု ဆုံးဖြတ်ချက်ချလိုက်သည်။

သံခဲတို့ကို ပြောပြသည်။ သံခဲတို့က တားမြစ်သည်။ မရ။ ကာလုက ခပ်မာန်မာန်ဆိုသည်။ သံခဲတို့ ရွာသို့ ပြန်ကြရုံသာ။

'ငွေစိန့်ကိုသာ ပြောလိုက်ကွာ၊ ကျောက်စိမ်းကိုင်နေတယ်လို့ပေါ့၊ ငွေတော့ မပေးလိုက်ဘူး၊ ငွေအားများလေ အမြတ်များလေ မဟုတ်လား။ ကဲ...အချိန်နှောင်းလိမ့်မယ်။ မင်းတို့ ပြန်ဆင်းကြတော့'

သံခဲတို့လည်း ကာလုကိုမကျေနပ်။ အပြောနှင့်အလုပ် တခြားစီ။ အချင်းချင်း မစာနာတတ်။ ကာလု စိတ်ကြီးဝင်သွားပြီ။

သံခဲတို့သည် ကာလုကို နှုတ်ဆက်ပြန်ခဲ့သည်။

ဖားကန့်မင်းသားသည် ဖားကန့်မှာ ပျော်နေပြီမဟုတ်လား။ ဖားကန့်၏ မက်လုံးကွန်ယက်ထဲမှ ရုန်းထွက်ဖို့မှာ လွယ်သည်မဟုတ်။ ကာလုတစ်ယောက်တည်း ပျော်မောကျန်ခဲ့သည်။

* * *

ပတ်ဝန်းကျင်ဆိုသည်မှာ သိပ်စကားပြောသည်။ အညာသားသည် ပဲကိုကြိုက်နှစ်သက်သည်။ အောက်

www.burmeseclassic.com



သားသည် ငါးပိရည်ကို ခံတွင်းတွေ့သည်။ အညာသား အောက်သွားပါက ငါးပိရည်ကို သုံးဆောင်ရမည်။ ကြာသော် စွဲလမ်းမည်ကေန်။ အောက်သား အညာတက်က ပဲကို စားရလိမ့်မည်။ နောက်ဆုံးတော့ ပဲမှပဲ ဖြစ်သွားမည်။ မဆန်းပါ။

ကံလှကို ကြည့်။

ဟန်သိန်းနှင့် တွဲမိ၍ အရက်ကလေးတမြမြ။ စီးကရက်လေး တသသဖြစ်နေသည်။ တစ်ရက်မဟုတ်၊ နေ့စဉ်ရက်ဆက်။ ဟန်သိန်းထက် ကျော်ချင် ပိုချင်သေး။

ဘုရားပွဲမှာ ဇာတ်ပါစမြဲ၊ ဇာတ်ဂါသနာ ကံလှမှာ မရှိ။ ဘယ်မင်းသားကိုမှ ကံလှမစွဲ။ ပတ်မသံတထိထိကို ပင် သောတအာရုံထဲ မထည့်တတ်။ ဟော....အခုတော့ ဗွီဒီယို ကြည့်တတ်နေပြီ။ ဗွီဒီယိုဘစ်ခါကြည့် လေးဆယ့်ငါးကျပ်။ ကံလှက ရှာမှရှား။ မြန်မာကားကို အရေးမလုပ်။ နိုင်ငံခြားမှ လက်ခံသည်။

ကံလှ ဖားကန့်မှာ တစ်လကျော်ကျော်ကြာပြီ။ နေ့စားလုပ်လိုက်၊ ရသည့်ငွေကလေး သုံးလိုက်၊ တစ်ခါတစ်ရံ ရငွေကုန်ငွေမညီမျှ၊ အိတ်ထဲက ထုတ်နေရသည်ကများသည်။ ကံလှအလုပ် ထင်သလောက် မဟုတ်သေး။

တစ်ရက်။

လူတွေဝိုင်းအုံနေသော မြင်ကွင်းကို ကံလှတွေ့သည်။ သိလိုဇောနှင့် လာခဲ့သည်။ အခြားမဟုတ်ပါလား။ ဂျင်ဝိုင်းကြီးကိုး။ အနည်းဆုံး လေးဆယ့်ငါးကျပ်မှ အများ



ဆုံး အကန့်အသတ်မရှိ ထိုးနိုင်သောဝိုင်း၊ ဖားကန့်မှာ ဈေးနှုန်းအများစုသည် လေးဆယ့်ငါးကျပ်ကများသည်။ လေးဆယ့်ငါးကျပ်ကို ရည်ရွယ်၍ သတ်မှတ်ထားခြင်း၊ လေးဆယ့်ငါးကျပ်တန်ကို အသေးတစ်ရွက်။ ကိုးဆယ်ကျပ်တန်ကို အကြီးတစ်ရွက်။ နှစ်ရာတန်ထွက်လာတော့ ခြသေ့တစ်ထောင်၊ ဖားကန့်မှာ ဆယ်ဘန်၊ ငါးကျပ်တန် ရှားသည်။ တစ်ကျပ်တန် စက္ကူကား ဒေါ်လာထက် ရှားသည်။

ဂျင်ဝိုင်းထဲမှာ ဟန်သိန်းကို တွေ့ရသည်။ ဟန်သိန်း မူးမူးနှင့် ထိုးနေသည်။ ဟန်သိန်းရှေ့မှာ ငွေစက္ကူတွေ အများကြီး၊ သည်လောက်ငွေမျိုးကို ကံလှမမြင်ဖူးသေး။ ကံလှက လှမ်းခေါ်ပြီး ဂျင်ဝိုင်းမှ နှစ်ယောက်သားထွက်ခဲ့သည်။ တဲရောက်မှ ငွေစစ်ကြည့်သည်။ ရှစ်သောင်းကျော် နိုင်လိုက်သည်။ အရင်းက တစ်ထောင်ထက် မပို။

ထိုနေ့ညစာကို ဆိုင်မှာစားကြသည်။

ထမင်းမစားမီ အရက်သောက်သည်။ အရက်သောက်ရင်း ဂျင်အကြောင်း ရောက်သွားသည်။ ကံလှ စိတ်ဝင်စားသည်။ သို့သော် ဟန်သိန်းက မတိုက်တွန်း၊ ဂျင်ရှုံး၍ ပြေးရသူများအကြောင်းကို ပြောပြသည်။

ကံလှသည် မူးသော်လည်း အိပ်မရချင်။

သူနှင့် ဟန်သိန်းကို ယှဉ်ကြည့်သည်။ ဟန်သိန်းလိုလူချော လူသန့်ကို ကံလှမတွေ့ဖူးသေး။ စကားပြောရာက အစ ချစ်စရာ။ ကံလှမှာကား အရောင် မှိန်သွန်းသည်။

www.burmeseclassic.com



လူလူချင်းဆိုသော်လည်း ကွာလွန်းသည်။ ဟန်သိန်းကို အားကျမဆုံးတော့ချေ။

ဟန်သိန်းကို အမီလိုက်ရမည်။

အမီလိုက်ဖို့ နည်းလမ်းကား....

* * *

အခုနေ ကံလှကို ရွာသားမြင်လျှင် ရယ်ကြမသား မသိ၊ ငွေစိန်တွေ့လျှင် မှတ်မိမည်မထင်။

ဖားကန့် ယဉ်ကျေးမှုနှင့်အညီကံလှတိုးတက်နေသည်။ ဂျင်းဘောင်းဘီ စပို့ရှပ်၊ မျက်မှန်များကို ဆင်ယင်လျက် ငါးသုံးလုံးတစ်ဘူးကိုလည်း ဆောင်ထားသည်။ ဟန်သိန်းကို ပုံတူကူးထားသည်။ ထိုပုံစံနှင့် ကံလှသည် မတင့်တယ်။ ဂလန့်ဂလားကြီး ဖြစ်နေတော့၏။

ဂျင်ဝိုင်းသို့ ခပ်နှပ်နှပ် ခပ်စုတ်စုတ်နှင့်သွားပါက နေရာမပေးချင်။ နေရာပေးအောင်ကလည်း ယခုလို တန်ဆာဆင်ထားမှ၊ ဖားကန့်ပဲလေ။

ဖားကန့်မှာ ဂျင်ဝိုင်း ဆယ်ဝိုင်းရှိသည်။

မော်လမြိုင်မှ တရုတ်သူဌေး၏ဝိုင်းသည် အသားနားဆုံး၊ သည်ဝိုင်းသို့ ကံလှချဉ်းကပ်သည်။ ထိုးသားအများစုသည် ငွေကိုငွေမထင်သူများ၊ ငွေစက္ကူ အသစ်စက်စက်များက အထုပ်လိုက် ပါကင်မပျက်။

ကံလှ ဝိုင်းထဲဝင်သည်နှင့် ငါးသုံးလုံးတစ်လိပ်အောက် ဖြစ်အောင် သောက်သည်။ ဂျင်စိုင်းက အတော်မြိုင်နေပြီ။ ကံလှ လက်ယားနေသည်။ တစ်လက်နှစ်လက် စောင့်ကြည့်သည်။

ကံလှဖ ဖားကို သဘောကျသည်။ တစ်ထောင် ထိုးလိုက်သည်။ ရင်ထဲမှာ တဒိတ်ဒိတ်။ ရင်ခုန်သည့် အတိုင်းရှုံးသည်။ နောက်တစ်ချီမှာ ငါးထောင်ထိုးသည်။ ဒိုင်ဓာစားသွားသည်။ ကံလှမောလာသည်။ တစ်သောင်း ပုံအောသည်။ အတွက် လွဲသွားပြန်သည်။ ကံလှချွေးထွက်လာသည်။ မထိုးသေးဘဲ ချက်ကောင်းကို စောင့်နေသည်။ စိတ်ထဲကမှန်းထိုးကြည့်သည်။ ငွေမပါမှ မှန်နေသည်။ နှစ်သောင်းခင်းလိုက်သည်။ ငွေမျော ငွေနှင့်လိုက် ဆိုသကိုး။ ဒိုင်ဓာစားပြန်သည်။

ကံလှ ကံမလှသောနေ့၊ ဂျင်ဝိုင်းမှပြန်လာသည်။ သုံးသောင်းခြောက်ထောင်သည် မီးရှို့ပစ်သည်ထက် မြန်မြန်ကုန်သွားသည်။

ကံလှ စိတ်ပျက်သွားပြီ။

စိတ်ညစ်ညစ်နှင့် အရက်သောက်သည်။ စိတ်ညစ်မပြေ၊ ပို၍ခံစားနေရသည်။ ထိုနေ့မှစ၍ ကံလှဂျင်ဝိုင်းနားမကပ်တော့။

နေ့စားအလုပ်ကို ပြန်ကိုင်သည်။ မည်သို့ပင်ကြိုးစား ကြိုးစား ရှုံးကြေးကို ထေမိတော့မည် မဟုတ်။ နေ့စား

www.burmeseclassic.com



လုပ်ရင်း ငွေစိန်နှင့်သားသမီးများကို သတိရသည်။ လွမ်းမိသည်။ ဖားကန့်မှ အပြန်ကို မျှော်လင့်နေပေလိမ့်မည်။

နေ့စားအလုပ်လုပ်ရင်း မရှိကထောင်ရွာသို့ ရောက်ဖြစ်သည်။ သည်ရွာက အရက်ကောင်းရနိုင်သည့် ရွာကလေး။ မရှိကထောင်က အလွန်ချစ်စရာ ကောင်းသည်။ မရှိကထောင် ကြိုးတံတားက ရွာကလေးအလှကို ပို၍ထည်ဝါစေသည်။ ကြိုးတံတားအောက်မှ ဥရုချောင်းရေသည် ကြည်လင်လျက်.... ချောင်းအောက်ခြေရှိ ငါးကလေးများကို အထင်းသား မြင်နေရသည်။ ဓာတ်ပုံတစ်ပုံ ရိုက်ဖြစ်သည်။

ဖားပြင်မှော်မှ ညနေပိုင်းတွင် ပြန်ခဲ့သည်။

တဲကိုရောက်တော့ သဟင် ဆိုးကျော ဆီးကြိုနေတော့သည်။

ဟန်သိန်းပေါ့။ ဟန်သိန်းသည် ငှက်ဖျား လူနာနှစ်ယောက်ကို ဆေးထိုးသည်။ ဆေးထိုးမှား၍ နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် သေသွားသည်။ ဟန်သိန်း မဒန်ရဲတော့။ ဖားကန့်မှ အပြီးအပိုင် ပြေးသွားပြီ။ တဲမှာ ကံလှတစ်ယောက်တည်း။

ကံလှ အရက်လည်း မသောက်တော့။

အလုပ်ကို ပုံမှန်ဆင်းသည်။ ငွေကို အဘတ်နိုင်ဆုံး စုသည်။ အရမ်းမသုံးစွဲ။ ဟန်သိန်းမရှိတော့ ကံလှ အားငယ်သည်။ တိုင်ပင်စရာမရှိ မဟုတ်လား။ တစ်ရက်မှာ ကံလှ အပိုအလုပ်ဆင်းသည်။ လောဘက သိပ်ကြီးနေပြီလေ။ ငွေ



ရမည်ဆိုပါက ဘယ်လောက်ပန်းပန်း လုပ်လိုက်သည်သာ။ နေ့စဉ်စားသည့် အစာကလည်း အာဟာရမဖြစ်။ ရှုံးသော ငွေကို တွေးမိတိုင်း ကံလှ ဘာမှ စားမဝင်။

ကံလှမှာ ငှက်ဖျားဝင်လေပြီ။

ဆေးစားရုံနှင့် မရ။ အဖျားက ကျမလာ။ အပူချိန် ၁၀၂ အောက်ကဲ မဆင်း။ ဆလိုင်းသုံးလုံး သွင်းရသည်။ ထိုးဆေးကလည်း ဖင်မှာ ပူစပ်နေပြီ။ အဖုအလုံးတွေ ထနေသည်။ ရမ်းထိုးရမ်းကုတွေကိုး။ သို့သော် ငွေကုန်က သက်သာ။

အဖျားပျောက်နိုး ပျောက်နိုးနှင့် ကြာလာခဲ့သည်။ တစ်စတစ်စ အားနည်းလာသည်။ မိုးရာသီဖြစ်၍ မိုးကလည်း မပြတ်။ ဖျားပြီးရင်း ဖျားနေသည်။ သေဆုံးသူများကို ကံလှ မြင်ယောင်နေမိသည်။ ကံလှပိန်ချည့်နေသည်။ လူရုပ်မပီတော့။

ဖားကန့်မှာ အလုပ်မရှိလျှင် နေမရ။ စရိတ်က မြင့်လှသည်။ အားရှိအောင်စားသော စွပ်ပြုတ်တစ်ပွဲမှာ ဆယ်အထိရှိသည်။ ထမင်းတစ်နပ် တန်ဖိုးကား တစ်နေ့ နီးပါး။ ကံလှ လက်ထဲမှာ ငွေက မများလှ။ သူငယ်[illegible]ထလေးပင် ရေတွက်နိုင်သည့် ပမာဏသာ ကျန်တော့သည်။

ကံလှ အသားအရေမှာလည်း မည်းပုပ်နေသည်။ မိမိကိုယ်ကို မိမိ မသယ်နိုင်တော့။ ရွာပြန်ဖို့ စိတ်ကူးရသော

www.burmeseclassic.com



သည်။ မြင်းခြံနယ်သား တစ်ယောက်နှင့် တွေ့သည်။ သူလည်း ကံလှလို အဖျားရောဂါနှင့်။

နှစ်ယောက်စလုံး စရိတ်မရှိ။

ကံလှချစ်သော ဖားကန့်ကို နှုတ်မဆက်ဘဲ ပြန်ခဲ့သည်။ လမ်းခရီးတစ်လျှောက်လုံး ထမင်းဟင်းတောင်း၍ စားခဲ့ရသည်။ ခရီးသည်အချင်းချင်း စာနာတတ်သော၊ စေတနာကောင်းသော သူများနှင့် တွေ့၍ အခက်အခဲမရှိ။

ဖားကန့်မင်းသား ရွာပြန်လေပြီ။

* * *

ငွေစိန် ရေးကြီးသုတ်ပျာ ဖြစ်နေသည်။

သံခဲကိုခေါ်သည်။ အကျိုးအကြောင်းကို တက်သုတ်ပြောသည်။ စကားကောင်းကောင်းမပီ။ သံခဲ မနည်းဘာသာပြန်ယူနေရ၏။ သံခဲက လှည်းကို တာဝန်ယူပြီး ငွေစိန်ကို အားပေးစကား ပြောရသေးသည်။ ငွေစိန်ဘာလုပ်ရမှန်းမသိ၊ ပူထူနေပြီ။

သံခဲနှင့်ငွေစိန် ဘူတာသို့ လှည်းနှင့်ထွက်ခဲ့သည်။ ငွေစိန်ခေါင်းသည် လှည်းဘီးနှင့်အပြိုင် လည်နေသည်။ ရင်ခွင်ထဲမှာကား မီးအဲသည် ပြုံးရယ်လျက်။

ဘူတာရောက်တော့ ကံလှကို စိတ်ပျက်ဖွယ်တွေ့ရသည်။ ပိန်လှီနွမ်းခြောက်သော ကံလှ။ စကားမပြောနိုင်။ လေ



သံက တိုးလျှည်သာလွန်းသည်။ ငွေစိန် မျက်နှာသည် ဆီးရွက်ထက် သေးငယ်အိုစာနေသည်။ သေးငယ်သော မျက်နှာကို ချွေးဥချွေးသီးများက ဖုံးလွှမ်းထားသည်။ တုန်တုန်ဆတ်ဆတ် ဖြစ်နေသည်မှာ နှုတ်ပူးနေသည့် အလား။

ကံလှ ရွာပြန်ရောက်လာသည်။

အိမ်မှာ တိတ်ဆိတ်နေသည်။ သူတော်စင်ရသေ့ နေသော ကျောင်းသခ်မ်းလို ဖြစ်နေသည်။ လူသူလေးပါးမှာ ငါးပါးခြောက်ပါး ကင်းနေသည်။ ကံမလှသော ကံလှ။ မနိုင်နင်းသော ဇာတ်ကို တသည့် မင်းသားသဖွယ်။ အိုးနင်းခွက်နင်း နိုင်လှသည်။ ကသောင်းကနင်း ရှုပ်ပျက်ဆင်းပျက် ဘဝပျက်လေပြီ။

ဖားကန့်မင်းသား၏ဇာတ်သိမ်းမှာ မရှုရက် မမြင်ရက် စရာပါတကား။

* * *

www.burmeseclassic.com

www.burmeseclassic.com

# စာပေလမ်းကို ဖြတ်သန်းခြင်း

လစဉ်ထုတ် မဂ္ဂဇင်းများကိုကြည့်ပါ။ ကနဦး ကဗျာများကိုဖတ်ပါ။ ကဗျာခေါင်းစဉ် တချို့က ခပ်ဆင်ဆင် ဖြစ်နေသည်။ တစ်ချိန်က အမျိုးသား ကဗျာစာဆိုကြီး ဆရာဇော်ဂျီက ဗေဒါလမ်း ကဗျာများ ရေးသားခဲ့သည်။ ဆရာဇော်ဂျီကို အားကျ၍ တမာလမ်း၊ ကံ့ကော်လမ်း စသည်ဖြင့် လိုက်ရေးကြသည်တဲ့။ ဟုတ်လိုက်လေ။

ယခုခေတ် မဂ္ဂဇင်းများတွင် ရွှေအိုရောင်ညနေခင်းကို ဖြတ်သန်းခြင်း၊ အိပ်မက်ညကို ဖြတ်သန်းခြင်း၊ ဘာဖြတ်သန်းခြင်း ညာဖြတ်သန်းခြင်းဟု ဆင်တူယိုးမှား ကဗျာများ တွေ့ရသည်။ ကဗျာဆရာ တစ်ယောက်က 'ကဗျာ ရွှေခေတ်ကို ဖြတ်သန်းခြင်း' ဟု ခပ်ကြောင်ကြောင် ရေးဖူးသည်။ ဤသို့ရေးပါမှလည်း ကဗျာပရိသတ်က လက်ခံသည်တဲ့။ ကောင်းရော။



ကျွန်တော် ကျေးလက် ရွာတစ်ရွာမှာ ချက်မြှုပ်ပြီး ကြီးပြင်း ခဲ့သော်လည်း ပေါ့ခခေ မဟုတ်။ ခေတ်ကို အမီလိုက်သည်။ ခေတ်၏ ဟိုနောက်ထဲမှာ အိပ်မောကျပြီး မကျန်ရစ်ခဲ့။

အခု ကြည့်လေ။

စာပေလမ်းကို ဖြတ်သန်းခြင်း ဆိုပဲ။

ခပ်ဟည်ဟည်ပေါ့လေ။

* * *

ဆိုပြီးပြီပဲ။ ကျွန်တော်က တောသား ဆိုတာ။

ကျွန်တော့်ရွာက ကန့်ဘလူနှင့် ၁၅ မိုင် ဝေးသည်။ အုပ်စု ရိုးစိုက်ရွာ။ သည်လိုရွာမျိုးမှာ လူဖြစ်လာရသော ကျွန်တော်သည် စာပေ၀ါသနာ သစ်ပင်ကို မည်သို့စိုက်နိုင်ပါမည်နည်း။

ကျွန်တော် စတုတ္ထတန်း အောင်တော့ အလယ်တန်း ညော ဆက်သင်သည်။ သည်ကျောင်းကလည်း တော ကျောင်း။ စာပေဗီဇ မဖြစ်ထွန်းနိုင်သည့်အရပ်။ ကျောင်း ၏ ကျောင်းသုံးစာအုပ်မှလွဲ၍ ဘာမှ မရှိ။ မြန်မာနိုင်ငံ မြေပုံတစ်ပုံ၊ စားပွဲအဟောင်း တစ်လုံး၊ ကုလားထိုင် ်းလုံးက ယိုင်နဲ့နဲ့။ စာအုပ်ကလေး ဆယ်အုပ် ခန့်နှင့် ည်းထားသော မည်ကာမတ္တ ကျောင်းစာကြည့်တိုက်ကို

www.burmeseclassic.com



သနားစဖွယ် တွေ့ရသည်။ စာအုပ်များကလည်း ပညာရေး သဘောတရားချည်း ဖြစ်နေ၍ မျက်နှာလွှဲမိသည်။

ကျွန်တော် အဌမတန်းရောက်သောအခါ အလယ်တန်း စကားပြေစာအုပ်ကို ဖတ်ရသည်။ သိပ္ပံမောင်ဝ၏ ဝတ္ထု ဆောင်းပါးများသည် ဖတ်၍အရသာတွေ့သည်။ စာဖတ် ဝါသနာ ပါလာသည်။ သို့သော် စာပေသန့်သန့် စာအုပ် မျိုးနှင့် မညားသေး။

အလယ်တန်းအောင်၍ အထက်တန်းကျောင်း ပြောင်း သောအခါ အနည်းငယ် အဆင်ပြေလာသည်။ တန့်ဆည် မြို့နယ် နဘက်ကြီး အထက်တန်းကျောင်းသည် တော ကျောင်း ဆိုသော်လည်း ပြည့်စုံလှသည်။

သည်ကျောင်းမှာ ရှင်ဇနိန္ဒ စာကြည့်တိုက် ရှိသည်။ ကျွန်တော် စာကြည့်တိုက်မှာ ဝင်ထွက် ဝင်ထွက် လုပ်တော့ သည်။ စာပေပိုး ဆိုရမှာပေါ့။ အထက်တန်းပင်ရင်း စကား ပြေနှင့် စိတ်ကြိုက်စကားပြေတို့ကို တရှိုက်မက်မက် ဖတ် သည်။ စာရေးဆရာမောင်ထင်၏ 'ဘော'ကို ကရုဏာသက် မိသည်။ ဒဂုန် ဦးထွန်းမြင့်၏ 'အံ့ဖွယ် စာရေးဆရာ'ကို အားကျသည်။ မှော်ဘီ ဆရာသိန်းကြီး၏ 'မတ္တရာ ဆရာ တော်'ကို ကြည်ညိုမိသည်။

သနားရင်း၊ အားကျရင်း၊ ကြည်ညိုရင်း စာပေဝါသနာ ဝါမှန်းမသိ ပါလာသည်။ တွေ့ရာစာကို လက်မလွှတ်တမ်း ဖတ်သည်။ ကျောင်းမှာ နံရံကပ်စာစောင်လုပ်သည်။



ကဗျာတစ်ပုဒ် ပို့သည်။ သရုပ်ဖော်ပုံကလေးနှင့် ဖော်ပြ ခံရသည်။ ကလောင်အမည်က 'ဝနေငဆွေ'။ နံရံကပ် စာစောင်နားမှ မခွာနိုင်။ ရင်းနှီးရာ သူငယ်ချင်းများကို ခေါ်ခေါ်ပြီး ဖတ်စေသည်။ သူငယ်ချင်းများက အင်း အဲ မလုပ်။ 'ပနေ'ဆိုတာဘာ ဘာလဲ။ ဝနေတော့ မကြားဖူး ဘူး။ စနေလို့ လုပ်လိုက်ရင် ပြီးရော့'ဟု ဆိုသည်။ ဤသို့ ရေလည် ကျွမ်းကျင်သော ဒေသမှာ ကျွန်တော်က လူဖြစ် လာကိုး။

ကျောင်းစာကြည့်တိုက်မှာ တို့ကျောင်းသား စာစောင် ကို ဖတ်ရသည်။ တို့ကျောင်းသားမှာ ဝတ္ထုတစ်ပုဒ် လစဉ် ပါသည်။ စာရေးဆရာ ရဲမာန်ဟိန်း၏ 'ကျွန်တော်, နောင်တ'ဟူသော ဝတ္ထုကို စွဲလန်းမိသည်။ စွဲလန်းရုံသာ မက၊ ဝတ္ထုရေးလိုသော ဆန္ဒသည်း ထူးထူးကဲကဲ ဖြစ်မိ သည်။ ထိုဝတ္ထုကို မှီး၍'ကျွန်တော့်မိုက်ပြစ်'ဟု ရေးပြီး တို့ကျောင်းသားသို့ ရေးပို့သည်။ ကလောင် အမည်က 'သီရိဆွေ' ဖြစ်သွားသည်။ နောက်လထုတ်မှာ ပါမည့် အထင်နှင့် စောင့်ဖတ်သည်။ တစ်လ နှစ်လမက၊ တစ်နှစ် ကြာလည်း ပါမလာခဲ့။ ယနေ့အထိ ပါမလာခဲ့ချေ။

ကျောင်းမှာ စာစီစာကုံးပြိုင်ပွဲ ကျင်းပပေးသည်။

ရှုံးခဲ့သည်များက သည်မှာ ထူးလာသည်။ ပထမဆု ရသည်။ စာစီစာကုံးပြိုင်တိုင်း ပထမဆု ရသည်ချည်း။ မြန်မာစာဆရာ ဦးကျော်သိမ်းသည် စာပေ သမား ကျော်သိမ်း (ရေဦး) ကလောင် အမည်နှင့် စာရေးနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသို့ စာစီစာကုံးပြိုင်ပွဲ ကျင်းပတိုင်း ဆရာက ဦးဆောင်သည်။ ဆုရသူကို အားပါးတရ ချီးကျူးသည်။ ဆုရစာစီစာကုံးကို အတန်းထဲမှာ ဖတ်ပြသည်။ နားထောင်သူများတော့ မသိ၊ ကျွန်တော့်မှာ အူမြူးနေသည်။

ကျွန်တော့် စာပေဝါသနာသည် ကျောင်းအဆင့်မှာ စာစီစာကုံးလောက်နှင့် ကျေနပ်ခဲ့ရသည်။ သည်လိုနှင့် ကျောင်းထွက်ခဲ့ရသည်။ ကျောင်းမှ ထွက်ပြီး နောက်တစ်နှစ်မှာ ဆရာအတတ်သင် တက်ရသည်။ မနောမြေ မြစ်ကြီးနားမှာလေ။

မြစ်ကြီးနား ဆရာအတတ်သင်သည် ကျွန်တော့် စာပေဝါသနာကို တူးဖော်ပေးရုံမက၊ စင်တင်ပေးနိုင်ခဲ့သည်။ သူ့အတိုင်းအတာနှင့်သူပေါ့။ ဆရာအတတ်သင်ရောက်ပြီး တစ်လခန့်အကြာ....။

ကျောင်း ကြော်ငြာ သင်ပုန်းတွင် သင်တန်းသား သင်တန်းသူများ ဝိုင်းအုံတိုးဝေ့နေသည်ကို တွေ့ရသည်။ တချို့က ကျောင်းပိတ်ရက် ကြေညာသည်ထင်၍ ကြည့်ကြခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ကြော်ငြာ သင်ပုန်းပေါ်မှ စာကို ဖတ်ပြီး မြူးထူးနေသည်မှာ ကျွန်တော်။ စာမှာ ‘မောင်မယ်သစ်လွင် ကြိုဆိုပွဲအတွက် ဒိုးပတ် သီချင်းနှင့် သံချပ်များအလိုရှိသည်၊ ဝါသနာပါသူများ ရေးသားပြီး ဆရာဦးဝင်းတင့်ထံ ပေးပို့ပါ’ ဟူသတည်း။

ကျွန်တော် အဆောင်သို့ အသော့ နှင်တော့သည်။ ဒိုးပတ်သီချင်းကို ရေးစပ်သည်။ အနည်းငယ် ခက်ခဲမှု



တွေ့ရသည်။ သံချပ်ကိုမူ အလွယ်တကူ ရေးစပ်နိုင်သည်။ အချောကူးပြီး ဆရာဦးဝင်းတင့်ထံပေးသည်။ ဦးဝင်းတင့် အံ့သြနေသည်။ မည်သူများက ရေးပေးမည်ကို ရင်တထိတ်ထိတ်နှင့် စောင့်ရသည်။

ရယ်တော့ ရယ်စရာ။ မည်သူမှ ရေးမည့်သူမရှိ။ သည်တော့.... ကျွန်တော့် ဒိုးပတ်သီချင်းနှင့် သံချပ်ကို ရွေးသည်။ တစ်ယောက်တည်းပြိုင် ဖထမ်မဆိုတာမျိုး။ ကျွန်တော့်ရင်မှာ တဆတ်ဆတ် ခုန်နေသည်။

လူဦးရေ ငါးရာခန့် တက်ရောက်သော အခမ်းအနား တစ်ခုမှာ ကျွန်တော့် သီချင်းနှင့် သံချပ်ကို သုံးစွဲလေပြီ။ ရွာမှာကျန်ရစ်ခဲ့သော အဖေနှင့် အမေကို ခေါ်ပြချင်သည်။ ရွာမှ ဘုန်းတော်ကြီးကို ကြားစေချင်သည်။ ရွာသူရွာသားများအားလုံး နားဆင်စေချင်သည်။ စာပေပွဲကား ဆိုးလေစွတကား။

ဆရာအတတ်သင်မှာ နံရံကပ်စာစောင် လစဉ်လုပ်သည်။ သည်မှာလည်း ကျွန်တော်က စာတည်းမှူးဖြစ်သွားရော။ ပထမပိုင်းစာစောင်မှာ ရေးမည့်သူမရှိ၊ ဘာမှ ပြဿနာမတွေ့။ ကျွန်တော်တစ်ယောက်တည်းက အမည်အမျိုးမျိုးနှင့် နံရံကပ်စာစောင်ပြည့်အောင် ရေးနိုင်သည်ကိုး။ အဲဒီက ကလောင်အမည်က ကန့်ဘလူခင်မောင်ဆွေ အခြားအမည်များလည်း သုံးရသည်။

သည်မှာ နားကြောဆိမ့်စရာများနှင့် တွေ့ရသည်။

www.burmeseclassic.com



ကျွန်တော့်ကို စာရေးဆရာဟု ခေါ်လေပြီ။ သည့်လောက်အထိ မတန်သေးသော်လည်း သာယာမိသည်။ တချို့က မြှောက်၍ပင့်၍ခေါ်သည်။ တချို့က ကျွန်တော် ဘဝင်လေဟပ်နေမှန်းသိ၍အားနာပါးနာနှင့်ခေါ်သည်။ ကျွန်တော်က မည်သို့ခေါ်ခေါ် မေ့မဆိုး ပျော်မဆုံး။

သင်တန်းသည် ကျွန်တော့် စာပေဝါသနာကို ပျိုးထောင်ပြုစုပေးသည်။ စာပေနှင့် ပတ်သက်လျှင်ကျွန်တော် နိုးနိုးထထနေတတ်သည်။ စာကြည့်တိုက်မှာ ပျော်မွေ့ပြီး နှစ်သက်ရာ စာအုပ်များကို ဖတ်သည်။ ရေးကူးထားသင့်သည်ကို ရေးထားပြီး အလွတ် ကျက်သင့်သည်ကို ကျက်မှတ်သည်။

သင်တန်းပြီးဆုံးခါနီး ကြည်နူးစရာ ကြုံရပြန်သည်။

သင်တန်းသား သင်တန်းသူများ၏ ကဗျာများကို ကို စုပေါင်း၍ ကဗျာစာအုပ်ကလေး လုပ်ရန် စီစဉ်သည်။ စီစဉ်သူက ကျွန်တော်၊ စာအုပ်ကလေးအမည်ကို 'အလွမ်းထဲကနွေ'ဟု ပေးရန် သဘောတူကြသည်။

ကျွန်တော်သည် လွယ်အိတ်တစ်လုံးနှင့်၊ ဆေးပေါ့လိပ်နှင့်၊ စာရေးဆရာသာမှုဂိုက်ကို အမိအရ ဖမ်းသည်။ အမျိုးသမီးဆောင်သွား၍ စာမူတောင်းသည်။ စာပေနှင့်ပတ်သက်၍ သိသမျှပြောသည်။

သင်တန်းက ဆယ်လသင်တန်း၊ သည်ကာလ အတွင်း အထွာထဲမှာပင် ရင်သိမ့်တုန် ဇာတ်လမ်းတချို့ သင်တန်းမှာ ဖြစ်ခဲ့ကြသည်။ အချစ်ကို ပန္နက်ရိုက်၍ ရေးထား



သောကဗျာတချို့ ရသည်။ ကြည်ကြည်ဝေသည် မြစ်ကြီးနားသူ၊ ကျော်ဇံသည် ဝန်းသိုသား၊ သူတို့နှစ်ယောက် ဇာတ်လမ်းသည် မတင်မကျ ဖြစ်နေသည်။ ဇာတ်လမ်းအနှစ်ချုပ်ကို ကြည်ကြည်ဝေက မိရောဝေ(မြစ်ကြီးနား) အမည်ဖြင့် 'သူသိပါစေ'ကို ရေးသည်။ တာဖိုးကား ဒီပဲယင်းသား။ သူသဘောကျသည့် မိုးညှင်းသူ ဝင်းမာကလည်း 'ခွင့်လွှတ်ပါ'ကဗျာနှင့် လိမ္မာပါးနပ်စွာ ငြင်းပယ်ထားသည်။ ကဗျာများကိုဖတ်၍ ကျော်ဇံက မြူးပြီး တာဖိုးက ရှုံးတော့သည်။

အလွမ်းထဲကနွေ ကဗျာစာအုပ်ကလေး ထွက်လာသောအခါ ငြိမ်သက်နေသော သင်တန်းမှာ တုန်ခါလှုပ်ယမ်းသွားသည်။ ကဗျာများကိုဖတ်၍ ဝေဖန်၍ မဆုံး။ မည်သူနှင့်မည်သူက မည်သို့၊ ဘယ်သူနှင့်ဘယ်သူကဘယ်သို့၊ လိုလားသူက ကျွန်တော့်ကို ချီးကျူးထောပနာပြုပြီး ပတ်ခတ်သူတို့က ကဲ့ရဲ့ရှုတ်ချတော့သည်။

ကျွန်တော်ပျော်သည်။

ကဗျာစာအုပ်ကလေး ထုတ်နိုင်သောကြောင့် မည်သူက မည်သို့ မလိုတမာ ပြောစေကာမူ ကျွန်တော်မဖြုံ။ 'စာပေသမား ဆိုတာ ဒီလို ခံရတာပဲ'ဟု မင်းယဉ်မွန်(ရွှေကူ)က အားပေးသည်။ နိပ်စွ။

နှစ်လည်မဂ္ဂဇင်းထုတ်ရန် အစည်းအဝေး လုပ်သည်။ အစည်းအဝေးသို့ ကျွန်တော် တက်ရောက်ခွင့်ရသည်။ သင်တန်းတက်သူ နှစ်ရာကျော်ထဲမှ ကျွန်တော် တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း တက်ခွင့်ရသည်။ ကျွန်တော့်ရင်မှာ စိန်းတိန်းတိန်းခံစားရသည်။ စာပေလှုပ်ရှားမှု၏အကျိုးဆက်မဟုတ်လား။

နှစ်လည်မဂ္ဂဇင်းတွင် သုံးရန် ကဗျာများကိုကျွန်တော်က ရွေးချယ်ပေးရသည်။ သည်မှာ စာပေစန်းပွင့်လာရော။ မဂ္ဂဇင်မှာ ကဗျာပါဖို့ ဒူးယားကစ်ဘူးနှင့် ချဉ်းကပ်လာသောသူကို တွေ့ရသည်။ အချစ်ကဗျာဖြစ်နေ၍ ဒူးယားဘူးကို လက်လွှတ်ခဲ့ရသည်။ ရွှေဘိုသား ကျော်ငွေက မော်ဒန်ကဗျာများကို ကိုးကွယ်သူ။ သူက 'ကျိုးပဲ့လွင့်စင်သွားတဲ့ အတွေးစများ' ကဗျာကို ထည့်ပေးဖို့ ဇွတ်နားပူနားဆာလုပ်သည်။ ရွေးချယ်ပါက ကြိုက်တာပြောတဲ့။ သို့သော် မနှင့်မကိုက်၍ သူ၏လာဘ်ကို ရှောင်ခဲ့ရသည်။

ဆရာမများဆီကလည်း လှုပ်လှုပ်ရှားရှား ဖြစ်နေပြီ။ ကျွန်တော်ရှိရာ အဆောင်သို့မရဲတရဲနှင့် ရောက်လာသည်။ ဆီးပြား၊ မရမ်းပြား၊ အချဉ်ထုပ်များနှင့် ကဗျာများရောက်လာသည်။ သို့သော် ကဗျာများမှာ ကာရန်မရှိ။ တာရှည်မပါဘူးဟု ထောက်ပြတော့ ကာရန်ဆိုတာ ဘာလဲတဲ့။ ကိုင်း....ဒီလိုနေရာမျိုးမှာ ကျွန်တော်က ကဗျာ့ထိပ်ခေါင် ခပ်ကြောင်ကြောင်နှင့် အာချောင်ခဲ့ရသည်လား။

ဘာပဲဖြစ်ဖြစ် သင်တန်းဆင်းပြီး ဟိုကာလ သည်ကစာရေးကြတော့ 'စာရေးဆရာကြီး' 'ကဗျာဆရာကြီး'ဟု



အာလုပ်သံပြု၍ ဆေးဖော်ကြောက်ဘက် လုပ်သည်။ကျွန်တော့်အပြုံး ကြွမ်းကြွမ်းများက နားရွက်ချိတ်လုလု။

အချိန်တိုနန့်နန့်၊ ဝန်းကျင်သေးနုပ်နုပ်မှာ ကျွန်တော်စာရေးဆရာ ဖြစ်ခဲ့ဖူးသည်။

ကျွန်တော်က ထိုထက် ရှည်လျားသော ကာလတစ်ခုမှာ နိုင်ငံကျော် စာရေးဆရာဖြစ်ဖို့ အာသီသမှာ စွဲမြဲခိုင်ကျည်စွာ ရှယူထားနိုင်သည်။

ဩော်....ရှူးတာလေ... ရှူးတာ။

* * *

သင်တန်းကဆင်းပြီး မူလတန်းပြအဖြစ် တောခေါင်ခေါင် ချောင်ကျကျ ရွာမှာ တာဝန်ထမ်းရသည်။ ရွာကလေး အမည်က မြေမွန်ရွာ။ တော ဆိုသော်လည်း စာကြည့်တိုက်ရှိသည်။ 'ရတနာမွန်' စာကြည့်တိုက်ဟုအမည်ပေးထားသည်။ စာကြည့်တိုက်ကို ထူထောင်သော ဆရာတော်မှာ ဦးကောဝိဒဓဇဖြစ်သည်။ ရန်ကုန်မြို့ ရန်ကင်းမှာ သီတင်းသုံးတော်မူသည်။ ဆရာတော်သည် ကျမ်းစာအုပ်လေးအုပ် ရေးသားဖူးသည်။ ဆရာတော့် ဓာတ်ပုံများပါးလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် မြေမွန်ရွှာသည် သဘော်သားနှင့်ဘား ဘောလုံးပွဲနှင့် အလောင်းအစား ပမာ လိုက်ဖက်နေ တော့သည်။

ရတနာမွန် စာကြည့်တိုက်မှာ စာပေဗိမာန်ထုတ် စာအုပ်အမြောက်အမြားကို တွေ့ရသည်။ စာပေဗိမာန် စာအုပ်များကို အချိန်ယူ၍ ဖတ်သည်။ မဂ္ဂဇင်းများကို လည်း ထဲထဲနယ်နယ် လေ့လာမိသည်။ စာရေးလိုစိတ် လည်း ကြွရွခုန်ပေါက်နေတော့သည်။

မြေမွန်ရွှာမှာ စာပေ ဝါသနာပါသူများကို တွေ့ရ သည်။ ထီလာစစ်သူ၊ ဒဂုန်တာရာတို့၏ ကဗျာစာအုပ် များကို ဖတ်နေသူများလည်း ရှိသည်။ ကဗျာများကို ဖတ်ပြီး ကဗျာရေးတော့သည်။ မြဝတီ၊ ငွေတာရီ မဂ္ဂဇင်း များသို့ အရဲစွန့်ပို့သည်။ ဆောင်းပါးများရေး၍ ပညာ တန်ဆောင်သို့ ပို့သည်။

ပညာတန်ဆောင်မှာ ကျွန်တော့် ဆောင်းပါးတစ်ပုဒ် ဗွေဆော်ဦးပါလာသည်။ စာမူခ ဆယ့်ငါးကျပ်ရသည်။ ထိုစာမူခနှင့် စာပေဗိမာန် စာအုပ်အသင်း ဝင်သည်။ မေတ္တာလက်ဆောင်ရသော စာအုပ်ကို အချစ်ဆုံးအဖြစ် နေရာပေးမိသည်။ အကြိမ်ပေါင်းများစွာ ဖတ်မိသည်။

တွေ့သမျှလူကို ပြသည်။ ပထမဆုံး ပုံနှိပ်စာလုံးအဖြစ် မြင်တွေ့ရသော စာပေသမား၏ သုခသည် အဘယ်မှာလျှင် တိုင်းတာ၍ ရနိုင်အံ့နည်း။ ပတ်ဝန်းကျင်သည် အလွန် တရာ လှုလှန်းနေသည်။ မည်သူ့မျက်နှာကိုမြင်မြင် လှနေ



သည်။ မည်သည့်အသံကို ကြားကြား သာယာမိသည်။ မည်သည့်အနံ့ကိုရှူရှူ သင်းထုံမွှေးနေတော့သည်။

နီးရာစပ်ရာ ခင်ရာမင်ရာများက အမှတ်တရ အကျွေး အမွေးခိုင်းသည်။ ရက်ရက်ရောရော ကျွေးမွေးသည်။ 'တို့ကိုလဲ လုပ်ဦးကွာ' ဟု ပြောလာသမျှလူကို မတွန့်မတို သဒ္ဓါချိချိနှင့်ဧည့်ဝတ်ကျေသည်။ လစာ ၁၇၅ ကျပ်သည် ရေစီးကမ်းပြို လိုက်သွားတော့သည်။ နှမြောရမှန်းမသိ၊ စာပေပီတိသည် ဆီထိရုံမက ဆီတိုင်ကီထဲသို့ ထိုးကျသွား တော့သည်။

နောက်လများတွင်လည်း ပြချင်တုန်း၊ သချင်တုန်း၊ ကျွေးချင်တုန်း မွေးချင်တုန်း။ တချို့က ကျွေးမှန်းသိ၍ နှစ်ခါထပ် သုံးခါထပ် ဖတ်၍ ငတ်တော်မူကြသည်။ ဆောင်းပါးပါသော စာအုပ်ကလေးကို ခွဲမထားရက်။ လူနှင့်တစ်ပါတည်း ပါခဲ့သည်ချည်း။ ထမင်းစားရာလည်း လက်ကမချ။ ရေချိုးရာလည်း မမေ့။ အိမ်သာတက်ရာ မှာတောင် စာအုပ်က အဖော်။ အိပ်လျှင်လည်း ခေါင်း အုံးအောက်မှာ။ နှစ်လခန့်ကြာသောအခါ စာအုပ်မှာ စာရှူးဒဏ် မခံနိုင်လွန်း၍ ဟောင်းနွမ်းသွားတော့သည်။

ဆောင်းပါး ပါလာ၍ ရေးအား တက်လာသည်။ ဈာန်ဝင်လာသည်ဟု ဆိုနိုင်သည်။ လမိုင်းကပ်သည်ဆိုဘာ မျိုး ထင်ပါရဲ့လေ။

စာပေလောကထဲသို့ ရောက်ခါစမှာ စာပေလောဘ ကြီးမိသည်။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ အစုံသုပ်လုပ်

www.burmeseclassic.com



တော့သည်။ ရှိသမျှ သိသမျှ မဂ္ဂဇင်းများသို့ ဒလဟော ပို့သည်။ သို့သော် နောက်တစ်ပုဒ် ပါမလာ။ ဇွဲမလျော့ အားမပျော့။ ခြင်းခတ်သလို ဆက်ကာဆက်ကာ တော့ နေသည်။

နောက်တစ်နှစ်အကြာ ဆောင်းပါးတစ်ပုဒ်နှင့် ကဗျာ တစ်ပုဒ် ရှေ့တစ်လ နောက်တစ်လ ဆက်ပါလာသည်။ ပုံနှိပ်ကဗျာကလေးကို ဖတ်မဆုံး။ စာလုံး ရှစ်ဆယ်ကျော် ရှိသော ကဗျာလေးကို အငမ်းမရ ရွတ်မိသည်။ အရ ကျော်ဘဲနှင့် အရကျက်သလို အာဂုံဆောင်နိုင်ခဲ့တော့သည်။ စာအုပ်ကို လှန်ဖန်များ၍ ကဗျာရှိရာ စာမျက်နှာမှာ ဟ,နေတော့သည်။ လှန်လိုက်လျှင် အံကျ။

ကျွန်တော် ဝါသနာပါလှန်းသည်ကား ကဗျာ။ ပါ ပါနေသည်ကား ဆောင်းပါး။ ကဗျာကို ဖိရေးသည်။ တစ်စ တစ်စ ပါလာသည်။ ရေးသက် နှစ်နှစ်အတွင်း စာပေမှတ်တိုင်တချို့ ထူစိုက်နိုင်သည်။ မှတ်တိုင်များစွာ မှတ်တမ်းများစွာကို ထူမတ်ချင်သော ဆန္ဒရှိုင်းရှိုင်းက အစဉ်ကြီးစိုး မင်းမူနေသည်။

ရှူးလျှင် ထူးရမည်။

ထူးချင်လျှင် ရှူးရမည်။

* * *



မှန်ကန်တည့်မတ်သော စကားသည် သာစွာ။

စာပေလောကနှင့် ပတ်သက်၍ ကျွန်တော့်မှာ သက်ရှိ ဆရာမရှိ။ စာအုပ်စာပေသည် ကျွန်တော့်ဆရာ။ ဆရာ အရာထား၍ ကဝိနေရာထား၍ ကိုးကွယ်ဆည်းကပ်သည်။

စာပေလောကသည် ကျယ်ဝန်းလှသည်ကို တွေ့ရသည်။ ခရီးကလည်း ဝေးကွာလှန်းသည်။ သို့သော် မရောက် ရောက်အောင် သွားချင်စိတ်ကပြင်းထန်နေသည်။ သည်လို စာပေပိုးကိုက်နေချိန်မှာ ပညာရေးအတွက် ကြိုးစား နေရသည်။ မြန်မာစာကို အဓိကဘာသာရပ်ယူပြီး ဘွဲ့ ရအောင် ကြိုးစားဖို့ ဆုံးဖြတ်ချက်ချသည်။

မန္တလေးတက္ကသိုလ်မှာ သင်တန်းတက်ရင်း စာပေ သမားတချို့နှင့် ပက်ပင်းဆုံတွေ့ရသည်။ ရေနီမြောင်း သား တမာမွှေးနှင့် မွှေးမွှေးထွေးထွေး နှီးနှောကြသည်။

မြင်းမူသား အိဖိုးဝင်းမြင့်ကား မြဝတီမှာ ကဗျာ တစ်ပုဒ် ပါဖူးသည်။ အိဖိုးဝင်းမြင့်ကို အထင်ကြီးမိသည် ပေါ့။ ကျွန်တော်က အထင်ကြီးနေမှန်း သိနေ၍ ကဗျာ အကြောင်း စာစကားများ ဖိတ်ဖိတ်စင်စင်နှင့် သမားဂုဏ် ပြသည်။

နောက်တစ်ယောက်က ညွန့်ဖူးဝေ (အင်းပတ်)အမည် နှင့် မိုးဝေမဂ္ဂဇင်းမှာ ဝတ္ထုတစ်ပုဒ်ပါဖူးသော ခင်ဦးက ကျောင်းဆရာနှင့်လည်း တွဲမိသည်။ သူကလည်း မိုးဝေ မဂ္ဂဇင်းကို ပွေ့ပွေ့ပိုက်ပိုက်နှင့် ရှူးနေသဲ။ ကျွန်တော်တို့ စာပေဝိုင်းကလေးကို စာသင်ဆောင် အင်းဝခန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အခမဲ့ကျင်းပခွင့်ရသည်။ ဆွေးနွေးပွဲစရိတ်ကို ကျွန်တော်က အကုန်အကျခံသည်။ ကျွန်တော့်ကို ခင်မင်သော ညွန့်ဖူးဝေ(အင်းပတ်)က ကွမ်းတစ်ယာပြီးတစ်ယာ၊ ဆေးလိပ်တစ်လိပ်ပြီးတစ်လိပ် သုံးဆောင်ရှာသည်။ ကျွန်တော်တတော့ ကြည်နူးလို့။

သည်တစ်ယောက်က နောင်ချိုက။ ရှမ်းလား မနုလား မသိ။ ကလောင်အမည်ကတော့ ချမ်းသာသည်။ သန်းသိန်းသောင်း (နောင်ချို)တဲ့။ သူက ပညာတန်ဆောင် ကဗျာလေးပုဒ်ခန့် ပါဖူးပြီ။ ကဝိန် ဓန် တဗျ ဟူသော ရှေးစကားကြီးကို ချိုမြိန်စွာ မြည်တမ်းတတ်သည်။

ကျွန်တော်၏ ဂယောဆော်မှုကြောင့် အိဖိုးဝင်းမြင့်၊ ညွန့်ဖူးဝေ(အင်းပတ်)၊ သန်းသိန်းသောင်း(နောင်ချို)တို့ ပူးပေါင်းမိကြ၏။ စာပေစကားများ အပြန်အလှန် ပြောဖြစ်သည်။ စာပေသုတ ရသတချို့ ရယူနိုင်သည်။

နောက်ဆုံးနှစ်မှာ ကျွန်တော်တို့ ပြန်ဆုံဖြစ်သည်။

သည်နှစ်မှာတော့ ကျွန်တော်က ခပ်ဝင့်ဝင့် လုပ်လာသည်။ မလုပ်ဘဲနေမလား။ ကမ္ဘာ့ကြက်ခြေနီနေ့ စာပေပန်းချီပြိုင်ပွဲမှာ တက္ကသိုလ် ကောလိပ်အဆင့် ကဗျာပထမဆုက ပူပူနွေးနွေး။ စာပေလုပ်သား၊ ယုဝတီ၊ တောင်သူလယ်သမားဂျာနယ်၊ ပညာတန်ဆောင်နှင့် အင်းတော်မဂ္ဂဇင်းများမှာ ကဗျာတွေက တဝေဝေ၊ သူတို့က ဘိုနေမြဲ ကျားနေမြဲ။ ကျွန်တော်က သူတို့ထက် ဝါသနာပိုနေသည်ကို တွေ့ရသည်။ ကျွန်တော့်ကဗျာများကို သူတို့



တတွေ့ ဖတ်ကြသည်။ ချီးကျူးသံကတညံ့ညံ၊ ဝေဖန်သံကတချို့ချို့။ သည်တော့ ကျွန်တော် ငွေကုန်တာပေါ့။ တဖေးမှာ ဒကာလုပ်မိသည်။

ဘွဲ့ရပြီးနောက်တစ်နှစ်မှာ စာပေခြေလှမ်း ကျယ်လာသည်။ ကုပ်ကုပ်ရှပ်ရှပ် မနေချင်တော့။ လှေကြီးထိုးရိုးရိုးနှင့် ခရီးသွားနေပါက ပန်းတိုင်ရောက်မည်မဟုတ်။ စာပေဗိမာန် စာမူဆုရ စာအုပ်များစွာကို ဖတ်ထားပြီးပြီ။ ဆုရသူများ၏ အတ္ထုပ္ပတ္တိကိုဖတ်ရတော့ ကိုယ့်ကိုကိုယ် ဒေါသဖြစ်မိသည်။ ကိုယ်လိုသူလိုများပင် ဆုယူနိုင်ခဲ့ကြပြီ။ အားကျမိသည်။ တွေဝေနေ၍ မသင့်။ ရှိကြောက်နေက လာဘ်နှင့် လွဲပေတော့မည်။ ဓမ်းတဝါးဝါးနှင့် စာပေလမ်းပေါ်မှာ မျက်စိလည်ရာမှ ပန်းတိုင်ကို ခပ်ရေးရေးမြင်ရပြီ။ ဇဝေဇဝါ ပိုက်ကွန်ထဲမှ တွန်းဖွင့်ရုန်းထန်ရန် အသိအလင်းတန်းကို လက်ခန့် တွေ့ရလေပြီ။

စာပေဗိမာန်စာမူပြိုင်ပွဲသို့ ကလေးစာပေနှင့် ဝင်ရောက်ယှဉ်ပြိုင်သည်။ စာမူပြိုင်ပွဲဝင်ပြီး ဆုရောင့်ရဲတင်းတိမ်မနေ။ ကဗျာအမျိုးအပြား ရေးမိသည်။ အားတက်လာသည်။ မဂ္ဂဇင်းကြီးမှာ ဝင်ရောက်တိုးဝှေ့သည်။ မဆိုး။

နောက်တစ်နှစ် စာမူဆု ကြေညာခါနီးမှာ အိပ်မပျော်စားမဝင်။ ထင်လည်း ထင်ထားသည်ကိုး။ သို့သော် ဆုစာရင်းမှာ ပါမလာခဲ့။ အားပျက်သွားသလို၊ ရှက်သွားသလို ရှူးရှူးနစ်နစ် ခံစားရသည်။

သည်နေရာမှာ ဖြတ်ပြီးပြောပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းက သိပ်စကားပြောတာကိုး။ ကျွန်တော် စာပေဗိမာန်ဝင်ပြိုင်ပြီး ဆုမရတော့ ရေးဖော်တစ်ဦးက ဝမ်းသာနေသည်ကို ချောက်ချားဖွယ်တွေ့ရသည်။ စာရေးသက်လေး မကော မကနှင့် ဝင်ပြိုင်ရဇတောင်းလားပေါ့။ ကျွန်တော့်ကို အထင်သေးသေးနှင့် ချိုးနှိမ်သည့် စကားမှန်း သိပါသည်။ သို့သော် သူကိုယ်တိုင်က ဘယ်စာနယ်ဇင်းမှ မပါဘဲ ကလောင်သေနေသည်ကို ကျွန်တော် သိသည်။ ထိုပုဂ္ဂိုလ်သည် ယနေ့တိုင် စာပေလောကမှာ မွေးမှိန် ဖျော့တော့စွာနှင့် ကန့်လန့်ကန့်လန့် ရှိနေဆဲပါ။

စာပေဆု မရသော်လည်း ကဗျာများကား ဆက်တိုက်ဆက်တိုက် ပါနေသည်။ ကျွန်တော် ကဗျာ ပါအားကောင်းနေချိန်မှာ ရေးဖော် တစ်ဦး မရေရာသော စကားဖျင်း စကားညံ့ကို ဆိုလာသည်။

'မွေ့တာရီမှာ ကဗျာတွေ သုံးနှစ်စာရှိနေပြီ၊ ပို့နေလို့ကတော့ မောရုံပဲ'တဲ့။ သည်လို စကားမျိုးကို ယုတ္တိတင်းမဲ့စွာ ပြောရဲဘတ်သည်။ ကျွန်တော် စိတ်ပျက် လက်လျှော့သွားစေရန်သာ ရည်ရွယ်သောစကားမှန်း သိသည်။

ကျွန်တော့်ပတ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းက သည်လိုမျိုးပါ။ နောက်သုံးနှစ်လောက် စာပေပြိုင်ပွဲ မဝင်ဘဲ ဖြစ်သွားသည်။ စိတ်ပျက်သွားခြင်းမျိုး မဟုတ်။ အားယူပြီး လေ့လာနေခြင်းသာ။



ဒုတိယအကြိမ် စာပေဗိမာန်စာမူ ဝင်ရောက် ယှဉ်ပြိုင်သည်။ ယခင်စာမူထက် ပို၍ကောင်းလာသည်ဟု သတင်းထောက် ဦးမိုးမြင့်က ဝေဖန်သည်။ ဦးမိုးမြင့်သည် အမြဲအားပေးသည်။ စာမူ တင်ထားဆဲ နှစ်မှာ ရန်ကုန်သို့ရောက်ဖြစ်သည်။ စာရေးသက် ရှစ်နှစ်ကြာမှ ရန်ကုန်ကို စာပေလုပ်သား ညီလာခံ ကိုယ်စားလှယ်အဖြစ် သွားရခြင်းမျိုးပါ။

ကျိုက္ကဆံကွင်းမှာ ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာတို့နှင့် ဆုံတွေ့ရခွင့်သည်။ မဂ္ဂဇင်း အယ်ဒီတာများနှင့်လည်း ရင်းနှီးခွင့်ရသည်။ နယ်မှ စာပေဗိမာန်ခုနစ်ကြိမ်ပြိုင်ပြီး တစ်ကြိမ်မှ မရဖူးသော စာရေးဆရာနှင့်တွေ့သည်။ သူက ပြောသည်မှာ အားတက်စရာ။

'ပြိုင်ကွ၊ ဒီပြိုင်ပွဲရှိတာ တို့အတွက် စာရေးဖြစ်တယ်၊ စာပေ ထွက်ပေါက်တစ်ခုပဲ'တဲ့။ စာပေဗိမာန် ထစ်ကြိမ်တည်းပြိုင်ပြီး ဆုရသည့် စာရေးဆရာနှင့်လည်း တွေ့ရသည်။

ကျွန်တော် လိုချင်သောအဖြေကိုရခဲ့သည်။ ကျွန်တော့်မှာ ဖျတ်ဖျတ်လူး ဝမ်းနူးခဲ့သည်။ ဒုတိယအကြိမ် ပြိုင်သောစာမူမှာ ဆုမရခဲ့။ သို့သော် ဝမ်းမနည်း၊ စိတ်မလျှော့။ မရ၊ ရအောင် ပြိုင်တော့မည်ဟု ကြုံးဝါးမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ရဲသော ခွန်အားက အပြည့်။
ဆုသည် ပြိုင်သူအတွက် မဟုတ်လား။

* * *

ရိုးသား ပွင့်လင်းစွာ ပြောပါရစေ။

ကျွန်တော် စာပေဗိမာန် နှစ်ကြိမ်ပြိုင်၍ အရေးနိမ့်ခဲ့ရသော စာမူများကို ပြန်ဖတ်ကြည့်သည်။ အားနည်းချက်ကို ရှာသည်၊ လိုအပ်ချက်ကိုကြည့်သည်။ လားလား-တော်တော်ခေတ်တဲ့ စာမူတွေ ပါကလား ဗျာရို့။ သတ်ပုံကလည်း ချည့်နဲ့လွန်းသည်။ ဝတ္ထု ဖြစ် သော် လည်း အရုပ်ထဲ စကားပြောသလို။ အခြေခံသမဝါယမအသင်း၏ နှစ်လည်အစီရင်ခံစာ တင်သွင်းထားသော စာကို ဖတ်နေရသည့်အလား။ ညံ့ဖျင်းစွ။ အေးတိ အေးစက် နိုင်လှသည်။ ဘာလို့ ဆုရမှာလဲလေ။

အမှားကို တွေ့ပြီ။ အမှန်ကို ဆောင်ရုံသာ။ အားနည်းချက်ကို သိပြီ။ အားသာချက်ကို ဖြည့်ရမည်။ ရိုးစင်း အေးစက် နေခြင်းသည် ဆန်းသစ် ဖျတ်လတ်မှုလောက် မကောင်း။ လမ်းကို သိပြီ။ လမ်းပေါ်သို့ တည့်မတ်စွာ လျှောက်လှမ်းရုံသာ။

ယခင်က သူများ ဆုရဖူးသော စာအုပ်များကို ဆရာတင်သည်။ နည်းယူသည်။ မှီးသည်။ အကြံတူ နောက်လူ



ကောင်းစမြဲ မဟုတ်လား။ ဝတ္ထုတိုကလေးများကို ထာလေးများအတွက် စေတနာထား ရေးသည်။ သူ တထာ တို ရေးသည့်လမ်းမှ ခွဲထွက်၍ အနည်းငယ် အချိုးပြောင်းသည်။ စိတ်ကူးယဉ်ကို ပစ်ပြီး ဖြစ်ရပ်မှန်များ၊ ဘဝနှင့် နီးစပ်မှုများကို ဇာတ်လမ်းဆင်သည်။ ကိုယ်တိုင်ကလည်း မူလတန်းကျောင်းအုပ်နှင့် ကျေးရွာတစ်ရွာမှာ ပျော်နေသူ။ တပည့်များ၏အကြောင်းကို ပရိယာယ် ကင်းကင်းနှင့် ရေးဖွဲ့သည်။

ထိုဇာတ်လမ်းများကိုစုစည်း၍ တတိယအကြိမ် စာပေဗိမာန် ဝင်ပြိုင်သည်။ စာမူအမည်ကို ‘ကျေးလက်ဒေသမှ ကလေးများ’ဟု တဲ့တိုး ပေးလိုက်သည်။ စာမူဆု ထွက်သောအခါ ပထမဆုနှင့် တိုးတော့သည်။ ဘယ်ပြေးမလဲ စာမူဆုရှယ်။

ကျွန်တော် စာမူဆုရသောအခါ တစ်နယ်လုံး တုန်လှုပ်သွားသည်။ တုန်လှုပ်နည်းက အမျိုးမျိုး။ တချို့က စာမူဆု ငွေကြေးကို မက်မောသည်၊ တချို့က ဆုယူသဘင်း မြန်မာ့ ရုပ်မြင်သံကြားမှာ မြင်တွေ့လိုက်သောကြောင့်၊ တချို့က စာပေဆုကို ရယူနိုင်သည့် ဂုဏ်ကို အားကျခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်တမူ ပို၍ဆိုးသည်။ စာပေဆုရပြီး တစ်ပတ်လောက်အထိ ထမင်း မစားနိုင်။ အအိပ်ပျက် အစားပျက် ဖြစ်တော့သည်။ ‘အိပ် မပျော် ဘူး လား။ ရွှေပုပ္ပားသွေးဆေးကိုစား’ ဟု ဆိုသော်လည်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နှင့်တွေ့ကာမှ ရွှေပုပ္ပား နာမည် ပျက်ရမလိုလို။ အအိပ်ပျက်၊ အစားပျက်၍ အားနည်းလာကာ ဖျားပါတော့သည်။ သည်အဖြစ်ကို သိသူများက ဟားကြသည်၊ ဟားကြပါစေ၊ ဟားကြပါစေ။ သူတို့ကိုယ်တိုင်မှ မခံစားရတာကိုး။ ကျွန်တော့်ကို လူနာ လာမေးသူ များက စိတ်ထိန်းဖို့ ပြော၏။

ကျွန်တော် 'ဒီရောဂါမျိုး နှစ်တိုင်း ဖြစ်ချင်တယ်ဗျာ' ဟု ဆိုမိသည်။ ရုတ်တရက်တော့ ကြောင်သွားကြသော်လည်း အတွေးပေါက်မိကြမှ 'မင်းရောဂါက ငွေရတဲ့ရောဂါကိုးကွ' ဟု ရယ်ကျဲကျဲနှင့် ပြောကြသည်။

စာပေဗိမာန်ဆုအပြင် မြဝတီပုံနှိပ်တိုက်၏ စာပေဆုများကိုလည်း ရယူနိုင်သည်။ ဆုပေးပွဲ အခမ်းအနားမှာ နိုင်ငံ့အကြီးအကဲများ၊ စာရေးဆရာ၊ စာရေးဆရာမများကို တွေ့ခွင့် စကားပြောခွင့်ရသည်။ စာပေလှမ်းပေါ်မှ ရရှိလိုက်သည့် အခွင့်ထူးများဟု ခံယူမိသည်။

ရန်ကုန်ကိုလည်း နှစ်စဉ်ရောက်ဖြစ်သည်။

မဂ္ဂဇင်းတိုက်များမှာဝင်ထွက်သွားလာသည်။ စာတည်းများနှင့် ရင်းနှီးလာသည်။ စာပေဩဝါဒများ ဆည်းပူးရသည်။ ယခင်က နယ်မှ မှန်းဆပို့နေရသော မဂ္ဂဇင်းများသို့ ကိုယ်တိုင် ပို့နိုင်သည်။ မဂ္ဂဇင်းမှာသာ ဆုံတွေ့ရသော စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာများကို မျက်စိအောက်မှာ မြင်ခွင့်ရပြီ။



၃၂-လမ်း၊ ဆူးလေဘုရားလမ်း၊ ၃၃-လမ်း၊ ပန်းဆိုးတန်းလမ်းများမှာ ပျော်မောနေခဲ့ဖူးသည်။ ဟန်တစ်လုံး ပန်တစ်လုံးလုပ်၍နေသော စာတည်းဟူ၍ မတွေ့ရ။ နယ်မှ ရောက်လာသူ ကျွန်တော့်ကို လိုလားစွာ လက်ခံသည်။ စာပေလမ်းကား စမ်းရေတအေးအေး၊ ပန်းတွေတမွှေးမွှေးနှင့်။

ကျွန်တော့်စာမူဆုရ စာအုပ်ကလေးထွက်လာချိန်မှာ ပျော်ရသည်ကလည်း အရသာတစ်မျိုး။ အုပ်ရေ ၂၂၀၀၀ ရိုက်နှိပ်၍ စာပေဗိမာန် အသင်းဝင်များထံ ဖြန့်သည်။ ကျွန်တော် ကြည်နူးမဆုံး။ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လေပြီ။ စင်ကာပူတွင် ရောက်နေသော စာရေးဆရာနှင့်တွေ့တော့ 'ကျွန်တော်စင်ကာပူမှာ ခင်ဗျားစာအုပ် ဖတ်ရတယ်' ဟု ဆိုသည်။ ကျွန်တော့်နှလုံးသားမှာ ခုန်ဆွခုန်ဆွ။ ကျွန်တော် ကိုယ်တိုင် စာအုပ်ထုတ်ဝေရန် မလွယ်ကူ။ ထုတ်နိုင်ဦးတော့ အုပ်ရေက သည်လောက်မများနိုင်။ ပျံ့နှံ့နိုင်ခြင်းလည်း ရှိမည်မထင်။ စာအုပ်ကလေးကို ကြည့်ရင်း အတွေးညို့နေတော့သည်။

အတွေးများသည် ဆန်းကြယ် ခမ်းနားနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စာပေဆုပေးပွဲများသို့ ရောက်ဖူးပါမှ အတွေးတစ်ချက်ရလာသည်။ အတွေးဆိုသည်ထက် အသိဟု ဆိုလျှင် ပို၍မှန်ကန်မည်။

စာပေဆုရသူများကိုကြည့်ပါက ဝါနု ဝါရင့်အားလုံး တွေ့ရသည်။ ဝါနုသူကား ပထမရပြီး ဝါရင့်သူက တတိယဆုအဖြစ်နေသည်။ ရန်ကုန်နှင့် နယ်အပိုင်းကိုလည်း သတိထားမိသည်။ နယ်က ပထမဆုချိတ်ပြီး ရန်ကုန်က ဒုတိယ တတိယ ရသည်လည်း တွေ့ရသည်။ ဝါရင့်နှင့် ရန်ကုန်ကလည်း ပထမဆုရတတ်သည်။ စာပေဆုမှာ ဝါနုဝါရင့် ရန်ကုန်နှင့် နယ်မရွေး ထိုက်တန်သူကိုသာ ပေးပါကလားဟု သိရသည်။

မှန်ပါသည်။ စာပေသည် အနုပညာ။ အနုပညာသည် အားကစားနှင့်မတူ။ အားကစားမှာ စံချိန်ရှိသည်။ စာပေမှာ စံချိန်မရှိ။ တစ်ကြိမ်ဆုရသူသည် နောက်တစ်ကြိမ်ရမည်ဟု ဒိဋ္ဌမဆိုနိုင်။ အားကစားမှာကား ယခုနှစ်ချန်ပီယံသည် နောက်နှစ်မှာ ချန်ပီယံမဖြစ်တောင် ဒုတိယ၊ တတိယတော့ သေချာနိုင်သည်။ သည်လို ကွာခြားသည်ကို သိရသခိုက် ကြိုးစားလိုစိတ်များ တဖွားဖွားနှင့် ကြည်နူးမိသည်။ ဇွဲသန်၍ မာန်ဝင့်ရသည်။

ကျွန်တော် စာပေလမ်းကို သုံးသပ်၍ နီးရာစပ်ရာကို စာပေပြိုင်ပွဲဝင်ရန် တိုက်တွန်းသည်။ နှိုးဆော်သည်။



အပေးက မိတ်ဆွေများကို စာရေး၍အားပေးသည်။ ကျွန်တော့်လို မဖြစ်စေလို့။ စာပေလမ်းပေါ်သို့ ဖြောင့်ဖြောင့်ရောက်သွားစေချင်သည်။ ပန်းတိုင်ကို မြင်နေပါလျက် မပြေးပါဘဲ မပြေးသူ၏ ပေါ့လျော့မှုသာ။

ကျွန်တော်၏ စာပေလမ်း။

ကျေးလက် တောသားတစ်ယောက်၏ စာပေလမ်းသည် စပ်ထဘီနှင့်တူလှသည်။ အရောင်စုံ အသွေးစုံ၊ ရသစုံများနှင့် ရောပြွမ်းနေသည်။ သနားစရာလည်း တွေ့မည်။ အားကျစရာလည်း တွေ့မည်။ မနှစ်မြို့စရာလည်း ရှိသည်။ နှစ်ခြိုက်စရာလည်း မြင်မည်။ ရှောင်စရာလည်း များ၍ ဆောင်စရာလည်း မရှားချေ။

စာပေလမ်းကို ဖြတ်သန်းခြင်း။

ဖြတ်သန်းနေဆဲပင် ဖြစ်သည်။ အောင်မြင်မှု တစ်ပဲသားကို ဝိဓေယျာဇ်ပုတ်သင်လို မလုပ်ချင်။ မရောင့်ရဲနိုင်သေး။ ပန်းတိုင်များစွာက ရှေ့မှာ ထင်းထင်းကြီး။ ခရီးဆုံးသည် မရောက်သေး။ ဆက်လက် ဖြတ်သန်းရဦးမည်။

ဖြတ်သန်းရဦးမည်။

သို့သော် အတိတ်က စက္ကန့်များနှင့် မတူတော့။

နားဝေတိမ်တောင်မဟုတ်။ ရဲရဲဝံ့ဝံ့ဖြတ်သန်းမည့်အတူတူ အတတကြီး မဟုတ်တော့။ ဖျတ်ဖျတ်လတ်လတ် ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှုကလည်း အပြည့်။ ယုံကြည်မှု၊ မြတ်နိုးမှုရှိပါက စာပေလမ်းသည် ဆုံးမရှိ ဖြောင့်မရှိ။ ပကတိ ဖြောင့်ဖြူးနေမည်မှာ မုချ။ ယုံကြည်ရာ လမ်းပေါ်မှာ မြတ်နိုးမှုပန်းကို ပန်၍ ဖြတ်သန်း လျှောက်လှမ်းရဦးမည်လေ။

* * *

# ဆန့်ခေါက်ဆွဲထက် ကောင်းသော

'ဖေဖေ ကျွန်တော် ကျောင်းပြီးရင် နိုင်ငံခြားသွား အလုပ်လုပ်မယ်၊ သူငယ်ချင်းတချို့လဲ သွားကြမှာဗျ'

ရာဇာမျိုးထင် စကားကြောင့် သတင်းစာဖတ်နေသော ဦးမျိုးထင်တစ်ယောက် ရင်မောသွားသည်။ ဦးမျိုးထင်က မကြားသလို လုပ်နေသည်။ စိတ်ဝင်စားနေသဲ ဆောင်းပါး တစ်ပုဒ်ကို ခေါင်းတညိတ်ညိတ်နှင့် ဖတ်နေသည်။ ပြီး ဆေးလိပ်ခွက်ထဲမှ ဆေးပေါ့လိပ်ကို မီးညှိသည်။ ခံတွင်းဘောင်း၍မဟုတ်။ သားတော်မောင်၏ စကားကို မနှစ်သက်၍ အာရုံပြောင်းလိုက်ခြင်းသာ။ ဆေးလိပ်ကို တရှစ်ပွဲဖွာပြီး မီးခိုးများမှုတ်ထုတ်နေတော့သည်။

'ဖေဖေ'

'တော်....တော် ငါကြားတယ် ရာဇာ'

www.burmeseclassic.com

www.burmeseclassic.com



ရာဇာမျိုးထင် ကုပ်ကုပ်ရှုပ်ရှုပ်ကလေး ဖြစ်သွားသည်။ ဦးမျိုးထင် အမူအကျင့်ကို နော့ကျေထားသည့် ရာဇာမျိုးထင် စကားမဆက်ရဲ။ နောက်ထပ် ဖိတ်စင်လာမည့် စကားဆက်မျိုးသည် ရာဇာမျိုးထင်အတွက် အကြားရခက်မည်မှာ မုချ။ ရာဇာမျိုးထင် ရင်ထဲမှာ ကျုံးကျုံးကျက်ကျက် မြည်သံစွဲများ မင်းမူနေသည်။

'ဒီမှာ ရာဇာ....ငါပြောမယ် နားထောင်'

ဦးမျိုးထင် လေသံက တင်းမာ စူးရှလွန်းသည်။

'ဟုတ်ကဲ့ ပြောပါ ဖေဖေ'

ရာဇာမျိုးထင်က လေပြည်ထိုးသည်။ မျက်နှာကို သကြားရည်၊ တင်းလဲရည်၊ ပျားရည်တို့ စိမ်ထားသလို အချိုဆုံး ပြုံးထားသည်။ မျက်နှာမြင် ချစ်ခင်သွားအောင်လေ။

'မင်း ပညာရေး ဆုံးပြီလား'

'အခု မသွားပါဘူး ဖေဖေ၊ ဘွဲ့ရပြီးမှ သွားမှာပါဗျာ....'

'မလိုချင်ဘူး ရာဇာ၊ မင်းအခုတက်နေတဲ့ မဟာသိပ္ပံဘွဲ့ရရင် ထိုက်တန်တဲ့ အလုပ်တစ်ခု ဝင်လုပ်၊ မင်းကို ကျောင်းထားတာ နိုင်ငံခြားအလုပ်လုပ်ဖို့ မဟုတ်ဘူး'

ဦးမျိုးထင်က ပြတ်ပြတ် သားသား ပြောချလိုက်သည်။ ရာဇာမျိုးထင် ခေါင်းငိုက်စိုက် ကျသွားသည်။ အရှုပ်ကြိုးမြတ်ဆိုသည့် ပုံစံမျိုးနှင့် တစ်ထေရာတည်း။



'ကျွန်တော် မဟာသိပ္ပံကို သချ်ာနဲ့ဘွဲ့ရမယ်၊ ဒီဘွဲ့နဲ့ဆိုရင် ဒ္ထက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှာ နည်းပြ လုပ်ရင်ရပါတယ်၊ ဒါပေမယ့် လစာက'

'ရပ်....ရပ် မင်းစကားမလွန်ခင် ရပ်ကွာ ရာဇာ၊ မင်းပြောမှာက လစာနည်းတယ်၊ နိုင်ငံခြား သွားအလုပ်လုပ်ရင် ဒေါ်လာရမယ်၊ အဲဒီငွေနဲ့ လိုချင်တာ ဝယ်သွင်းခဲ့မယ်မဟုတ်လား၊ မင်းကို နိုင်ငံတော်က ပညာသင်ပေးလာတာ ငါးနှစ်သားကတည်းက နော်၊ အခု ၂၂နှစ် ရှိပြီ၊ အဲ....နိုင်ငံတော်က ၁၇-နှစ် ပညာသင်ပေးခဲ့ပြီလေ၊ မင်းတတ်တဲ့ပညာဟာ တို့နိုင်ငံအတွက် ဖြစ်ရမယ်ကွ၊ နိုင်ငံခြားအတွက် မဖြစ်စေရဘူး၊ မင်းတို့က နို့တိုက်ကျွေးမွေးပြုစုတဲ့မအေကို အမေလို့မခေါ်ဘဲ နို့ဘူးတိုက်တဲ့ အိမ်စေကို အမေခေါ်တဲ့ ကလေးမျိုးဖြစ်နေပြီ၊ ထစ်ကနဲဆို နိုင်ငံခြား နိုင်ငံခြားနဲ့ တယ်လေ ငါ့ထို့'

ဦးမျိုးထင်သည် ဝင်းလက်ပြောင်စင်နေသော နဖူးကို လက်ဖဝါးနှင့် ရိုက်ရင်း စကားဆိုသည်။

'ဖေဖေ့ကို ကျွန်တော် ပြုစုစောင့်ရှောက်ချင်လို့ပါ၊ ဖေဖေ ပင်စင်ယူချိန်မှာ ကျွန်တော့် ဝင်ငွေက ကောင်းနေမှ မဟုတ်လား၊ ဖေဖေလဲ အသက်ကြီးပြီဗျာ'

ဦးမျိုးထင်သည် ဌာနတစ်ခုမှ ညွှန်ကြားရေးမှူး၊ သက်ပြည့်ပင်စင်ယူရန် လိုသေးသည်။

'ရာဇာရယ် ငါ့ကို ပြုစုချင်ရင် ငါနဲ့ နီးတဲ့နေရာမှာ အလုပ်လုပ်ရမှာပေါ့၊ ငါ ပင်စင်မယူသေးဘူးကွ၊ အခုလုပ်

www.burmeseclassic.com



အားနဲ့ နိုင်ငံအတွက် လူမျိုးအတွက် အကျိုးပြုဖို့ ရည်ရွယ်ပြီး ဝန်ထမ်းလုပ်တာ မင်းအသိပဲ၊ ငါ့မိဘအမွေပေါ် ထိုင်စားလို့ ရတာလဲ ဝါသိတယ်လေ၊ လုပ်သက်ပြည့်မှ ပင်စင်ယူမယ်ကွာ၊ မင်းနိုင်ငံခြားသွားမယ့် အကြောင်းထဲ ငါ့ကို ဆွဲမထည့်ပါနဲ့ မောင်ရာဇာ'

ရာဇာမျိုးထင် အရှုံးပေးလိုက်ရတော့သည်။ ရှေ့ဆက်ပြီး စောဒကတွေ စောဒနာတွေ လုပ်၍ ရအံ့မထင်။

'ဒါနဲ့ကွာ...လာမယ့် မတ်လထဲမှာ ကောလင်းက မင်းဦး လေး မျိုးဇင်အလှူလုပ်မယ်၊ ငါတော့ ရုံးတစ်ဖက်နဲ့မို့ မသွားနိုင်ဘူး၊ မင်းသွားဖို့ စီစဉ်ထား၊ မျိုးဇင်က က မျှော်နေမှာလေ၊ မနှစ်က စာရောက်လာတယ်၊ မင်း ဖတ်ကြည့်လိုက်ဦး စားပွဲပေါ်မှာစာ'

မျိုးဇင်သည် ဦးမျိုးထင်၏ ညီအရင်း၊ ကောလင်းမြို့သူ့ဆေးရုံမှာ ဒေါက်တာတစ်ယောက်၊ ကောလင်းသူ သူနာပြုဆရာမ ဖြူစင်လွဲနှင့် အိမ်ထောင်ကျခဲ့သည်။ ကောလင်းမှာ အခြေကျနေပြီ။ သားတွေ သမီးတွေနှင့် တိုက်နှင့်ကားနှင့် ရွှေနှင့်ငွေနှင့်။ သိတော်မူကြသည့်အတိုင်း ဆရာပန်ဆိုသည်မှာ ဆင်းရဲသူမရှိ။ ပြီးတော့ ကောလင်းမှာ ဆက်ဆံရေးကောင်း၍ လူချစ်လူခင်များသည်။ မြို့အဖွင့်ကဗျာပေါ့'

'ဒီစာအရဆိုရင် ဦးလေးဇင်က ကျွန်တော့်ကိုတွေ့ချင်နေပုံရတယ် ဖေဖေ၊ ကျွန်တော်လဲ ကျောင်းအားတယ်၊ နောက်ပြီး စိတ်ပြေလက်ပျောက်ပေါ့ဗျာ'



'လာပြန်ပြီလား၊ မင်းမှာ ဘာဖြစ်နေလို့လဲ ရာဇာ၊ နိုင်ငံခြားသွားဖို့ ငါ သဘောမတူတာနဲ့ စိတ်ဆင်းရဲနေသလား၊ အင်း....နိုင်ငံခြားရောဂါ တယ်ဆိုးပါလား၊ ဟား ဟား ဟား'

'မဟုတ်ပါဘူး ဖေဖေ'

ရာဇာမျိုးထင်သည် သူ့စကားစကို ဦးမျိုးထင် ဆွဲနှုတ်မိသွား၍ မုသာဝါဒ ရုတ်တရက်သုံးလိုက်ရသည်။

* * *

ရန်ကုန်ဘူတာကြီး။

အဆောက်အအုံ ခမ်းနားထည်ဝါသလို ခရီးသွားများကလည်း စည်ကားဘိခြင်း၊ လိုက်ပို့သူ၊ လာကြိုသူများကလည်း အနန္တ။ ရှုပ်ထွေး စီစီညံနေတော့သည်။

ညနေ ၅ နာရီထိုးတော့မည်။ မန္တလေးသို့ ထွက်ခွာတော့မည့် အမြန်ရထားသည် စင်္ကြံအမှတ် ၁-မှာ နေရာယူပြီး ဖြစ်နေသည်။ ရာဇာမျိုးထင်သည် အိတ်တစ်လုံးကိုလွယ်လျက် အထက်တန်းတွဲ အမှတ် ၁-ရှိရာသို့ ဦးတည်သည်။ စင်္ကြံဝင်ပေါက် အရောက် လက်မှတ်စစ်က လက်မှတ်စစ်ဆေးနေသည်ကို သည်းမခံနိုင်။ တွဲပေါ်သို့ ရောက်ချင်စိတ်က [illegible]မြန်ထူနေသည်။ ဟိုကလည်း တာဝန်အရလုပ်ရသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



တွဲပေါ်ရောက်တော့ လူစုံလုပြီ။ မိမိနေရာ မိမိထိုင်ရင်း ရထားထွက်ချိန်ကိုစောင့်နေကြသည်။ လူတိုင်းနာရီကို ကွက်ကြည့်ကွက်ကြည့်လုပ်ကြသည်။ အင်း၊ လူတွေတယ်လဲ ခက်ပါလား။ ကိုယ်ရထားတွဲပေါ် မရောက်ခင်မှာတော့ ရထားမီဖို့ ဆုတောင်းတတ်သည်။ ရထားပေါ် ရောက်သည်နှင့် ရထားမြန်မြန်ထွက်ဖို့ ဆန္ဒစောပြန်ရော။ ဆန္ဒက အမျိုးမျိုး လူ့အကြိုက် ရထားမလိုက်နိုင်။ ထွက်ချိန်က သတ်မှတ်ထားသည်လေ။

ရာဇာမျိုးထင်နေရာက ကောင်းသည်။

ခုံနံပါတ်က စီ ၉၊ ပြတင်းပေါက်နှင့် ကပ်လျက်။ သူနှင့်ယှဉ်လျက် ဘီ-၉၊ ကား ရုပ်ရည်သန့်သော လူကြီးတစ်ယောက်။ လက်ထဲမှာ ထူထူထဲထဲ စာအုပ်ကြီးကို အငမ်းမရဖတ်နေသည်။ သေသေ ချာချာ ကြည့်လိုက်မှ 'တိုင်းကျိုးပြည်ပြု' စာအုပ်ကြီး ဖြစ်နေသည်။

'ဦးဦး....စီးကရက်'

ရာဇာမျိုးထင်က စေတနာအရင်းခံနှင့်ပေးသည်။

'ကျေးဇူးပဲကွာ၊ ဦးစီးကရက် မသောက်ဘူး'

'ခွင့်လွှတ်နော်'

စီးကရက်မကြိုက်သူကို ပေးကမ်းမိခြင်းကြောင့် အားနာပါးနာဖြစ်သွားသည်။ စီးကရက်သောက်ရင်း မျက်စိကို အလုပ်ပေးထားသည်။ သစ်လွင် သန့်ရှင်းသောရထားတွဲကို သတိထားပြီး စိတ်ထဲကျေနပ်မဆုံး။ ထိုင်ခုံကလည်း အိစက်ညက်ညော လှချည့်လား၊ ရှေ့ခြေတင်ခုံကလည်း



အချိုးကျ၊ ပြောစရာမရှိ။ ခေါင်းပေါ်မှ ပန်ကာထလည်း တဝှီးဝှီး။

၅-နာရီထိုးသည်နှင့် ခရာသံ ရှည်ရှည်ကို ကြားရပြီး ရထားစတင် ထွက်လေပြီ။ တွဲပေါ်မှာ လူပိုတစ်ယောက်မှမမြင်။ ရထားခုတ်မောင်းနေစဉ် ဆောင်းဘောက်မှ ချိုလွင်နွဲ့နှောင်းသော အမျိုးသမီးတစ်ဦး၏ သံစဉ်ပြေပြေက ပြေးလွှား ရောက်လာသည်။ ခရီးစဉ်မှာ ရပ်နားမည့် ဘူတာများ၊ ရပ်နားချိန်များ၊ ခရီးအစအဆုံး ခုတ်မောင်းချိန်များကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာနှင့် ကြေညာသွားသည်။ မကြာမီတေးဂီတများနှင့် ဖွင့်လျက် ဧည့်ခံတော့သည်။ ရာဇာမျိုးထင်တစ်ယောက် မြန်မာ့မီးရထားအပေါ် လေးစားမဆုံးနိုင်။

'တူမောင်က မန္တလေးအထိလား'

ငမိုးရိပ် တံတားအကျော်တွင် ဘေးခုံမှ စကားထွက်လာသည်။

'ဟုတ်တယ်ဦးဦး၊ မန္တလေးက တစ်ဆင့် ကောလင်းအထိ သွားရဦးမှာဗျာ'

'ဟော....ကောလင်းသွားမှာလား၊ ဦးလဲ ကောလင်းသွားမှာလေ၊ အဆင်ပြေတာပေါ့၊ ခရီးတူဖြစ်သွားပြီ'

ရာဇာမျိုးထင် ဝမ်းသာသွားသည်။

ကောလင်း မဆိုထားနှင့် မန္တလေးတောင်မရောက်ဖူး။ ပြည်နှင့် မော်လမြိုင်လောက်သာ ရောက်ဖူးသည်။ ထိုမြို့

www.burmeseclassic.com

www.burmeseclassic.com



များမှာလည်း ကားနှင့် သွားခဲ့ခြင်းသာ။ ရန်ကုန်မှာသာ ခြေရှုပ်တတ်သော်လည်း နယ်ခရီးက မကျွမ်းကျင်။

'ဦးက ကောလင်းကပဲလား၊ ကျွန်တော် ဦးလေး အလှူသွားမလို့လေ၊ ယောင်ယောင် ယမ်းယမ်း သွားရမှာ၊ အခုတော့ ပူစရာမလိုတော့ဘူးနော်'

'အေးကွာ ကောလင်းကဆိုပါတော့၊ ကောလင်းစီးပွားရေးဘဏ်ကပါ၊ ဦးအမည်က ညွန့်မောင်ပါ၊တူမောင့်ဦးလေးက ဘယ်သူလဲ'

'ဒေါက်တာမျိုးဇင်'

'ဟာ....သိတာပေါ့၊ ကောလင်း တည်ဆောက်ရေးမှာ လက်တွဲ လုပ်နေရတာလေ၊ ဒေါက်တာက သဘောကောင်းပဲ'

ရထားသည် တဝေါဝေါနှင့် ပြေးလွှားနေသည်။ နွေရာသီဖြစ်၍ ပူအိုက်လှန်းသည်။ ပန်ကာလေသည် နွေလေပူပူကို မစိုးမိုးနိုင်။ ရာဇာမျိုးထင်သည် စီးကရက်သောက်လာ၍ ရေဆာလာသည်။ သို့သော်ရေပါမလာခဲ့။

အနီးဆုံး ဘူတာသည် ပဲခူး၊ ပဲခူးရောက်ဖို့ နာရီဝက် ခန့်ကြာဦးမည်။ ရေငတ်ဒဏ်ကို ကြိတ်မှိတ်နေရုံသာ။ ပဲခူးရောက်မှ သောက်ရတော့မည်။ ပဲခူးမရောက်မီ ရထားတစ်စင်းလုံး မီးထိန်ထိန်လင်းလာသည်။

ရာဇာမျိုးထင် ပဲခူးမှာ ရေသောက်သည်။ ဦးညွန့်မောင်လည်း ရေငတ်နေပြီ။နှစ်ယောက်သား ရေသောက်ပြီး စကားစမိကြပြန်သည်။



'ရထားမှာ အားလုံးပြည့်စုံတယ်၊ ရေမရှိတာပဲ တွေ့တယ်ဗျာ'

'ဟို တွဲထိပ်မှာ ရေပိုက်ခေါင်းရှိတယ်၊ ဦး သွားပြီး ဖွင့်ကြည့်တော့ ရေမလာဘူး၊ ဒါနဲ့ ရှေ့တွဲ သွားဖွင့်ကြည့်တယ်၊ ရေနဲတော့လာတယ်၊ ရေကမသန့်ဘူး၊ ကျန်းမာရေးအတွက် စိုးရိမ်ရတယ်'

'ရေလောက်တော့ ပြည့်စုံဖို့ သန့်စင်ဖို့ ကောင်းတယ်ဗျာ'

'အင်း....ဟုတ်တာပေါ့၊ မီးရထားမှာ အဆင့်ဆင့်ကြီးကြပ်နေတယ်ဆိုတာ သိမှာပါ၊ ဒါပေမယ့် ပေါ့ဆတဲ့ဝန်ထမ်းတချို့နဲ့ စေတနာမဲ့တဲ့ ဝန်ထမ်းတွေလဲ ရှိတယ်၊ ကိုယ့်တာဝန်ကိုယ်မလုပ်ကြတာပေါ့၊ နောက်ပြီး သုံးစွဲတဲ့ ခရီးသည်တွေကလဲ စည်းကမ်းကျဖို့လိုတယ်၊ ရေသုံးပြီး ပြန်မပိတ်ဘာတို့၊ မပိတ်တတ်လို့ တွေ့ရာနဲ့ ဆို့ထားတာတို့ ကလဲ ရှိသေးတယ်၊ ဝန်ထမ်းဘက်ကရော၊ ခရီးသည်ဘက်ကရော လိုအပ်တာတွေ ရှိတာ ကလား၊ ကွယ်....ပြီး ပြည့်စုံ အဆင်ပြေတဲ့ နေရာဌာန ဆိုတာ ရှာရင်ရှား သကွယ့်'

ဦးညွန့်မောင်ကို ရာဇာမျိုးထင် စူးစူးစိုက်စိုက် ကြည့်ရင်း လေးစားသွားသည်။ စကားကောင်းလာသည်မှာ အချိန်မည်မျှ ကြာသွားသည် မသိ။ ဒိုက်ဦး ဘူတာပင် ကျော်ခဲ့ပြီ။

www.burmeseclassic.com



တချို့ခရီးသည်များ အိပ်ငိုက်ရင်း လိုက်ပါလာကြသည်။ တချို့မှာ စကားတပြောပြောနှင့်။ တွဲရှေ့ဆုံးမှ အမျိုးသမီးကြီးက ဂုဏ်ဓတော်ပုတီးကို စိပ်နေသည်။ တွဲလယ်မှ ခေတ်သမီးပျို နှစ်ယောက်ကား အသံစွာစွာနှင့် ဗွီဒီယိုအကြောင်း ငြင်းခုံနေသည်။ ဝဝဖိုင့်ဖိုင့် လူကြီးတစ်ယောက်က ထမင်းချိုင့်နှင့် ထမင်းစားနေသည်။ ဇွန်းသံ ခက်ရင်းသံက တဒေါက်ဒေါက်။ ဟင်....ဟိုနှစ်ယောက်က လွန်လှချည့်လား။ ပုလင်းတစ်လုံးကိုထောင်ရင်း အသုရာပြဇာတ် ခင်းနေသည်။

ရာဇာမျိုးထင်သည် အိပ်ချင်ပြီ။ ဦးညွန့်မောင်ကား ရထားတုန်ခါမှု စည်းချက်နှင့်အညီ ငိုက်ဆိုက် ငိုက်ဆိုက်ဖြစ်လျက် အိပ်နေသည်လား၊ မှိန်းနေသည်လား မသိ။ ရထားသည် တောင်ငူဘူတာသို့ ဒုံးကျည်တစ်စင်း ပမာ အရှိန်အဟုန်ကောင်းကောင်း ခုတ်မောင်းလျက်။

'ဟော့ တူမောင်၊ တောင်ငူရောက်ပြီကွ၊ ရေသောက်ချင်ရင်သောက် ရေနွေးကြမ်းလဲရတယ်'

ဦးညွန့်မောင် လှုပ်နှိုး၍ ရာဇာမျိုးထင် ရေသောက်နိုင်သည့် အခွင့်အရေး မဆုံးရှုံးလိုက်။ တောင်ငူမှာ ရထားရပ်နားနေစဉ် တွဲစောင့်က သတိပေးလာသည်။ တွဲ ၄ မှာ အိတ်ဆွဲချသွားကြောင်း ပြောပါသည်။ သည်တော့မှ ခရီးသည်များ ကိုယ့်အိတ်ကိုယ့်ပစ္စည်းကို စစ်ဆေးကြသည်။ မည်သူမှ မပျောက်။ ကံကောင်းသည်ပေါ့။ရထားပေါ်တွင် မသမာသူတို့၏ ဇာတ်လမ်းကလည်း ခုတလော



စန်းထနေသည်။ အိပ်ဆေးခပ်ပြီး ကျွေးမွေးကာ ပစ္စည်းယူသွားသည်က အခါခါ။အုပ်စုလိုက် ဂိုဏ်းလိုက်ထူထောင်ပြီး အတင့်ရဲနေကြသည်။

ရထားသည် တောင်ငူမှ ပျဉ်းမနားသို့ခုတ်မောင်းနေသည်။

ခရီးသည် အားလုံးလိုလို အိပ်ကြလေပြီ။ ဗွီဒီယိုချစ်သူချာတိတ်မကလေးနှစ်ယောက်လည်း အိပ်မက် မက်နေပေလိမ့်မည်။

အိပ်မက်ထဲမှာ ရဲအောင်လည်း ပါပေမည်။ ကျော်သူလည်းရှိမည်။ စိုးသူလည်းမကင်း။ ဇိုးငနဲ နှစ်ယောက်ကား အဝီစိသို့ အလည်ရောက်နေလိမ့်မည်။ ရှေ့မှ အမျိုးသမီးကြီးကား ဝေဇယန္တာရထားစီးနေရသည့် အလားခံစားနေရလိမ့်မည်။ ဝဝဖိုင့်ဖိုင့် လူကြီးကား တရုတ်ဘိန်းစားကြီး ဘိန်းရှူသလို တခေါခေါနှင့်။

မနက်မိုးလင်းတော့ သာစည်ဘူတာ ရောက်နေပြီ။

သာစည်ဘူတာမှာ အဆင်းအတက်များသည်။ ရှမ်းပြည်ခရီးသည်များ၊ မိတ္ထီလာ၊ မြင်းခြံ ခရီးသည်များ ဆင်းကြသည်။ ရာဇာမျိုးထင်နှင့် ဦးညွန့်မောင်တို့လည်း မျက်နှာသစ်၊ သွားတိုက်လုပ်သည်။ အိမ်သာတက်သည်။ အခြားခရီးသည်များလည်း သည်အတိုင်းပင်။

သာစည်မှ အထွက်မှာ နားညည်းစရာ အလွန်ကောင်းခါတည်း။ ဈေးသည်အမျိုးမျိုး၏ အော်ဟစ် ဈေးခေါ်သံတား အဆက်မပြတ်ချေ။ မြန်မာ့အသံမှ ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ် လွှင့်ထုတ်နေသည်နှင့် နင်လားငါလား၊တီးလုံး မပါသည်ပဲ ကွာသည်။

'အထက်တန်း တွဲမှာ ဈေးသည်မလာဘူး ထင်နေတာဗျ'

ရာဇာမျိုးထင်က မကျေမနပ်နှင့် စကားစသည်။

'ဩော်...မလာလို့ မဖြစ်ဘူးလေ။ တွဲစုံ ရောင်းတော့ ဖြတ်သွားရမယ်ပေါ့၊ ပြီးတော့ အထက်တန်းတွဲကလဲ ဝယ်စားတယ်လေ၊ အဲ...ဈေးတောင် ပိုပေးရတယ် တူမောင်ရေ့'

ဦးညွန့်မောင်က ရှင်းလင်းပြောပြသည်။

'မန္တလေးရထားတွေထဲမှာ ဒီ ၅-နာရီရထားကအဆင်ပြေဆုံးပြောကြတယ်ဗျာ၊ ဒါကြောင့် ဒီရထားကို ရွေးစီးလာတာ'

'အေး...ဟုတ်တယ်လေ၊ အင်းလေ အဆင်ပြေတယ်လို့ ပြောရင် ရတောင်းပါတယ်၊ ဒါပေမယ့် ဦးတော့ ဒီအထက်တန်းတွဲရအောင် သုံးရက် သုံးခါ တန်းစီတိုးရတယ်၊ တည်းတာက တောင်ဥက္ကလာမှာ ဆိုတော့ တော်တော်ကသီတယ်၊ အဆင်ပြေတဲ့ ရထားမှာတောင် အဆင်မပြေတာတွေ အများကြီးပဲ၊ ညကကြည့်လေ တောင်ငူမှာ ဆလစ်သုတ်သွားတာမျိုး၊ ကိုယ်တိုင်မကြုံဖူး မခံဖူးသူကတော့ အဆင်ပြေတယ်လို့ပြောမှာပဲ၊ အဲ...ခံလိုက်ရသူကတော့ ကျေနပ်သဘောကျမှာ မဟုတ်ဘူးလေ'



ရာဇာမျိုးထင်သည် ငြိမ်သက်လျက် နားထောင်နေမိသည်။ ရန်ကုန် မန္တလေးရထားအကြောင်းနှင့် ပတ်သက်၍ မှတ်သားစရာများ ရလိုက်သူက ရာဇာမျိုးထင်။

နံနက် ခုနစ်နာရီ ကျော်နေပြီ။

ရထားသည် မြို့ဟောင်းဘူတာကို ဖြတ်သန်းခုတ်မောင်းနေသည်။ ဆောင်းဘောက်မှ 'ရွှေမန်းဆီသို့' သီချင်း ထွက်ပေါ်နေသည်။ ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်နေသည်။ ပစ္စည်း စစ်သူကစစ်၊ အိတ်ချသူကချနှင့် ဖြစ်နေတော့သည်။

ရထားလည်း မန္တလေးသို့ အောင်မြင် ချောမောစွာ ဆိုက်ရောက်ခဲ့လေပြီ။

* * *

မန္တလေး-ကောလင်းရထား ပုံမှန်ထွက်ချိန်မှာ နံနက် ငါးနာရီ။ ယခု ခြောက်နာရီတောင်ထိုးပြီးပြီ။ မထွက်နိုင်သေး။ ခရီးသည်များမှာ စိတ်မရှည်နိုင်ကြ။ ဘယ်မှာ စုံစမ်းရမည်မသိ။ မီးရထား ဝန်ထမ်းမြင်တိုင်း မေးရသည်မှာလည်း အမော။ 'ဒီနေ့ထွက်မယ်' ဟူသော မမှားနိုင်သည့် အဖြေ။ 'ထွက်မယ်လေ ထွက်မယ်' ဟူသော အချိန်မခန့်မှန်းနိုင်သည့် အဖြေ။ 'မနေ့က အဝင်နောက်ကျတာ မသိဘူးလား' ဟူသော ဓာသတ်ဆက် 'အဖြေမျိုးချည်း

www.burmeseclassic.com



ကြားနေရသည်။ မှန်ရည်သော ဝန်ထမ်း တစ်ယောက်က '၆ နာရီ ၄၅ မိနစ်မှာ ထွက်မယ်ဗျ။ အခု လက်မှတ် ရောင်းနေပြီ' ဟု ပြောပြမှ စိတ်အနေအခါ ပျောက်သွားသည်။

'ဦး....ကျွန်တော်တို့ လက်မှတ် ဘယ်လိုလုပ်မလဲဗျ'

ရာဇာမျိုးထင်က စိုးရိမ်သော လေသံနှင့် မေး လာသည်။

'ရန်ကုန် ရထားလို မဟုတ်ဘူးကွယ့်၊ အခု ဝယ်လို့ ရတယ်၊ ဘာမှမပူနဲ့'

'တယ်ဟုတ်ပါလား၊ ရန်ကုန် မြို့ပတ်ရထားလိုပဲနော်'

'ဒါပေါ့ကွာ....၊ ရော့ ပိုက်ဆံ လက်မှတ် သွားဝယ်၊ ဦးက ပစ္စည်းတွေ စောင့်နေမယ်'

'ဦးရဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးဦးလေ'

'ဒီရထားက ဘာမှမလိုဘူး၊ တန်းစီလဲ မတိုးရဘူး ကွယ့်'

ရာဇာမျိုးထင် လက်မှတ် သွားဝယ်သည်။ စိတ်ထဲမှာ အပျော်ရနံ့များ ပျံ့လွင့်နေသည်။ တယ် နေရာကျသည့် ရထား။ ဦးညွန့်မောင်ပြောသလို လက်မှတ် ရောင်းသည့် နေရာမှာ လူသိပ်မရှိလှ။

'ရခဲ့တယ်ဗျ၊ လွယ်လွယ်ကူကူပဲ၊ သိပ် အဆင်ပြေတယ် ဗျာ'

မကြာမီ ကောလင်းရထား တွဲဆိုး လာတော့သည်။ တွဲတိုင်းမှာ ခရီးသည်များ ပါလာသည်။ တွဲမထိုးခင် ကတည်းက ရထားပေါ်မှာ နေရာ ယူလာခဲ့ကြသူများ။



စိမ်ပြေနပြေနှင့် ထိုင်ခုံပေါ်မှာ စန့်စန့်ကြီး အိပ်နေသူ လည်း တွေ့ရသည်။

'တွဲနံပါတ်၊ ခုံနံပါတ် မရှိဘူးနော်'

'ဟုတ်တယ် ကြိုက်တဲ့တွဲ၊ ကြိုက်တဲ့ခုံမှာ စီးရုံပဲ'

နှစ်ယောက်သား တွဲပေါ်သို့ တက်ခဲ့ကြသည်။ နှစ် ယောက်ထိုင်ခုံတစ်ခုက သဘောကောင်း၊ မနေ့ာတောင်း နှင့် ကြိုနေသည်။ နေရာကျလေခြင်း။

'လေမှုန်....ထိုးမှုန်၊ လေမှုန်....ထိုးမှုန်'

မန္တလေး သကေတ သံစဉ်များက စည်းလွတ်ဝါးလွတ် တုန်ခါနေတော့သည်။

ရထားထွက်လေပြီ။

နံနက်ပိုင်းအချိန် ဖြစ်သော်လည်း နွေနေဒဏ်ကြောင့် ပူစပ်စပ်။ ရထားကလည်း တုပ်ကွေးမိနေသော ပက်ကျိ တစ်ကောင် တွားသွားသလို နွေးနွေးကွေးကွေး။ ဘူတာ စဉ် အားလုံးရပ်သည့် လော်ကယ်ရထား။ အမရပူရဘူတာ မှာ နာရီဝက်ခန့်ကြာ ရပ်နားနေသည်။

'ရထားက ကြာလှချည်လား ဦးရယ်'

'ဒီဘူတာက ကြာတတ်တယ်၊ ကုန်တွေ အတင်များ တယ်'

ဘူတာမှာ ရေကူသိုလ် ကလေးများ ရှိသည်။ ရေဆာ လျှင် အဆင်သင့် သောက်နိုင်သည်။ ရာဇာမျိုးထင်တစ် ယောက် ပူစပ်လောင်မြိုက်ခြင်းကို မခံနိုင်တော့။ ချွေးစို နေပြီ။ ရေနှစ်ခွက်ဆင့်သောက်လိုက်ရသည်။

www.burmeseclassic.com



'ရန်ကုန်ရထားလို ရေအတွက်မပူနဲ့၊ တွဲပေါ်မှာ မပါပေမယ့် ဘူတာတိုင်းရှိတယ်ကွယ့်'

ဦးညွန့်မောင်က ရာဇာမျိုးထင်အတွက် အခက်အခဲဖြစ်နေမည်စိုး၍ သတိပေးသလိုမျိုး ပြောသည်။

ရထားသည် စစ်ကိုင်းတံတားပေါ် ကျော်ဖြတ်ခဲ့ပြီ။ စစ်ကိုင်းဘူတာမှာ ကြာကြာမရပ်။ ရွာထောင်ဘူတာမှာ ကြာသလား မမေးနိုင်။ ခရီးသည်များ တိုးဝှေ့ စုပြုံတက်လာသည်။

ရာဇာမျိုးထင်သည် လူကျပ်လာသဖြင့် အိတ်ကို စိတ်မချဖြစ်လာသည်။ တကိုင်ကိုင် တစမ်းစမ်း လုပ်နေသည်။

'တူမောင် ဘာမှမပူနဲ့၊ ဒီရထားမှာ အလစ်သုတ်တဲ့သူ မရှိသလောက်ပဲ၊ ခရီးကလဲ နေ့ခင်း မဟုတ်လား၊ ရထားကလဲ နှေးတယ်၊ ဆွဲချသွားမှန်းသိရင် အော်သာ အော်လိုက်၊ ရထားပေါ်ကလူတွေက ဆင်းလိုက်ပြီး အကူအညီပေးတယ်။ ပြီးတော့ ဒီလောက်ကျပ်နေတဲ့ ရထားပေါ်က ရုတ်တရက် ခုန်ချဖို့မပြောနဲ့ ဆင်းရင်တောင် တိမ်းပါဦး ဖယ်ပါဦး ပြောရတာလေ'

'ဒီလိုဆိုတော့လဲ အကောင်းသားလားဗျာ'

'အေးပေါ့လေ၊ ရွှေဘိုရောက်ရင် ပစ္စည်းတွေ လိမ့်တင်လိမ့်ဦးမယ်၊ အိမ်သာထဲမှာရော ပြည့်အောင်တင်လိမ့်မယ်၊ ဒါကြောင့် မန္တလေးတည်းခိုခန်းမှာတုန်းက အိမ်သာတက်ခဲ့ဖို့ ဦးသတိပေးတာပဲလေ'

ရာဇာမျိုးထင် စိတ်အိုက်သွားပြန်သည်။



မကြာမီ ရွှေဘိုဘူတာသို့ ရောက်လာသည်။ ဘူတာထဲမှာ ခရီးသည်က အပြည့်။ ရထားကို လုယူတော့မည့်ပုံ။ နည်းတဲ့ လူအုပ်လား။ ပွက်လောရိုက်အောင် ဆူညံနေသည်။ ဆဲသံဆိုသံများ၊ ပြေးလွှားခုန်ပေါက်သံများ၊ ရထားပြတင်းပေါက်ကို တဒုန်းဒုန်းထုရိုက်သံများသည် လူဝိမ်းအတွက် ပူရှိန်းရှိန်း ထူပိန်းပိန်း ခံစားရတော့သည်။ ရွှေဘိုသူတွေ မဟုတ်လား။

'ဒီအရပ်က လူတွေ ဒီလောက် ဒုက္ခရောက်တဲ့ ရထားမှာ စီးရတယ်လို့နော်၊ ကုန်သည်တွေလဲ သိပ် ပင်ပန်းလွန်းတယ်ဗျာ၊ စိတ်ချမ်းမြေ့ကြမှာ မဟုတ်ဘူး ထင်ပါရဲ့'

'ဒီရထားမစီးလို့ ဘယ်ရထား စီးမလဲ၊ ကားလဲမရှိဘူးလေ၊ သူတို့ကတော့ ပင်ပန်းတယ်လို့ ထင်မှာမဟုတ်ဘူးကွယ့်၊ ကြည့်ပါလား ပြုံးပြုံးရွှင်ရွှင်တွေပဲလေ'

ရာဇာမျိုးထင် အံ့ဩရပြန်သည်။ မိမိဒေသနှင့် မိမိအဆင်ပြေအောင် စီးပွားရေးလုပ်နေသည်ကို တွေ့ရသည်။ ညှိုးနွမ်းသည့်မျက်နှာဟူ၍ မတွေ့ရ။ ပျော်ပျော်ရွှင်ရွှင် နေကြသူချည်း။ ချွေးစို့နေသော ရာဇာမျိုးထင်သာ စိတ်မကြည်မလင်ဖြစ်နေသည်။ အပူဒဏ်ကလည်း မသေးလှ။

'ခင်ဦးက ဦးချစ်မောင်လျက်ဆား အိပ်ချင်ပြေတယ်'

လျက်ဆားသည်၏ ညောင်နာနာ ကွဲရှရှ အော်သံကြောင့် ရာဇာမျိုးထင် လန့်သွားသည်။ ရထားသည် ထန်းတစ်ပင်ဘူတာသို့ ဝင်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းချဉ်သီးတောင်းများက ဘူတာ ပလက်ဖောင်းပေါ်မှာ နေရာမလပ်။ ရထားတွဲပေါ် သို့တော့ ခင်းသား လို ထိုးတက်လာပြီး နေရာယူသော လူငယ်မှာချွေးဥကြီးတွေက အစီအရီ။ တက်လိုက်သည့် လူ။ တင်လိုက်သည့်တောင်း။ ရထား ခေါင်မိုးပေါ်မှာလည်း ပြည့်နေပြီ။ မိန်းကလေးများပင် ပါးကွက်ကြားနှင့် တဟားဟား။ ရထားကိုမမြင်ရတော့။ သဘော်ပင်မှာ သဘော်သီး သီးနေသလိုမျိုး။

'သိပ်အိုက်တယ်ဗျာ၊ လေတောင်မရတော့ဘူး၊ ဒီခေါသကလူတွေ ချီးကျူးတယ်ဗျာ၊ ဒီလောက် ခက်ခဲတဲ့ ရထားနဲ့အလုပ်လုပ်နေတာ မညည်းမညူဗျာ အံ့ပါရဲ့ခနှ်'

'တူမောင်က ရန်ကုန် နေတာကိုးကွယ့်၊ ရန်ကုန်မှာ ဘတ်စ်ကားကျပ်ဘာလို ဒီမှာလဲ ရထားကျပ်တာပဲမဟုတ်လား၊ ဘယ်နေရာမှာမဆို အခက်အခဲရှိမှာပဲ၊ ရန်ကုန်၊ မန္တလေးရထားမှာ ကောင်းဘာရှိသလို မကောင်းတာလဲ ရှိတယ်၊ အခု ဒီရထားမှာလဲ ဒီလိုပဲ၊ အကောင်းချည်း အဆိုးချည်း မဟုတ်တာ တူမောင်သိခဲ့ပြီလေ၊ ဦးပြောတာ လက်ခံရဲ့မဟုတ်လား'

'ကျွန်တော် သဘောကျပါတယ်ဦး'

ရာဇာမျိုးထင်က ဖြင်းချက်မထုတ်တော့။

'ဒီလိုပေါ့ကွာ၊ ဘဝတစ်ခုဖြစ်ဖြစ် အလုပ်တစ်ခု ဖြစ်ဖြစ် ရှန်းကန်လှုပ်ရှားရတာချည်းပဲ၊ နေရင်းထိုင်ရင်းတော့ တိုးတက်မြင့်မားလာမှာ မဟုတ်ဘူး၊ အတွေးနဲ့ စိတ်ကူး



ယဉ်တာတို့ အကြားနဲ့ မှန်းဆနေတာတို့ဟာ လုံးဝမမှန်ကန်နိုင်ဘူးလေ၊ ဦးဆိုလိုချင်တာကတော့ ဘယ်ဒေသ ဘယ်နေရာဖြစ်ဖြစ် ယုံကြည်ချက်တွေ ဇွဲလုံ့လတွေ ရှိရင် ဘာမှမခက်ခဲဘူး၊ အဲ....မြတ်နိုးမှုပါ ဖြည့်စွက်လိုက်ရင်တော့ မုချအောင်မြင်မှာပဲ တူမောင်'

ဦးညွန့်မောင်နှင့် ရာဇာမျိုးထင်တို့ စကားမြိုင်လာခဲ့သည်။ ရာဇာမျိုးထင်သည် မှတ်သားဖွယ်စကားများကို နားထောင်ခဲ့ရ၍ ပူအိုက်နေသည် ကိုပင် သတိမထားမိတော့။

ရထားသည် ဏန့်ဘလူဘူတာကို ကျော်ခဲ့ပြီ။

တောရိပ် တောင်ရိပ်များ တွေ့ရသည်။ ကောလင်းနှင့် နီးလာပြီ။

'တူမောင်နဲ့အတူ ရထားအတူ စီးလာရတာ ပျော်စရာကောင်းတယ်ကွာ၊ ရထားနှစ်စင်းကို နှိုင်းယှဉ်ပြောရာက ဘဝအကြောင်းတွေ ရောက်သွားရော၊ ဒီတော့ တူမောင်က လူငယ်တစ်ယောက်မို့ ဦးပြောချင်သေးတယ်၊ တူမောင့်အရွယ်က နိုင်ငံကို တည်ဆောက်နိုင်တဲ့ စွမ်းအားတွေ အပြည့်ပဲ၊ ဒီစွမ်းအားတွေနဲ့ သဟဇာတ အဖြစ်နိုင်ဆုံး ဌာနကို ရွေးလုပ်ပေရော့၊ ကောင်းတဲ့နေရာ ဆိုးတဲ့နေရာဟာ လုပ်သူရဲ့ သုံးသပ်ချက်၊ ခံယူချက်သာ ဖြစ်တယ်၊ စိတ်ဓာတ်ခိုင်ခိုင်နဲ့ ကိုယ်ကျင့်တရားကသာကောင်းစမ်းပါစေ၊ တိုးတက်ရမှာ ကေန်ပေါ့'

'ဟုတ်ကဲ့ပါ ဦး'

www.burmeseclassic.com

www.burmeseclassic.com



ရာဇာမျိုးထင် ကျေနပ်လျက်။ မျက်နှာမှာလည်း ဝင်းပ ရွှန်းလက်နေသည်။ စိတ်ထဲမှာလည်း ချိုကြည် ဆွတ်ပျံ့ မဆုံး။

ရထားသည် ကောလင်းဘူတာသို့ ဆိုက်နေပြီ။

* * *

ဒေါက်တာ မျိုးဇင် အလှူမှာ စည်စည်ကားကားနှင့် ပြီးသွားပြီ။

ရာဇာမျိုးထင်သည် ကောလင်းအရှေ့ဘက်ရှိ မြေနီရွာသို့ ရောက်သွားရသည်။ ဒေါက်တာ မျိုးဇင်က ကားနှင့် လိုက်ပို့သည်။ မြေနီရွာကို ယယ်ဘောာများက ဝိုင်းဝိုင်းလည်။ စိမ်းစိုနေသောရွာကလေး။ ငွေရှာသိ ဖြစ်သော်လည်း နေချင်စရာ။ တိုက်အိမ်များ၊ ဆန်စက်များ၊ ဆီစက်များက မရေတွက်နိုင်။ တီဗွီ၊ ဗွီဒီယို ဆိုသည်ကား အဆန်းမဟုတ်။ လူနေမှုမြင့်မားသောရွာ။

‘ဒီရွာလေးက သိပ်ကြိုးစားတဲ့ ရွာလေးကွ၊ စာသင်ကျောင်းလဲ ဟိန်းလို့၊ စာကြည့်တိုက်၊ ဆေးပေးခန်း၊ မီးသတ် အို....အစုံရှိတယ်ကွာ၊ ရွာသားတွေက သိပ်ရိုးသား ကြိုးစားတော့ မြို့နဲ့အဆင့်တူပဲ၊ သူတို့ရွာကို သူတို့ သိပ်ချစ်ကြတာ၊ ကောလင်းက လူတချို့တောင် ဒီရွာကို ပြောင်းနေကြတယ်၊ သိပ်တိုးတက်တဲ့ ရွာလေ’



ဒေါက်တာမျိုးဇင်က မြေနီရွာ အကြောင်းကို ပြောပြသည်။

ကားသည် ကောလင်းသို့ ဦးတည် မောင်းနေသည်၊

‘ဖေဖေက ကျွန်တော် နိုင်ငံခြားသွားချင်တာ သဘောမတူဘူးဗျာ’

‘ဘယ် သဘောတူလိမ့်မလဲ၊ တို့နိုင်ငံမှာ အလုပ်တွေ သိပ်ပေါနေတာမဟုတ်လား၊ ရုပ်ဝေးသမြခြားကို အဆင်မကြီးပါနဲ့ကွာ၊ မြေနီရွာပဲကြည့်ကွာ၊ ဘယ်လောက် တိုးတက်သလဲလို့၊ ငါ့သူငယ်ချင်း ဒေါက်တာ တစ်ယောက် နိုင်ငံခြားသွား လုပ်ဖူးတယ်၊ အဆင်မပြေလို့ ပြန်လာပြီး ရွှေဘိုသာလမ်းမှာ ဆေးခန်းဖွင့်တော့ ကြီးပွားနေပြီလေ’

‘အခုတော့ ကျွန်တော် မသွားချင်တော့ပါဘူး၊ ရထားပေါ်မှာ ဦးညွန့်မောင်နဲ့ တွေ့ခဲ့တယ်လေ၊ ကောလင်းဘက်ကပါ၊ ဦးလေးအလှူမှာ လာသေးတယ်၊ အဲ-သူက အပြောကောင်းဗျ၊ သူပြောတာနဲ့ ကျွန်တော် သဘောပေါက်သွားပြီဗျာ’

‘‘ဟဲ-ဟဲ.... ဒီလို ဖြစ်ရမယ်လေ၊ အင်း- အစ်ကိုမျိုးထင် အကြံကောင်းသားလား’

‘ဘာလဲ ဦးလေး၊ ကျွန်တော် နားမလည်တော့ဘူး’

‘ရော့....ဒီစာကို ဖတ်ကြည့်’

ရာဇာမျိုးထင်သည် ဒေါက်တာမျိုးဇင် ပေးလာသော စာကို ဖတ်ကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးဇင်

ငါစာရေးလိုက်တယ်။ မင်း တူတော်မောင်က နိုင်ငံခြားသွားချင်နေတာကွ။ အဲဒါ ငါလက်မှတ်သွားဝယ်တော့ ညွန့်မောင်ကြီးနဲ့ တွေ့ရော....။ ညွန့်မောင်ကို အကူအညီတောင်းရတာပေါ့။ ရာဇာနဲ့ ညွန့်မောင် အတူတူစီးရအောင် စီစဉ်လိုက်တာလေ။ အကျိုးအကြောင်း ပြောပြ လိုက် တော့ ညွန့်မောင်က စိတ်ချလို့ ကတိ ပေးလိုက်တယ်။ ညွန့်မောင်ရဲ့ အစွမ်းကိုတော့ ယုံကြည်တယ်ကွာ။ အဲဒါ မင်းဆီ ရောက်ရင်လဲ ကြည့်ချွတ်လိုက်ဦး ဟေ့။ အဲ- ညွန့်မောင်နဲ့တော့ မင်း တွေ့လိုက်ဦးနော်။ ရာဇာအပြန်မှာ ထူးခြားလိမ့်မယ် ထင်ပါတယ်။

မင်းရဲ့အစ်ကို

မျိုးထင်

'ဟာ- ဖေဖေကတော့ လုပ်လိုက်ပြီ၊ ဒါကြောင့် မို့ ထင်တယ်၊ ဦးက တစ်လမ်းလုံး ဟောလိုက်ပြောလိုက်တာ လွန်ရောဗျာ၊ ဒါနဲ့ ဖေဖေနဲ့ ဦးညွန့်မောင်က ဘယ်လို သိကြတာလဲ'

'ဦးညွန့်မောင်က ရန်ကုန်သားပဲ၊ ကောလင်းမှာ တာဝန်နဲ့ရောက်နေတာ၊ ဟိုခလေ စာရေးဆရာ ညွန့်ဖိုးမောင်



ဆိုတာ သူပေါ့၊ တို့နဲ့ကျောင်းနေဘက် သူငယ်ချင်းတွေပဲ၊ သိပ်ရင်းနှီးကြတာ'

'ဟောဗျာ- ကောင်းရော ကောင်းရော'

'ကောင်းတာပေါ့ ရာဇာ၊ သိပ်ကောင်းတာပေါ့'

* * *

ရာဇာမျိုးထင် ရန်ကုန်ပြန်တော့မည်၊ နက်ဖြန် ရထားနှင့်....။

ဒေါက်တာမျိုးဇင်က ဦးညွန့်မောင်ကို ညစာစားဖို့ ဖိတ်ခေါ်ထားသည်။ ဦးညွန့်မောင် ရောက်လာတော့ ရာဇာမျိုးထင်ကို လက်မထောင်ပြသည်၊ အောင်မြင်မှု သင်္ကေတ။

ရာဇာမျိုးထင်က ဦးညွန့်မောင်ကို ကန်တော့သည်။

'တူမောင်တစ်ယောက် ထူးချွန်တဲ့ နိုင်ငံ့သားတောင်း အဖြစ် ရယူနိုင်ပြီး အောင်မြင်ပါစေလို့ ဆုတောင်းပေး ပါတယ်ကွယ်'

ဒေါက်တာ မျိုးဇင်က ကြည်နူးနေမိသည်။ ညစာ စားပွဲကို အားပါးတရ ဆင်နွှဲကြသည်။ ညစာစားပြီး စကား ပြောဖြစ်ကြသည်။

ဖြူစင်လဲ့က အထုပ်တစ်ထုပ် ယူလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရော့ ရာဇာ…၊ တို့ကောလင်း လက်ဆောင် ဆန်ခေါက်ဆွဲ၊ မင်း အဖေက သိပ်ကြိုက်တာလေ'

'ဟုတ်တယ်ဗျ၊ ဖေဖေက ဆန်ခေါက်ဆွဲဆို သိပ်ကြိုက်တာ၊ လဟာပြင်ဈေးက ဝယ်ဝယ်ပြီး စားနေတာ…၊ ကောလင်း ဆန်ခေါက်ဆွဲပါလာတော့ ဝမ်းသာနေပါလိမ့်မယ်'

ရာဇာမျိုးထင်က ပြောသည်။

'အေး…မင်း ဖေဖေ့နတော့ ဆန်ခေါက်ဆွဲရော၊ ဆန်ခေါက်ဆွဲထက်ကောင်းတဲ့ လက်ဆောင်ရောရလို့ ဝမ်းသာမှာ အမှန်ပဲ'

ဦးညွန့်မောင်က ဝင်ထောက်သည်။

'ဘာလဲ ဦးဦးရ၊ ဆန်ခေါက်ဆွဲထက် ကောင်းတဲ့လက်ဆောင်က၊ မရှုပ်းမရှင်း မလုပ်နဲ့နော် ဦး'

'ဒီလိုလေကွာ၊ တူမောင် အမြင်မှန်ရသွားတဲ့ လက်ဆောင်'

'အမြင်မှန်ရသွားတဲ့ လက်ဆောင်'

ရာဇာမျိုးထင် လိုက်၍ ရေရွတ်နေမိတော့သည်။ အားလုံး အပြုံးကိုယ်စီနှင့်။ ရာဇာမျိုးထင်လည်း ဦးညွန့်မောင် ပြောသည့်လက်ဆောင်ကို သူ့ဖခင် ပို၍ နှစ်သက်မည်ဟု တွေးမိပါတော့သည်။

* * *

# ဥယျာဉ်ထဲက ပန်းတစ်ပွင့်

'ချစ်ရဲ ပိုးထိလို့တဲ့'

'မြေကလဲ လက်မောင်းလောက် ရှိတယ်ဆိုလား'

'တိုက်မြွေလို့ ပယောဂ ဆရာက ပြောတယ်'

'ကိုယ်ကျိုး နည်းကြပြီအေ့'

ပဥ္စကုတ္တော တစ်ရွာလုံး တိုးတိုး တိုးတိုးနှင့် ပျာလောင်ခတ်နေပြီ။ နံနက်စာ မစားမိ သတင်းဆိုးထွက်လာ၍ ထမင်းစားချင်စိတ်ပင် မရှိကြ။ မြွေကိုက် လျှင်မုချသေရတော့မည်ကို သိထားကြသည်။ မည်သူ့မျက်နှာကိုကြည့်ကြည့် ညှိုးနွမ်းနေသည်။ အားငယ် တုန်လှုပ်သည့် အမူအရာက အထင်းသား။ မစိုးရိမ်ဖို့ ပြောပြအားပေးနိုင်သူ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ပဍ္ဍကုတ္တောရွာ။ ရွာအမည်ကို စာလုံးဆင့် များ နှင့် ရေးထား၍ အထင်ကြီးစရာ။ ဘာ အဓိပ္ပာယ်နှင့် ခေါ်ထားသည်မသိ။ ပဍ္ဍကုတ္တောရွာသားတို့ပင် သူတို့ရွာ၏ ဗျုပ္ပတ်ကို မပြောနိုင်။ သို့သော် တချို့က မရေမရာကြားချင်သည်။ 'ငါတို့ ပဍ္ဍကုတ္တောက ရာဇဝင်နဲ့ကွ....' ဟု ရေနွေးကြမ်းဝိုင်းမှာ အဘိုးကြီး အရွယ်က ပြောသည်။ 'ဒါပေါ့ ရဟန်းဒကာ။ ရှေးဘုရင် အဆက်ဆက်က အခွန်ဆက်ရတဲ့ရွာ' ဟု အရွယ်လတ် ပုဂ္ဂိုလ်က ခပ်တည်တည် ထောက်ခံသည်။ 'သိပ်ကို ဖြစ်နိုင်တာပေါ့ဗျာ....' ဟု လူငယ်တစ်ယောက်က ဘုမသိ ဘမသိနှင့် ဆိုသည်။ အိုးရှဲ နှင့် စလောင်းရှဲ့ အပေးအယူ တည့်ကြသည်။

သို့သော် ပဍ္ဍကုတ္တောသည် တကယ့်ရွာ။ မြို့နှင့်ဟိုဝေးဝေးမှာ လွင့်စင်ကျနေသောရွာ။ ရွာမှာ ဆေးပေးခန်း မဆိုထားနှင့် ဗိန္ဒောဆရာပင်မရှိ။ အသိပညာ အတတ်ပညာဟူသော ဝေါဟာရ နှစ်လုံးသည် ပဍ္ဍကုတ္တောနှင့် လားလားမျှ မပတ်သက်။ စာသင်ကျောင်းလည်း မရှိ။ သားယောကျာ်းကြီးလာလျှင် နွားကျောင်း၊ မြက်ရိတ်၊ လယ်ထွန်တတ်လျှင် ကျေနပ်မဆုံး။ သမီး မိန်းကလေး ကြီးလာလျှင် ထမင်းချက်၊ ရေခပ်၊ ကောက်စိုက်ကျွမ်းပါက ဝမ်းသာကြလေပြီ။ ပျော်ရာမှာ မနေရဘဲ တော်ရာမှာ နေကြရလေသည်။

ယခုလည်း ကြည့်လေ။

ချစ်ရဲ့ အသက်က နှစ်ဆယ်။



လူပျိုအရွယ်ကလေး။ မိသားစုအတွက် အားထားရသော တက်လူ။ မကောင်းသည့် အလုပ်ကို ဘယ်တော့မှ မကျူးလွန်တတ်။ ဒုစရိုက်ကင်းကင်း နေတတ်သည့်ချစ်ရဲ့ တစ်ရွာလုံးက ခင်မင်ကြသည်။ ရုပ်ကလည်းသနားကမား။ သွားတက်တလေးက ပြုံးလိုက်တိုင်း နှစ်လိုဖွယ်။ ချစ်သူသည်း မရှာ။

ရွာက ခင်မင်သော ချစ်သော ချစ်ရဲ့ကို မြွေပွေးက မချစ်ခင် မကြင်နာ။ မြက်ရိတ်ရာမှ ကိုက်လိုက်ခြင်း ဖြစ်သည်။ ကိုက်ချက်ကလည်းကောင်းသည်။ သွေး ဖေါက်ဖေါက်ပန်းထွက်သည်။ မြက်ခင်းမှ ထမ်းယူ ခဲ့ရသည်။ ချစ်ရဲ့ကို အိမ်ပေါ်မှာတင်ပြီး ကြည့်နေရသည်။ လာမေးသည့် လူထုက မနည်းလှ။

'ရော့.... ပယောဂဆေး သောက်ထား။ အပ မှိုချင်မှလွယ်ဘူး။ ဆေးကောင်းပါတော်'

ဒွေးလေးဇံက ပေးလာသည်။ ဆေးကောင်းသည် ဆိုသော ဒွေးလေးဇံမှာလည်း ကတုန်ကယင် ဖြစ်နေသည်။ နားနှစ်ဖက်မှ ဖက်လိပ် နားဒွေါင်းကြီးများက တလှုပ်လှုပ်။

ချစ်ရဲ့ သောက်ချလိုက်သည်။ ဝိုင်းကြည့် နေသူများက မျက်တောင်မခတ်နိုင်။ စိုးရိမ်စိတ်က ကြီးစိုးနေသည်။

'ဆေးရှုပို့ရအောင် လုပ်ကြကွာ'

တစ်ယောက်က နှိုးဆော်သည်။

'ချောင်းရေက ကြီးနေတယ်။ ကူးဖို့မလွယ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ခပ်တိုးတိုးဖြေသည်။ ချစ်ရဲ ကြားသွားလျှင် အားငယ်သွားမည်။

'ဒီလိုတော့ ပစ်ထားလို့ ဘယ်သင့်မလဲ။ အရွှေ့ရွာက ဦးကံထိုက် ခေါ်ကြပေါ့၊ သူ့ကို အပ်လိုက်ရုံပဲ' —

ဦးကံထိုက်သည် ဗေဒင်ဆရာယောင်ယောင်၊ ဗိန္ဒောဆရာယောင်ယောင်နှင့် စွယ်စုံလုပ်နေသူ။ အာဂန္တုရောဂါတချို့ကိုတော့ ပျောက်ဖူးသည်။ ယခုလို မြွေကိုတော့ နိုင်သည်ဟု မကြားဖူး။

မကြာမီ ဦးကံထိုက် ရောက်လာသည်။

ဆေးလွယ်အိတ်ကို ဆွဲလျက်။ သျှောင်ထုံးဟု ခေါ်သော ဆံထုံးတလေးမှာ ဖန်ခါးသီးလောက်ရှိမည်။ ဆံပင်က အလွန်ပါးနေပြီ။ လက်ထဲမှာ ပုတီးနှင့် လက်ဖွဲ့ကိုးရောထွေးကိုင်ထားသည်။ ဆေးကုသရန်အတွက် ဆေးဝါးများကို ခင်းကျင်းပြသနေပြီ။ ပုလင်းအကြီးကလေးလုံး။ အလတ်က အလုံးနှစ်ဆယ်။ အသေးကလေးများက တစ်ပုံတပင်။ အခြား ပြုတ်စဗျင်းတောင်းများကလည်း ရှုပ်ရှုပ်ထွေးထွေး နိုင်လှသည်။ မမြင်ဖူးသည့် ပစ္စည်းတချို့ကို တွေ့ရသည်။

'အမေ ရေဆာတယ် ရေဆာတယ်'

ချစ်ရဲက ရေတောင်းသည်။ မြွေဆိပ်တက်လေပြီလား။

'ရေမပေးကြနဲ့။ ဒါမျိုးက ရေမတိုက်ရဘူး'

ဦးကံထိုက်က တားလိုက်သည်။ အိမ်အောက်မှာ ရေနွေးပေါင်းအိုး သုံးလုံးအတည်ခိုင်းသည်။ သည်မှာ လူ



နားလာမေးသူများ ဝိုင်းကူကြသည်။ ထင်းခွဲသူကခွဲ၊ ရေဆွဲသူက ဆွဲ။ ဦးကံထိုက်သည် ချစ်ရဲအား လက်ဖွဲ့တစ်ခု ဝတ်ဆင်ပေးနေတော့သည်။

ပေါင်းအိုးမှ ရေပွက်ပွက်ဆူသောအခါ တန်းလျားနှစ်လုံးကို ပေါင်းအိုး တစ်ဖက်တစ်ချက်မှာ ထားသည်။ ချစ်ရဲကိုထမ်း၍ တန်းလျားတစ်လုံးမှာ ထိုင်စေသည်။ လူတစ်ယောက်က ထိန်းထားရသည်။ ပေါင်းအိုး ပေါ်မှ မြွေကိုက်သော ခြေထောက်ကို ဆန့်တန်း၍ တန်းလျားတစ်လုံးမှာ ခြေတင်ထားစေသည်။ ပေါင်းအိုးကိုဖွင့်လိုက်သည်။ အပူငွေ့များက တထောင်းထောင်း။ ချစ်ရဲ မျက်နှာ ရှုံ့မဲ့နေတော့သည်။

'အသက်အောင့်ပြီးထား။ ဘာမှ မစိုးရိမ်နဲ့။ မြွေဆိပ်ကို အပူငွေ့နဲ့ချုပ်လိုက်ပြီ၊ မြွေဆိပ်ဆုတ်သွားတာနဲ့ တစ်ပြိုင်နက် လူကောင်းပကတိ ဖြစ်လာမယ်၊ အနာသိရင် ဆေးရှိတယ်'

ဦးကံထိုက်က လက်ဖက်ရည်ပွဲမှ ထန်းလျက်ခဲကို မြုံ့ရင်းပြောသည်။ ဘေးက ကြည့်နေသော ပရိသတ်မှာ ပြုံးပြုံးရယ်ရယ် ဖြစ်လာကြသည်။ အားကိုးတကြီးဆိုး သို့သော် ချစ်ရဲမှာကား မြွေဆိပ်နှင့် အပူငွေ့ဒဏ်ကို အလူးအလဲခံစားနေရသည်။ မျက်စိကို စုံမှိတ်၍ စုတ်သတ်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကံထိုက်ကို ကျေးမွေးပြုစုရသည်ဆလည်း မပြောပါနှင့်တော့။ သမားတော်ဆိုပြီး လိုလေသေး မရှိ။ ဆေးကွမ်း လက်ဖက် မပြတ်စေရ။

သည်လိုနှင့် လေးရက် ကြာလာသည်။ မြွေဆိပ်ကားဆင်းမသွား။ ပေါင်တစ်ဖက်လုံးမှာလည်း နီရဲ ရောင်အမ်းနေသည်။ အပူဒဏ်ကြောင့် ဆိုးဆိုးဝါးဝါး ခံစားရပြီး မအိပ်နိုင်။ ရေသောက်ချင်သည်ကိုလည်း ခွင့်မပြု။

နောက်တစ်နေ့ နံနက်စောစောမှာ ချစ်ရဲသေဆုံးသွားသည်။ တစ်ရွာလုံးငိုမဲ့။ မသေသင့်သေမလား။ အပူဒဏ်နှင့် မြွေဆိပ်ဖြေနေမှတော့၊ အကယ်၍ အသက်ရှင်ခဲ့သော်မှ ခြေတစ်ဖက်ကောင်းတော့မည် မဟုတ်။

ကျန်းမာရေးနှင့် ပတ်သက်၍ ဤသို့ နိမ့်ကျခဲ့ဖူးသည်။

* * *

ကျန်းမာရေးသာမက ပညာရေးလည်း ဆင်းရဲသော ပဥ္စကုတ္တော။

ရွှာ့ ဘုစုခရုကလေးများသည် ဆရာဆိုတာ မမြင်ဖူး။ ကျောင်းဆိုတာ မရောက်ဖူး။ အရွယ်ငယ်ငယ်နှင့် လယ်လုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်ရသည်။



သည်လို အဖြစ်ဆိုးနေသည်ကို မည်သူမှ မကယ်နိုင်။ ဘုန်း တော် ကြီး ဦးသုဘောဓက စာသင်ပေးသည်။ ကလေးများ စာဖတ်သံကြားလာရသည်။ ဘုရားရှိခိုးကိုလည်း ဒိုးဒိုးဒေါက်ဒေါက် ဆိုနိုင်လာသည်။ ပညာရေးအတွက် ဘုန်းတော်ကြီးကျောင်းကိုသာ အားကိုးအားထား ပြုရသည်။

ရွာ့ စီးပွားရေးမှာ မဆိုးလှ။

တင့်တောင့်တင့်တယ် နေနိုင်ကြသည်။ အလှူအတန်းကိုလည်း ရက်ရက်ရောရော၊ စေတနာထက်သန်ကြသည်။ စီးပွားရေးဘက်က တိုးတက်သော်လည်း လုံခြုံရေးမရှိ။ တစ်နှစ်အတွင်း ဓားပြတိုက်ခံရသည်က အကြိမ်ကြိမ်။ ပစ္စည်းကို လုယူသည်နှင့် မကျေနပ်။ လူကိုနာလန်မထူနိုင်အောင် ရိုက်ထားခဲ့သေး။ ဓားပြတိုက်ရာမှာလည်း ရိုးရိုးမဟုတ်။ သေနတ်ကို ဖြော်ဖြော်ပစ်ခတ်သည်။ 'လူမွဲတွေက ကွေးအိပ်နေပါ၊ လူဘန်းစား ညှိပေးနေတာ' ဟု အော်ဟစ်ပြောထားခဲ့သေးသည်။ သည်တော့ ခုခံချင်သည့်စိတ်ဓာတ်တို့က အလန့်တကြားနှင့် ပျောက်ပျောက် သွားရသည်။

ဓားပြတိုက်ခံရသော်လည်း ရွာကိုစွန့်မသွား။ ရွာကိုချစ်ကြသည်။ တစ်ရွာမပြောင်းသူကောင်းမဖြစ် ဆိုသည့်စကားကို ကြားဖူးပါ၏။ သည်ရွာမှာမွေးပြီး ပျို့လျှိုးကွယ်လျှိုး ပြောင်းရွှေ့ရမည်ကို မနှစ်သက်။

www.burmeseclassic.com

www.burmeseclassic.com



ရွာလုံခြုံရေးကို စီမံကြသည်။ ရွာစည်းကိုအထပ်ထပ် လုပ်သည်။ ကင်းတဲလုပ်သည်။ အလှည့်ကျစောင့်၍ နိုးကြားအသိက ရှိကြပြီ။ ကင်းစောင့်ကို ဝတ်ကျေ တန်းကျေမလုပ်။ ကင်းတဲပေါ် တက်အိပ်ပြီး ပြန်လာခြင်း မဟုတ်ပါ။ တစ်ညလုံးမအိပ်ဘဲ သံချောင်းခေါက်၍ ရွာစည်းရိုးကို လှည့်သည်။ စည်းလုံးညီညွတ်သော ရွာလူထုကို ဓား၊ပြလူနည်းစုက မကျူးလွန်ဝံ့တော့။ ပဥ္စကုတ္တောရွာသည် အနည်းငယ် လူးလွန့်လာသည်။ ဘဝပေးအသိက လည်း မနည်းတော့။ ဒုက္ခများစွာ ခံရဖူးမှ သုခကို ရှာဖွေလိုစိတ်ပေါ် ထွန်းလာမည်မှာမလွဲ။ ရေကန်အသင့် ကြာ အသင့်ရှိခဲ့ပါက ရေကန်၏ အကျိုး၊ ကြာ၏တန်ဖိုးကို သိမည်မထင်။

ယခုတော့ ပဥ္စကုတ္တော လူးလဲ ထလာသည်။

* * *

ပဥ္စကုတ္တောရွာ တည်နေပုံကလည်း ကြည့်ဦး။

ရွာ့ မြောက်ဘက် ပြောင်သွယ် ချောင်းက ကပ်လျက် စီးဆင်းနေသည်။ ချောင်းက ကျဉ်းလွန်း၍ ရေစီးသန်သည်။ ချောင်းက ကန့်လန့်ခံနေ၍ သွားလာရေးခက်သည်။ ရွာတောင်ဘက် နှစ်မိုင်ခန့်မှာ စင်လင်ချောင်းက တဝေါဝေါ။ ရွာအနီးမှာကား ပိတ်ပိတ်ပိန်းနေသော သစ်တောကြီး။ သစ်မျိုးစုံ ဝါးမျိုးစုံက သုံးမကုန်။

ပြောင်သွယ်ချောင်းကို ဖြတ်ဖို့ စီစဉ်ကြသည်။ ချောင်းကို ရာသီမရွေး ဖြတ်ကျော်နိုင်မှ အကျိုးရှိမည်။ လှည်းနွား မဖြတ်နိုင်သောင်မှ လူဖြတ်ဖို့တော့ လိုအပ်လာသည်။ နောက်ဆုံး အကြံကောင်းတစ်ချက်ကို ရသည်။ ချောင်း အနီးပေါက်နေသော ကျွန်းပင်ကြီးကို မျက်စိကျလာသည်။ လုံးပတ်က လူနှစ်ဒယောက်ဖက်လို့ပင် မရ။ အရှည်က ဝါးနှစ်ပြန်ခန့်ရှိသည်။ ကျွန်းပင်ကို ချောင်းပေါ် ကျအောင် ခုတ်သည်။ ချောင်းတစ်ဖက်ပေါ်သို့ ကန့်လန့်လဲကျသွားသည်။ ကျွန်းတုံးပေါ်မှ လူဖြတ်သွားနိုင်ပြီ။ ပိုမိုအဆင်ပြေဖို့ ဓားနှင့်ခွန်နှင့်ပေါက်၍ ချောသည်။ လက်ရမ်းအဖြစ် ကြိမ်ဆယ်ပင်ခန့်ကို ကျစ်၍ သွယ်တန်းထားသည်။ လူသွားဖို့မပူရတော့။

လမ်းပန်းဆက်သွယ်ရေး ကောင်းလာသည်ဟု ပြောနိုင်သည်။

ထိုလမ်းပန်းကောင်းမှုနှင့်အတူ လူတစ်ယောက်ရောက်လာသည်။ မျက်မှန်က ဝင်းလက်လက်။ နှာခေါင်းကပြူးပြူး ပြုက်ပြုက်။ အိတ်က အသစ်စက်စက်။ သူ့အမည်က ကိုရဲသစ်တဲ့၊ ဆေးဆရာဆိုပဲ။ ကျန်းမာရေးမှူး အငြိမ်းစားထံ စေတနာနှင့် ကုသပေးမည်ဆိုပါလား။ ကိုရဲသစ်ကပြောတာပဲလေ။

ကိုရဲသစ်က ဦးဆန်များ အိမ်မှာတည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲသစ်ကို တိုးဝေ့ ကြည့်ကြသည်။ မမြင်ဖူးတော့ အထင်ကြီးကြတာကလား။ ကိုရဲသစ်ကတော့ စီးကရက်တဖွာဖွာ လုပ်နေပြီ။ သူ့အတွက် ဈေးကွက်သစ် ရသွားပြီးကိုး။

ပဥ္စကုတ္တော၁ရွာသူ ရွာသားများသည် တကာယ်အရှိုးခံ။ ထစ်ဖက်သားကို အရေးတယူ ဆက်ဆံသည်။ ပျူငှာဖော်ရွေ၍ ပွင့်လင်းတတ်သည့် သူစရိုက်များက အပြည့်။ ကျေးမွေးချင်သည့် သဒ္ဒါတရားက တဝေဝေ။ ညှော်သည်ဆိုလျှင် ချစ်တတ်ကြသည်။ ဟိုအိမ်ကကျွေး သည်အိမ်ကမွေးနှင့်။ မြန်မာဆန်သော သိမ်မွေ့သော ရိုးသားသော ကိုယ်ကျင့်တရားက လူတိုင်းလူတိုင်းမှာ ရှိသည်။

စင်စစ်ကိုရဲသစ်သည် ဒေါက်တာရမ်းကု၊ ဆေးသမားခေါ်သည်ထက် ဆေးရောင်းစားသူဟု ခေါ်က ပိုမှန်လိမ့်မည်။ ရိုးသားသည်ကို အ,သည် န,သည်ဟု ကိုရဲသစ်က မြင်သည်။ ကိုရဲသစ်ထင်တိုင်းကြဲတော့သည်။ ဆေးဖိုးထက် ဝါးခက ပိုကဲနေသည်။

ကိုရဲသစ် ကံကောင်းနေသေးသည်။

ရောဂါကြီးကြီး ကျယ်ကျယ်ကို မကုရသေး။ ရိုးရိုးအဖျားအနာလောက်သာ ကုသပေးနေရသည်။ ဆေးတစ်လုံးနှစ်လုံးထိုးသည်နှင့်ပျောက်။ ဆေးလေးငါးပြားကျွေးသည်နှင့် သက်သာ။ ပဥ္စကုတ္တော၁ရွာသားတို့က ကယ်တင်ရှင်ကြီးဟု ထင်မှတ်ယုံကြည်ကြပြီ။ ဘာမှ မကြာလိုက်။



ကိုရဲသစ်လည်ပင်းမှာ ရွှေဆွဲကြိုးရှည်ရှည်ကြီး ဆင်ထားနိုင်သည်။

ဒေါက်တာရမ်းကုတို့၏ ဇာတ်ရုပ်အတိုင်း ကိုရဲသစ်က ပိုပိုရိုရို။ ဆေးရုံဆေးခန်းက ကျန်းမာရေးဝန်ထမ်းထက် အပြောက ထိမိသည်။ ကျွန်တော် ကျွန်တော်ဟု ရေမန်းမန်းသလို တွင်တွင်ကြီး သုံးစွဲတတ်သည်။ နားကျပ်တွေ၊ ပြဒါးတိုင်တွေ၊ သွေးချိန်ကိရိယာတွေကလည်း ပါလိုက်သေး။ သမားဂုဏ်အပြည့်။ အကြည့်က သိမ်မွေ့သည်။ သည်တော့ လေးစားကြည်ညိုမဆုံး။ ကိုရဲသစ်ကို ထမင်းခေါ်ကျွေးရသည်ပင် မဟာဒုက် မြတ်သပိတ် ပေါက်သည်ထက် အပျော်ကြီးပျော်နေကြသည်။

ကိုရဲသစ်က စည်းမစောင့်။

သားရေပေါ်အိပ် သားရေနားစားသည့် လူမျိုးလေ။ ဆိုဖာပေါ်ထိုင်ပြီး ဆိုဖာကို ထိုးဖောက်သည့်လူစား။ လူယုတ်၊ ဦးဆန်များသမီး တောမေကို မတရားကြံသည်။ ဦးဆန်များ ရှက်လွန်း၍ ငိုကြီးချက်မ ဖြစ်ရှာသည်။ တောမေခမျာ အိမ်တွင်းပုန်း။ လူသူအမြင်မခံရဲ။

ရွာသူ ရွာသားများက မနေသာ့ပါပေ။ တချို့က တောမေကို အပြစ်ဆိုသည်။ သမားဂုဏ်ကို ဖျက်ဆီးသူပေါ့။ ပဥ္စကုတ္တော၁ရွာသားများအဖြစ်က သနားရမှာလို ဒေါသဖြစ်ရမှာလို။

အဲ...လူစွမ်းကောင်း တစ်ယောက်တော့ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကပ်ကျော်ပေါ့။ မဟုတ်မခံစိတ်ရှိသူ၊ သတ္တိဗျတ္တိက လည်းရှိသည်။ အတင့်ရဲလာသော ရဲသစ်ကို ကြည့်မနေ တော့။ သည်းမခံနိုင်တော့။ ဦးဆန်များ အိမ်ပေါ်တက် ပြီး ရဲသစ်ကို ထိုးကြိတ်သတ်ပုတ်တော့သည်။ ဗလကောင်း သော ကပ်ကျော် လက်သီးနှစ်ချက်နှင့် ရဲသစ်လဲကျသွား သည်။ ရဲသစ်ကို ဖမ်းချုပ်ပြီး အနီးဆုံး ရဲစခန်းသို့ ပို့ သည်။ ရဲစခန်းရောက်တော့ ရဲသစ်သည် ဓားပြ ဖြစ် ကြောင်း သိရသည်။ လွန်ခဲ့သော ငါးနှစ်က ပဥ္စကုတ္တော ကို သုံးကြိမ်ဓားပြတိုက်ဖူးသည်။ ရဲစခန်းမှ အလိုရှိနေ သော တရားခံပြေး ရဲသစ်။

ရှုတ်ရင်းကြမ်းတမ်းသော ရဲသစ်တစ်ယောက်ထောင် နန်းစံရပြီ။

ပဥ္စကုတ္တော ရွာသူ ရွာသားများသည် သင်ခန်းစာရ လိုက်ပြီ။ နောင်မှာ သည်လိုအဖြစ်ဆိုးနှင့် မကြုံဖို့ဂရုစိုက် ရုံမှတစ်ပါး။

* * *

နွေရက် တစ်ရက်။

ပဥ္စကုတ္တောရွာသို့ ကားတစ်စီး ရောက်လာသည်။ ရွာ သူရွာသားများ ရှုတ်တရက်ဆိုတော့ လန့်တောင်သွား



သေး။ ကားကို မမြင်ဖူး၍ အလုအယက် ကြည့်ကြသည်။ ရွာတည်လာသည်မှာ ကြာပြီ။ ကားတစ်စီးမှ မလာဖူး။

ကားပေါ်မှ လူကြီး နှစ်ယောက်နှင့် လူငယ် ဆယ် ယောက်ခန့် ဆင်းလာသည်။ သစ်တော လေ့လာရေးအဖွဲ့ ဖြစ်နေသည်။ ရွာအနီးရှိ သစ်တောကြီးကို လေ့လာ ကြမည်။

သစ်တောထဲမှာ သစ်ပင်အချို့ကို ဖြတ်တောက်ခဲ့စိတ် ၍ တိုင်းထွာ မှတ်သား လေ့လာကြသည်။ ဆယ်ရက်ခန့် နေပြီး ပြန်သွားကြသည်။

နောက်တစ်နှစ်မှာ ဝမ်းသာစရာ။

ပြောင်သွယ်ချောင်းကို တံတားခင်းသည်။ ရွာကအကူ အညီပေးသည်။ တံတားပြီးသည်နှင့် သစ်ထုတ်လုပ်ရေး စတင်သည်။ ရွာမှာ သစ်ထုတ်လုပ်ရေးစခန်း ဖွင့်သည်။ သစ်တောဝန်ထမ်းများ ရွာမှာအမြဲရှိသည်။

သစ်ထုတ်လုပ်ရေးစခန်း တာဝန်ခံဆိုသူ ဦးအောင်ချို ငြိမ်းသည် ပျော်ပျော်နေတတ်သည်။ ရွာနှင့် အဆင်ပြေ ပြေ ဆက်ဆံသည်။ အခြားဝန်ထမ်းများလည်း ပြုံးပြုံး ရွှင်ရွှင်။ ဦးအောင်ချိုငြိမ်းက ကလေးများကို စာသင် ပေးသည်။ ကလေးများ အကြိုက် ပုံပြင် ပြောခြင်း၊ ကဗျာရွတ်ဆိုခြင်းကို လုပ်တတ်သည်။ ကလေးများပျော် လိုက်သည့်ဖြစ်ခြင်း၊ ရွာသားများကလည်း စားစရာ သောက်စရာ မပြတ်အောင် ပေးကြသည်။ ဦးအောင်ချို

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း၏ ရေဒီယိုကို ဝိုင်းအုံနားထောင်ရင်း ရယ်စရာတွေ့က ရယ်လိုက်နှင့် တသောသော ဖြစ်နေသည်။

မြို့သွားဖို့ လှည်းကူလိုက်သည့်အဖြစ်။ သစ်ကားပေါ်စီးပြီး သွားနိုင်သည်။ ကားခတောင် မပေးရ။ ရာသီမရွေး သစ်ကားရှိနေပြီ။ သစ်တောကိုခုတ်ရုံနှင့်မဟုတ်။ သစ်တောစိုက်ခင်းကိုလည်း ပြုစုပျိုးထောင်သည်။ ရွာသားများ အလုပ်ရကြပြန်သည်။ သစ်ပင် စိုက်ပျိုးရေးမှာ နေ့စားအဖြစ်ဝင်လုပ်ကြသည်။ အပိုဝင်ငွေရသည်။

နောက်နှစ်တွင် ကားလမ်းဖောက်သည်။

မြို့အထိ အချိန်မရွေး သွားလာနိုင်တော့သည်။ အခြေအနေ ပြောင်းလာသည်။ ရွာအတွက် မူလတန်းကျောင်းနှင့် ဆေးပေးခန်းဖွင့်ပေးလာသည်။ ဦးအောင်ချိုငြိမ်းသည် ရွာကို တိုးတက်စေချင်သည်။ ကိုယ်တိုင်ကလည်း ဦးဆောင်သည်။ ဆရာဆရာမများနှင့် တိုင်ပင်ဆွေးနွေး၍ ရွာကို ပံ့ပိုးသည်။

ကြည့်လိုက်စမ်းလေ။ တစ်ရွာလုံး အိမ်သာ သုံးတတ်လာပြီ။ ယင်နားစာကို စားလျှင် ရောဂါရကြောင်းနားလည်ကြသည်။ သူတို့ နေ့စဉ်စားသုံးနေသော ဟင်းသီးဟင်းရွက်များ၏ အာဟာရတန်ဖိုးကို သိကြပြီ။ သားဖွားဆရာမ ဒေါ်ယုယလှိုင်၏ ဦးဆောင်မှုအောက်မှာ ကျန်းမာရေး တိုးတက်လာသည်။

စာသင်ကျောင်းမှာလည်း ခေါင်းလောင်းသံတချိုချို လွင်လွင် ဖြစ်နေပြီ။ ကလေးများ ကျောင်းနေပျော်ကြ



ပြီ။ ရွာ့ပညာရေးအတွက် စိတ်ချရသည့် ဆရာ ဦးဝင်းနွယ်တို့လို ဆရာများက စေတနာအပြည့်။ တကယ့်ပျော်စရာလေ။

'တို့ကျေးလက်တောသားတွေဆိုပြီး အားမငယ်ပါနဲ့၊ ရတနာဆိုတာ တောမှာရှိတာ၊ အခုသစ်တောကြီးကြောင့် ရွာဖွံ့ဖြိုးလာပြီမဟုတ်လား၊ နောင် ပိုပြီးတိုးတက်အောင် ကြိုးစားရမယ်ဗျာ'

ဦးအောင်ချိုငြိမ်းက အားပါးတရ ပြောဖူးသည်။

မျှော်လင့်ချက်ရောင်ခြည်များ ပျံ့အန်လာပြီ။

* * *

သစ်ထုတ်လုပ်ရေးစခန်းသို့ ရွာသားများ မကြာခဏ လာရောက်လည်တတ်ကြသည်။ ယနေ့လည်းလူမနည်းလှ။

ရွာသားများနှင့် ခင်မင်တတ်သော ဝန်ထမ်းများသည် ရွာသားများကို မျှော်လင့်နေတတ်သည်။ နေရာပေး၍ နွေးနွေးထွေးထွေးကြိုဆိုတတ်သည်။

'ရွာစည်းတွေ ပြင်လုပ်ရမယ်ဗျာ၊ ဆူးစည်းနဲ့ဆိုတော့ သန့်ရှင်းမှုမရှိဘူး၊ ဒီတော့ သစ်ထုတ်လုပ်ရေးက စွန့်ပစ်တဲ့ ကိုင်းဖျားကိုင်းနားတွေကို ရွာစည်းလုပ်ရင်ကောင်းမယ်၊ ရွာဝင်းတံခါးကိုလည်း ခိုင်ခိုင်ခံ့ခံ့ လုပ်ကြမယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ချိုငြိမ်းက တင်ပြသည်။ ရွာသားများလက်ခံသည်။

'ရွာအဝင်မှာ ဆိုင်းဘုတ်တစ်ခု ရေးရမယ်ဗျာ၊ ပဥ္စကုဋ္ဌောရွာမှ ကြိုဆိုပါ၏ ဆိုတဲ့ ဆိုင်းဘုတ်မျိုး၊ ပြီး အကွာအဝေး မိုင်ပြဆိုင်းဘုတ်မျိုးပေါ့၊ ကျွန်တော်ရေးပေးမယ်'

ဆရာဦးဝင်းနွယ်က စေတနာသံနှင့် ဆိုသည်။

'ကောင်းတဲ့ အစီအစဉ်ပဲဆရာ၊ ကျွန်တော် နက်ဖြန်မြို့ကို လချုပ်သွားတင်ရမယ်၊ လိုအပ်တာတွေ ဝယ်ခဲ့မယ်'

ဦးအောင်ချိုငြိမ်းက လိုလိုလားလား ကြိုဆိုသည်။

'ကျုပ်တို့ကိုတော့ လိုတဲ့နေရာခိုင်းဗျို့'

ကိုကပ်ကျော်က ပွင့်ပွင့် လင်းလင်း ဆိုလိုက်သည်။ 'ဟုတ်တယ်' 'အချိန်မရွေးလုပ်နိုင်ပါတယ်'စသည့်ထောက်ခံသံများက ဆက်တိုက်ထွက်လာသည်။

'ရွာကို ရွာနဲ့ တူအောင် လုပ်ရမယ်၊ ဒီလိုလုပ်ရာမှာ အားလုံး ပါဝင်ကြရင် ပိုကောင်းမယ်၊ ဝိုင်းလုပ်တော့ ပျော်စရာကောင်းတာပေါ့'

ဆရာဦးဝင်းနွယ်က ရွာသားများကို စိတ်ဓာတ် မြှင့်တင်ပေးသည်။ ဦးဝင်းနွယ်သည် မိဘများနှင့် တရင်းတနှီး ဖက်လှဲတကင်း နေထိုင်တတ်သည့်ဆရာ။ပညာတတ်လူတန်းစားဆိုပြီး ဟိတ်ဟန်မထုတ်။ ဇာတိသားလို တစ်သားတည်းဖြစ်နေပြီ။



စကားဝိုင်းသည် ရွှန်းရွှန်းမြိုင်နေသည်။ စကားဝိုင်းမှ ရွာကို တိုးတက်ရေး၊ စည်းလုံးရေး၊ ညီညွတ်ရေးစိတ်ဓာတ်များ ဝေငှပေးသည်။ နိုးကြားဖျတ်လတ်သော အသိများ စိမ့်ဝင်သွားလေပြီ။

သစ်တောဆီမှ တောကြက်တွန်သံများ ညံနေပြီ။

သန်းခေါင်ရောက်နေပြီကိုး။ လူစုခွဲ၍ ပြန်ကြသည်။

တစ်ခုသော နံနက်ခင်း။

ရွာကိုစည်းလုပ်သည်။ သစ်ဝါး သယ်သူက သယ်။ ကျင်းတူးသူက တူး။ ရွာစည်းအတွက် တစ်ရွာလုံးက တအုန်းအုန်း။ ဦးဝင်းနွယ်က ဆိုင်းဘုတ် ရေးသည်။ ဦးအောင်ချိုငြိမ်းက စည်းလုပ်ရာမှာ ဦးဆောင်သည်။ ရွာလမ်းများကိုလည်း ဖြောင့်တန်းသွားအောင် လမ်းချဲ့သည်။ ရွာသားများက မမောနိုင်ကြ။

ဆရာမ ဒေါ်သန္တာစိမ်းနှင့် သားဖွားဆရာမ ဒေါ်ယုယလှိုင်တို့ကလည်း လက်ဖက်ရည်ပွဲနှင့် ရောက်လာသည်။ ပဲလှော်ကြော် ခပ်ကြွပ်ကြွပ်ကို တပျော်တပါး ဝိုင်းအုံစားကြသည်။ အခါတိုင်း ပဲလှော်ကြော်နှင့် မတူ။ အရသာထူးနေသည်။

ရွာမှာ ရုတ်တရက် သာယာသွားသည်။

သန့်သန့်ရှင်းရှင်းဖြစ်သွား၍ ရွာသားများ ရွာထဲလှည့်ပြီး လမ်းလျှောက်ကြသည်။ ရွာ့အင်္ဂါနှင့် ညီညွတ်လာပြီ။ ရွာ 'စံ' ထက်ပင်ကျော်၍ မြို့သွေး မြို့ရောင် လွှမ်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာရှိဝန်ထမ်းများကို ရွာက အားကိုးရုံသာမက ချစ်ခင်လေးစားလာသည်။ နေပျော်စရာ ကောင်းလာအောင် ဦးဆောင်ပေးခဲ့သည် မဟုတ်လား။ သည်လိုဝန်ထမ်းများကို မည်သူက မလေးစားဘဲနေမည်နည်း။

* * *

သစ်ထုတ်လုပ်ရေး လုပ်ငန်းသည် တွင်တွင်ကျယ်ကျယ် ဖြစ်လာသည်။ ဝန်ထမ်း အင်အားကိုပင် တိုးချဲ့ဖွဲ့စည်းထားသည်။ ကားတဝီဝီနှင့် အခေါက်ခေါက်အခါခါ သယ်ယူရသည်။ သို့သော် မနိုင်။ ကားလမ်းကလည်း မြေလမ်းမှ တစ်ဆင့် ကျောက်ခင်းလမ်းအဆင့် ရောက်နေပြီ။

သစ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့် ရွာလည်းတိုးတက်လာသည်။ ရွာနီးနားချင်းကပင် ပဥ္စကုတ္တောကို မှီခိုရသည့်အဆင့် ဖြစ်လာသည်။ ရွာမှာ ဈေးဆိုင်ကြီးများရှိလာပြီ။ လက်ဖက်ရည်ဆိုင်များပင် ပေါပေါက်လာသည်။

ထူးထူးခြားခြား တိုးတက်လာသည်မှာ ပညာရေး။

မူလတန်းကျောင်းအဆင့်မှ တွဲဖက် အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ရွာအနီးရှိ ဗျိုင်းနက်၊ သဲစပ်၊ တောတန်းကြီးရွာများမှ ကလေးများ ပညာသင်ယူနိုင်သည်။ ပညာရေး အသီးအပွင့်များ ခံစားနိုင်ကြပြီ။



တစ်ခု တိုးတက်လာသည်နှင့် တစ်ခု ဖွံ့ဖြိုးလာသည်။ ယခင်က သားဖွား ဆရာမကလေးတစ်ယောက်နှင့် ကျန်းမာရေးကို မနိုင့်တနိုင် ကြိုးစားနေရသည်။ ဆေးပေးခန်းလည်းဖွင့်လာ၍ ကျန်းမာရေး ကောင်းလာသည်။ ကျန်းမာရေးမှူးတစ်ဦး ခန့်ထားပေးသည်။ ရွာအတွက် အားကိုးရသော ဆေးပေးခန်းကလေး။

ပဥ္စကုတ္တောရွာ တိုးတက်လာသည်။ ယခင်က အလွန်ချောင်ကျသောရွာ၊ အရာရာ နိမ့်ကျသောရွာ။ ယခု တိုးတက်စည်ပင် လာလေပြီ။ စိုးထိတ် ချောက်ချား ဖွယ်ရာများနှင့် ဖြတ်သန်းခဲ့ရသည်။ လေနီကြမ်းတိုက်ပြီး လေပြည်နုတို့ တိုက်ခတ်လာပြီ။ ဒုက္ခ ဗရပွကိုခံစားရပြီး သုခအနန္တကို ခံစားရလေပြီ၊ မျက်ရည်ဖြိုင်ဖြိုင်တို့စဲပြီး အပြုံးပန်းတာ တသင်းသင်း။

ယခုလည်းကြည့်။

ရွာမှာ စုပေါင်း ကထိန်ပွဲ ကျင်းပသည်။

ဆရာဦးဝင်းနွယ်က ဦးဆောင်သည်။ ဦးအောင်ချိုငြိမ်းက အားပေးသည်။ ရွာက တက်တက်ကြွကြွ ပါဝင်ကြသည်။

စည်မှစည်လေခြင်း။ ရွာသက်တမ်းတစ်လျှောက်လုံးမှာ သည်ကထိန်ပွဲလောက် စည်ကားခဲ့ခြင်းမျိုး မရှိသေး။ ထူးခြား၍ ပျော်စရာဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကျောင်းသူများက တန်းစီလျက်၊ လက်ထဲမှာ ပဒေသာပင် ကိုယ်စီနှင့်၊ အိုးစည်ဗိုင်းနှင့် သူငယ်တော်အကလည်း ဦးအောင်ချိုငြိမ်းက သူငယ်တော်အကက နေပါတလား။ တကယ့် ပျော်စရာကြီး။

ဆရာတော် ဦးသုဘောဓကျောင်းတိုက်သို့ရောက်သောအခါ ပြုံးရွှင်နေသော ဆရာတော်ကို ဖူးမြော်ရသည်။ သီလ၊ သိက္ခာ၊ သမာဓိနှင့်ပြည့်စုံသော ဆရာတော်သည်ပင် ဦးအောင်ချိုငြိမ်း အကကို ကြည့်၍ ပီတိဖြစ်တော်မူသည်။

ဆရာတော်က ကထိန်တရားကို ဟောသည်။ ရေစက်ချအမျှအတန်းဝေသည်။ သာဓုသံကား ကျက်သရေအပြည့်။

'ဒကာကြီး၊ ဒကာမကြီးတို့ကို အခုလို ဆုံတုန်းပြောရဦးမယ်။ ဘုန်းကြီးတို့ရွာဟာ တစ်ချိန်က အလွန် နိမ့်ကျခဲ့တယ်။ ဘယ်အရာမဆို နိမ့်ကျခဲ့တာချည်းပဲ။ ရွာသူရွာသားတွေက ရိုးသား ကြပါတယ်။ ဘုန်းကြီးတို့ရွာ ကံကောင်းတယ်ဆိုရမလား မသိဘူး။ ရောက်လာတဲ့ ဝန်ထမ်းတိုင်းက ရွာကိုချစ်ကြတယ်။ ရွာမှာပျော်ကြတယ်။ ရွာအတွက် တိုးတက်အောင် ဦးဆောင်ကြတယ်။ အနစ်နာခံကြတာလဲ ဘုန်းကြီးသိတယ်။ အခုလို အတူလက်တွဲ နေထိုင်ကြတာတွေ့ရတော့ ဝမ်းသာမိတာပေါ့။ နောင်လဲ အခုလို နေကြဖို့ မေတ္တာရပ်ပါတယ်'

'တင်ပါ့ဘုရား'



'တပည့်တော် လျှောက်ထား ပါရစေဘုရား။ အခုဒီရွာဟာ ယခင်က ဒုက္ခမျိုးစုံ ခံစားခဲ့ရပါတယ် ဘုရား။ ဒီနေ့ ဒီအချိန်မှာတော့ နိုင်ငံတော်အစိုးရက ခေတ်နောက်ကျ ကျန်ခဲ့တဲ့ ဒေသတွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေပါတယ် ဘုရား၊ တပည့်တော်တို့ဝန်ထမ်းတွေကလဲ ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားများကို အပြည့်အဝ သယ်ပိုးကြိုးပမ်းရမှာပါ ဘုရား၊ တပည့်တော်တို့က မေတ္တာနဲ့ ကြိုးစားသလို နိုင်ငံတော်ကလဲ စေတနာနဲ့ ဆောင်ရွက်ပေးနေပါတယ် ဘုရား၊ ဒီ ပဉ္စကူတွော ရွာသာမက တစ်နိုင်ငံလုံးကို အချိုးညီညီ ပံ့ပိုးနေပါတယ် ဘုရား'

ဦးဝင်းနွယ်က လျှောက်ထားသည်။

'သာဓု.... သာဓု.... သာဓု။ ဒါကြောင့် ဘုန်းကြီးတို့က အမြဲတန်း မေတ္တာပို့နေရတယ်၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြပါစေလို့'

ဆရာတော် ဦးသုဘောဓနှင့် ဦးဝင်းနွယ်တို့စကားများကို အားလုံးက ကြည်နူးစွာ ကြားနေရသည်။ အားလုံးမျက်နှာမှာ ဝင်းထိန်လျက်။

ဆရာတော့်ကျောင်းမှ ပြန်ခဲ့ကြသည်။

ဆောင်းဝင်စလေသည် အေးမြမြ။ တဖွဖွနှင့်နေသည်။ ဆောင်းလေအေးက ပဉ္စကူတွောရွာကို လွှမ်းခြုံ

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ထိုအေးမြသော လေသည် ထာဝရမဟုတ်၊ တစ်ခဏသာကြာမည်။ နွေရောက်လျှင် အအေးဓာတ်တို့ လွင့်စင်သွားမည်သာ။

သို့သော် ပဍ္ဍုကုတ္တောရွာအတွက် နိုင်ငံတော်၏စေတနာသည် တစ်ရာသီမဟုတ်။ တစ်နှစ်လည်းမဟာ။ ထာဝစဉ်တည်တံ့နေမည်သာ။ နိုင်ငံတော်၏ စေတနာ လေအေးအေးသည် တသုန်သုန် တိုက်ခတ်နေမည်။

နိုင်ငံတော်က ပြုစုပျိုးထောင်ပေးသော ဒေသ အသီးသီးကို ဥယျာဉ်တစ်ခုနှင့် နှိုင်းပါက ပဍ္ဍုကုတ္တောရွာသည် ပန်းတစ်ပွင့် မဟုတ်ပါလား။ ။

* * *

# ဇာတ်ညွှန်းက မယွန်း

ရုပ်ရှင်ဖြစ်ဖြစ် ဗွီဒီယိုဖြစ်ဖြစ် ဇာတ်ညွှန်းကအခရာဟု ပြောကြသည်။ သံသယ ကင်းကင်း ယုံကြည်ပါသည်။ ပြဇာတ်မှာလည်း ဇာတ်ညွှန်းက အသက်ဟု ဆိုသည်။ လက်ခံပါ၏။ စနိုးစနောင့်မဖြစ်ပါ။

မယွန်း၏ လုပ်ရပ်များကို ကြည့်၍ ဇာတ်ညွှန်းသည် သိပ်စကားပြောကြောင်း ပြင်းချက်ထုတ်ရန် မသင့်တော့ချေ။ ယုတ္တိတန်သော အဆိုပါကလား။

တဲကြီးကို ကြားဖူးသလားမသိ။

မကြားဖူးလည်း ပူစရာမလို။ တဲကြီးက ရွာတစ်ရွာ၏ အမည်ပါ။ တဲကြီး ရွာသားတို့ကား မန်းဆန့်သူများတည်း။ သူတို့ရွာကို ရိုးရိုးမခေါ်။ ရွှေကြီး ရွှေကြီးဟု အမြတ်တနိုး သုံးနှုန်းသည်။ မည်သို့မှ စည်းရုံးမထားသော်လည်း တဲကြီးရွာသားတို့က ရွှေကြီးဟု တညီတညွတ်တည်း ခေါ်သတတ်။

www.burmeseclassic.com

www.burmeseclassic.com



တဲကြီးသည် ရွာဖြစ်သော်လည်း အပြောအဆို အနေအထိုင်များက မြို့နှင့်မတိမ်းမယိမ်း။ လေယူ လေသိမ်း ထအခ ဝတ်စားဆင်ယင်မှုအဆုံး အဆင့်မနိမ့်။ တတ်နိုင်သလောက်တော့ တုပနိုင်စွမ်းသော တဲကြီးပါတကား။

အဲ...နိဒါန်းအလေးနှင့် လွတ်အထင်မကြီးမိဖို့မေတ္တာရပ်ခံလိုသည်။ ဘာကြောင့်ပါလိမ့်။

မယွန်းပေါ့။

တဲကြီးရွာ တစ်ရွာလုံးကို ကိုင်လှုပ်နိုင်သော မယွန်း။ ခေတ်မီပါသည်ဆိုသော တဲကြီး။ မန်းဆန်လှသည် ဆိုသောတဲကြီး။ မယွန်းကို မလွန်ဆန်နိုင်ကြ။ မယွန်း၏ချယ်လှယ်မှုကို မတော်လှန်ရဲ။ ကြောက်ရွံ့၍မထင်။ သဘောတွေ နှစ်ခြိုက်လို့သာ ဖြစ်လိမ့်မည်။

မယွန်းကား တဲကြီးရွာ၏ ဖူးစာရေးနတ်။

နတ်ဆို၍ ပန်းချီထဲကလို အချွန်တွေ အတက်တွေနှင့် မဟုတ်။ လှပန့်နှောင်း သွဲ့ပျောင်းခြင်းမရှိ။ သူ့အသံကတော့ ဆွဲဆောင်မှုကောင်းသည်။ ခြေဟန် လက်ဟန်က အပိုအလိုမရှိ။ အရောင်အသွေးက မပြူးမညို။ ခြိုင်ငုံသုံးသပ်ပါက ကြည့်ပျော်ရှုပျော် ရုပ်မျိုး။ သွယ်သော် သွားနှစ်ချောင်းက နှားရှေ့ထွန်ကျူးဖြစ်နေသည်။ သည်လောက်တော့ခွင့်လွှတ်တော်မူကြပါ ဗျာတို့။

မယွန်းသည် အပျိုကြီး။

အောင်သွယ်လုပ်သက်ကား မနည်းတော့။ မယွန်းလက်ရာသည် တဲကြီးမှာ နာမည်ကျော်။ သူဆက်၍ သူ



သွယ်၍ သူပေါင်း၍ပေးလိုက်သော စုံတွဲတို့ကား များစွာတည်း။ သားတွေ သမီးတွေနှင့် တစ်မြုံတစ်မ ဖြစ်နေကြပြီ။

တဲကြီးရွာ၏ အချစ်ဇာတ်လမ်းလှလှများ၊ ရင်ခုန်ဖွယ်ဇာတ်လမ်းများသည် မယွန်း စီစဉ်လိုက်သည်သာ။ မည်သို့ပြော၊ မည်သို့ဆို၊ မည်သို့သွား၊ မည်သို့နေဟူသော ညွှန်ကြားချက်များက ထိမိလေ၏။ သည်လို ဇာတ်ညွှန်းများကြားမှာ ဘဝကိုနေပျော်သူ။

မယွန်းသည် တော်ဝလေးဝမဟုတ်သော်လည်းအကျော်ဒေးယျတည်း။

တဲကြီးရွာမှာ ပြောပါတယ်။

* * *

လမ်းညွှန် လိုက်ပါရစေ။

ရွာတောင်ပေါက်ကနေ ရွာလယ်အထိလျှောက်။ ရွာလယ်ကတစ်ဆင့် အနောက်ချိုး၊ တန်းရည် ရောင်းစားနေသော ကိုပေါက်စီအိမ်ကို တွေ့လိမ့်မည်။ ထိုအိမ်မှ မြောက်ဘက် လမ်းကျဉ်းထဲဝင်သွား။ ခွေးဆိုး ကိုက်တတ်သော ဒေါ်ကောက်ညိုအိမ်ကို မြင်ရမည်။ ဒေါ်ကောက်ညိုကို ခွေးကြည့်ခိုင်းပြီး အရှေ့ဘက် ကူးလိုက်။ဇာတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီး မယွန်း၏ သီရိဂေဟာကို ရောက်တော့သတည်း။

မယွန်းအိမ်ကား သန့်သန့်ပြန့်ပြန့်တော့ ရှိသည်။ အိမ်ရှေ့မဲဇလီပင်အောက်မှာ ဖျာနှစ်ချပ်ခင်းထားသည်။ သည်ဖျာနှစ်ချပ်သည် မယွန်းအဖို့ မွေ့ယာ။ သည်နေရာမှာ အကြံကောင်း ဉာဏ်ကောင်းထုတ်ပြီး အနီးကပ်သင်တန်းပေးသည်။ ဖူးစာရေးနတ် သက်ဝင်နေသည့် မယွန်းသည် အောင်သွယ်အလုပ်နှင့် ကြီးပွားနေသည်။ ကျော်ကြားထင်ပေါ်နေသည်။ မယွန်းကို အတိုက်အခံ၊ အထိုးအကြိတ် အဆိတ်အဖဲ့ လုပ်မည့်သူ မပေါ်သေး။ နေရာကောင်းကို ခိုင်ခိုင်မာမာ ကျောက်ချထားနိုင်သည့် မယွန်း။ အောင်သွယ်လောကမှာ မယွန်းသည် စူပါ။

ဝေယံဘုံသာကျောင်းတိုက်မှ အုန်းမောင်း ခေါက်လေပြီ။

မယွန်း လက်ချိုးရေတွက်သည်။ စုစုပေါင်း ဆယ့်နှစ်ချက်။ မွန်းတည့်ချိန်။ ဖျာပေါ်မှာ ထမြက်စည်းလှဲသည်။ ဖုံခါချသည်။

တူမဖြစ်သူ ချိုဝါကို သောက်ရေအဖြည့်ခိုင်းသည်။ ချိုဝါသည် အပျိုဖော်ဝင်စ၊ အလှသွေး တောက်ပချိန်။ မယွန်းနှင့် ချိုဝါကား ဆန့်ကျင်ဘက်။ တူအရီးဟုပြောလျှင် ယုံနိုင်ဖွယ်မရှိ။ ချိုဝါ၏ မျက်လုံးနှစ်ငုံသည် ရွှေသမင်မမျက်လုံးလို ဝိုင်းဝိုင်း စက်စက်။ ရှိန်းရှိန်း လက်လက်။ မျက်ခုံးနှစ်သွယ်ကား သုံးရက်လကို အံတုနိုင်သည်။ နှာတံကား ဝါဆိုဖယောင်းတိုင်ကြီးလို ဖြောင့်စင်းနေတော့၏။ အို...ကျန်သည့် သုံးဆယ့်နှစ်ကောဋ္ဌာသများကလည်း စံချိန်စံညွှန်းမီသည်။ ဝတ္ထုထဲက မိန်းမချောလေးများထက် အပုံကြီးသာသည်။

ဟိုမှာကြည့်စမ်း....တယ်သူပါလိမ့်။

ရစ်ကို ပွေ့လျက်ပါလား။ ပန်းမှိုင် တစ်ယောက် အသော့နှင်လာပြီ။ ထင်တော့ အထင်သား။ သူပဲဖြစ်ရမည်လေ။ ဗိုင်းငင်ရင်း မယွန်း၏ ချစ်ကြည်ရေးတရားနာရန် အသင့်ရောက်လာသူကိုး။ မယွန်းက ကြိုဆို နေရာချသည်။

ဟယ်....ဟိုမှာ တစ်ယောက်။

စိန်နွဲ့ပါလား၊ လက်ထဲမှာ ဘာပါလိမ့်မလဲ။ မုန့်ဘီးစိပ်ကြီး ဖြစ်နေရော့လေ။ မယွန်းခေါင်း သန်းထူနေသည်မှာ ကြာပြီ။ တစ်နေ့က 'သန်းကိုက်တယ်အေ' ဟု မယွန်း ညည်းချင်းတစ်ပုဒ် ဆိုခဲ့သည်။ သည်ကိစ္စကို ဖြေရှင်းရန် စိန်နွဲ့ဘီးစိပ်ယူခဲ့ခြင်းပေတည်း။ ဟုတ်တယ်လေ၊ မယွန်း ဦးနှောက် အယားမခံနိုင်။ အတွက်အချက်အညွှန်အပြ မှားသွားလျှင် တစ်သက်လုံး မှောက်နိုင်သည် မဟုတ်လား။

လူစုံပြီ။

အခမ်းအနား စရုံသာ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မယွန်းက စည်းကမ်းသတ်မှတ်ထားသည်။ တစ်နေ့မှာ နှစ်ယောက်သာ လက်ခံဆွေးနွေးခွင့်ပြုထားသည်။ လူပို မပါစေရ။

'ချိုဝါ အိမ်ပေါ်သွားအိပ်ချေ'

သည်ပွဲမျိုးမှာ ချိုဝါ ကခွင့်မရ။ ချိုဝါလို နုနုထွတ်ထွတ်ကို မယွန်းက မကြားစေလို။ အားကျသွားပါက မတော်တဆရော့ ဖြစ်သွားနိုင်သည်။ တူမဖြစ်သူအတွက် လူကောင်း လူသန့်များနှင့် ရည်မှန်းထားသည်။ စိမ်ချက် လှတပတ ကလေးကရှိပြီးသား။ အချိန်စောသေးသည်။ လှစမ်းပါစေဦး၊ အရိပ်ကြည့်ကောင်းတုန်း။

ချိုဝါသည် မယွန်း၏ ချစ်သည်း။ ချိုဝါ က လည်း လေးစားသည်။ တစ်ခွန်းမှ နှုတ်မလှန်ခဲ့။ ဝစီကံ မပြော နှင့် မနောကံပင် မစွန်းထင်းဖူး။ ရိုးယဉ်သန့်သော ချိုဝါ ကို မယွန်းက ကြက်သားအုပ်မကြီးသဖွယ် ထိန်းသိမ်းပြုစု ယုယထားတော့သည်။

မယွန်း ရှေ့ကနေရာယူသည်။ သူ့နောက်မှာ စိန်နွဲ။ စိန်နွဲကား ဘီးစိပ်တစ်လက်နှင့် သန်းစစ်ဆင်ရေး လုပ်နေပြီ။ ပန်းမြိုင်က ဗိုင်းငင်လျက်။

'စိန်နွဲ ညည်းကို ဂျစ်တူးက ကျနေတယ် ဆိုပါလား'

'ဟုတ်ရဲ့လား မမယွန်းရယ်....၊ ကိုတူးက ကျုပ်တို့လို အစားကို မှန်းမှာ မဟုတ်ပါဘူး'

'အို...ညည်းကလဲ ငါက မဟုတ်တာ ပြောပါ့မလား၊ မေတ္တာဆိုတာ ဆင်းရဲချမ်းသာ မရှိဘူးအေ့'



စိန်နွဲသည် လက်လုပ်လက်စား ဒေါ်ကျေးဥ၏ သမီး။ စီးပွားရေး အဆင်မပြေချင်။ အိမ်မှာ အပို ပစ္စည်းမရှိ။ အိမ်ကလည်း ဝါးတိုင်ဝါးခင်း။ စိန်နွဲတို့အိမ်ကို မီးသော့သည် ဆိုပါစို့။ လူမလောင်လျှင် တော်ပြီ။ ဘာပစ္စည်းမှ မီးထဲပါသွားမည် မဟုတ်။ ဂျစ်တို့ကား တောသူဌေး။ လယ်နှင့်ယာနှင့် အိမ်နှင့်ကွင်းနှင့်။ ကာ်ဆက်၊ စက်ဘီး၊ အပ်ချုပ်စက် စသည့် ပစ္စည်းများကလည်း အပြည့်အစုံ ကုံလုံကြွယ်ဝသော မိသားစု။

ဂျစ်တူးဘဝနှင့် စိန်နွဲဘဝကား ကွာခြားလွန်းပါဘိ။

မယွန်းစကားကို စိန်နွဲ ကြားရခိုက်မှာ လိုက်ဖို မောရ တော့သည်။ ချိုမြိန်သောစကားမို့ စိန်နွဲ နှလုံး သားမှာ လွန့်လူးကွန့်မြူးနေသည်မှာ မဆန်း။

'ကိုတူးက ချစ်ရေးဆိုလာရင်တော့ မစိန်နွဲ ဇာတာက ကောင်းပြီနော်'

ပန်းမြိုင်က အားကျသည့်လေသံနှင့် ဆိုသည်။

'ဒီမှာ စိန်နွဲ။ ညည်း ဘာမှ စဉ်းစား မနေနဲ့။ လက်ခံ ဖို့သာပြင်ထား။ ဒီကောင် ဂျစ်ကို ငါလှော်လိုက်မယ်'

မယွန်းက ဒက်ထိ ကွက်တိပါလား။ စိန်နွဲမျက်နှာသည် အလှဆုံး ဖြစ်နေသည်။ မယွန်းကို ကျေးဇူး တင်လွန်း၍ ဘီးစိပ်ကို တရစပ်တိုက်တော့သည်။ ဘီးစိပ်ကို သေသေ ချာချာကြည့်လိုက်တော့ ချေးများပိတ်နေပြီ။ ဘီးသွား များမပေါ်တော့။

www.burmeseclassic.com



'ပန်းမြိုင်လဲ ပြောရဦးမယ်၊ ပေါက်လှရဲ့ မေတ္တာကို မယုံနဲ့၊ ဒီလူက အပြော ကောင်းသလောက် စိတ်ယုတ်တယ်ဒအေ၊ စေတနာနဲ့ပြောတာနော်၊ ညည်းက ညွတ်နေပြီလား၊ အဲ- ငါ့အကြိုက် ပြောရရင်တော့ အရှေ့ပိုင်းက ချင်းရောက်နဲ့ဆိုရင် တော်မှာပဲ၊ ချင်းရောက်ကယောကျ်ားပီသတယ် ပန်းမြိုင်'

မယွန်းက ပန်းမြိုင်အတွက် ရည်းစားကို သရုပ်ခွဲပြနေတော့သည်။

'ချင်းရောက်က ဖဲလဲရိုက်တယ်၊ ပြီးတော့ အရက်လဲကြိုက်သတဲ့ မမယွန်း'

ပန်းမြိုင် ဗိုင်းမငင်နိုင်တော့။ သူ သိထားသမျှ တင်ပြ အစီရင်ခံတော့သည်။

'အလကား ပြောနေကြတာပါအေ့....၊ သမ္ဘူလာပဝါစာတွေပါ၊ ဒေါ်နွားမေအသုဘတုန်းက မသာစောင့်အဖြစ် ဖဲ့ကစားကြတာပါ၊ အရက်ဆိုတာကလဲအပေါင်းအသင်းနဲ့တွေ့လို့ပါ၊ ယောကျ်ားပဲအေ အသောက်အစားဘယ်ကင်းမလဲ၊ ညည်း စိတ်ကူးမလွဲနဲ့နော်'

မယွန်းသည် ပန်းမြိုင်ကျအောင် ပြောနိုင်ပါပေ့။

ချင်းရောက်သည် စင်စစ် လူဟော့ရမ်းကလေး။ မအေမွေးတုန်းက အချင်းလည်ပင်းရောက် မွေးလာ၍ ချင်းရောက်ဟု ခေါ်ကြသည်။ နွတ်ကျိုး နေကြပြီ။ ဇာတာနာမည်ကတော့ အပျံစား။ ဇော်ပိုင်အောင်တဲ့။ ချင်းရောက်က မယွန်းတူမ ချိုဝါကို သဘောတွေ့နေသူ။ သည်လူနှင့်



ချိုဝါ ရသွားပါက မယွန်း ရင်ကွဲရှုံမက သေပွဲ ဝင်နိုင်သည့်အဖြစ်။ ထိုကလိုကြောင့် ပန်းမြိုင်နှင့် လှည့်ထုတ်နေခြင်းတည်း။ လုပ်လုပ်တလေး ပါးသည့် မယွန်း။

'မမယွန်းက ပြောမှတော့လဲ'

ပန်းမြိုင် ပြောမထွက်ဝံ့။ မယွန်း ရွှေဘောတော်ကျွဲဖို့က အရေးကြီးသည်။ မယွန်းစိတ်မကြည်လင်လျှင် မလွယ်။ ဝက်ဝက်ကွဲသွားနိုင်သည်။

'ဒေါင်....ဒေါင်....ဒေါင်....ဒေါင်....'

'ဟော- ရွာလူကြီးအိမ်က မီးသံချောင်း ခေါက်ပြီ၊ ထမင်းချက်ချိန်တန်ပြီအေ့၊ ကဲ ကဲ- ပြန်ကြတော့၊ ငါပြောတာလဲ သဘောပေါက်'

စိန်နွဲ့နှင့် ပန်းမြိုင်တို့လည်း မယွန်းအိမ်မှပြန်ခဲ့ကြသည်။ စာရင်းချုပ်ကြည့်တော့ မယွန်းခေါင်းမှာ သန်းမျိုးဆက် ပြတ်သွားသည်။ စိန်နွဲ့ လက်ပြင်ကြော အောင့်နေသည်။ ပန်းမြိုင်မှာ ချည်ဝင်နှစ်ဝင်သာရပြီး အပူ အောင်း နေတော့သည်။

* * *

ညပြာပြာမှာ လဝါဝါက အလင်းမှာတ်များ ပို့လွှတ်နေသည်။ အိမ်ခေါင်းရင်း ဖျောက်ဆိတ်ပင်ရှိ တောသိတ်၏ တစ်ချက်တစ်ချက် တစ်ကြွေးသံမှတစ်ပါး ထိတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ တောလေပြည် လတ်လတ်ဆတ်ဆတ်ကို အားမနာတမ်း ရှူရှိုက်ရသည်မှာ အရသာ ထူးကဲလွန်းပါဘိ။

မယွန်းအိမ်မှာ ညတိုင်း တာဝန်မပျက်မကွက် ညီလာခံတက်နေကြပြီ။ အလွန်အရေးကြီးသော စက်ရုံ၊အလုပ်ရုံမှ မဟုတ်။ မယွန်း၏ ဆက်သွယ်ရေး သင် တန်း ကျောင်းကလေးမှာလည်း နေ့ဆိုင်းညဆိုင်း ကန့်ခွဲထားရသည်။ နေ့ဆိုင်းသည် မိန်းကလေးများ။ ညဆိုင်းသည် ယောက်ျားကလေးများ။

အကာလ ညအခါမှာ ဘယ်မိဘကမှ သွားလာခွင့်မပြုသော မိန်းကလေးများအတွက် နေ့ဆိုင်း။ နေ့ခင်းကြောင်တောင် တလင်းပြောင်မှာ သွားလာခွင့် မသင့်သော ယောက်ျားလေးများအတွက် ညဆိုင်း။ သူ့အပိုင်းနှင့်သူ မယွန်းတို့က ထောင့်စေ့ပါပေ့။

ပေါက်လှနှင့် ချင်းရောက် မဲဇလီပင်အောက်မှာ။

ပေါက်လှသည် ရုပ်ချော သဘောကောင်း။ ရုပ်ချော သဘောကောင်းရုံမကသေး။ ပညာကလည်း ပြည့်စုံ၏။ သည်နှစ် ဆယ်တန်းဖြေထားသည်။ ရည်ရည်မွန်မွန် လူချွန်ကလေး။ ပေါက်လှလို လူချွန်ကလေးကို မယွန်းက တူအဖြစ် တော်စပ်ချင်ရှာသည်။ ချိုဝါနှင့် နီးအောင်ကြံရဖန်ရဦးမည်။ အို မရလည်း မပူ။ ဇွတ်ကြံလျှင် ဘာခံနိုင်မှာလဲ။

ခက်သည်က ပေါက်လှ။



ပန်းမြိုင်မှ ပန်းမြိုင်ဖြစ်နေသည်။ အစွဲ သမားလေး။ တုံးလိုက်သည့်အကောင်။ မယွန်းစိတ်ထဲ ခိုးလိုးခုလု ဖြစ်နေသည်မှာ ကြာပြီ။ သည်လောက် ရေလာမြောင်းပေး လုပ်နေပါလျက် ဒိုးဝေးလွန်းသည်။ ခေတ်လူငယ် မဟုတ်သည့်အတိုင်း။ သွယ်ဝိုက်ပြောသည်ကို နားမလည်။

အလိုက်ကမ်းဆိုး မသိသူက ချင်းရောက်။

မျက်နှာကိုက စပ်ဖြဲဖြဲ။ ပေါ်ဦးသက်ပန်းချီထဲကလို။ ချိုဝါကို ထိကပါး ရိကပါး ပြောချင်သည်။ နန့်တန့်တန့် လုပ်ချင်လွန်းသည်။ မယွန်းက 'ချင်းရောက်နော် သားချင်းတွေဟဲ့၊ ခွေးစိတ်မမွေးနဲ့' ဟု ခပ်မာန်မာန် အုပ်ထားရသည်။

မယွန်း စဉ်းစားခန်း ဝင်ရသည်။

မယွန်းဦးနှောက်မှ ခံနိုင်သည်။

'အခု သတင်းကြားရတာ ပြောမယ်နော်၊ ပေါက်လှက ပန်းမြိုင်ကို လှည့်နေတယ်ဆို၊ ငါတော့ အံ့ရောဟယ်၊ ပန်းမြိုင် သဲဘောထားက ပြောစရာ မရှိဘူးပေါ့ကွယ်....၊ ဒါပေမယ့် ပေါက်လှရယ် မင်းအဖေနဲ့ ပန်းမြိုင်အဖေက ကမ္ဘာရန်ဆိုတာ ထည့်တွက်နော်။ ကျွန်းမြေနု လုတုန်းက ရှုံးရောက် ဘာရောက်နဲ့၊ အဲ-လူကြီးတွေမတည့်ရင် မင်းတို့ အချစ်ရေး ဘယ်သာယာမလဲ။ ပန်းမြိုင်အဖေက ဓားဝိ ကန်းကန်းရယ်ဟ'

'နော့ ကျွန်တော်က ဘယ်သူ့ကို ချစ်ရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လှတာ မယွန်းကို ဒက်ခံနေအောင် မေးလိုက်သည်။ မယွန်း ဖြေချင်လိုက်တာ။ ပြောမဖြစ်သေး။ သေနာအောင် ချင်းရောက်က ရှိနေသည်။ ချင်းရောက် ကွယ်ရာမှာ ပြောရဦးမည်။

'ဒီမှာ ပေါက်လှ ဘာမှမပူနဲ့၊ မင်းမျက်စိထဲ တိုးမယ့် လှလှန်းကညာလေးကို မယွန်းရှာပေးမယ်'

မယွန်းက ရှီးရှီးမလုပ်။ နဘောနှင့် တုတ်သည်။

'ပေါက်လှတို့တော့ စိုင်စော်ပြီဟေ့'

ချင်းရောက်က ပေါက်လှကို ပွေ့ဖက်ရင်း ကောင်းချီးပေးသည်။

'ဟဲ့- ချင်းရောက် တိုးတိုးပြောဟဲ့....၊ တော်နေ ရပ်ကွက်က ခဲနဲ့ပေါက်မယ်တော့'

ချင်းရောက် ခေါင်းပုသွားသည်။

'ငါ့မောင် ချင်းရောက်ကိုလဲ အကြံပေးချင်တယ်၊ ငါ့မောင်က ပန်းမြိုင်ကို လှည့်ပါဟယ်၊ ပန်းမြိုင်လို မိန်းမလေးက ခိုပြာရောင် ပတ္တမြားကြီးထက် ရှားတယ်....၊ မင်းတို့က လူကြီးချင်းက သိပ် ပန်းတင့်တာ၊ ပြီးတော့ လယ်နီးချင်း မဟုတ်လား၊ ဟော- အမွေ ရရင်တောင် လယ်တွေ တစ်ဆက်တည်း ဖြစ်သွားမယ်၊ စီးပွားမျက်စိနဲ့ အိမ်ထောင်ဘက်ရှာဟဲ့'



ချင်းရောက် နားရှိ၍ နားထောင် နေရသော်လည်း နားမဝင်။ ချင်းရောက်ချစ်သည့်က ချိုဝါ။

'မမယွန်း ဒါတော့ မဖြစ်နိုင်ဘူးဗျာ၊ ပန်းမြိုင် ရိုးသား သိမ်မွေ့ပါတယ်၊ ဒါပေမယ့်.... ကျွန်တော် ချစ်တာက....'

'ဘယ်သူလဲဟဲ့'

မယွန်း အလန့်တကြားမေးလိုက်သည်။

ချင်းရောက် ပြောမဖြစ်။ ခွေးကောင် ပေါက်လှ ရှိနေသည်။ ပေါက်လှသာမရှိက တိုးတိုက်တိုက် ကျွားကိုက်ကိုက် ပြောချလိုက်မည်။ အခုတော့ မလွယ်ကြော။

'နောက်မှ ပြောမယ် မမယွန်း၊ မပိုင်သေးခင် ပြောထားလို့ မသင့်ပါဦး၊ တစ်ဖက်သားရဲ့ ဂုဏ် သိက္ခာကို စောင့်ရမယ်လေ'

ချင်းရောက် ပြောသည်ကို မယွန်း နားလည်သည်။

မယွန်း တုန်လှုပ်သွားသည်။ ချင်းရောက်နားမပေါက်သေး။

ကြက် သုံးကြိမ်တွန်ပြီးပြီ။ ရွာလယ်ဆီမှ ဦးရွှေစေ၏ ဘုရားရှိခိုးသံပင် ထွက်လာသည်။ အရုဏ်ဆွမ်း ချက်ချိန် ရောက်နေပြီ။ မယွန်းသည် ပေါက်လှနှင့် ချင်းရောက်ကို ပြန်ဖို့ပြောသည်။ သူ့စေတနာကိုလည်း နားလည်ကြောင်း ပြောရင်း ညဇာတ်ကို မြည်ဖုံးထားချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လှနှင့် ချင်းရောက်တို့ ခါးဆန့်လက်ဆန့် လုပ်ပြီး ပြန်သွားကြသည်။ နှစ်ယောက်စလုံး အဝင်မကျ။

* * *

မယွန်းက ထမင်းချက်နေသည်။

ချိုဝါကား ထင်းခွဲ၊ ရေခပ် အလုပ်လုပ်ပြီးပြီ။

မယွန်းတို့ ကူညီဖို့ မီးဖိုခန်းထဲ ဝင်ခဲ့သည်။ မယွန်းက ကြက်သွန်နီ အခွံသင်ပေးဖို့ အကူအညီ တောင်းသည်။ ချိုဝါက ဖျတ်ဖျတ်လတ်လတ်။ ကြက်သွန်သာမက ငရုပ်တစ်ဆုံပါ ကူထောင်းပေးသည်။

‘ချိုဝါရေ.... ညည်းကို ချင်းရောက်က ကြိုက်နေတယ့်၊ ခပ်ရှောင်ရှောင်နေ၊ ဗိုလ်ဘောင်ဘလူရှမ်းတားလေး၊ အသက်ကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဖွဲ့သမား၊ အရက်သမားနဲ့ညားရင် တစ်သက်လုံးဆင်းရဲမှာနော်၊ ဟိုတောင်ပိုင်းက မိစံကို ကြည့်လေ၊ သူ့ယောကျ်ား ငပုတာ မနက် လင်းတာနဲ့ မူးနေပြီ။ ဆင်းရဲလိုက်တာ လွန်ရော’

‘ချိုဝါ ဘာမှ စိတ်မဝင်စားပါဘူး လေးယွန်းရယ်’

‘အေး၊ ကြာရင် စိတ်ဝင်စားသွားမှာမို့ ကြို ပြောရတာအေ့၊ အဲ- ချင်းရောက်နဲ့ညည်းနဲ့များ ညားသွားရင် သိက္ခာတော့ ဘာမှ ရှိတော့မှာ မဟုတ်ဘူးနော်’



မယွန်းက ချင်းရောက်ကိုကြည့်မရ။ အပြောနှင့် စားနေသူ။ သူ့အပြောက ချိုဝါမပြောနှင့် တစ်ချက် တစ်ချက် မယွန်းပင် ကျချင်ချင်။ စရိုက်ကြမ်းကြမ်း လုပ်တတ်သူသည် အပြောကျ ညက်ညော ညင်သာတတ်သည် မဟုတ်လား။ နားမလည် ပါးမလည် သူ့အဖို့ တိမ်းမူး သွားနိုင်သည့် စွမ်းအားက ကြောက်စရာ။ ကြက်မူးတူး အရွယ် ချိုဝါအတွက် တွေးမိတိုင်း မယွန်းမှာ ဒုက္ခ။

‘နောက် ပြောစရာရှိသေးတယ်၊ တဲ့တိုး ပြောလိုက်မယ်၊ ညည်းက ပေါက်လှဆိုရင် ကြောက်တာလို လန့်တာလို လုပ်နေတာ၊ ကျား မဟုတ်ပါဘူးအေ့ ပေါက်လှပါ၊ လူလိမ္မာ ပညာတတ်လေးနော်၊ ခပ်စိမ်းစိမ်းကြီး မနေနဲ့၊ ရင်းနှီးအောင် ခေါ်ခေါ်မေးမေးလုပ်’

မယွန်းသည် ထမင်းဟင်းချက်ရင်းတူမအတွက် ဩဝါဒ ပေးနေသည်။ ဩဝါဒမှ သာမညမဟုတ်။ ရှယ်တွေ ထူးရှယ်တွေ။

မှန်သည်။ ဩဝါဒ ပေးရင်း ထမင်းတစ်အိုးပျက်သွားက အကြောင်းမဟုတ်။ ပြန်ချက်လျှင် ဘာမှ မကြာ။ ချိုဝါ ပျက်သွားက ပြင်ရမည် မဟုတ်။ သူတို့တစ်နပ်စာ ထမင်းအိုးထောင်းဖို့ထက် ချိုဝါ့ဘဝ ထမင်းအိုး [illegible] သွားမည့်က အဓိက ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုဝါ ဘာမှ မပြောတတ်။ မယွန်း ပြောနေသည်ကို နားမလည်၍ မဟုတ်။ ခေတ်သမီးပျို ပီသစွာ ပါးနပ် ရေလည်ပြီးသား။ မယွန်း စေတနာကို ချိုဝါ သိသည်။

မယွန်းကြုံလိုက်လျှင် အောင်ပွဲ မခံရသည့် အဖြစ်နှင့် မကြုံသေး။ ဆက်တိုက်ဆက်တိုက် ဆင်နွှဲလာသည်မှာလည်း အရေထူနေပြီ။ သည်ကိစ္စမျိုးမှာ မယွန်းက သမ္မာဒရင့် ဝါရင့်။ တူမ အရင်းခေါက်ခေါက် ချိုဝါအတွက်ဆိုလျှင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လုံ့လ ဉဿာဟစိုက်မည်။

ပေါက်လှနှင့် ချင်းရောက်တို့ကိုလည်း အဟောတိကံ လုပ်ထား၍ မလျှော်။ ဓတာသားဆိုပေမင့် ခြေမြန်လက် မြန်ကလေးတွေ။ ခါးပိုက်နှိုက်အကြီးစားက အရှုံးပေးရ မည့်ပုံစံ။ မဖြစ်သင့်တာ ဖြစ်သွားလျှင် အရှုပ်ဆိုးသွားနိုင် သည်။ ကြည့်ထိန်းမှ။

တကယ်တန်းပြောရလျှင် ပေါက်လှနှင့် ချင်းရောက် ကို ထည့်တွက်စရာတောင် မလို။ သူငယ်နှပ်စား အရွယ် မောက်မောက်ရှိသေးသည်။ မယွန်း တစ်ချက်လှည့်လိုက် သည်နှင့် တိမ်းမူး သွားနိုင်သည်။ မြင် မြင်ယောင်သေး တော့။

မယွန်း အားတက်သွားပြန်သည်။

'ချိုဝါ...အေးတိအေးစက်မနေနဲ့နော်၊ ငါပြောတာ နားထောင်အေ့၊ ပေါက်လှနဲ့တွေ့ရင် မျက်နှာကို အလှ ဆုံးဖြစ်အောင် ပြုံး၊ စကား ချိုသာပါစေ၊ ဟွင်း— ချင်းရောက်နဲ့ တွေ့ရင်တော့ မျက်နှာကို ခပ်တင်းတင်း ထား၊ စကားပြောရင် ထော်လော် ကန့်လန့်လုပ်၊ ဒါပဲ ချိုဝါ'

'ဟုတ်...ဟုတ်ကဲ့ လေးယွန်း'

မယွန်း စိတ်ဒုန်းဒုန်းချနိုင်ပြီ။

* * *

တစ်ကျောင်းနေ တစ်ဂါထာ၊ တစ်ရွာနေ တစ်ပုဒ် ဆန်းဟူသည့် ရှေးစကားအလွန်မှန်သည်။

ယခု မယွန်းကြည့်။

ရွှေကြီးဟု ဇွတ်သမုတ်ထားသော တဲကြီးရွာမှာ တစ် ပုဒ်ဆန်းရုံမက တစ်အုပ်လုံး ဆန်းနေတော့သည်။ ရွာရှိ လူငယ်အများစုသည် မယွန်းကိုအားကိုးသည်။ မယွန်းနှင့် ကျေးဇူးကင်းသူမရှိ။ သည်တော့ လူငယ်များကို မယွန်း ဩဇာပေးနိုင်သည်၊ ထိန်းကျောင်း တည့်မတ်နိုင်သည်။

တဲကြီးရွာ၏ ရွာလူကြီးသည် လူငယ်များအပေါ် အာဏာမရှိ၊ မယွန်းစနက်ကြောင့်၊ မယွန်းလုပ်နေသည် ကလည်း မည်သည့်ဥပဒေမှ ချိုးဖောက်နေခြင်း မဟုတ် ချေ။ အရေးယူ၍မဖြစ်။ သည်တော့ ရွာလူကြီး စိတ် ညစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထဲကြီးရွာ၏ မြောက်ဘက်မှာ ဘုတ်ကုန်းရွာ၊ နှစ်ရွာကြားမှာ လွန်ခဲ့သော မိုးက လမ်းပျက်ခဲ့သည်။ ယခု မိုးမကျခင် ပြင်ရန်သင့်နေပြီ။ ရွာလူငယ်၏လုပ်အားကို အကူအညီတောင်းဖို့ လိုအပ်သည်။ မနေ့က တစ်ရက် မြေဖို့ခဲ့သည်။ လူသူမလာ၍ လုပ်ငန်းမပြီးစီး။ ခက်ချေပြီ။

ရွာလူကြီး မယွန်းထံ ပြေးရသည်။

မယွန်းကို အကျိုးအကြောင်း ပြောပြသည်။ မယွန်းက အားတက်သရော လက်ခံသည်။ မယွန်းက ရပ်ကျိုးရွာကျိုးကို သယ်ပိုးတတ်သည်။ ရွာလူကြီးက မယွန်းကို ကျေးဇူးတင်မဆုံး။

မယွန်းက စိတ်ပါလက်ပါ။

သည်လို အကူအညီ တောင်းလျှင်လည်း သွက်သွက်လက်လက် ကူညီတတ်သည်။ လူငယ်များနှင့် ပျော်ပျော်ရွှင်ရွှင် အုတ်အုတ် ကျွက်ကျွက် ဆင်နွှဲလိုက်သည်သာ။ မယွန်းအတွေးက ထက်သည်။ ရွာရိုးကိုးပေါက်ခြေသလုံး အိမ်တိုင် နေတတ်သည့် ရွှေမောင်ကို ခေါ်တွေ့သည်။ ရွှေမောင်သည် နီတွေးကို မယွန်းမှတစ်ဆင့် ဘုတ်ကင်လုပ်ထားသူ။

ရွှေလေးရေ....မင်းတို့ ကာလသားတွေကို လိုက်ပြောပေးဟယ်၊ နက်ဖြန် လမ်းမြေဖို့ လုပ်အားပေးပါလို့၊ ငါ ထခေါ်တာလို့ ပြောနော်၊ အမျိုးသမီးအဖွဲ့ကိုတော့ ငါ



ဆော်ဩလိုက်မယ်၊ သွားသွား နီတွေးအတွက် မီးပြင်စေရမယ်"

ရွှေမောင်သည် ဝမ်းသာအားရနှင့် ရွာပတ်တော့သည်။ မယွန်းက ခိုင်းမှခိုင်းပါ့မလားလို့။ ယခုလို မယွန်းခိုင်းလျှင် အကျိုးဆောင်ပေးချင်သူကမရှား။ မျက်နှာကောင်းရဖို့အရေး ပြေးလွှားနေသော ရွှေမောင်သည် ချွေးတစီစီနှင့်ဖြစ်နေပြီ။ လောကကြီးမှာက လူအမျိုးမျိုး။ မယွန်းကို အဆိုးဆို၍ မရစကောင်း။ မည်သူကမည်သူ့အတွက် လမ်းဖို့ဖို့ လမ်းကောင်းသွားဖို့က အဓိက။ မယွန်းလို ပုဂ္ဂိုလ်မျိုးကို ကျေးဇူးကန်းစကား ပြောရန်မသင့်။ ဂုဏ်ပြုဖို့ပင် ကောင်းသေး။

ရွှေမောင်သည် ဆက်သားတစ်ယောက်ပမာ လျင်မြန်သွက်လက်လှသည်။ ကိုက်တတ်သော ခွေးဆိုးများသည်လည်း ရွှေမောင်နှင့် တွေ့ခါမှ နာခြင်းတရားရတော့သည်။ လေးခွတစ်လက်နှင့် ပစ်သင့်သည့်ခွေး ပစ်၍ ခြောက်သင့်သည့်ခွေး ခြောက်ကာ ကာလသားတကိုအကြောင်းကြားနေတော့သည်။

ချင်းရောက်၊ ပေါက်လှ၊ ဂျစ်တို့ကို ပြောပြီးပြီ။ အားလုံးက လက်ခံသည်။ ကိုပေါက်စီ၏ ထန်းရည်ဆိုင်သို့ ရွှေမောင်ဝင်သည်။ ထန်းရည်နှင့် စည်းစိမ်ယစ်နေသော ညိုစိမ့်၊ ကျော်ရ၊ မြားရွှေတို့ ကာလသား တစ်သိုက်တို့ သတင်းပို့သည်။ သုံးယောက်သား ခေါင်းတညိတ်ညိတ်၊ ထန်းရည်၏ နောက်ကျိကျိ အာနိသင်လေးပင် ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ပျက်သွား၏။ မယွန်းနှင့် သံခရုးတမန်ရေး ဆက်ထားမှု မယွန်းနှင့် ဓမ္မဒ္ဒာရာယ်မဖြစ်လိုကြ။

အမျိုးသမီး အဖွဲ့မှာလည်း ဤသတင်း ဂယက်ရိုက်နေပြီ။ အားလုံးက ကြည်ဖြူသည်။ အစ်မတော်ကြီးမယွန်း၏ ဆင့်ဆိုချက်ကို မျက်ကွယ်မပြုနိုင်။

စိန်နွဲ၊ ပန်းမြိုင်၊ နီထွေးတို့ စကားလက်ဆုံ ကျနေသည်။

'ဟော့....နီထွေး နက်ဖြန်လုပ်အားပေးဆို'

'ဟုတ်တယ်....မမယွန်းက ကူညီပါဆိုမှတော့ သွားကိုသွားရမယ်လေ'

'ညည်း အဆက်ကြီး ရှဲမောင်လဲ ခွေးတယောင်းယောင်းနဲ့ ဖြစ်နေလိုက်တာအေ၊ သနားစရာပါဟယ်'

ပန်းမြိုင်က နီထွေးကို စောက်ကြည့်လိုက်သည်။

'ဟုတ်တယ်.... ဒွေးလေးခန့်တို့ အိမ်နားမှာ ငါနဲ့ဆုံတော့ ဖြီးကောကော လုပ်နေတယ်၊ လူပုံကိုက ရှုးနှမ်းနှမ်းပါဟာ'

နီထွေးက ရှက်စကလေးနှင့် ဆိုသည်။

'ရော်....ခက်လိုက်တဲ့ နီထွေးရယ်၊ အဲဒါဖြီးတာမဟုတ်ဘူး၊ မြှူးတာဟဲ့ မြူးတာ၊ ပြီးတော့ ရူးတာထင်နေသလား၊ အချစ်နတ်ဖမ်းနေတာအေ'

စိန်နွဲက ဗလစ်ဗလစ်နေအောင် ပြောသည်။



'ကိုဂျစ်တူးလဲ နက်ဖြန်လိုက်မှာတဲ့'

'ဘယ်က ကိုဂျစ်တူးလဲ၊ ကိုတူးလို့ ပြောစမ်းပါ'

မိန်းကလေးများ ဆုံလိုက်မှဖြင့် သည်လိုချည်း၊ပွက်ပွက်ညံ ကက်ကက်လန်နေတော့သည်။

ရွာလူကြီးသည် ရွာလူငယ်များကို အကဲခတ်၍ စဉ်းစားရေ ဖြစ်နေသည်။ ပိုင်လှချည်လား မယွန်းရယ်၊ မည်သို့စည်းရုံး၍ မည်သို့ ပေါင်းသင်း ဆက်ဆံထားသနည်း။ လူငယ်တို့၏ အချစ်ဓာတ်လမ်းအတွက် ဓာတ်ညွှန်းလုပ်နေသည်ကို မသိရော့လေသလား။

* * *

မယွန်းဦးဆောင်၍ လမ်းမြေဖို့ လုပ်အားပေးပွဲကျင်းပနိုင်ခဲ့သည်။ တဲကြီးနှင့်ဘုတ်ကုန်း လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သွားသည်။ ရွာမှလူကြီးများ စိတ်ချမ်းသာမဆုံး၊ ချီးကျူးမကုန်။

နွေကာလသည် မြည်ဖုံးထားချသွားခိုက် မိုးကာလသည် ကနေ့ာင်းတီးလုံးနှင့် အစပျိုးနေသည်။

တဲကြီးရွာသည်မြို့မဟုတ်။ မြို့မဟုတ်၍လယ်လုပ်ရသည်။ လယ်လုပ်ရသည်မှာ မခက်။ မခက်သော်လည်း ပင်ပန်းလှန်းသည်။ နွားရိုက်အားစိုက်ပြီး ရုန်းကန်ရသောအလုပ်။ သည်အလုပ်မျိုးကို မည်သူခုံမင်ပါမည်နည်း။ ခုမင်လို့

www.burmeseclassic.com



မဖြစ်လေ။ ဘ၀စမ်းစာက ထာ၀ရ ဖြည့်ဆည်း နေရသည်။

မိုးက ဖြိုင်ဖြိုင်ရွာပြီ။ လယ်လုပ်ဖို့ သတိ ပေးနေသည်လား။ ဖားက မြိုင်မြိုင်အော်ပြီ။ လယ်ဆင်းဖို့ နှိုးဆော်နေသည်လား။ လယ်သမားအဖို့ မိုးသည် မိတ်ဆွေ။ မိုးရောက်သည်နှင့် လယ်တောမှာ ပျော်ကြသည်။ တဲကြီးရွာသည် မိုးကွန်ယက်အောက်မှာ စိမ်းလန်းနုပျိုနေပြီ။

သည်မှာ ပြောစရာရှိလာသည်။

မယွန်းအိမ်က ဖျာနှစ်ချပ်လည်း မိုးကြောင့် ရုပ်သိမ်းလိုက်ရသည်။ မိုးဒဏ်နှင့်ကင်းရာ အိမ်အောက်သို့ နေရာချထားရေးလုပ်လိုက်ရ၏။ မယွန်း၏ ဆက်သွယ်ရေး သင်တန်းကျောင်းကိုလည်း အံကိုက် အထာကျ ဖြစ်အောင် ဖွင့်လှစ်ရသည်။ မိုးရာသီဖြစ်၍ ပျိုးနုတ် ကောက်စိုက် အလုပ်က ထူလေပြီ၊ နေ့ဆိုင်းကို လုံး၀ ပိတ်ပစ်လိုက်ရသည်။ သို့သော် မပူလင့်။ ကောက်စိုက်ရင်း အစားထိုးပို့ချနိုင်သည်။ ညဆိုင်းကတော့ မပျက်။ အချိန် ပုံမှန်ပါပဲ။

ယခုနေ့ နီထွေးတို့ လယ်စိုက်။

မယွန်းလည်း ပါသည်။ ကောက်စိုက်တော့ နီထွေးနှင့် မယွန်းက တစ်ငန်းတည်း စိုက်သည်။ ရွှဲမောင် တော်ကြောင်း၊ အလုပ်ကောင်းကြောင်း၊ ရိုးသားကြောင်းကို တစီစီပြောနေပြီ။ ခပ်လှမ်းလှမ်းပျိုးခင်းထဲမှာ ရွှဲမောင်။ မယွန်းနှင့် နီထွေးတို့ စကားပြောဟန်ကို အသံတိတ်ဇာတ်



ကား ကြည့်နေရသကဲ့သို့ ရှုစားတော်မူသည်။ ရွှဲမောင်ရင်ထဲမှာ နတ်ကနားပေးနေသလို။

ညနေ လယ်တောပြန်ချိန်မှာ သတင်းထွက်လာသည်၊

ရွှဲမောင်နှင့် နီထွေး ကြိုက်နေကြပြီတဲ့။

ည။ မိုးနံ့ ကလေးကြောင့် အေးနေသည်။ ဂျစ်တူး ရောက်လာသည်။ မယွန်းက ခရီးဦးကြိုပြုသည်။

'မင်းကိုမျှော်နေတာကြာပြီ၊ ဘယ် သဝေထိုးတာလဲဟဲ....'

'အလုပ်တွေ ပိနေလို့ပါဗျာ'

ဂျစ်တူးက အကြောင်းပြပုဒ်နှင့်ဆိုသည်။

'အေး.... တစ်တစ်ခွခွပြောရရင်တော့ စိန်နဲ့ကမင်းကို တစ်ဖက်သတ် ချစ်နေတာပါတယ်၊ မိန်းမကောင်း မိန်းမမြတ်ဆိုတာ စိန်နဲ့လို မိန်းကလေးကို ပြောတာ၊ ဗိုင်းဆောင်း ကျောက်ဖိလေးပါ'

မယွန်းက ဂျစ်တူးကိုနှုးတော့သည်။ ဂျစ်တူးတလည်း နှစ်ခွန်း မပြောရ။

'မမယွန်းက စေတနာနဲ့ပြောမှတော့ ကျွန်တော်မငြင်းပါဘူး၊ အဆင်ပြေအောင်သာ လုပ်တော့ဗျာ၊ ဒါနဲ့ ချင်းရောက်နဲ့ ပန်းမြိုင်က ဘယ်အဆင့် ရောက်နေပြီလဲ'

'မင်းကလဲကွယ်.... ဒီ ပန်းမြိုင်နဲ့ ချင်းရောက် အတွက်ဘာမှမခက်ဘူး၊ ပန်းမြိုင်လို အချောအလှကို ချင်းရောက်လို အကျည်းတန်က ခွဲသွားမှာပါ၊ ပန်းမြိုင်က ချင်းရောက်ကို သနားချစ်ပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ဟိုကောင် ပေါက်လှကတော့ဗျ၊ ဒီကောင်လဲ အခုတလော ရေခပ်လမ်းထွက်နေတယ်၊ မရှိးတော့ဘူး'

'မင်းထင်လို့ပါ၊ ပေါက်လှက ကျောင်းသွားမဟုတ်လား၊ သူ့ပညာရေးကိုငဲ့ရမယ်၊ မမယွန်းတို့ရွာမှာ ပညာတတ်ရှားတယ်၊ ဒီတလေးကို တို့ဇာတ်လမ်းတွေထဲ ဆွဲထည့်ဖို့မကောင်းဘူး၊ပေါက်လှကလဲ ဒီစိတ်တွေ မရှိသေးဘူးလေ'

မယွန်းနေ့ လာမစမ်းနှင့်။ ဖျားသွားမည်။

ပိပိရိရိနှင့် ပိတ်ပိတ်ဆို့ဆို့ ပြောချလိုက်သည်။ ဂျစ်တူးယုံသွားသည်။ သူမေးမိသည်ပင် မှားသွား သည် လား မပြောတတ်။ မယွန်းကို အားနာပါးနာ ဖြစ်ရသည်။ မယွန်းကတော့ ပိုင်နိုင်သော ဣန္ဒြေကို ဆည်ထားသည်။ ဂျစ်တူး မရိပ်မိ။ မယွန်း ပညာက ဟုတ်တုတ်တုတ်။

ဂျစ်တူးပြန်တော့ မိုးချုပ်နေပြီ။

မီးခွက် မီးရောင်အောက်မှာ ပြုံးနေသော မယွန်းကို ဂျစ်တူးကြည့်ဖြစ်အောင် ကြည့်မိသေးသည်။

* * *

ကောက်စိုက်ပြီးပြီ။

လယ်တောတစ်ခွင်မှာ ယိမ်းနွဲ့နွဲ့ စိမ်းလဲ့လဲ့ ။ တောရွှေခင်းထား ငစ်မျှော်တစ်ခေါ်ကြီး ။ကြည့်ချင်တိုင်းကြည့်။



ဝါဆိုပွဲတောင် မဝေးတော့ပါကလား။

သည်ဝါမဆိုမီ မင်္ဂလာနှစ်ပွဲရှိသည်။ ပျော်စရာ ပေတည့်။ မယွန်း၏ လက်ရာသန့်သန့် ဇာတ် လမ်း မှား။ မယွန်း ပျော်မဆုံး။

ရွှဲမောင်နှင့် နီထွေးက ကနဦး မင်္ဂလာ ဆောင်မည်။ မင်္ဂလာပွဲမှာ အပျိုရံအဖြစ် ချိုဝါကို ပွဲထုတ်မည်။ ချိုဝါ အလှကို ခင်းကျင်းပြသဖို့ မယွန်း အလုပ် ရှုပ်နေတော့ သည်။ လူပျိုရံအဖြစ် ပေါက်လှကို ရွေးချယ် သည်။ သည်ကိစ္စကို မယွန်း ကိုင်တွယ်လိုက်သည်သာ။ မည်သူ့ထံမှ ကန့်ကွက်။ မယွန်းလေ မယွန်း။ အကွက်စိစိ ပန္နက်ရိုက်တတ်ပါပေ ။

ရွှဲမောင်နှင့်နီထွေး မင်္ဂလာမှာ ကာယကံရှင်များထက် ပျော်မြူးနေသူကား မယွန်း။ မင်္ဂလာ ထမင်းဟင်းကိုပင် မစားနိုင် မသောက်နိုင်။

မင်္ဂလာပွဲပြီးသောအခါ ရွှဲမောင်နှင့်နီတွေးတို့ အလှများက ငုပ်လျှိုးနေတော့သည်။ ပေါက်လှနှင့် ချိုဝါတို့ အလှက ထင်ပေါ်သည်ဟု အများက သုံးသပ်ကြသည်။ မယွန်း ကျေနပ်မဆုံး။ သည်လိုဖြစ်ရမည်လေ။

ဝါမဆိုမီ နှစ်ရက်အလိုမှာ ဒုတိယပွဲစသည်။

သည်ပွဲကား ဂျစ်တူးနှင့် စိန်နွဲ့တို့ပွဲ။ သည်ပွဲမှာ လူပျိုရံက ချင်းရောက်။ အပျိုရံကား ပန်းမြိုင်။ မင်္ဂလာ ပွဲမှာ ဂျစ်တူးနှင့် စိန်နွဲ့အလှက ထင်ရှားသည်။ ချင်းရောက်နှင့် ပန်းမြိုင်မှာ အညာတြ။ မယွန်းမှာ အပြုံးမပျက်။ သူ့ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ကွက်ထဲက ဇာတ်ကောင်များကို ကြည့်ပြီး ခပ်တည်တည်လုပ်နေသည်။

ဘာပဲဖြစ်ဖြစ် ဝါမဆိုမိ မင်္ဂလာနှစ်ပွဲမှာ မယွန်းပျော်လိုက်ရသည်။ ပို၍ပျော်လိုက်ရသည်မှာ ပေါက်လှကိုချိုဝါနှင့်အတူပူးတွဲမြင်လိုက်ရခြင်းပင်။ သည်နှစ် စပါးကောင်းမည်ဟု မယွန်းကဆိုသည်။ အကြောင်းပြချက်မှာ မင်္ဂလာတွေ၊ ကျက်သရေတွေ များပြားလို့တဲ့။

ကျလည်းကျတဲ့ မယွန်း။

* * *

အချိန်ဟူသည် ယောင်ထဲရောက်နေသူနှင့် လစာနည်းဝန်ထမ်းသာ ကြာသည်ဟု ထင်ကြသည်။ စင်စစ် အချိန်သည် မခိုမကပ်၊ မတွက်မချက် ရွေ့လျားနေသည်သာ။

ဘာမှ မကြာလိုက်ချေ။

သီတင်းကျွတ်တော့မည်။ ကြာပန်းရနံ့ လှိုင်လှိုင်သင်းလေပြီ။ မြောက်အိုးသံက တအုန်းအုန်း တဒိုင်းဒိုင်း။

လဆန်းရက်တစ်ရက်။

ပေါက်လှတစ်ယောက် မယွန်းအိမ်သို့ ရောက်လာသည်။

'ချိုဝါရေ....လက်ဖက်သုပ်ယူခဲ့လေ၊ ရေနွေးကြမ်းပါဆွဲခဲ့'



မယွန်းက ချိုဝါကို အမိန့်ထုတ်လိုက်သည်။ ချိုဝါကိုပေါက်လှက ပြုံးပြသည်။ ချိုဝါကလည်း လှှင်လှှင်ကလေး ပြုံးပြလိုက်သည်။ မယွန်းက မျက်စိလျှင်သည်။ သတိထားမိလိုက်သည်။

'မင်းတို့ ဒီလို ချစ်ချစ် ခင်ခင်နေကြတာ ဝမ်းသာတယ်'

မယွန်းက သူ့မြုံးထဲဝင်လာသည့် ငါးနှစ်ကောင်လိုကြည့်ပြီး ပီတိတဝေဝေ'

'မမယွန်း ကျွန်တော်ပြန်ဦးမယ်ဗျာ'

'မြန်လှချည့်လား'

'နောက်မှ လာလည်ဦးမယ်လေ'

'အေးကွယ်....ခြေခင်းလက်ခင်း ကြည့်ပြန်နော်'

'ဟုတ်ကဲ့'

ပေါက်လှ ပြန်သွားပြီ။ မယွန်းတို့အိမ်ပေါ်တက်ပြီးအိပ်ကြသည်။ မယွန်းကား စိတ်ကူးယဉ်များနှင့် အိပ်ပျော်သွားပြီ။ အိပ်မပျော်သူကား ချိုဝါ။

* * *

မယွန်း စောစော အိပ်ရာထသည်။

ထမင်းချက်ဖို့ စိစဉ်သည်။ ကျောင်းကို ဆွမ်းပို့ဦးမည်။ ယနေ့ ဆွမ်းလှူညှိကျသည်လေ။

www.burmeseclassic.com



'ဟဲ့....ချို့ဝါ ထတော့လေ၊ မိန်းကလေးဆိုတာ ဒီလောက်နေမြင့်အောင် အိပ်လို့မတင့်တယ်ဘူး ဟဲ့'

အိမ်ထဲသို့ ဒေါ်ကောက်ညို ရောက်လာသည်။

'မိယွန်း'

'ဘာလဲ ဒေါ်လေးညို စောစောစီးစီး'

'မိယွန်း မသိသေးဘူး ထင်တယ်'

'ဆွမ်းလှည့်ပြောတာလား၊ သိပါတယ်တော်'

'ခက်တော့တာပဲအေ၊ မပြောလဲမပြီးဘူး'

'ဘာကိစ္စလဲ ဒေါ်လေးညို ပြောစမ်းပါ'

'ညည်းက လည်တယ် လည်တယ်နဲ့ ဘာလည်တာလဲအေ့၊ ချင်းရောက်နဲ့ချို့ဝါ ထွက်ပြေးသွားပြီ၊ တစ်ရွာလုံး အက်နေရေ့လား'

'ဟောတော့'

မယွန်း ငိုင်ကျသွားသည်။

'ပေါက်လှကာ ထုတ်ပေးလိုက်တာတဲ့'

'ဒီကောင် ညကလာတယ်၊ အခြေပျက်တယ်လို့ ထင်မိတယ်၊ အင်း....သစ္စာဖောက်တွေ၊ ခွေးတွေ ထို့'

မယွန်း ဒေါသဖြစ်နေတော့သည်။

သူတပါး၏ အချစ်ဇာတ်လမ်း များစွာကို ဇာတ်ညွှန်းရေးခဲ့သော မယွန်း။ အောင်ပွဲများစွာ သရုပ်ဆောင်းခဲ့သောမယွန်း။ တူမအရင်း၏ ဇာတ်လမ်းကိုမူ ဇာတ်ညွှန်း မပိုင်နိုင်ပါကလား။ ။

* * *

# လတစ်ပါး

စန္ဒာဟု ခေါ်သောလသည် ညအခါမှသာ ထွန်းလင်းတောက်ပသည်။ ညပင်ဖြစ်လင့်ကာစား ဆီးနှင်း မြူ တိမ်ထာင်းမှသာ လရောင်ကို ခံစားနိုင်သည်။ လဆန်းပိုင်းတွင် တစ်ဝက်တစ်ပျက်သာပြီး လဆုတ်ပိုင်းတွင်ပြည့်ပြည့်ဝဝ ထွက်ပေါ်ခြင်းမရှိ။ လလယ်ရောက်မှသာ အစွမ်းကုန် ထိန်ထိန်သာတော့၏။ သို့သော် လူသားအားလုံးသည် လကိုချစ်သည်။ မြတ်နိုးသည်။ တောင့်တသည်။ မျှော်လင့်သည်။ လူသားများ အတွက် အေးမြသော အလင်းရောင်ကို မငြိုမငြင် ပေးဆက်နေသည် မဟုတ်လား....။

အံ့တော့အံ့စရာ အကောင်းသား။

ကျွန်တော်၏ လသည် နေ့ညမရှိ။ လဆန်း လဆုတ် မရွေး။ ဆီးနှင်း မြူတိမ်သာမက ကျောက်သားထူကြီး

www.burmeseclassic.com



စာဆိုထားပါစေ ထွန်းလင်း နေသည်သာ။ အေးမြ ရွှန်းလဲ့နေသည်သာ တွေ့ရသည်။

ကျွန်တော်၏လသည် အခြား မဟုတ်။ ကျွန်တော့် မွေးသမိခင်အမေ၊ အမေသည်သာ ကျွန်တော်၏ လတစ်ပါး၊ စက္ကန့်မလပ် မေတ္တာဓာတ်နှင့် ထွေးပတ်သော အိုအမေ၊ လ၏ အချင်း လ၏ အဆင်းနှင့် ယှဉ်ပြိုင်သော အမေ။ အမေသည် လလေးထက် နှစ်လေးသာဟု ဆိုရချိမ့်မည်။

အမေနှင့်ပတ်သက်၍ ရသစုံကို ခံစားရသည်။ ရသစုံသည် အမေ့ဂုဏ်၊ အမေ့ဂုဏ်ကို စေ့အောင် ဖော်ပြဖို့ ကလောင်မစွမ်း၊ ကျွန်တော့်ဘဝသည် မချောမွေ့၊ ဘဝ ကြမ်းကြမ်း ဦးနှောက်ခန်းတော့ အမေ့ပုံရိပ်လွှာကို ကြည်လင်ပြတ်သားအောင် မီးမောင်းထိုးပြဖို့ အားနည်းနေသည်တော့ အမှန်။

အမေအကြောင်းကို ဆရာ့ဆရာကြီးများက ရေးခဲ့ကြဖူးပြီ။ လေးစားဖွယ် ကြည်ညိုဖွယ် ချည်းသာတည်း။ ထမ္ဘာပေါ်တွင် အမေများပြားစွာ ရှိပါ၏။ အမေတိုင်းသည် သားသမီးများအပေါ် မေတ္တာကရုဏာ ကြီးမားသည်ကတော့ မငြင်းနိုင်ပါ။

ကျွန်တော့်အမေ၏ ကျေးဇူးတော်အနန္တသည် အမေ့ဘဝ၊ အမေ့ပတ်ဝန်းကျင်နှင့် တိုင်းတာသော် လွန်စွာများပြားနေပါသည်။ ထိုကျေးဇူးတရားများကို ကျေလည်အောင် ပေးဆပ်ဖို့ဝေးစွ။ တစ်စုံတစ်ရာမျှပင် ပေးခွင့်မရခဲ့ဘဲ ကြွေးတင်သော ကျွန်တော်။



အမေ့ကျေးဇူးကိုမသိ၍မဟုတ်။ နားမလည်၍မဟုတ်။ သိတော့ သိရှိပါသည်။ သို့သော် သိနားလည်ပြီ ဆိုတော့လည်း အချိန်က နှောင်းသွားပြီ။ ဝေဒနာတွေ တစ်လှေကြီးနှင့် ကျန်ရစ်ခဲ့ပါပြီ အမေ။ အမေ ခွင့်လွှတ်နိုင်မှာပါလေ။

* * *

အမေ့အမည်က အနုတ္တသညာ။

လူတကာကို ခင်မင်တတ်ပြီး အေးဆေးစွာ နေတတ်သူ၊ အမေ့အမည်က 'ဒေါ်ခင်အေး'တည်း။

အမေသည် အညာတောသူ။ သဘောဖြူ အူစင်းစာရင်းဝင်၊ ပညာရေးကား ရေးဖတ်တတ်။ တောင်သူလယ်သမား မျိုးရိုးဆိုသော်လည်း လယ်ယာလက်မဲ့။ အမေ့သားချင်းများက လယ်မွေချောင်းမွေ မပေးခဲ့၊ ညစ်ရှိညာ၍ အမေ့ကိုစွန့်ပစ်ထားကြ၏။ အမေသည် သိမ်ငယ်လွန်းသောစကားနှင့် ပြောပါက တစ်တောင်ကြွက်။

အမေ့အမေသည် ယောကျ်ားသုံးယောက်နှင့် ပေါင်းသင်းခဲ့သည်။ ယောကျ်ားသုံးယောက် အိမ်ထောင် သုံးဆက်ရှိသော်လည်း သားသမီး ငါးယောက်သာ ထွန်းကားသည်။ အမေသည် တတိယ အိမ်ထောင်ဆက်မှ ဖွားဦးတည်းသော သမီး။ ကျန်လေးယောက်က အမေ့ဖအေကွဲများ။ ဘယ်တည့်ကြမလဲ၊ ထုံးစံအတိုင်း ရန်ဘက်တွေဖြစ်ရော၊ သည်တော့ အမေကတစ်တောင်ကြွက်။

www.burmeseclassic.com

www.burmeseclassic.com



အမေ့အဖေသည် မိန်းမသုံးယောက်ယူခဲ့သည် အဖေ့ အမေနှင့် အဖေသည် အိမ်ထောင်ပြုရာမှာ အပြိုင်အဆိုင်။ ထိုသို့အိမ်ထောင်ရေး စင်ပြိုင်ထောင်ခြင်းကြောင့်မကောင်းသော အကျိုးဆက်များ ဖြစ်စေသည်။ အမေ့အဖေသည် သုံးအိမ်ထောင်မှ သားသမီး ခြောက်ယောက် ပွားသည်။ အမေသည် ဒုတိယအိမ်ထောင်မှ တစ်ဦးတည်းသောသမီး၊ သည်မှာလည်း အမေမှာလည်း အမေကတစ်ကောင်ကြွက် ဖြစ်ပြန်ရော။

ယခုခေတ် မင်္ဂလာဖိတ်စာများတွင် တစ်ဦးတည်းသော သမီးဟု အမြတ်တနိုးထည့်၍ ရိုက်ကြသည်။ သည်လိုဆို ကျွန်တော့်အမေသည် ထပ်ဆင့်တစ်ဦးတည်းသော သမီး၊ အမေက သည်လိုထူးခြားလာသည်ကိုး။

အမေငယ်ငယ်က လှပချောမောသည်ဟု အဖေပြော ဖူးသည်။ အဖေသည် အမေ့ကို ခက်ခဲပင်ပန်းစွာ ပိုးခဲ့ရ သည်။ အောင်သွယ်တော် သုံးယောက်၏ကူညီစောင်မမှု ကြောင့် ဖူးစာဆုံခဲ့သည်။

အမေတို့ အိမ်ထောင်ကျပြီး တစ်နှစ် သုံးလကြာသော အခါ ကျွန်တော့်ကို မွေးဖွားသည်။ ကျွန်တော်သည်နွေ ခေါင်ခေါင် တန်ခူးလမှာ မွေးသူ။ အမေသည် မီးတွင်း ခုနစ်ရက်လွန်သော်လည်း ရာသီဥတု အပူဒဏ်ကို ခံရသည်။ ကျွန်တော်ငယ်ငယ်က အလွန်ဆိုးသည်။ အမြဲငိုနေတတ် သည်။ အမေ့ရင်ဘတ်ပေါ်မှသာ အိပ်တတ်သူ၊ တခြား နေရာမှာ သိပ်မရ။ သည်တော့ အရပ်က ကျွန်တော့်ကို



ခင်မောင်ဆိုးဟု ယင်ပွန်းတပ်မင်္ဂလာမပြုဘဲ အမည်ပေး ကြသည်။

သည်မှာ အမေ့မေတ္တာ ပေါ်လွင်လာသည်။

'ဟော့....ငါ့သားကို ခင်မောင်ဆိုးလို့ မခေါ်နဲ့။ ပုလို အိုက်လို့ငိုတာပါအေ၊ ကြာသပတေးသား လူအေးလေးပါနော်'

အမေသည် ကျွန်တော့်ကို ခြစ်ခြုတ်၍ ကောင်းချီး ပေးသည်။ တော်ရှာဆိုတော့ နာမည်ကလည်း တွင်သွား သည်။ အမေလုံးဝ မနှစ်သက်။ ခင်မောင်ဆိုးဟု ခေါ်သူ သည် အမေ့ရန်သူ။ အမေသည် ခင်မောင်ဆိုးကို ပယ်၍ ခင်မောင်ဆွေဟု အမည်ပေးသည်။

အမေ့ကြောင့် နာမည်ကောင်းရလာသည်။ ခင်မောင် ဆွေဟု ခေါ်သူကို လက်ဖက်သုပ်ကျွေးသည်။အမေ့မေတ္တာ တဲ့ သည်လို။

အမေသည် သူကိုယ်၌က ဆယ်စောင်တွဲ သင်ရိုးသာ ကုန်ခဲ့သော်လည်း သား သမီးများ ပညာရေးကို အား ပေးသည်။ လွယ်အိတ်၊ စာအုပ်၊ ခဲတံက အစ ကျောင်း ဝတ်စုံအထိ အောက်ကျ နောက်ကျ မရှိခဲ့။ လူတန်းစေ့ အောင် ဖြည့်ဆည်းပေးသည်။

ကျောင်းအပ်ပေးသည်လည်း အမေ။ စာအုပ်ဖိုးပေး သည်လည်း အမေ။ မိဘဆရာအသင်းအစည်းအဝေးတက် သည်လည်း အမေ။ သားသမီးတို့ စိတ်ပျော်ရွှင်ရေးကို

www.burmeseclassic.com

www.burmeseclassic.com



အလေးပေးသည်။ မိုးရွာနေ့များတွင် အမေကိုယ်တိုင် ကျောင်း လိုက်ပို့သည်၊ ကြိုသည်။

ကျောင်းက ပြန်ခဲ့သော် ထမင်းခြောက်တော့ အနည်းဆုံး လှော်ကျွေးသည်။

တစ်နေ့ကုန် အော်ဟစ် စာအံရသောကြောင့် အမေ့ ထမင်းခြောက်လှော်သည် အရသာ ထူးပါဘိ။ ငည်းနှင့် တမ်းနှင့် စားတတ်ရန် သွန်သင်သည်။ အမေသည် စည်းကမ်းကြိုက်သူ။

အမေ၏ ရှေးဦး ပညာရေး အားပေးမှုများက အားရစရာ ကောင်းသည်။ ပေတ်နိုင်သလောက် ပံ့ပိုးသည်။

* * *

အမေသည် စိုက်ပျိုးရေး ဝါသနာပါသည်။

အိမ်ခြံအတွင်း ရာသီအလိုက် စားပင်များ စိုက်ပျိုးလေ့ရှိသည်။ ခရမ်း၊ ငရုတ်၊ ချဉ်ပေါင်၊ မုန် ညင်း စသည်တို့ကို အလှည့်ကျ စိုက်သည်။ ကျွန်တော်တို့ကိုလည်း ပညာပေးသည်။ စိုက်ပျိုး၍ ဖြစ်ထွန်းလာလျှင် အရိပ်တကြည့်ကြည့်။ အတော်နှင့် ခူးမစား။ ခူးစားလျှင်လည်း အိမ်နီးနားချင်းများကို ပေးဝေတတ်သည်။



အိမ်နီးချင်းများက အမေလို မစိုက်ပျိုး။ အမေ၏ အပေးကိုသာ ငံ့လင့်နေကြသည်။ အမေကလည်း စေတနာ အကောင်းသား။ အမေသည် အသုံးအစွဲ ချွေတာသည်။ အမေ ဆေးလိပ်ကြိုက်ရာမှာ ပြိုင် ဘက် မရှိ။ အားအားရှိ ဆေးလိပ် ဖွာနေတတ်သည်။

သို့သော် ဝယ်မသောက်။ အမေ အကြိုက်ဆုံး ဆေးလိပ်ကား တည်ဖက်ဆေးလိပ်။ တည်ပင်မှရသော ဖက်နှင့် လိပ်သော ဆေးလိပ်ကို စွဲစွဲမြဲမြဲ သောက် တတ် သည်။ ဆေးလိပ်ကလည်း ချစ်စရာ၊ မြစိမ်းရောင် သမ်းနေသည်။ တောသွားပြီး ဖက်ခူးသည်။ အကြောများကို ဖယ်ရှားပြီး အိပ်ရာအောက်မှာ ထားသည်။ ကိုယ်တိုင် ဆေးလိပ် လိပ်၍ သောက်သည်။ ငွေကုန်ကြေးကျ နည်းပါးစေရန် ဖြစ်သည်။

ဟင်းသီးဟင်းရွက် အရှာအဖွေလည်း မပျင်း မရိ အမေနှင့်အတူ တောသို့ လိုက်ဖူးသည်။ ညောင်ရွက်၊ တမာရွက်၊ ကုက္ကိုရွက်၊ ချေးတောက်ရွက်များကို ခူး၍ သူတကာကို လှည့်ပေးတတ်သည်။ ရပ်ထဲရွာထဲက အမေ့ကို ချစ်ကြသည်။ စေတနာအလှ၏ အကျိုးပေတကား။

အမေ စေတနာ ကောင်းသော်လည်း တခါ ကစောင်းချိတ်စကား အပြောခံရသည်။ ‘သည်ကောင်မက ဟင်းရွက် ကန်စွန်းလေးပေးပြီး မျက်နှာလုပ်နေတာအေ့

www.burmeseclassic.com



ဟု အပြစ်မရှိ အပြစ်ရှာ ပြောကြသည်။ သည်အခါမျိုးမှာ အမေသည် ဒေါသချောင်းချောင်း ထွက်တတ်သည်။ ကွယ်ရာမှာ မပြောတတ်။ ပြောသူထံသို့ သွား၍ ရင်ဆိုင်ဖြေရှင်းတတ်သည်။ အမေ့စိတ်ဓာတ်ကို သိသွား၍ နောင်တွင် ပြောသံဆိုသံ မကြားမိ။

အမေ့ဘက်က ထောက်ခံမည့် သူကလည်း အဆင်သင့်။ အမေ့အပေါင်းအသင်း မိတ်ဆွေများကလည်း အမေ့ကို အထိမခံ။ အမေက ခေါင်းငုံ့ခံနေသည့်အခါမျိုးမှာလည်း သူတို့ မနေတတ်။ အမေ့ကိုယ်စား ခပ်စပ်စပ်ကလေး ပြောဆိုပေးကြသည်။

အမေသည် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်လေ့ရှိသည်။

ဥပုသ်သည့်ထဲမှာ အမေသည် အသက် အငယ်ဆုံး။ ဥပုသ်သည် အားလုံးကို အမေ လေးစားသည်။ ရေချိုးဖို့ ရေငင်ပေးသည်။ ဝတ်ကြီးဝတ်ငယ် ပြုစုသည်။ ဥပုသ်သည် အများစုက အမေ့ကို ခင်မင်ကြသည်။ အမေမလိုက်နိုင်သော ဥပုသ်နေ့များတွင် ဇရပ်မှာ ခြောက်သွေ့သွေ့။

အမေ့မှာ လက်မှုပညာ သုံးမျိုး တတ်ကျွမ်းသည်ကို သတိထားမိသည်။ ဆေးလိပ် လိပ်တတ်ခြင်း၊ ဆံပင် ညှပ်တတ်ခြင်းနှင့် ရက်ကန်းခတ်တတ်ခြင်းများပင်။ ဆံပင် ညှပ်တတ်၍ အမေ့မှာ အလုပ်ဖြစ်သည်။ ကျွန်တော်တို့ခေါင်း



ကိုသာမက အခြားကလေးများကိုလည်း ညှပ်ပေးတတ်သည်။ အခကြေးငွေ မယူ။ သည်မှာလည်း ကလေးများက အမေ့ကို ချစ်ကြပြန်ရော။

ရက်ကန်းအတတ်ကား ချီးကျူးစရာပင်။ အမေသည် အညာဖျင်ထည်သာမက ယောအဆင်၊ မုံရွာအဆင်များပါ တတ်ကျွမ်းသည်။ ယောအဆင်များ အမေမှ တစ်ဆင့် တစ်ရွာလုံး ပျံ့နှံ့သွားသည်။ စိတ်ရှည်လက်ရှည်နှင့်ပြသပေးသည်။ အမေ့လက်ရာများသည် လူကြိုက်များလှသည်။ ကျွန်တော့်အတွက်ရက်ပေးသော အဆင်ဆန်း လုံချည်ကလေးကို လူတိုင်းက သဘောကျသည်။ ထိုလုံချည်ကလေးကို မြင်တိုင်း အမေ့ကို လွမ်းဆွတ်မိသည်။

မှန်ပါသည်။

အမေသည် ထိုအဆင်မျိုးကို မရက်ဖူး။ ကျွန်တော် ဆရာဖြစ်သင်တန်းမှာ ဝတ်ဆင်ရန်အတွက် ကြိုးစား ရက်လုပ်ထားခြင်း ဖြစ်သည်။ ယနေ့တိုင် ရှိသေးသည်။ မဝတ်ရက်၊ အမေ့အနုပညာကိုအမှတ်တရထိန်းသိမ်းထားသည်။ ထိုလုံချည်ကို အကြောင်းပြု၍ 'အမေ့လက်ရာ' ဟူသော ကဗျာတစ်ပုဒ် ငွေတာရီမှာ ရေးဖူးသည်။

"အမေ့လက်ရာ"

မှသားတင်း
ပွင့်လင်းတဲ့ ချစ်မေမေ၊

www.burmeseclassic.com

www.burmeseclassic.com



အညာဆန်
မြန်မာဟန် ရိုးဂုဏ်ဒွေ
ချမ်းမြေ့သလေ။

အကွက်ဆန်းရှာ
ရက်ကန်းမှာ လက်ရာသန့်
ရိုးယဉ်ခန့် အမေ့အမွေ
အညာမြေ ကျန်ရစ်
ဖြေမချိပါ
အမေမရှိ ယနေ့မှာတော့
အောက်မေ့စရာ ပင်နီချောရယ်နှင့်
ယောလုံချည် မကျည်းစေ့ကွက်ဟာ
အမေ့လက်ဖြစ်။ ။

၁၉၉၀ ပြည့်နှစ် အောက်တိုဘာလထုတ်မှာ ပါလာတော့ အမေရက်ပေးခဲ့သော လုံချည်ကို ရင်မှာ ထွေးပွေ့၍ မျက်ရည်ဝဲမိတော့သည်။ ခေါက်ထားသော လုံချည်ကို ဖြည့်၍ ကြည့်မဝ။ မွန်းကြပ် နွမ်းဟိုက်အောင် ခံစားရသည်။ စာအုပ်ဘီရိုထဲမှ သီးသန့်နေရာပေး၍ အမြတ်တနိုး သိမ်းထားလိုက်ရသည်။

အမေသည် တောရွာမှာသာ ရက်ကန်းပညာတော်၍ နာမည် မကျော်ခဲ့။ နာမည်မကျော်၍ မည်သူမှမသိ။



ကျွန်တော်က တတ်စွမ်းသည့်နေရာမှ တစ်ဆင့် အမေ့ကို ဂုဏ်ပြုသည်။ အမေ့လက်ရာ ကဗျာကလေးနှင့် ကျွန်တော် ကျေနပ်လိုက်ရသည်လေ။ ဘယ်လိုမှ မရှေင့်ရဲ မဘင်း တိမ်နိုင်။

အမေတို့ခေတ်မှာ ခေတ်နှင့်အညီ နိုင်ငံခြား အဝတ်အထည်များ ပေါ်ထွက်ခဲ့သည်။ အမေသည် နိုင်ငံခြားဖြစ် အဝတ်အစားများကို နေရာမပေး။ မခက်မောခဲ့၊ မြန်မာဖြစ် ပင်နီ၊ ဖျင်ထည်များသာ ခံ့မင်စွာ ဝတ်စားဆင်ယင်ခဲ့သည်။ ပွဲလမ်းသဘင်တိုင်း ကိုယ်တိုင် ကိုယ်ပိုင် လက်ရာကို ဝတ်ခဲ့သည်။

အမေ့ စိတ်သဘောထားသည် လေးစားစရာ။

အမေ့မနောသည် ရှင်းသန့်စင်ကြယ်လွန်းသောမြန်မာ့နှလုံးသားပုံရိပ်ကို အရောင်ဟပ်နေပါလားဟု ခမ်းခမ်းနားနား တွေးမိသည်။

* * *

နေ့စဉ်တော့ မဟုတ်။

တစ်ခါတစ်ရံ အမေနှင့် အဖေ စကားတောက်ဆယ် ပြောရသည်။ လင်နှင့်မယား လျှာနှင့်သွားဟူသောစကား

www.burmeseclassic.com



အတိုင်း အမေတို့မပျက်မကွက် လိုက်နာကျင့်သုံးကြဟန် တူပါသည်။

မည်သည့်အကြောင်းနှင့် ရန်ဖြစ်ဖြစ် အမေကအမြဲရှုံးပါသည်။ အဖေကသာ ချန်ပီယံဆုတံဆိပ်ကို လက်မလွှတ်ဘဲ ထိန်းသိမ်းထားနိုင်သည်။ အမေရှုံးသည်ဟု ပြောရသော်လည်း စင်စစ်ရှုံးသူမှာ အဖေ။ အမေက သည်းခံတတ်သည်။ လင်သားအပေါ် ခွင့်လွှတ်သည်။ အဖေဘာပြောပြော အမေပြန်မပြောချေ။ အဖေသာ တစ်ဖက်သတ်ချည်း ဖြစ်နေ၍ ရန်ပွဲမှာ အထမမြောက်ဘဲ ပြီးပြီးသွားသည်။ တရားမဝင် ရန်ပွဲပေါ့။ အဖေကသာ စကားများပြီး မောနေချိန်မှာ အမေသည် သူ့အချစ်တော် တည်ဖက်ဆေးလိပ်နှင့် သဟဇာတ ဖြစ်နေသည်။ မျက်နှာမည်ိုး၊ တွတ်ထိုးတွတ်ထိုးလည်း မဆို။

သည်လို အမေက ခန္တိစတရားကို မွေ့ပျော်ခြားလည်း တချို့က 'လင်ကြောက်မ'ဟု ဇွတ်သမုတ်သည်။ အမေမဖြုံပါ။ ကြောက်တတ်ရန်ကင်းဟူသော စကားကို ကိုးကွယ်ထားသည်လော မပြောတတ်။

အဖေ ဖဲရိုက်ပြန်ခဲ့သည်ဖြစ်စေ၊ အရက်သောက်ပြန်ခဲ့သည်ဖြစ်စေ အမေကိုယ်တိုင် ထမင်းပွဲ ပြင်ဆင်၍ ကျွေးသည်။ အဝေးသွားပြီး မျက်နှာလွဲမနေ။ အနားမှာနေပြီး လိုတာကို ထည့်ကာထည့်ကာ ပေးနေတတ်သည်။



အဖေ့ ပန်းနာရောဂါအတွက် ဆေးတစ်ထုပ်ပြီးတစ်ထုပ် ဝယ်ထားသည်။ ရေနွေးကြမ်းလည်း အဆင်သင့်စီမံပေးသည်။ ဆေးကိုမှုတ်သောအဖေ့ကို အငြိုသတိပေးနေသည်မှာ ချီးကျူးစရာကောင်းသည်။

နွားသမား ဖြစ်သော အဖေသည် အရောင်းအဝယ်အတွက် ခရီးရှည်ထွက်ရသည်က များသည်။ အဖေခရီးထွက်နေစဉ် အမေသည် မယားဝတ္တရားနှင့်အညီနေသည်။ အဖေကလည်း အမေ့ကိုစိတ်ချ၏။ ရောင်းပန်း ဝယ်ဝန်းလှစေရန် ညစဉ်ဆုတောင်း မေတ္တာပို့သည်မှာလည်း အမေမမောနိုင်။ သားသမီးများကိုလည်း အဖေ့ကို ရည်မှန်း၍ ကန်တော့ခိုင်းသည်။ မေတ္တာပို့စေသည်။

'ခင်းတို့အဖေဟာ တောင်ကြီး တောင်ငယ် ကျော်ပြီး စီးပွားလုပ်နေတာ ခလုတ်မထိ ဆူးမငြိဖို့ ဆုတောင်းပေးကြနော်'

အမေ့မေတ္တာကား အဖေ့အပေါ်မှာ ထာဝရပုံပေးထားသည်လေ။

ထမင်းဝိုင်းမှာ အဖေနှင့်အမေ လက်ဆုံထမင်းစားသည့်အခါ အနေကဦးချ၍စားသည်။ အမေကသည်လို ဦးချကျွေးမွေးတော့ 'လုပ်မနေပါနဲ့ဟာ'ဟု အဖေပြောတတ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ အမဲသားလို ဟင်းဖြစ်ပါက အရိုးကို အမေစား၍ အသားကို အဖေ့ထည့်ပေးသည်။ သားသမီးများကို လည်း အသားတုံးကိုသာ စားစေသည်။ အိုးသူကြီး အမေကမူ အရိုးကိုသာ ဝါးနေတော့သည်။

တစ်ခါက တစ်အိမ်သားလုံးလိုလို ယားနာရောဂါ ဖြစ်ပွားဖူးသည်။ အမေနှင့်နို့စို့ညီမငယ်သာ ကံထူး၍ကျန် ပါတော့သည်။ ယားနာပျောက်ဆေး မယ်မယ်ရရ မရှိ။ သားငါးရှောင်ပြီး စားသောက်ရုံနှင့် ရောဂါကိုကုသကြ သည်။ သို့သော် ယားနာမှာ ပျောက်ကင်းမသွား။ တစ် အိမ်လုံး ညဘက်ညဘက်မှာ မအိပ်ရတော့။ တစ်ယောက် အနာကို တစ်ယောက် ဖောက်ပေးနေရတော့သည်။

အမေကတော့ ဒိုင်ခံ။ ယားနာရှိသူထက်ပို၍ အိပ်ရေး ပျက်ရှာသည်။ နေ့ခင်းမှာ ဖန်ရည်ဆေးပေးသည့်တာဝန်က လည်းရှိသေး။ ဩဇာရွက်၊ မာလကာတို့ကိုပြုတ်၍ ဆေး ကြောပေးသည်။ မငြိုမငြင်ပြုစုသည်။ အဖေ့ကိုလည်း ကိုယ်တိုင် ဆေးကြောပေးသည်။

လင်သားအပေါ် ချစ်မြတ်နိုးသောအမေ။

အိမ်ဦးနတ်ကို ကိုးစားသောအမေ။

သို့သော် အမေ့မှာ အားနည်းချက် တစ်ချက်တော့ ရှိသည်။ အဖေ့ကိုတိုက်ရိုက် မခေါ်ခြင်းပင်တည်း။ 'ကိုမြ ထူး' 'ကိုထူး' ဟူ၍လည်း မခေါ်။ ရှေးပြဇာတ်ထဲကလို



'မောင်ကြီး'ဟုလည်း မသုံး။ 'မောင်' 'ကိုကို' ဟူသော ကန့်ကာယ အသုံးအနှုန်းဆိုလျှင် ပို၍ပို၍ဝေးရော။ 'မင်းအဖေ' 'နင့်အဖေ' 'ညည်းကိုထူး' 'နင့်ကိုထူး' 'တော့မောင်' 'တော့တူ' စသည်ဖြင့် ဟူးနေရာစူးဆောက် နေရာဆောက် သုံးစွဲတတ်သည်။

ထိုမှတစ်ပါး မှားလို့ပင် မခေါ်။

* * *

သားသမီးများကိုလည်း နှစ်နှစ်ကာကာချစ်ပါသည်။ အဝတ်အစားကို သင့်တင့်အောင် ဆင်ပေးတတ်သည်။ သားသမီးများပြားလွန်းသော်လည်း ကြည့်ပျော်ရှုပျော် ဖြစ်အောင် ဝတ်စေပါသည်။ အမေကိုယ်တိုင်ကမူ ကိုယ့် လက်ဖြစ် ဖျင်အင်္ကျီ၊ လုံချည်သုံးစုံသာရှိသည်။ ခြိုးခြံချွေ တာတတ်သော အမေ။ ပွဲတိုးဟု သတ်မှတ်ထားသော သရက်ထည်လုံချည်ကလေးမှာ သေတ္တာထဲက မထွက်။

ကျွန်တော်မှုလတန်းအောင်၍ အလယ်တန်းပညာအား လက်သင်သော အခါ အမေပင် ကျောင်းအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မယ်အေး၊ ညည်းသားနဲ့ ငါ့သမီး ဘယ်လိုလဲ'

'ခင်အေးတို့က မော်တောင် မကြည့်ပါလားအေ့'

'မအေး၊ ကျုပ်က အရင်ဦးထားတာနော်'

ဤသို့ ဤသို့ တို့ကြ ထောင်ကြသည်။ ပင့်ကြ မြှောက်ကြသည်။ အမေက အဟုတ်မှတ်သည်။

'ငါ့သားက အမွေးအတောင် မစုံသေးဘူး၊ ညည်းတို့ မျိုးလွှားမတွေသာ ထင်ရာစိုင်းကြ'

အမေက ပက်ခနဲ ဇက်ခနဲ ဆိုသည်။ သည်မှာ အမေ မာနကြီးသည်ဟု ဆိုကြပြန်သည်။ အမေကတော့ စိတ်ထဲ ရှိတာ ပြောလိုက်သော်လည်း ခံရသူမှာ မသက်သာလှ။

အမေ သည်လို ပြောခဲ့သည်မှာ သားသမီးများကို အချစ်လွန်ကဲ၍ ဖြစ်သည်။ သဘောပေါက် သူတို့ကား ခွင့်လွှတ်သည်၊ ကိုယ်ချင်းစာ အပြုံးများနှင့် အမေ့ကို ဆက်ဆံ မပျက်။ အမေကလည်း သူက မှန်သည်ချည်း ဘင်နေသည်။ တစ်ခါတလေ အားနာလိုက်ရတာ။

'ငါက ရှည်ရှည်ဝေးဝေး မပြောတတ်ဘူး၊ အိမ်က မထွက်နဲ့ခနော်၊ ဒီခေတ်ဟာ လွယ်တာ မဟုတ်ဘူးကွယ့်'

ကျွန်တော့်ကို မတားမြစ် မပိတ်ပင်စဖူး ပြော လာသည်။ ကျွန်တော် အံ့ဩစွာ နားထောင်ခဲ့ရသည်။ အမေ့



ကျောင်းဖွင့်ပြီး သုံးလခန့်ကြာသော်လည်း ကွန်ပါဘူး မရသေး၍ ကျွန်တော်စူအောင့်အောင့် လုပ်သည်။ အမေ မနေတတ်တော့။ တစ်ရွာလုံး ဒေါင်းတောက်အောင် လှည့်၍ ကွန်ပါဘူးရှာပုံတော်ဖွင့်သည်။ ကွန်ပါဘူး ခပ်နွမ်းနွမ်းကို တွေ့တော့ ကောက်စိုက် တစ်ရက်လိုက်၍ ရအောင်ရှာပေးသည်။

အမေ့မေတ္တာကား သည်လိုမျိုး တံခွန်စိုက်ခဲ့သည်။

အမေ့ပင်ကိုယ်နှလုံးသားသည် အေးဆေး တည်ငြိမ်မှု အပြည့်။ သို့သော် သားသမီးများနှင့် ပတ်သက်လာလျှင် လှုပသော မာနတချို့ကို ရတနာအလား ရှားရှားပါးပါး တွေ့ရသည်။

ကျွန်တော် ဆယ်တန်းအောင်သောနှစ်။

ရွာမှာက ကျွန်တော်သည် ပထမဆုံးသော ဆယ်တန်းအောင်သူ၊ ကျွန်တော်ကျောင်းနေစဉ်မှာ ရွာကအမှုမဲ့ အမှတ်မဲ့ ထားသော်လည်း ဆယ်တန်းအောင်သောအခါ တကယ့်သူရဲကောင်းကြီးအဖြစ် ထင်မှတ်ကြသည်။ ဆယ်တန်းရောက်လျှင် စာမေးပွဲရှုံးမည် ဟူသော အယူအဆ ဆိုးဆိုးညံ့ညံ့ကို လက်မခံကြတော့။

ကျွန်တော်ဆယ်တန်းအောင်သောအခါ ရွာထဲမှ စိတ်ဝင်စားသူ၊ အားကျသူ အချို့သည် အိမ်သို့ လာရောက်ကြည့်ကြသည်။ အချို့ကတော့ ကဲကဲလွန်းသည်။ ကျွန်တော့်ကို ကိုင်ကြည့်သည်။ ဒါကိုအမေက မကြိုက်။ ဂုဏ်မယူတတ်။

www.burmeseclassic.com

မာနသည် ခက်ထန်သည်ဟု မထင်။ မေတ္တာအား လွန်ကဲသွား၍သာ ဖြစ်မည်။ အမေ့မာနသည် လှပသိမ်မွေ့သည်။ ထည်ဝါခံ့ညားသည်။

* * *

အဖေသည် ယနေ့တိုင် ကျွန်တော့်ကို မရိုက်ဖူး။

'မင်း နောက်မလုပ်နဲ့ ရိုက်မယ်'၊ 'တယ်....ရိုက်လိုက်ရကွာ'၊ 'ငါရိုက်ရင် နာရေ့မယ်' ဟု ပြောပြီး ကျေနပ်သွားသည်က များသည်။ အမေကတော့သည်လို မဟုတ်။ အပြစ်ရှိလျှင် ရိုက်တတ်သည်။ ရိုက်လျှင်လည်း တစ် ချက်နှစ်ချက် မဟုတ်။ ညောင်းသွားမှ အရိုက် ရပ်နားလေ့ရှိသည်။

ကျွန်တော်တို့ ညီအစ်ကို တစ်တွေသည် အ ဆော့ သန်သည်။ စည်းကမ်းမရှိ။ အိမ်ပေါ်မှာ စိန် ပြေး တမ်း ကစားကြသည်။ ပြေးရင်းလွှားရင်းနှင့် ဆီပုလင်း မှောက်ကျသွားသည်။ ဆီပုလင်းဆို၍ များများမထင်နှင့်။ တစ်ဆယ်ကျပ်သားသာ ရှိသော ဆီပုလင်းပေတည်း။ ဆီ တစ်ဆယ်ကျပ်သား မှောက်ကျသော အမှုသည် မ သေး လှ။



ကျွန်တော့်ကို ဆယ်ချက်။ ဇော်မင်းနှင့် ဇော်သင်းတို့ကို ခြောက်ချက်စီ။ ထိုညကား ကျွန်တော်တို့ ကျော ခင်း မအိပ်နိုင်ကြ။ စောင်း၍ အိပ်ရသည်။ ကျောမှာ အရှိုးတွေက အစင်းလိုက် အစင်းလိုက်။

မနက်လင်းတော့ အမေ့ကို အဖေက မာန်မဲ ဆူတော့သည်။ ဆီလေး မတောက်သခေါက်နှင့် သည်လောက် ရိုက်ရမလားပေါ့။ ကျွန်တော်တို့ ညီအစ်ကို သုံးယောက် ကြိတ်၍ ဝမ်းသာ နေကြသည်။ အမေက အဖေ့ကို ဘာတစ်ခွန်းမှ မဟ။ ထုံးစံအတိုင်း တည်ဆက်ဆေးလိပ်ကြီးနှင့်။ အဖေသည် အမေ့ကိုပြောဆိုပြီး အိမ်မှ ထွက်သွားသည်။ ရိုးရိုး အလည်သွားခြင်းပါ။ အဖေ အိမ်မှာ မရှိတော့ အမေက ဗိုလ်။ ကျွန်တော်တို့ တိတ်ဆိတ်ဆက် ငြိမ်သက်၍ နေကြသည်။

အမေ့မျက်နှာကို တစ်ချက် ခိုး၍ ကြည့် မိသည်။ မျက်နှာက ဝမ်းနည်း ကြေကွဲနေသည်။

'အမေကတော့ ဆီမရှိလဲ ပူရတယ်၊ ဆန်မရှိလဲ ပူရတယ်၊ အခု ဆီမရှိတော့ ဘာနဲ့ ချက်မလဲ၊ လက်ထဲမှာလဲ ငွေမရှိဘူး'

အမေသည် သူရိုက်သည်ကို ကျွန်တော်တို့ ကျေနပ်အောင် ဖျောင်းဖျနေပါသည်။ မတောင်းပန်ရုံ သာမယ် သာ ရှိတော့၏။ အိမ်ထောင်စုကြီးကြီး၏ တာဝန်တို မနိုင်

www.burmeseclassic.com

www.burmeseclassic.com



တနိုင် ထမ်းနေရသော အမေ၏ ဒုက္ခသည် မသေးလှပါလားဟု တွေး၍ သနားမိပါသည်။

အမေသည်သာ အိမ်မှာ အမြဲနေပြီး အရာခပ် သိမ်း ရင်ဆိုင်နေရသည်။ သားသမီးများ ကျောင်းအမီ ထမင်းစားသွားရအောင်လည်း အမေ့တာဝန်။ အဝတ်လျှော်ရသည်လည်း အမေ။ ထင်းခွဲ၊ ရေခပ်ကအစ အားလုံး သိမ်းကျုံးလုပ်နေရသည်။ အဖေတာ ထမင်းစားချိန်မှစ လက်ဆေးရုံ။ ဘာမှ မပူတတ်သလို၊ ကျွန်တော်တို့ကို ရိုက်ရန် အဖေ့မှာ တွေးဟန် မတူ။ အမေသာ ဒုက္ခတွေကြား နစ်မျောနေသည်လေ။

အိမ်ထောင်အတွက် အဖေ့တာဝန်နှင့်အမေ့တာဝန်တို့ကို ချိန်ထိုးကြည့်မိပါမှ အမေ့တာဝန်က ပိုနေသည်ကို တွေ့ရသည်။

'မိန်းမပျင်း ခြေဆင်း' ဟူသော စကားရှိ၏။ အမေ ခြေဆင်းနေသည်ကို တစ်ကြိမ်မှ မမြင်ဖူးပါ။ အလုပ်နှင့် လက် မပြတ်ချေ။ အလုပ်မရှိလျှင် အနည်းဆုံး ဆန်ရွေးနေတတ်သည်။ အမေသည် အိပ်ရာမှ အစောဆုံး ထပြီး နောက်ဆုံး အိပ်ရာဝင်သူဘည်း။

အမေ့တာဝန်များကို တွေ့ရလေလေ အမေ့ကို ချစ်ရလေလေ ဖြစ်သည်။ အမေ ရိုက်ဆုံးမ၍ ကျွန်တော်တို့ စည်းနှင့် ကမ်းနှင့် နေတတ်လာသည်။ မကောင်းမှုနှင့် ကောင်းမှု ကွဲကွဲပြားပြား သိလာသည်။ အကောင်းနှင့် အဆိုး ခွဲခြားလာတတ်သည်။



အမေ၏ ကြိမ်ဒဏ်များသည် လူတစ်လုံး သူတစ်လုံး ဖြစ်စေရေးအတွက် အုတ်မြစ်ချပေးလိုက်ခြင်း ဖြစ်သည်။ အမေ့ကြိမ်သည် ကျွန်ခေတ်က ကြာပွတ်လိုမဟုတ်။ ပန်းချီဆရာ၏ စုတ်တံတစ်ခုမျှသာ။ အမေသည် သားသမီးများ၏ ဘဝပန်းချီကားကို ကြိမ်စုတ်တံနှင့် ခြယ်မှုန်းခဲ့ခြင်းသာ မဟုတ်လော။

အကယ်၍ အမေသာ ကြိမ်စုတ်တံ မကိုင်ခဲ့လျှင်—။

* * *

နွေရာသီ ကျောင်းပိတ်ရက်များတွင် သားသမီးများကို အလကား မထား။ ဆရာတော် ဦးတိက္ခကျောင်းသို့ လိုက်စေသည်။ ဘုရားရှိခိုး၊ ဆွမ်းတော်ကပ်၊ ပန်းတော်ကပ်စသည့် ဘာသာရေးကို ကျက်မှတ်စေသည်။ ယဉ်ကျေး သိမ်မွေ့အောင် အမေ လမ်းညွှန်သည်။

ကျွန်တော်သည် ကျောင်းပိတ်ရက်များမှာ လက်လှမ်းမီရာ စာအုပ်အမျိုးမျိုးကို ဖတ်သည်။ ကျွန်တော် စာဖတ်နေသည်ကို အမေ အလွန် လိုလားသည်။ အားပေးသည်။ အမေကိုယ်တိုင်လည်း ယူယူပြီး ဖတ်လေ့ရှိသည်။

စာဖတ်ဝါသနာပါသော ကျွန်တော်သည် အိမ်မှာမြဲသည်။ အမေကလည်း ဘယ်မှမသွားစေလို။ ကျွန်တော်နှစ်သက်သော ကဗျာများကို စာအုပ်တစ်အုပ်နှင့် ကူးထားသည်။ ထိုကဗျာများကို အရကျက်သည်။ ကဗျာများ ကျက်ရင်းကျက်ရင်း ကဗျာရေးလိုစိတ် ဖြစ်ပေါ်လာသည်။ အမေ့ကို ပြောပြတော့ ပြုံးချိနေသော အမေ့မျက်နှာက သန့်စင်လျက်။

ကျွန်တော် ဆရာဖြစ်သင်တန်းဆင်း၍ ပြန်လာသော အခါ အမေ့ကို ကြွားစရာပါလာသည်။

ကျွန်တော်ကိုယ်တိုင်ဦးစီး၍ သင်တန်းမှာထုတ်ခဲ့သော ကဗျာစာအုပ်ကလေးများ။ ထိုစာအုပ်များကို အမေ့ပြသည်။ ကျွန်တော့်ကဗျာလည်း ပါသည်။

အမေဖတ်ပါသည်။ အမေက ဂုဏ်ယူသော မျက်နှာနှင့် ထိုကဗျာစာအုပ်များကို ဥပုသ်ကျောင်းသို့ သွား၍ဖတ်ပြနေတော့သည်။

ဆရာအတတ်သင် နှစ်လည်မဂ္ဂဇင်း ထွက်လာသော အခါ အမေ့ကို ကြွားရပြန်သည်။ မဂ္ဂဇင်းထဲမှာ ကျွန်တော်၏ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများ ပါသည်။ အမေ အလွန်ကျေနပ်နေသည်။

'ငါ့သားက တော်တယ်နော်၊ ဒါမျိုးတွေမရေးတတ်ဘူးထင်နေတာ'



ဟန်ဆောင်မှုမရှိ။ ပရိယာယ်ကင်းကင်းနှင့် ချီးကျူးသည်။ ရင်ထဲမှာ ချိုမြမြအေးစိမ့်သွားသည်။ အမေသည် လိုအရေးတယူ လုပ်မည်မထင်ခဲ့။ ဖာသိဖာသာနေလိမ့်မည်ဟု အထင်သေးခဲ့သော ကျွန်တော့်မှာ အမေ့ကို အံ့ချီးမကုန်တော့။

ကျွန်တော် စာပေဝါသနာပါသည်ကို အမေနှစ်သက်သည်။ အမေကြည်နူး စိတ်ချမ်းသာစေခဲ့သည်။ ကျွန်တော့်ကို စာပေဝါသနာနှင့်ပတ်သက်၍ ပထမဆုံးအားပေးသူမှာ အမေ။ ချီးကျူးသူမှာလည်း အမေသာတည်း။

အမေအားပေး၍ အမေတိုက်တွန်း၍ ကျွန်တော်စာတိုပေစများ စတင်ရေးသားတော့သည်။

အမေသည် ကျွန်တော့်ကို အလွန် သံယောဇဉ်ကြီးသူလည်း ဖြစ်သည်။ ကျွန်တော် မူလတန်းပြဆရာ တာဝန်ထမ်းရသော မြေမွန်ရွာသည် ငှက်ဖျားရောဂါ ဖြစ်တတ်သည်။

ငှက်ဖျားရောဂါ ကာကွယ်ဆေးများ စားဖို့ အမေမှာတတ်သည်။ အစားအစာ ဆင်ခြင်စားဖို့ ရေပုံမှန်ချိုးဖို့ ကအစ တတွတ်တွတ်မှာကြားနေသည်မှာ မဆုံးနိုင်။

ကျွန်တော် အလုပ်ရပြီး ခြောက်လ ကြာသောအခါ ငှက်ဖျားရောဂါဖြင့် အမေကွယ်လွန်ခဲ့သည်။ အမေ့ကို တမ်းတမဆုံး။

www.burmeseclassic.com



ကျွန်တော့်ကိုသာ ငှက်ဖျား မဖြစ်စေဖို့ အတန်တန် မှာကြားသော အမေ ကိုယ်တိုင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သည်ကို တွေးမိတိုင်း ကြေကွဲရပါသည်။

ကျွန်တော်က အမေ့ကို ငှက်ဖျားရောဂါ ကာကွယ်ဖို့ မပြောမိ။ အမေ့အတွက် ပူရမှန်းမသိခဲ့။ စုန်ရေဆန်ရေတို့ ခြားနားချက်ကို သိရလေတိုင်း လှုံးလှုံးလွန့်လွန့်ခံစားရပါသည်။

အမေ့ကို အကြောင်းပြု၍ ဆွမ်းကျွေး တရားနာလုပ်သောလကွင် ကျွန်တော့်ဆောင်းပါးတစ်ပုဒ် ပညာတန်ဆောင်မှာ ပါလာသည်။ အမေမဖတ်ရတော့။ အမေသာဖတ်ရလျှင် အမေ၏ ဝမ်းသာသော စကားသံစဉ် ချိုလွင်လွင်ကိုကြားရမည်အမှန်။

လင်သားအပေါ် သစ္စာရှိသော အမေ။ သားသမီးများအပေါ် မေတ္တာပြည့်သောအမေ။ ရှက်ကြေတစ်ရှက်လို လွင့်မျောသွားလေပြီ။

အမေမရှိပါမှ အမေ၏ တန်ဖိုးများကို တွက်ချက်မိသည်။ အမေမရှိ၍ အဖေ့အိမ်ထောင်ရေး ကစဉ့်ကလျားဖြစ်သွားသည်မှာ မဆန်း။

အဖေက ကျွန်တော်တို့ကို မည်မျှပင် ပြုစုပါစေ အမေပြုစုသည်နှင့် လုံးဝမတူနိုင်။ အမေ့အရိပ်အရောင်နှင့် ဝေးကွာသွားသည်နှင့် နွမ်းနွမ်းကြေကြေ ဖြစ်ရသည်မှာ



ကျွန်တော်တို့ မောင်နှမများ၊ သားတို့အတွက် အဖေက အုပ်စိးနိုင်သော်လည်း သမီးများအတွက် အဖေသည် အရာရာမှာ မဆုံးမ မသွန်သင်နိုင်တော့ချေ။

ကျွန်တော်သည် ဝန်ထမ်းဖြစ်၍ ကိုယ်ရေးရာဇဝင်ကို မကြာခဏ ရေးဖြည့်ရသည်။

မိခင်နေရာတွင် ဒေါ်ခင်အေးဟု ရေးရတိုင်း လက်ဆွံ့နေမိသည်။ သက်ရှိ/ကွယ်လွန်နေရာတွင်ကား မရေးချင်သော စာကို ရေးလိုက်ရသည်။

အမေ့ကို တမ်းတမဆုံးတော့။

* * *

အမေသည် ကျွန်တော်တို့ သားသမီး ရှစ်ယောက်စလုံးကို ကျွေးမွေးပြုစုခဲ့သည်။ သားသမီး အားလုံးတို့ အမေ့နို့ချိုတိုက်ကျွေးခဲ့သည်။ နို့ဘူးမသုံးခဲ့ချေ။

အမေကိုယ်တိုင် နွေးထွေးစွာ ယုယခဲ့သည်။ ထိမ်းဓော်မထားခဲ့။ အမေ၏ ဂရုစိုက် ပျိုးထောင်မှုကြောင့် တစ်ဦးတလေမှ ဆေးရုံမတက်ဖူး။ အမေ၏ သွန်သင် ဆုံးမမှု

www.burmeseclassic.com



ကြောင့် မည်သူမှ ရဲစခန်း မရောက်ဖူး။ တရား ရုံး မသွားဖူး။

ထိုအကျိုးတရားများသည် အမေ့မေတ္တာ၊ စေတနာ ကြောင့် ဖြစ်သည်။ အမေ့မေတ္တာသည် ထာဝစဉ် အေးမြ၍ စေတနာသည် ထာဝရ ထိန်လင်းနေပါသည်။

အမေသည် လလစ်ပါး။

အမေ့ထံမှ တိုက်တစ်လုံး၊ ကားတစ်စီး အမွေမရခဲ့၊ စိန်တစ်ဆင်စာ၊ ရွှေတစ်ဆင်စာ မပိုင်ခဲ့။ အမေသည်ဥစ္စာ ဓန ချမ်းသာသူမဟုတ်။ အမေ၏ သားချင်းဆွေမျိုးများ သည်လည်း သာမန် လယ်သမားများ၊ ရာထူး အာဏာ ဘာမျှမရှိ။ ယုတ်စွအဆုံး ဆယ်အိမ်မှူးပင် မဟုတ်လေ ကြ။ အမေ့မှာ ဆွေမျိုးဥာတိဂုဏ်လည်း မရှိ။

အမေ့ထံမှ ဥစ္စာ ဓန အမွေမရ၍ အမေ့သားချင်း များကို အားမကိုးလောက်၍ အမေ့ကျေးဇူး သေးသိမ် သည်ဟု မဆိုနိုင်ပါ။

အမေဆုံးမ၍ လူလားမြောက်ခဲ့ရာတွင် ဟန်ကျ ပန်ကျ မဖြစ်သော်လည်း အိုးနင်းခွက်နင်း မဖြစ်ခဲ့ပါ။ ဘဝသံသ ရာတွင် ခြေလှမ်းရဲရဲ စိတ်ဓာတ်ခိုင်ခိုင်နှင့် ဖြတ်သန်းတိုးခဲ့ ရဲသော သတ္တိဗျတ္တိများကို အမေ့အမွေအဖြစ် ပေးအပ်ခဲ့ လေပြီ။ တန်ဖိုးကြီးလေစွတကား။

အမေပေးသော အမွေကိုမည်သူမှ ခိုးဝှက်မရ၊ ဤသာ မစွန့်ရဲယ မဖြစ်နိုင်တော့။ မည်သူမှဖျက်ဆီးရန်မစွမ်းသာ။

BURMESE CLASSIC .com



အမေ၏ အေးမြသောမေတ္တာနှင့်ထိန်လင်းသောစေတနာ သည် ဘယ်သောအခါမှ ဆုတ်ယုတ်မှေးမှိန်မည်မထင်ပါ။

လဆန်း လဆုတ် မရှိသောလ။

နေ့ည မခွဲခြား သောလ။

ဆီးနှင်း မြူတိမ် ဖုံးမရသော လ။

အမေဟူသော လသည် လပေါ်ဖမ်းခြင်း၊ လကြွတ်ခြင်း မျိုးသည်း ရှိမည်မဟုတ်ပါ။

ထို့ကြောင့် ဤသို့ဆိုချင်ပါသည်။

အမေသည် လတစ်ပါး။ ။

ကန့်ဘလူ ခင်မောင်ဆွေ

www.burmeseclassic.com